www.burmeseclassic.com




# ရှင်မိုး

(ဆေးတက္ကသိုလ်)

## မင်္ဂလာရှိသောချစ်ခြင်းဖြင့်

Design L လင်း

www.burmeseclassic.com

www.burmeseclassic.com


# ရှင်မြိုး (ဆေးတက္ကသိုလ်)

မဟာဘုန်းသာချစ်ခြင်းဖြင့်

စာမူခွင့်ပြုချက်အမှတ် - ၅၁၁၁၁၅၀၁၀၉

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၁၁၁၁၅၁၀၀၉

၂၀၀၉ ခုနှစ်၊ နိုဝင်ဘာလ

ပထမအကြိမ်

တန်ဖိုး - ၁၀၀၀/-

အုပ်ရေ - ၅၀၀အုပ်

ထုတ်ဝေသူ ... ဦးကျော်ဆွေ [illegible] ၁၀၀၁၁၀၀၁၀ [illegible] အမှတ် ၂၉၊ ၁၉-လမ်း [illegible] ဝါးကျနိ။

ပုံနှိပ်သူ ... ဦးကျော်ဆွေ [illegible] ၁၀၁၁၈၁-OFFSET [illegible] အမှတ်(၂၉)၊ ၁၉-လမ်း၊ ရန်ကုန်။

၈၉၅၊ ၀၃

ရှင်မြိုး (ဆေးတက္ကသိုလ်)

[illegible] ရှင်မြိုး (ဆေးတက္ကသိုလ်) - ရန်ကုန်။

[illegible]

[illegible] စင်တီ၊

[illegible] မဟာဘုန်းသာချစ်ခြင်းဖြင့်


BURMESE CLASSIC .com

## ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး — ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး — ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံမှုအားအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

## လူမှုရေး ဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး



www.burmeseclassic.com

www.burmeseclassic.com







# ရင်မှိုး
## (ဆေးတက္ကသိုလ်)




စီစဉ်သူ
မောင်ကျော်လှိုင်
စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com







ဆိုင်ကို အမြဲတမ်း အစောဆုံးရောက်ပြီး အရင်ဆုံး တံခါးတွေဖွင့်ရသော နွေရိပ်ချိုသည် နေ့တိုင်း တွေးနေကျအတွေး ကိုလည်း တွေးလိုက်သေးလေသည်။

"ဩော် ... ဆိုင်းဘုတ်က စာလုံးတစ်လုံး ကော်တွေကွာ ပြီး တန်းလန်းနဲ့ ပြုတ်ကျခါနီး ဖြစ်နေတာကို ပြန်လုပ်ရ ဦးမှာပါလား"

ဟုတ်ပါရဲ့ ... ကြည့်ပါဦး။ ဆိုင်းဘုတ်မှာ ကပ်ထား တဲ့ စာလုံးက လည်ထွက်ပြီး တန်းလန်းဖြစ်နေတာလေ။ အလှပြင် ဆိုင်ရဲ့ဆိုင်းဘုတ်ပေါ်က အရှေ့ဆုံးစာလုံး Lady Be ရဲ့အစ စာလုံး "L"မှာ တိုးလိုးတန်းလန်း ပြုတ်ကျခါနီး ဖြစ်နေပြီ။ Lady Belle` ကို မြန်မာလိုဘာသာပြန်ရတာ မကြိုက်လို့ ဆိုင်ရဲ့ ဗစ်ဇစ်တင်းကတ်ထဲမှာတော့ Lady Belle` ပြီးရင် ကွင်းစကွင်းပိတ် နဲ့ (လေဒီဘဲလ်)လို့ပဲ ထည့်ရေးထားလိုက်သည်။ အင်္ဂလိပ်စာလုံး ရဲ့အသံထွက်အတိုင်း ရေးထားတာဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

Lady Belle အလှပြင်ဆိုင်ဖွင့်တာဖြင့် သုံးနှစ်ရှိပြီ။ ဒီစာလုံး ပြုတ်ကျတာလည်း တစ်နှစ်နီးပါးရှိတော့မည်။ နေ့တိုင်း တံခါးဖွင့်တိုင်းလည်း အဲဒီအတွေးကို တွေးခဲ့တာလည်း ကြာပြီ။ ခုထိ အဲဒီစာလုံးဟာ ပြန်မတပ်ရသေး။ ပြန်တပ်ဖို့လည်း ဘယ်သူကမှ စိတ်ဝင်တစား မလုပ်ကြသေး။ အဲဒီလိုပဲ ထို"L"စာလုံးကလည်း တိုးလိုးတန်းလန်း ပြောင်းပြန်လည်ရက် ပုံစံကလည်း လုံးဝ ပြုတ်မကျဘဲ တွယ်ကပ်နေဆဲ ရှိသေးလေသည်။

"နွေရိပ်လား ... နွေရိပ် ဆိုင်လာဖွင့်ပြီလား"

နွေရိပ်ချိုသည် ဆိုင်၏အပေါ်ထပ်တည့်တည့်က အခန်းဆီ မော့ကြည့်လိုက်ပါသည်။ အန်တီလီလီ တစ်ယောက် ကြွပ်ကြွပ်အိတ်ချိတ်ထားသောကြိုးကို ဝရန်တာမှ ချဖို့ပြင်နေရင်း နွေရိပ်ချိုကို လှမ်းခေါ်လိုက်တာ ဖြစ်သည်။

"အန်တီလီလီ ... နေကောင်းလား"

"ဒီမှာ အိတ်ချပေးလိုက်ပြီ၊ စာထည့်ပေးလိုက်ပါဦး၊ သူ့ဆီက စာလာမယ်ဆိုလို့ မျှော်နေတာ"

အန်တီလီလီသည် နွေရိပ်ချို၏အမေးကို မဖြေဘဲ သူ ပြောလိုရာကိုသာ ပြောပါသည်။

"ဘယ်စာထည့်ရမှာလဲ"

"ဟိုမှာ ... ဟိုကားဝိုက်ပါပေါ်မှာ ကပ်ထားတဲ့ စာလေးလေ။ အဲဒါ ကျုပ်စာပေါ့၊ သူ့ဆီက စာလာထားတယ်။





ကျုပ် ဒီမနက်စောစော ကြိုးအောက်ချဖို့ မေ့သွားလို့ သူ့ ခမျာ စာထည့်မသွားရရှာဘူး"

နွေရိပ်ချိုသည် လမ်းဘေးတွင် ရပ်ထားသော ကားတစ်စီး၏ ဝိုက်ပါပေါ်တွင် လာကပ်ထားသည့် ကျူရှင်ကြော်ငြာ စာရွက်ကို သွားယူလိုက်ပါသည်။ အဲဒီနောက် အန်တီလီလီ ကျေနပ်အောင် ကြွပ်ကြွပ်အိတ်ထဲ ထည့်ပေးလိုက်ပါသည်။ အန်တီလီလီ တစ်ယောက် ဝမ်းသာအားရပဲ သူမ၏ကြိုးကို ပြန်ဆွဲတင်သွားပါသည်။

အန်တီလီလီသည် အသက်ခြောက်ဆယ်အရွယ်ဖြစ်ကာ စိတ်ရောဂါတစ်မျိုး ဝင်နေသူလည်း ဖြစ်သည်။ သူမ၏ စိတ်ရောဂါက ဘယ်လိုကြောင့် ဘယ်မှာရခဲ့သည်ဆိုတာ မသိပေမယ့် သိပ်ဆိုးဆိုးရွားရွား သောင်းကျန်းနေတာလည်း မဟုတ်။ နေ့စဉ် နေ့တိုင်း သူ စိတ်ကူးတည့်ရာ စာရွက်တွေကို လိုက်ကောက်၊ လိုက်စုပြီး သူ့စိတ်ကူးထဲမှာ ရှိနေတာကို ထင်ယောင်ထင်မှားဖြစ်ကာ ဖတ်တာမျိုးဖြစ်သည်။

စာရွက်ဟာ သတင်းစာ၊ ဂျာနယ်အပိုင်း ပြတ် ဖြစ်ရင်ဖြစ်မည်။ ဘာမှမပါသော ဖြောင်လဲ ဖြစ်ရင်ဖြစ်မည်။ တစ်ခါတစ်ရံ ကြော်ငြာစာရွက်တွေလည်း ဖြစ်ရင်ဖြစ်မည်။ သို့သော် အန်တီလီလီ ဖတ်တာက အကြောင်းအရာ တစ်မျိုးတည်းသာ ဖြစ်နေသည်။

အဲဒီအကြောင်းအရာကတော့ ...


www.burmeseclassic.com

www.burmeseclassic.com



"ချစ်တဲ့ လီလီရေ ...

ကိုယ့်ကို စောင့်နေတယ် မဟုတ်လား၊ ကိုယ် မင်းဆီ အရောက်လာခဲ့မှာပါ။ ကိုယ် မင်းကို သိပ်ချစ်ပါတယ်။ မင်းလည်း ကိုယ့်ကို သိပ်ချစ်တယ်ဆိုတာ ကိုယ် သိတယ်။ ကိုယ် မရောက်လာနိုင်သေးခင်မှာ စာတွေ အမြဲတမ်းရေးပို့နေဦးမယ် လီလီရေ၊ ကိုယ်တို့ တစ်နေ့တော့ ပြန်ဆုံကြမယ်...

ချစ်တဲ့ ကို"

ဟူ၍ အသံထွက် ဖတ်တတ်သည်။ စာရွက်ကတခြားသူ ထင်ယောင်ထင်မှား မြင်ထားသော စာလုံးတွေကို ဖတ်တာကတခြား ဖြစ်ပါသည်။ နွေရိပ်ချိုတို့ဂေါတော့ အန်တီလီလို့ကို သိတာကြာပြီ ဖြစ်ပေမယ့် အန်တီလီလို့ ရောဂါကို သိပေမယ့် ဘာကြောင့် ဒီလိုဖြစ်နေတယ်ဆိုတာ အန်တီလီလို့ကို စောင့်ရှောက်နေသော အန်တီလီလီရဲ့ တစ်ဦးတည်းသော ညီမအပျိုကြီး အန်တီရိုစီကို မမေးဖြစ်ခဲ့ပါ။ အန်တီရိုစီမှာ အန်တီလီလီထက် အသက်ဆယ်နှစ် ပိုငယ်သော အသက်ငါးဆယ်အရွယ် အပျိုကြီး ဖြစ်ပါသည်။

နွေရိပ်ချို ဆိုင်တံခါးဖွင့်ပြီး သိပ်မကြာ။ ပိုးအိမ်ရောက်လာသည်။ လင်းလင်းလက် ရောက်လာသည်။ မြစိမ်းမေ ရောက်လာသည်။ မနက်ကိုးနာရီကျော်တာနဲ့ အလုပြင်ဆိုင်ဟာ အမျိုးသမီး ပရိသတ်တချို့နဲ့ စတင်အသက်ဝင်လာခဲ့လေပြီတည်း။





# အပိုင်း(၁)

www.burmeseclassic.com

www.burmeseclassic.com



# ၁

အားလုံး ကိုယ့်အလုပ် ကိုယ်ရှုပ်နေကြသည်။ နွေရိုပ်ချိုက ခေါင်းတစ်ခု ကိုင်နေသည်။ မမစိမ်းလို့ အားလုံးက ခေါ်ကြသော မြစိမ်းမေကတော့ လက်သည်းခြေသည်း အလှပြင် ချင်သူတစ်ဦးနဲ့ အချိန်ကုန်နေရသည်။ ပိုးအိမ်လည်း ခေါင်းတစ်ခု ကိုင်နေဆဲ။ လင်းလင်းလို့ အားလုံးခေါ်ကြတဲ့ လင်းလင်းလက်က လည်း ခေါင်းလျှော်နေရာ ပင်တိုင်ယူထားသူဖြစ်ရာ ခေါင်းလျှော် ခုတင်တွေနားက မခွာရသေး။

ဆိုင်ထဲမှာ မိန်းကလေးတွေအကြိုက် **Katie Perry** (ကိတ်တီပယ်ရီ)တို့၊ **Pussycat Dolls** (ပုစီကတ်ဒေါလ်(စ်))တို့၊ **Pink** (ပင့်(ခ်))တို့လို အင်္ဂလိပ်သီချင်းတွေ မပြတ်ဖွင့်ထားသလို ဆိုင်ရှိ အလုပ်လုပ်သူ လေးယောက်ကလည်း အမြဲမြူးကြွသွက် လက်လျက် စကားလည်း ရေပက်မဝင် ပြောနိုင်လေရာ တစ်ဆိုင်





လုံးကတော့ အမွှေးနံ့ပေါင်းစုံ၊ သတင်းပေါင်းစုံတို့နှင့် ပြည့်နှက်နေ တတ်ပါသည်။

"ဟော ... ဖုန်းလာတယ်ဟေ့"

လင်းလင်းလက်က ခေါင်းတစ်ခုကို နှိပ်နယ်ပြီး လျှော်ပေးနေရာမှ လှမ်းအော်လိုက်သည်။ မမစိမ်းက မကိုင်အား။ ပိုးအိမ် သွားကိုင်ဖို့ပြင်ပေမယ့် နွေရိုပ်ချိုက ပြေးကိုင်ပြီးနေပြီ။

"ဟင် ... ရှင် ... ဟုတ်တယ် ... နွေရိုပ်ပါ"

ပိုးအိမ်သည် သွင်ယင်ချင်း နွေရိုပ်ချို၏ ချိုအိနွဲ့ပျံ့ နေသော အသံကို ကြားလိုက်ရလျှင် စိတ်မသက်မသာ လှမ်း ကြည့်မိ၏။

"ဟုတ်ပြီ ... ဟုတ်ပြီ ... ခုပဲ နွေရိုပ် ထွက်လာခဲ့မယ် ကိုကို။ စောင့်နေနော် ... မကြာပါဘူး ... ငါးမိနစ် ... ငါး မိနစ် ... ဟင်း ဟင်း"

နွေရိုပ်ချိုသည် ဖုန်းကိုပြန်ချပြီးလျှင်ပဲ ကားသော့ကို ကောက်ကိုင်၊ လက်ကိုင်အိတ်ကို ပခုံးမှာချိတ်ပြီး ဖြစ်နေတော့သည်။

"ပိုးအိမ် ... ငါ သွားစရာပေါ်လာလို့ဟယ်၊ ငါ့ခေါင်းက ဆက်တင်အကုန်လိပ်ပြီးသား၊ ကျန်တာ နင်ပဲ ဆက်ကိုင် လိုက်ပါနော်"

ပိုးအိမ် မျက်နှာမကောင်းလှစွာ ခေါင်းအသာညိတ် ပြပါသည်။ နွေရိုပ်ချိုကတော့ ဘာကိုမှ ဂရုစိုက်မနေတော့ဘဲ



www.burmeseclassic.com

www.burmeseclassic.com



မြင်းစောင်းက လွှတ်ပေးလိုက်သော မြင်းပျိုမလေးလိုပဲ ဆိုင်ထဲမှ အပြေးထွက်သွားပါသည်။ နွေရိပ်ချိုတွင် မိဘက ဝယ်ပေးထားသော ဆလွန်းကား အဟောင်းလေးတစ်စီးရှိရာ ထိုကားလေးကို တဖွတ်ဖွတ် မြည်အောင် လီဗာနင်းကာ မောင်းထွက်သွားပါသည်။

နွေရိပ်ချို ကားလေးနဲ့ ထွက်သွားသောအခါ ငေးကြည့်ပြီး ကျန်ခဲ့သူတွေမှာ ပိုးအိမ်တို့ချည်း မဟုတ်။ ကားလမ်းမကြီး တစ်ဖက်ခြားသော မျက်နှာချင်းဆိုင် ပလက်ဖောင်းပေါ်မှာ Coffee & Bakery (ကော်ဖီအင်န်ဘေကာရီ) ဆိုင်ဖွင့်ထားတဲ့ ကိုလက်ာလည်း ဆိုင်ထဲမှ ငေးကြည့်ရင်း ကျန်ခဲ့တာဖြစ်သည်။

"နွေရိပ်ချိုရဲ့ရည်းစား ဖုန်းဆက်ခေါ်တာလား၊ သူ အရမ်းကို ဝမ်းသာပြီး ပြေးထွက်သွားတာနော်"

နွေရိပ်ချို ဆက်တင်လိပ်ပေးထားခဲ့သော ခေါင်းပိုင်ရှင် အမျိုးသမီးက ပိုးအိမ်ကို လှမ်းမေးလိုက်သည်။ ပိုးအိမ်လည်း ကိုယ့်အပြုံးကိုယ် မချိတင်ကဲအပြုံးလို့ မထင်ရလေအောင် ကြိုးစားပြုံးပြရင်း ...

"ခဏနော် အစ်မ။ နွေရိပ်က ဘယ်အချိန် ဆက်တင်ပြန်ဖြေရမလဲဆိုတာ alarm (အလန်း)ပေးခဲ့ပါတယ်။ အစ်မကို လုပ်ပေးရမယ့် အချိန်ကျရင် ပိုးအိမ် ဆက်လုပ်ပေးလို့ရပါတယ်"





ဟူ၍ ဆံပင်နဲ့ပတ်သက်သော အကြောင်းအရာကိုသာ ပြောပြီး စကားလွှဲလိုက်ပါသည်။

ဆံပင်ညှပ်ဆိုင်၊ အလှပြင်ဆိုင် ဆိုတာတွေက စကားပေါင်းစုံ၊ သတင်းပေါင်းစုံ ရှုပ်တတ်တယ်ဆိုတော့ ဒီနေရာမှာ စကားပြောလည်း ဆင်ခြင်ရသည်။ အမျိုးသမီးအများစု၊ စုဝေးကြရာ နေရာအရပ်တစ်ခုဟာ သတင်းမှန်ရော၊ သတင်းမှားရော ထွက်လာစရာ နေရာတစ်ခုလည်း ဖြစ်သည်။

မမစိမ်းလည်း နွေရိပ်ချို ဒီလိုထွက်သွားတော့ စိတ်မသက်မသာနဲ့ အသာလှမ်းကြည့်ပြီး ကိုယ့်အလုပ်ကိုယ် အာရုံစိုက်နေရသည်။ လင်းလင်းလက်ဂတော့ ယောကျ်ားလျာလေးတစ်ယောက်ဖြစ်ကာ ဘယ်ပြဿနာမဆို လက်သီးထိုးပြီး ဖြေရှင်းချင်တတ်သော စိတ်ရှိရာ စိတ်ထဲမှာ ...

"တော့က် ... နောက်ယောင်ခံပြီး လိုက်လို့ရရင် လိုက်ပြီး အဲဒီလူကို လက်သီးစာကောင်းကောင်း ကျွေးချင်တယ်"

လို့ ကြိမ်းဝါးနေလေသည်။ ဒေါသတွေ လက်ပေါ်စုပြုံရောက်သွားမိလေရာ ကိုယ်လျှော်ပေးနေရသော ခေါင်းကိုပင် ဖိပြီးနှိပ်နယ်မိသလို ဖြစ်သွားပါသည်။

"အိုး ... အိုး ... နာလိုက်တာ လင်းလက်ရယ်၊ ဖြည်းဖြည်းနှိပ်ပါ၊ ငါအဲဒီလောက်ကြီးတော့ မခံနိုင်ဘူး"

"ဆောရီး ... ဆောရီး ... အန်တီ"



www.burmeseclassic.com

www.burmeseclassic.com



"လင်းလင်းတို့ဆိုင်လည်း ဆံပင်လာလုပ်တဲ့လူ၊ ဒီလောက် များတာ၊ အကုန်လျှော်တဲ့သူလေး ဘာလေး ခေါ်ထားပါလား။ အခုတော့ လင်းလင်းပဲ ဒီမှာ ဒိုင်ခံလျှော်ရတာနော်"

"လင်းလင်းက လျှော်ရတာပဲ ကြိုက်လို့ ဒီနေရာ ဒိုင်ခံယူထားပါ၊ အမြဲပဲ လျှော်ခုံမှာ လုပ်နေရလို့ ငြီးငွေ့တာ မရှိပါဘူး၊ ပျော်ပါတယ်"

လင်းလင်းလက်တို့ သူငယ်ချင်းချင်း အဆင်ပြေနေတာကို ဒီလိုပဲ ကြားထဲက ဝင်ပါပြီး၊ ဟိုဘက်ပါသလို ဒီဘက်ပါသလိုလို ပြောတတ်ကြသူတွေလည်း မကြာခဏတော့ ကြုံရပါသည်။

သို့သော် ... နွေရိပ်ချိုရယ်၊ ပိုးအိမ်ရယ်၊ လင်းလင်းလက်ရယ် ဆိုတာက ငယ်ငယ်တည်းက ပေါင်းလာခဲ့တဲ့ သူငယ်ချင်းတွေမို့ ဘယ်တော့မှ စိတ်ဝမ်းကွဲလို့ကို မရခဲ့ကြ။ တစ်ယောက်အကြောင်း တစ်ယောက် ကောင်းကောင်းနားလည်ကာ မကျေနပ်တာရှိရင်လည်း မျိုသိပ်မထားကြ။ ချက်ချင်းပဲ ဖွင့်ပြောရင်းကြသလို အငြိုးအတေးလည်း မရှိတတ်ကြပါ။ ပြောစရာရှိပြော၊ အော်စရာရှိအော် ရန်ဖြစ်စရာရှိ ဖြစ်ပြီးရင် ပြီးပြီးရော အလွယ်တကူ မေ့နိုင်ကြတဲ့ သူငယ်ချင်းတွေဖြစ်သည်။

လင်းလင်းလက်တို့ သုံးယောက်အပြင် ဒီဆိုင်ဖွင့်မှစပြီး သိကျွမ်းခင်မင်ရတဲ့ မမစိမ်းကျတော့ရော စိတ်ဝမ်းကွဲတတ်





သလားဆိုရင် လုံးဝစိတ်ဝမ်းမကွဲတတ်တဲ့ မိတ်ဆွေရင်း၊ လုပ်ဖော်ကိုင်ဖက် အစ်မတစ်ယောက်ပဲ ဖြစ်လေသည်။

လင်းလင်းတို့ သုံးယောက်က နှစ်ဆယ့်လေး၊ ငါးနှစ် မတိမ်းမယိမ်းတွေ။ မမစိမ်းကတော့ အားလုံးထက် ရှစ်နှစ်ကြီးကာ သုံးဆယ့်သုံးနှစ်ရှိပြီ။ သို့သော် သုံးဆယ့်သုံးနှစ်လို့ မထင်ရအောင်၊ အသက်ဆယ့်လေးနှစ်အရွယ် သားလူပျိုပေါက် ရှိတယ်လို့ မထင်ရအောင် နုပျိုလှပနေတာများ ဒီက အပျိုသုံးယောက် အရှုံးပေးလို့တောင်ရသည်။

"ယောက်ျားတွေများ စိတ်ထားကို မကောင်းဘူး၊ မမစိမ်းတို့ မြစိမ်းမေဆိုပြီး လျှမ်းလျှမ်းတောက် နာမည်လေးတက်ခါစ အပျိုသွေးကြွကြွ လှလှလေးနဲ့ နှင်းဆီနိုင်လေးဖြစ်ခါစမှာ သူနဲ့ကလည်း ရည်းစားဘဝဆိုတော့ သူက စိတ်မချနိုင်ပါဘူးလေး ဘာလေးနဲ့ တစ်နေ့ တစ်နေ့ ဘေးက တဂျီဂျီ ပြောလိုပြော၊ ဟိုလူနဲ့ သဝန်တို၊ ဒီလူနဲ့ မသင်္ကာဖြစ်လိုဖြစ်၊ မြစိမ်းမေကပဲ သူ့ကိုထားခဲ့ရင် သူ့ဘဝသူ အဆုံးစီရင်တော့မလို အပြောကောင်းလိုကောင်းနဲ့ ပတ်ချွဲနပ်ချွဲ လုပ်တော့ ကိုယ့်စိတ်ကလည်း ယိုင်မိတာပေါ့။ စဉ်းစားကြည့်လေ ဆယ့်ရှစ်နှစ်ဆိုတာ ဘာများရှည်ရှည်ဝေးဝေး ပိုပြီးစဉ်းစားတတ်မလဲ။ ချစ်သူက ကိုယ့်ကို ငံ့ထားမတတ် ချစ်တယ်။ သဝန်တိုတယ်။ ကိုယ်မှသူ့ကို



www.burmeseclassic.com

www.burmeseclassic.com



မယူရင် မနက်ဖြန်တောင် သတ်သေသွားနိုင်တယ် ဆိုတာ ကို အဟုတ်ကြီးထင်ပြီး ကိုယ့်အချစ်နဲ့ပဲ သူ့ကို ကုစား ဆေးတော့မလိုလို၊ ကယ်တင်နိုင်တော့မလိုလို တွေးပြီး သူ့ ခေါ်ရာနောက် လိုက်ခဲ့မိတာပဲပေါ့။ ဘာမှကို လှည့်မကြည့် ဘူး၊ မစဉ်းစားဘူးလေ။ ချစ်သူနောက် ကောက်ကောက် ပါအောင် လိုက်ခဲ့ပြီး တစ်နှစ်ပဲ ပျော်လိုက်ရတယ်၊ အသက် ဆယ့်ကိုးနှစ်မှာ ကလေးတစ်ယောက်အမေ ဖြစ်ရပြီလေ။ အပျိုဘဝကို တမ်းတပြီး ငိုနေလို့လည်း မရတော့ဘူး။ ဖြစ်ချင်ခဲ့တဲ့ ရုပ်ရှင်မင်းသမီးလည်း ဖြစ်ဖို့လည်း ဝေးသွားပြီ။ ကလေးတစ်ယောက်ကနေ နှစ်ယောက်ဖြစ်လာတော့ ကိုယ့် ကိုသိပ်ချစ်လှပါချည့်ရဲ့ဆိုတဲ့ ယောကျ်ားလည်း ကိုယ့်ကို အလှကြည့်ဖို့ထက် အိမ်စရိတ် ပိုကြီးလာတာကို ကိုယ်က ဘယ်လို ခွဲဝေရှာပေးနိုင်မလဲ ဆိုတာပဲ စဉ်းစားပြီး ခိုင်းဖို့ စဉ်းစားလာပြီ"

မမစိမ်းဟာ သူ့အိမ်ထောင်ရေး ဘယ်ကဘယ်လို စပြီးပြိုကွဲခဲ့တာကိုများ ပြောပြရမယ်ဆိုရင် ထမင်းမေ့ ဟင်းမေ့ ပြောချင်သူ ဖြစ်သည်။

"ကလေးတွေ နည်းနည်းကြီးမှ မမစိမ်းလည်း အလှပြင် သင်တန်းတက်ရင်း ဝင်ငွေထွက်ရှာနိုင်တာ၊ ကလေးငယ် တုန်းကများ ပြောမနေပါနဲ့။ သူတို့ချည်း ထမင်းနပ်မှန်





အောင် ကြံဖန်ချက်ကျွေးပြီး ကိုယ်ကတော့ ထမင်းရည် သောက်၊ ပြီးလိုက်ရတဲ့ နေ့တွေတောင် ရှိခဲ့ပါရဲ့ဟယ်။ ငယ်သေးလို့ ခံနိုင်ရည်ရှိတာ၊ အိပ်ရာထဲ လဲမသွားတာဖြစ် မယ်၊ အာဟာရလည်း မပြည့်ဝဘဲ အိမ်အလုပ်၊ ကလေး အလုပ်တွေ ပိခဲ့ရတာပါ။ မမစိမ်း ဝင်ငွေရှာနိုင်တော့ သူက တက်ညီလက်ညီ ရှာမလား မျှော်လင့်ပါရဲ့။ ဒါပေမဲ့ သူက အဲဒီလို မျှဝေမခံစားဘဲ ဆယ်နှစ်လောက် ဒီမိန်းမ ကို ပေါင်းလိုက်ရပြီးပြီမို့ ရိုးသွားပြီး ပိုငယ်ပိုလှတဲ့ အသစ် တစ်ယောက်နဲ့ အပျော်တွေ မျှဝေခံစားဖို့ ပက်ပက်စက်စက် ထားပစ်ခဲ့တာလေ"

အသက်သုံးဆယ့်သုံးနှစ်အရွယ် ချောမောလှပ အရွယ် ကောင်းဆဲ မမစိမ်းဟာ အခုတော့ နွေရိပ်ချို၊ ပိုးအိမ်နှင့် လင်း လင်းလက် ဆိုသော ညီမအရွယ်သုံးယောက်နဲ့ တက်ညီလက်ညီ စိတ်တူကိုယ်တူ ပေါင်းလို့ရကာ တကယ့်ကို အစ်မကြီးလို၊ မိတ် ဆွေကောင်းတစ်ယောက်လို စောင့်ရှောက်ရင်း အလုပ်အတူလုပ် နေပါသည်။ ဒါ့အပြင် ...

"ဝါသနာကိုတော့ စွန့်လို့မရဘူးကွယ်၊ အခုချိန်မှာ ကိုယ့် ကိုများ ခေါ်သုံးရင် အမေခန်း၊ အစ်မခန်း၊ ဇာတ်ပို့ခန်း ဘယ်အခန်းကဖြစ်ဖြစ် ဝင်ရိုက်ခွင့် ပေးရင် ရိုက်ချင်ပါ ရဲ့"



www.burmeseclassic.com

www.burmeseclassic.com



ခွဲခွာသွားသောဘဲ ရုပ်ရှင် ဗီဒီယိုခွေမှာ ဝင်ရိုက်ခွင့်ရဖို့ ကြိုးစားနေဖြစ်သေးသည်။ မမစိမ်း ငယ်ငယ်ကတော့ ဗီဒီယိုရှုံးသားသား ဆယ်တားလား အဲဒီလောက် ရိုက်ဖူးခဲ့သည်လို့ ဘီအေသည်။ အခုတော့ အရင်က သိကျွမ်းခဲ့ဖူးသူတွေနဲ့ ပြန်ဆက်သွယ် ထမ်းရှာကာ ပြန်ပါခွင့်ရဖို့ ကြိုးစားနေသည်ဟု သိထားပါသည်။

ဆိုင်မှာ သူငယ်ချင်းသုံးယောက်ကို ထားခဲ့ပြီး လုံးဝလှည့်မကြည့်ဘဲ ထွက်လာခဲ့သော နွေရိပ်ရျှိသည် ကိုကို စောင့်နေမယ် ချိန်းထားသောဆိုင်သို့ရောက်အောင် ကားကို အမြန်ဆုံးမောင်းနေခဲ့သည်။

"ကိုကိုက အချိန်သိပ်ရတာ မဟုတ်ဘူးနော်၊ နွေ့ကိုတွေ့ချင်လွန်းလို့သာ ခဏတွေ့ဖို့ အချိန်တွေ ကြိဖန်ဖဲ့ယူပြီး တွေ့ရတာ။ နွေ ရောက်တာ နောက်မကျစေနဲ့။ နောက်ကျရင် နွေနဲ့ကိုကို တွေ့ရမယ့် တစ်နာရီအချိန်တည်းက ဖဲ့ပေးလိုက်ရလိမ့်မယ်"

နွေရိပ်ရျှိသည် ကိုကို့စကားတွေ ကြားယောင်ပြီး ချစ်စိတ်နဲ့ ပြန်တွေးလိုက်တာမို့ ...

"ဟင်း ... သိပါတယ် ... သိပါတယ် ... ကိုကိုရယ် ... နွေ ဘယ်တုန်းကများ နောက်ကျလို့လဲ။ ကိုကိုသာ နောက်ကျမှ ရောက်ရောက်လာတာပါ၊ ခုလည်း ကြည့်။ နွေပဲ အရင်ရောက်မှာ သေချာတယ် ... သိလား"





ဟူ၍ တစ်ယောက်တည်း ကားမောင်းရင်း အသံထွက် ပြောလာမိသည်။

နွေရိပ်ရျှိရဲ့ ၁၉၈၈/၈၉ မော်ဒယ်လ် SB ကားစုတ်လေးကလည်း ဘယ်လောက်ပဲ မြန်အောင်မောင်းမောင်း ဗိုပြီးတော့သည်း မြန်လို့မရနိုင်လေရာ စိတ်လောကြီးပြီး လီဗာနင်းသံအကီးကီးသာ အသံပိုကျယ်နေပါတော့သည်။ ကားထဲမှာရှိသော ကက်ဆက်စုတ်လေးထဲမှာတော့ Pink (ပင့်ခ်)ရဲ့ "Please don't leave me"ဆိုတဲ့ သီချင်းသံလည်း အကျယ်ကြီး ဖွင့်ထားပါသည်။

"Please ... please ... Please don't leave me ... you always say I love you ..."

နွေရိပ်ရျှိသည် သီချင်းအဓိပ္ပာယ်ကိုပါ ခံစားရင်း ကိုကို့ကို မြင်ယောင်ကာ လိုက်ဆိုနေမိသည်။

ချိန်းထားသော နေရာသို့ ရောက်သောအခါ (နေရာက စိမ်းလန်းစိုပြည်ဥယျာဉ်ရဲ့ တစ်နေရာပါ) ကိုကို မရောက်သေး။ ထုံးစံအတိုင်း နွေရိပ်ရျှိကသာ ကြိုရောက်နေသည်။ နွေရိပ်ရျှိရောက်ပြီး ဆယ်မိနစ်မျှ အကြာမှာ ကိုကို့ရဲ့ မည်းနက်ပြောင်လက်နေသော 4WD ကားကြီး မောင်းချဝင်လာတာ တွေ့ရသည်။

နွေရိပ်ရျှိ အပြောလေး သွားကြိုမိ၏။ ကိုကိုက သူ့ထုံးစံအတိုင်း မျက်နှာကြီး စပ်တည်တည်နှင့် ကြည့်နေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုကို့ အချစ်ဆုံးအမျိုးရတယ် ပြောတယ်၊ ဒီထက်ပိုမပေး နိုင်ဘူးတဲ့ ပြောတယ်၊ အခု ဆယ်မိနစ်နောက်ကျတော့ ကိုကို့ နွေ တွေ့ရချိန် မိနစ်ငါးဆယ်ပဲ ပေးမှာလား"

"ကိုကို ဘယ်လို ဒီကိုထွက်လာဖို့ ကြိုးစားရလဲတော့ မင်း မသိဘူး။ တွေ့လိုက်တာနဲ့ လူကိုဆီးပြီး အပြစ်တင်တာပဲ"

နွေရိပ်ချိုသည် ဟောက်သလို ပြန်ပြောလိုက်သော ကိုကို့ကို စိတ်ဆိုး၊ စိတ်ကောက်ဖို့ နေနေသာသာ သူမကြောင့် ကိုကို စိတ်ရသွားမှာ အသေအလဲ စိုးရိမ်သွားကာ ပျာပျာသလဲ တောင်းပန်ပါတော့သည်။

"ဆောရီး ... ဆောရီးပါ ကိုကိုရယ်။ နွေ အလကားစ တာပါ၊ ကိုကို့ကို အပြစ်မတင်ရက်ပါဘူး"

အဲဒီနောက် နွေရိပ်ချိုသည် ကိုကို့ရဲ့ **4WD** ကားကြီး ထဲ ဝင်ထိုင်ကာ ကိုကိုပြောသမျှနာခံ၊ ကိုကို စေခိုင်းသမျှ လိုက် လျော၊ ကိုကို လိုအပ်သမျှ ဖြည့်ဆည်းဖို့သာ စိတ်ကူးရှိနေတော့ သည်။ လောကကြီးမှာ ဘာမှကိုမမြင်၊ ဘာကိုမှ ဂရုမစိုက်၊ ဘယ်အကြောင်းမှ မတွေး၊ မည်သည့်အရာကိုမှ ခေါင်းထဲမထည့် ဘဲ ချစ်သူကိုကို၏ စကားလုံးများကိုသာ ယုံစားကိုးကွယ်နေမိတော့ သည်။

လွင့်မျောချင်စရာ၊ မေ့မြောသွားလောက်စရာ၊ စွဲလမ်း တိမ်းမူးဖွယ်ရာ၊ အထိအတွေ့ အနမ်းတွေနဲ့ ဖြားယောင်းတတ်





လွန်းသော ကိုကိုသည်သာ နွေရိပ်ချိုရဲ့ကမ္ဘာလို့ ထင်လျက် ပြုစားခံနေရသူ။ မှိုင်းမိနေသူ၊ ညို့ငင်ခံနေရသူအဖြစ် သူမကိုယ် သူမ ကျေနပ်နေခဲ့လေသည်။

"ကဲ ... တွေ့ကြရမယ့် အချိန်တစ်နာရီပြည့်ပြီ နွေ။ လမ်း ခွဲကြရအောင်"

တကယ်တော့ နွေရိပ်ချို မခွဲချင်သေး။ ကိုကို့ရင်ခွင် မှာ မှီပြီး မိန်းမောချင်နေသေးသည်။

သို့သော် ...

"ဘယ်တော့ ထပ်တွေ့ကြရမှာလဲ ကိုကို"

ဟူသော မေးခွန်းဖြင့်သာ ကိုကို့စကားကို နာခံ ကြောင်း ပြသလျက် ကိုယ်ကိုပြန်မတ်လိုက်ရပါသည်။

"ကိုကိုပဲ ဖုန်းဆက်မယ်။ နွေ စပြီးဖုန်းမဆက်နဲ့နော်။ ဇာဝီ လေးက ကိုကို့ဆီ ဖုန်းအဝင်အထွက်တွေကို အမြဲစစ်နေ တာ၊ တွေ့သွားရင် မကောင်းဘူး၊ ကိုကို မဖြေရှင်းချင်ဘူး။ ဇာဝီလေးမှာ နှလုံးရောဂါရှိတယ်လေ၊ ဒီတော့ သူ စိတ်ထိ ခိုက်ရမယ့် ပြဿနာမျိုးတွေ ကိုကို မသယ်ဆောင်ချင်ဘူး"

နွေရိပ်ချို ရင်ထဲ စစ်ခနဲ နာကျင်သွားပါသည်။ ဇာဝီလေးကို ကိုကို ဘာကြောင့် ဒီလောက်တောင် ဂရုစိုက်နေရသ လဲ။ ကိုကို နွေ့ကိုပဲ ချစ်တာဆို။ ဘာကြောင့် အရာရာတိုင်းမှာ ဇာဝီလေးကို ထည့်စဉ်းစားပြီး စိုးရိမ်ပူပန်ပေးနေရသလဲ။



www.burmeseclassic.com

www.burmeseclassic.com



နွေရိပ်ချိုသည် အပြန်လမ်းမှာ ချစ်သူနဲ့ ဆုံစည်းတွေ့ဆုံခဲ့ရလို့ ကြည်နူးနွေးထွေးခြင်းတစ်ဝက်၊ တစ်စုံတစ်ခုအပေါ် စေတနာပြည့်ခြင်းတစ်ဝက်နဲ့ Lady Belle ဆိုင်လေးကို ဦးတည်ပြီး ပြန်လာခဲ့ပါတော့သည်။



## ၂

Lady Belle အလှပြင်ဆိုင်မှာ မနက်ကိုးနာရီစဖွင့်ပြီး ညဘက်ခုနစ်နာရီမှာ အမြဲပိတ်ပါသည်။ ခုနစ်နာရီဆိုသော အချိန်က အိမ်ပြန်လို့လည်း အဆင်ပြေသလို ဘတ်စ်ကားစီးရသူ လင်းလင်းလက်တို့လို၊ မမစိမ်းတို့လိုတွေအတွက်လည်း ဘတ်စ်ကား မခက်လှသော အချိန်မျိုးလည်း ဖြစ်သည်။ နွေရိပ်ချိုကတော့ ကားစုတ်လေးမောင်းပြီး ပြန်ရုံမို့ အိမ်ပြန်ဖို့ မပူရ။ ပိုးအိမ်ကျတော့လည်း ကိုယ်ပိုင်ကားမရှိပေမယ့် ပိုးအိမ်ရဲ့ချစ်သူမှာ ရာထူးတောင်းကောင်း တစ်ခုနေရာ ရထားသော ကုမ္ပဏီကြီးတစ်ခုရဲ့ ဝန်ထမ်းဖြစ်လေရာ ကုမ္ပဏီကား သုံးခွင့်လည်း အလိုလိုရထားသဖြင့် ပိုးအိမ်ရဲ့အလုပ်အသွားအပြန်တို့ကို ပိုးအိမ်ရဲ့ချစ်သူ "မောင်" ကသာ အကြိုအပို့ လုပ်ပေးပါသည်။

www.burmeseclassic.com

www.burmeseclassic.com

ပြန်ခါနီး ဆိုင်တံခါးတွေ တစ်ခြမ်းစပိတ်နေတုန်း လင်းလင်းလက်ကတော့ အပေါ်ထပ်အခန်းမှ အန်တီရိုစီထံ တက်သွားပြီး ဆင်ယင်ရန်ရှိသော ဝတ်ရုံတွေ၊ လင်းလင်းလက်တို့ အကြိုအကျ်အစားပေါ်က ထပ်ဝတ်ရသော apron တွေ အသစ် ချုပ်ဖို့ သွားအပ်ပါသည်။

အန်တီရိုစီမှာ တစ်ပိုင်တစ်နိုင်ပဲ အချုပ်အလုပ်ဆိုင် လေး ဖွင့်ထားပြီး စီးပွားရှာရသူဖြစ်သည်။

"ဟော … ဘယ်သူများလဲလို့ လင်းလင်းပါလား၊ ဝင် … ဝင် သမီး"

"ခြုံထည်စ အသစ်တွေရယ်၊ apron တွေရယ် ချုပ်ပေးဖို့ ပို့တ်စ လာပေးတာ အန်တီရိုစီ"

"ဟုတ်ပြီ … ဟုတ်ပြီ၊ ဟိုတလောက ပိတ်ဘယ်နှကိုက် ဝယ်ရမလဲ လာမေးထားတာ မှတ်မိပါတယ်၊ ချုပ်ပေးရမှာပေါ့၊ ဘယ်တော့ လိုချင်လဲ … ပြော"

"ရပါတယ်၊ အန်တီရိုစီပြီးရင် ပြီးသလောက်လေး ချုပ်ပေးလေ။ လင်းလင်း လေးရက်တစ်ခါလောက် လာတက်ယူမယ်။ သိပ်အလျင်မလိုပါဘူး"

"ဆိုင်က ဝင်ငွေကောင်းပုံ ရတယ်ကွယ်၊ အသစ်တွေတောင် ထပ်ချုပ်တယ်ဆိုတော့"



"ဟုတ်တယ် အန်တီရိုစီ။ မိတ်တော်တော်များလာပါပြီ။ မင်္ဂလာဆောင်တွေ၊ ဘွဲ့တွေပြင်ဖို့တင်မကဘူး။ မင်းသမီး ပေါက်စ၊ မော်ဒယ်လ်ပေါက်စတွေတောင် လက်စွဲသုံးလာကြတယ်ဆိုတော့ မဆိုးပါဘူး"

"ဝမ်းသာပါတယ်ကွယ်၊ ကိုယ့်သမီးတွေ အောင်အောင်မြင်မြင်လေး ဖြစ်တာကိုပဲ သတင်းကြားချင်ပါတယ်"

"လင်းလင်း ပြန်လိုက်ပါဦးမယ် အန်တီရိုစီ"

"အေး … အေး … သမီး"

လင်းလင်းလက်သည် တံခါးဝရောက်မှ ပြန်လှည့်ကာ …

"အန်တီလီလီ ထမင်းစားပြီးပြီလား"

လို့ လှမ်းနှုတ်ဆက်လိုက်သည်။ အန်တီလီလီသည် စာရွက်တစ်ထပ်ကို အလုစားပွဲပေါ် ဖြန့်တင်ရင်း ပါးစပ်ကတဖွဖွ ဘာတွေရွတ်မှန်းမသိရွတ်လျက် ဖတ်ရှုနေသည်။

လင်းလင်းလက် မေးတာကို ကြားပေမယ့် ပြန်မဖြေအား။

"မမ … လင်းလင်း နှုတ်ဆက်နေတယ်လေ"

အန်တီရိုစီက သူ့အစ်မကို လှမ်းပြောပေးသည်။ အန်တီလီလီက …

www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ _ ကောင်မလေး၊ ကျုပ် စကားမပြောအားဘူး။ ဒီမှာ သူ့ဆီကစာလာလို့ ဖတ်ဖို့ အချိန်ပေးနေရတယ်"

လင်းလင်းလက် ခွင့်လွှတ်သလိုပြုံးရင်း ...

"လင်းလင်း သွားပြီ"

ဟု နှုတ်ဆက်ကာ အောက်ထပ် ပြန်ဆင်းလာသည်။ အောက်ထပ် ဆိုင်ဝရောက်တော့ ဆုံတွေ့လိုက်ရသော လူတစ်ယောက်၏အပြုံးကို လင်းလင်းလက် ခပ်တည်တည်ကြီး ပြန်ကြည့်ပစ်လိုက်လေသည်။

ထိုသူကား ဆိုင်ကို တစ်ပတ်တစ်ခါလောက် အလှကုန်ပစ္စည်းများ လာပို့နေကျလူ။ လင်းလင်းလက်တို့ ပင်တိုင်သုံးသော ဆံပင်ပစ္စည်းများ၊ အလှကုန်ပစ္စည်းများ ဖြန့်ဖြူးရာ ကုမ္ပဏီရဲ့ အရောင်းကိုယ်စားလှယ် လူတစ်ယောက်ဖြစ်သည်။ သူ့နာမည်က ဘာရယ် မောင်သစ်တဲ့။ ဘယ်တော့မှ မပြောင်းတဲ့နာမည်လို့ နွေရိပ်ချိုတို့ ပိုးအိမ်တို့ ကွယ်ရာမှာ အတင်းပြောရယ်ကြသည့် အမည်ပိုင်ရှင်လေ။ သူက ဘယ်လိုမှမလဲ။ လင်းလင်းလက်လို ယောက်ျားလျာကိုမှ အိစိကလီ လုပ်ချင်နေတာလေ။ လာပြောရဲ့ ပြောကြည့် လက်သီးစာ တွေ့မယ်မှတ်။

"ဟော ... လင်းလင်း မပြန်သေးဘူးကိုး။ ကျွန်တော်က လင်းလင်းများ ပြန်သွားပြီလားလို့ဗျာ။ ဒီနေ့ ခရီးလွန်နေတာနဲ့ ဒီဆိုင်ဘက်ကို ညနေစောင်းမှ ဝင်ပို့နိုင်တယ်"



လင်းလင်းလက်က ဘာမှမဖြေဘဲ ခပ်တည်တည်ကြီး သူ့ရှေ့ကဖြတ်လျှောက်လာလျှင် မမစိမ်းမှာ အင်မတန်မှ အားတွေနာပြီး ...

"မောင်သစ် ရောက်တာ နောက်ကျလို့ကွယ်၊ ပစ္စည်းတွေ စောင်နေရာတကျ ချပေးဖို့ အကူအညီ မတောင်းတော့ပါဘူး။ Box တွေ ဒီတိုင်းပဲ ချထားခဲ့ပါ။ မနက်ဖြန်မှ အစ်မတို့ ဖောက်ပြီးစီလိုက်ပါ့မယ်"

ဟု ခါတိုင်းလုပ်ပေးနေကျ အလုပ်ကိုပင် မခိုင်းတော့ဘဲ ဝင်ပြောပေးပါသည်။

ဒါပေမဲ့ မောင်သစ်ကလည်း လက်မခံ။ တခြားဆိုင်တွေဆို မှာသောပစ္စည်းတွေပါသည့် Box တွေ ဒီတိုင်းချပေးနေကျပေမယ့် ဒီ Lady Belle မှာဆိုရင်တော့ အထူးအကူအညီပေးတဲ့အနေနဲ့ Box တွေကို ဖြဲ ... ဖြဲနဲ့ ဆွဲဖွင့်၊ ဆွဲခွာ၊ အထဲမှာပါတဲ့ ဆံပင်သုံးပစ္စည်းဆို ဆံပင်ပစ္စည်းစင်ပေါ် အစီအရီတင်ပေး၊ မိတ်ကပ်အလှပြင်ပစ္စည်းဆိုလည်း သူ့နေရာနဲ့သူ၊ လက်သည်းအလှပြင်ပစ္စည်းဆိုလည်း သူ့အကန့်နဲ့သူ တင်ပေးဖို့သာ စိတ်ကူးနေခဲ့သည်။ ဘယ်လိုမှ တားမရ၊ ဆီးမရ။ စေတနာတွေ ရေစီးကမ်းပြိုနဲ့ ဒီဆိုင်ကို သိပ်ကူညီချင်နေတာ။

နွေရိပ်ချိုနဲ့ ပိုးအိမ်ကတော့ ကျိတ်ရယ်ကာ ဆိုင်သန့်ရှင်းရေး လုပ်နေကြသည်။ ဆံပင်စတွေက တံမြက်စည်းနဲ့

www.burmeseclassic.com

www.burmeseclassic.com

လှည်းရင် မပြောင်တာမို့ vaccum cleaner ဟုခေါ်သော ဖုန်စုပ်စက်ဖြင့် တစီးစီး အသံဆူအောင် စုပ်ပစ်ရသည်။ နွေရိပ်ချိုက ဖုန်အရင်စုပ်ပြီးလျှင် ပိုးအိမ်က ကြမ်းခင်းကြွေပြား ပန်းရင့်ရောင်တွေကို mop ဟုခေါ်သော အဝတ်တပ် တုတ်တံကြီးကို ပလတ်စတစ်ပုံးထဲမှာ ဆပ်ပြာမှုန့်နဲ့ ရေနွေး ရောဖျော်ထားတဲ့ အရည်ထဲ စိမ်၊ ရေကိုညှစ်ချပြီးမှ ပွတ်သုတ်ရပါသည်။

ဆိုင်တစ်ခုလုံးမှာ မိန်းကလေးသီးသန့်ဆိုင်လို့ ပြောရအောင် ပန်းနုရောင်နံရံတွေ၊ ပန်းရင့်ရောင် ကြွေပြားခင်းတဲ့ ကြမ်းခင်းတွေ၊ ပန်းရင့်ရောင်ဘောစင်နဲ့ ခေါင်းလျှော်စင်တွေဖြင့်သာ ပြင်ဆင်ဖွဲ့စည်းထားပါသည်။

"တီ ... တီ"

ဟု အချက်ပေးလိုက်သော ကားဟွန်းသံကြောင့် ပိုးအိမ် အပြေးထွက်ကြည့်သည်။

မောင် ရောက်လာပြီ။ ကုမ္ပဏီကပေးသုံးသော စက်မှုဖုန်ထုတ် လိုက်ထိထရပ်အသေးလေးနဲ့ လာကြိုသော မောင်က ကားရပ်ရပ်ချင်း ဟန်းဖုန်းကလည်း ပြောလို့မပြီးသေးချေ။ မောင်က ကုမ္ပဏီမှာ ရာထူးကြီးလေရာ ကားရော၊ ဟန်းဖုန်းရော ပေးသုံးတဲ့ အခွင့်အရေးကို ရထားသူ ဖြစ်ပါသည်။

"ပိုးအိမ် ... နင် ပြန်ရင် ပြန်တော့လေ။ ကျန်တာ ငါတို့ ဆက်လုပ်လိုက်မယ်"





"ရပါတယ်ဟဲ့၊ ငါ ဒါလေး ပြီးတော့မှာပါ"

"နင့်လူ အကြာကြီး စောင့်နေရလိမ့်မယ်၊ ဒီနေ့ ဆိုင်ပိတ်တာ နည်းနည်းနောက်ကျသွားတယ်လေ၊ သွားပါ ရတယ်၊ ငါ့ကို အားမနာနဲ့"

နွေရိပ်ချိုက အတင်းတွန်းလွှတ်လိုက်သည်။ ပိုးအိမ် အိတ်လေးလွယ်ပြီး သူမ၏ချစ်သူ စောင့်ကြိုနေသောကားပေါ် ပျော်ရွှင်ချမ်းမြေ့စွာ ပါသွားသော မြင်ကွင်းအား နွေရိပ်ချို တစ်ယောက် အားကျစွာ ငေးကြည့်ကျန်ခဲ့မိသည်။ ပိုးအိမ်ရဲ့လူကသာ ဒီလို အလုပ်သွား အလုပ်ပြန် လိုက်ပို့၊ လိုက်ကြို လုပ်နိုင်တာ။ နွေရိပ်ချိုရဲ့ ကိုကိုကတော့ တွေ့ခွင့်ရဖို့တောင် မနည်းဖွဲ့ပေးနေရတဲ့ အခြေအနေလေ။

မမစိမ်းရယ်၊ လင်းလင်းလက်ရယ်၊ နွေရိပ်ချိုရယ် ဆိုင်အတွင်း သံဘာဂျာတံခါးကို ဆွဲပိတ်တော့လည်း မောင်သစ် ပါသည်။ ဘာဂျာတံခါးသော့ပိတ်ပြီးမှ အပြင်ကတစ်ထပ် ဆွဲချပြီးပိတ်ရသော Rollet door ဟုခေါ်သည့် သံအလိပ်တံခါးကို လိပ်ထားရာမှ ဖြေချကာ ပိတ်တော့လည်း မောင်သစ် ပါသည်။

တံခါးနှစ်ထပ်ပိတ်ပြီး အသီးသီး လမ်းခွဲပြန်တော့မှပဲ မောင်သစ်လည်း စိတ်ချလက်ချ ပြန်နိုင်တော့လေသည်။ ဒါတောင် အမှတ်မရှိဘဲ ...


www.burmeseclassic.com

www.burmeseclassic.com



"လင်းလင်း အိမ်က သိပ်အဝေးကြီးမှာမှ မဟုတ်တာ၊ ကျွန်တော့်ကားနဲ့ လမ်းကြုံလိုက်ခဲ့ပါလား၊ အိမ်မှာချပေးမယ်လေ"

လို့ အနားကပ် သွားခေါ်သေးတာ။

မမစိမ်းမှာတော့ ကားဂိတ်သွားတာ ဖြောင့်အောင် မသွားနိုင်ဘဲ လည်ပင်းကြီး လိမ်ကြည့်ကာ စိတ်ထဲမှာလည်း "ဟယ် ... ဒီကောင်တော့ လင်းလင်း တီးထည့်လိုက်တာ ခံရတော့မှာပဲ"ရယ်လို့ စိတ်ပူနေမိသည်။ သို့သော် လင်းလင်းလက်က လက်တော့မပါပါ။ မောင်သစ်ကိုသာ ဘုကြည့်ကြည့်ပြီး ...

"ရတယ် ... ဘတ်စ်ကားစီးပြီး ပြန်နေကျ"

ဆိုသော ခပ်တိုတိုပြတ်ပြတ် တစ်ခွန်းကိုသာ ပြန်ပြော၍ ကားမှတ်တိုင်ဆီ သောက်ဆတ် သောက်ဆတ်နဲ့ လျှောက်သွားတော့လေသည်။

မောင်သစ်လည်း ပခုံးအသာတွန့်မိရင်း ရယ်ကျဲကျဲ စပ်ဖြီးဖြီးရုပ်နဲ့ပဲ ကားမောင်းထွက်လာခဲ့သည်။ ငါ့အဖြစ်ကလည်း ကြည့်ဦးလေ။ ဒီလောက် အချောအလှလေးတွေ၊ ချစ်စရာလေးတွေ၊ မနိုတရိုလေးတွေ မြင်နေ တွေ့နေပါရက် (အလှကုန်ပစ္စည်း အရောင်းကိုယ်စားလှယ်လုပ်ရတာမို့ အလှပြင်ဆိုင် အများစုဆီ ရောက်ရသူမို့ပါ) ဒီလို အချိုးမပြေပြစ်လှတဲ့ ယောကျ်ားလျာကိုမှ





ချစ်မိနေတာကိုး။ ပုံစံက ကြည့်ပါဦး။ ခပ်ပွပွ ဂျင်းဘောင်းဘီ အစုတ်အပြဲရာဗရပွ အရောင်မွဲနဲ့၊ အထဲက တီရှပ်ဖြစ်ဖြစ် ကော်လာပါ စပို့ရှပ်ဖြစ်ဖြစ် အမြဲဝတ်ပြီး အပြင်မှာ ပွတဲ့ရာသီပဲဖြစ်ဖြစ် အေးတဲ့ရာသီပဲဖြစ်ဖြစ် လင်းလင်းလက်တို့ကတော့ မမှုဘဲ အဲဒီ တီရှပ်၊ စပို့ရှပ်တွေပေါ်က ဂျင်းဂျာကင်အရောင်မွဲတစ်ထည်ဖြစ်ဖြစ်ဆပ်ဝတ်ထားတတ်သော ဝတ်စားဆင်ယင်ပုံနဲ့ ဘယ်လိုမှ မိန်းမ မပီသလှသော လင်းလင်းလက်။ ကွင်းထိုးကြိုးသိုင်းဖိနပ် အမြဲဝတ်ထားပြီး သားရေအိတ်တစ်လုံးကို စလွယ်သိုင်းထားတတ်သူ လင်းလင်းလက်။ လူကသာ ဆံပင်ညှပ်အလှပြင်ဆိုင်မှာ အလုပ်လုပ်တာ။ ဆံပင်ပုံစံကတော့ ယောကျ်ားဆံပင်ပုံ တိုကပ်ကပ်နဲ့ ဘယ်တော့မှလဲ ဆီမလိမ်း၊ ပေါင်းမတင်၊ ပုံမသွင်းလို့ ဖွာလန်ကြဲတဲ့ ဆံပင်ပုံစံနဲ့ လင်းလင်းလက်။

မြင်လိုက်တာနဲ့တင် ယောကျ်ားလျာမလေး တစ်ယောက်ပါလို့ သိသာစေသော အလှအပလုံးဝစိတ်မဝင်စားသော၊ ယောကျ်ားတွေကို စိတ်မဝင်စားဘဲ မိန်းကလေးချောချောလှလှကိုသာ ချစ်လိုပါသည်ဟု မောင်သစ် ရှေ့မှာတင် ပေါ်တင်ကြေညာထားသော ထိုလင်းလင်းလက်ကိုမှ ချစ်ကိုချစ်နေမိတာ။ စိတ်ထဲမှာ ကြိုးစားဖျောက်လည်း မရ။ မေ့ပစ်လို့လည်း မရ။ သူမှသူ။ ချစ်လို့မဝနိုင်။ သူ့ရဲ့ဂျစ်ကန်ကန် ယောကျ်ားစတိုင်လ်ကိုမှ စွဲလမ်း



www.burmeseclassic.com

www.burmeseclassic.com



လို့မဝနိုင် ဖြစ်နေသော မောင်သစ်မှာ သူ့ ကိုယ့်ကိုပြန်ချစ်လာအောင် ဘယ်လိုကြံဖန်ရမလဲ ဆိုတာ စဉ်းစားလိုက်တိုင်း ခေါင်းစားနေရပါသည်။

မောင်သစ်ကဲ့သို့ပင် Lady Belle ရဲ့ မျက်နှာချင်းဆိုင် ကော်ဖီဆိုင်မှ ကိုလက်ာသည်လည်းပဲ နွေရိပ်ချို တစ်ယောက်ကားစုတ်ကို လီဗာအတင်းနင်းနှိုးပြီး မောင်းထွက်သွားတာလေးကို ချစ်လို့မဆုံးဖြစ်ကာ အငေးကြီးငေးကာ ကျန်ခဲ့ရရှာသည်။

“နွေရိပ်လေးရယ် ... မင်းကို ကိုယ်ချစ်နေခဲ့ရတာ ဘယ်လောက်တောင် ကြာပြီလဲကွာ၊ မင်း သိအောင် ကိုယ်မပြောရဘူး၊ အမူအရာတောင် ရဲရဲမပြရဲဘူး၊ ကိုယ့်ဒီနေရာမှာ သိပ်ညှပ်နေတယ် နွေရိပ်ရယ်။ ဆိုင်စဖွင့်တည်းက မြင်မြင်ချင်း ချစ်လာခဲ့တဲ့ အချစ်ကို နွေရိပ် သိအောင် ဘယ်လိုနည်းနဲ့များ ကိုယ် ဖွင့်ပြောရမလဲ”

ကိုလက်ာသည် တစ်ယောက်တည်း အရူးတစ်ယောက်လိုပဲ ခပ်တိုးတိုးညည်းလျက် ဆိုင်ထဲမှာဖွင့်ထားသော ...

“တစ်နေ့ကုန်ထိုင်ပြီး တစိမ့်စိမ့်ကြည့် ... နဖူးက ခြေဖျားထိအောင်ချစ်တယ် ... အသည်းထဲ စွဲငြိမိပြီ”

ဟူသည် သီချင်းတစ်ပုဒ်ရဲ့စာသားကို တကယ်ပဲ Heart ထိစွာ လိုက်ဆိုညည်းနေမိပြန်သည်။



ကိုလက်ာ့အဖြစ်က ဒီလိုဖြစ်နေတာကိုး။ မလှမ်းမကမ်း၊ မနီးမဝေးလေးထဲမှာ မှန်တွေကို ကာထားတဲ့ Blinds ဟုခေါ်တဲ့ အကာတွေကြားထဲမှ ရိပ်ခနဲ ရိပ်ခနဲ မြင်မြင်နေရသော နွေရိပ်ချိုကို တစ်နေ့ကုန်ထိုင်ပြီး တစိမ့်စိမ့် လှမ်းကြည့်နေရတာလေ။ သူကလေး ခဏတဖြုတ်လောက်များ ဆိုင်ပြင်ထွက်လာရင်တော့ သူ့မှာ အငေးကြီးက အားပါးတရ ငေးရတာပါ။

မိန်းကလေးတွေပီပီ အစားနဲ့ ပါးစပ်ကလည်း ပြတ်တယ်ရယ်မရှိ။ တော်ကြာ ဆီးထုပ်၊ အချဉ်ထုပ်၊ နေကြာစေ့ဆုပ် ထွက်ဝယ်ပြန်ပြီ။ တော်ကြာ ခေါင်းရွက်ဗျပ်ထိုး လှည့်လည်ရောင်းချသော ပြောင်းဖူးပြုတ်သည် ခေါ်ဝယ်ပြန်ပြီ။ တော်ကြာ မုန့်ချဉ်သည်။ တော်ကြာ မုန့်ကြာစေ့သာကူသည်။ တော်ကြာ အကြော်စုံနဲ့အချဉ်ရည် ထွက်ဝယ်လိုဝယ်နဲ့ တစ်နေ့ကုန်တစ်မျိုးပြီးတစ်မျိုး ထွက်ဝယ်လိုက်။ ဈေးသည်လာ ခေါ်စားလိုက်နဲ့။ နွေရိပ်ချို တစ်ချိန်လုံး ထွက်ဝယ်စားနေတာကို ဒီဘက်ခြမ်းက ကိုလက်ာ တစ်ယောက် ကြည့်ကာ ရင်မနေသည်။

“တစ်နေ့ကုန် စားနေတာ အစားတွေစုံပြီး ဒုက္ခတွေများကုန်တော့မှာပဲ။ ဒီကောင်မလေး ခုထိ မရပ်သေးဘူး”

စိတ်ပူပြီး တဖွဖွ သူ့ဘာသာ ပြောမိသည်။

“မမြစိမ်းမေကလည်း အားလုံးထဲမှာ လူကြီးလုပ်နေပြီး ညီမအရွယ်တွေကို အမြင်မတော်တာရှိရင် တားတာမဟုတ်

www.burmeseclassic.com

www.burmeseclassic.com

ဘူး။ သူကပါ ကလေးဆန်ပြီး ကလေးတွေ စားသမျှ လိုက်စားနေပုံပဲ”

မဆီမဆိုင် မြစိမ်းမေကိုပါ အပြစ်တင်ရင်း ရင်တမမနဲ့ပဲ အဲဒီဘက်ခြမ်းဆိုင်က မိန်းကလေးတွေ အစာအဆိပ်သင့်လို့ ဘယ်တော့ ဆေးရုံကား ခေါ်ရမလဲဘဲ တစ်ချိန်လုံး နားစွင့်နေရလေသည်။

ကိုလက်ာ့ အချစ်က ဘယ်လိုပြောရမလဲ။ အဆေးကြည့် ပြုံးပြန်အဆင့်က မတက်သေး။ သူ့မှာ တိုင်ပင်စရာ သူငယ်ချင်းတွေတော့ ရှိပေမယ့် မတိုင်ပင်ချင်။ သူတို့ပေးတဲ့အကြံကိုယူပြီး ကိုယ်ချစ်တဲ့ မိန်းကလေးကို ချဉ်းကပ်ရတာလောက် ယောက်ျားမပီသတာ မရှိဘူးဟု သူ့အတွေးနဲ့သူ ထင်၍ပင်။

လမ်းမဘက်ဆိုင်တန်းတွေ အသီးသီး တံခါးပိတ်၊ မီးပိတ် ဆိုင်တွေအကုန်လုံး ပိတ်ကြသောအခါ ကိုလက်ာလည်း သူ့ကော်ဖီဆိုင်ကိုပိတ်ပြီး ဘယ်သူမှ မရှိတော့သော **Lady Belle** ဆိုင်လေးကိုပဲ အလွမ်းပြေကြည့်လျက် အိမ်ပြန်ခဲ့တော့လေသည်။





၃

“မောင့်အိမ်မှာ ဒီအပတ် စနေဖြစ်ဖြစ်၊ တနင်္ဂနွေဖြစ်ဖြစ် ပိုး ထမင်းစားလာလို့ ရမလား”

မောင်က ကားကိုမောင်းရင်း ပိုးအိမ်ကို မေးလိုက်သည်။ ပိုးအိမ် ထိတ်လန့်သလိုဟန်ဖြင့် ...

“ဘာလဲဟင် ... မောင်၊ သူတို့သိသွားကြပြီလား”

“သိတာဖြင့် ကြာလှပြီ”

“ဟာ”

“မဟာနဲ့လေ၊ မောင် ဆိုတဲ့ကောင်က တစ်နေ့ကျ ရည်းစားထားရင် ပိုးအိမ်ကိုပဲ ထားမယ်၊ ပိုးအိမ်ကိုပဲ ယူလိမ့်မယ်ဆိုတာ တစ်ဆွေလုံး တစ်မျိုးလုံး ကြိုဟောကိန်းထုတ်ပြီးသား။ ဒီနှစ်ယောက် ရည်းစားမဖြစ်ခင်ကတည်းက ရည်းစားဖြစ်နေပါပြီလို့ ဝိုင်းစွပ်စွဲနေကြတာ။ ဖြစ်တော့လည်း



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်တဲ့အတိုင်း သူတို့ဘာသာ ရာဖွေလေ တွေ့ရှိလေ ဖြစ်သွားတာပဲပေါ့"

မောင်နဲ့ ပိုးအိမ်တို့က တစ်လမ်းတည်း၊ တစ်ရပ်ကွက်တည်းနေ ငယ်ပေါင်းကြီးဖော် ကျောင်းနေဖက် သူငယ်ချင်းတွေ ဖြစ်ပါသည်။ မောင့်ဆွေမျိုး အသိုင်းအဝိုင်း မိဘတွေနဲ့ဆိုတာကလည်း ဆွေစဉ်မျိုးဆက် ဒီရပ်ကွက် ဒီလမ်းထဲမှာ နေခဲ့ကြတဲ့ ရာဇဝင်ရှိလေရာ ခင်ရာဆွေမျိုးပဲ ပြောရမလား။ ရပ်ဆွေရပ်မျိုးပဲ ပြောရမလားတောင် မသိ။ နှစ်ဖက်အသိုင်းအဝိုင်း နှစ်ခုစလုံးတွေဟာ တစ်ယောက်အကြောင်း တစ်ယောက်သိ၊ တစ်ယောက် အကျင့်စရိုက်၊ စိတ်ဓာတ်အခြေအနေကိုလည်း သိဖြင့်တကယ့်ကို ရင်းနှီးခင်မင်ကြသည်။

ရပ်ကွက်၏ အထင်ကရတွေလိုတောင် ဖြစ်နေသော ဒီဆွေမျိုးအသိုင်းအဝိုင်းနှစ်ခုသည် တစ်ယောက်အိမ် တစ်ယောက် ခွင့်တောင်းစရာ မလိုဘဲတောင် ဝင်ထွက်ကူးလူး ဆက်ဆံကြလေသည်။

ခင်မင်ရင်းနှီးကြ၊ ရန်ဖြစ်စရာရှိ အော်ဟစ်ဆဲဆိုရန်ဖြစ်ကြ၊ ကလေးချင်းပြိုင်ကြ။ ဟိုဘက်ဒီဘက် ကလေးတွေအရွယ်ရောက်လာပြီး ကြိုက်တဲ့လူကြိုက်၊ ကွဲတဲ့လူကွဲ၊ ညားတဲ့လူညားနဲ့ ပြဿနာပေါင်း သောင်းခြောက်ထောင်တွေ အဆက်မပြတ်ကြုံတွေ့နေရသော်လည်း ဒီအသိုင်းအဝိုင်းနှစ်ခုတို့ဟာ ဘယ်တော့မှ





လဲ မပြိုကွဲ၊ စိတ်ဝမ်းမကွဲဘဲ ခင်ခင်မင်မင် ရှိနေကြသည်မှာလည်း ထိုလမ်း၊ ထိုရပ်ကွက်၏ ရာဇဝင့်လိုပင် ဖြစ်နေသည်။

မောင်တို့အိမ်က လမ်းရဲ့အတွင်းပိုင်းမှာဖြစ်ပြီး ပိုးအိမ်တို့အိမ်ကတော့ လမ်းထိပ်မရောက်ခင်လေးမှာ ဖြစ်ပါသည်။ သူငယ်တန်းကနေ အထက်တန်း အောင်ကြတဲ့အထိ ကျောင်းအတူတူသွား၊ အတူတူပြန်။ ကျူရှင်တွေ ယူတော့လည်း အတူတူယူဖြင့် တတွဲတွဲ ခင်မင်ခဲ့ကြသော မောင်နဲ့ ပိုးအိမ်တို့ ရည်းစားဖြစ်တာဖြင့် (ရည်းစားတကယ်ဖြစ်တာကို ပြောတာပါ။ အရင်ကတော့ သူငယ်ချင်းမက၊ ရည်းစားမကျ ပုံစံပေါ့) သိပ်တောင်မကြာသေး။

မောင့်အိမ်က ထူးထူးဆန်းဆန်းတွေလုပ်ပြီး ထမင်းစားဖိတ်သတဲ့။ အရင်ကလည်း အဲဒီအိမ်ဘက်ရောက်ရင် ...

"ဟယ် ... အန်တီတင်၊ ဘာတွေချက်လဲ မသိဘူး၊ မွှေးနေတာပဲ၊ ဗိုက်တောင်ဆာလာပြီ"

ဆိုပြီး ဟိုအိုးလှန်ကြည့်၊ ဒီအိုးလှန်ကြည့် လုပ်တာပိုးအိမ်ပါ။ အဲဒီလိုများ ချီးမွမ်းမိရင် မောင့်အမေ အန်တီတင်ကြီးသဘောမနော တွေခွေ့ပြီး ...

"ကဲ ... ကဲ ... ဗိုက်ဆာလာရင်လည်း ဒီတိုင်းမနေနဲ့၊ ထမင်း ဟင်းတွေ ခူးခပ်စား သမီး။ ပြောနေ ကြာပါတယ်၊ လာ ... လာ ဝင်ထိုင်စား အန်တီတင် ထည့်ပေးမယ်အေ၊


www.burmeseclassic.com

www.burmeseclassic.com



ညည်းအမေ မိသော်က ဟင်းချက်အတော်ညံ့တာတော့။ ကလေးတွေ စားကောင်းအောင် မချက်တတ်ဘူး။ ပြီးတော့ ကလေးအပြစ်ဖို့သေး။ အိမ်က ကလေးတွေက ဘာချက်ချက် မကြိုက်ဘူး၊ အစားကြေးများတယ်၊ စားရင်လည်း ကြောင်စာလောက် စားတာဆိုပြီး ကျူပ် လာလာအတင်းအုပ်တာ။ သူဖြင့် ဟင်းချက်ညံ့တာတော့ မသိဘူး"

ချက်ချင်းပဲ ထမင်းဟင်းတွေ ရူးခပ်ကျွေး၊ သူနဲ့ပြိုင်ဘက်လိုဖြစ်နေတဲ့ ပိုးအိမ်အမေရဲ့ အတင်းတွေလည်းအုပ်ကာ ပြုံးပြုံး၊ ပြုံးပြုံးနဲ့ ပိုးအိမ်ကို ထမင်းစားစေတာပါ။ အခုကျမှ ချည့်သည်လုပ်ပြီး ထမင်းဖိတ်ကျွေးမယ်ဆိုတော့ ပိုးအိမ်မှာ ဒီစကားကို အတော်ကြီး အနေရခက်ကာ ရှက်ကိုးရှက်ကန်းတောင် ဖြစ်နေမိသည်။

"ပိုးအိမ်ကို တကူးတကကြီးများ ဖိတ်ရတယ်လို့ ကြားရတာ ရှက်တောင် ရှက်လာပြီ"

"ဘာရှက်စရာရှိလဲ"

"သူတို့ အခုလုပ်ပုံက ပိုးအိမ်ကို နေရာတစ်ခု ပေးသလိုကြီး ဖြစ်နေတော့ ရှက်သလိုလိုပဲ"

"အံမာ ... သူကများ ရှက်ရသေးတယ်"

မောင်က ပိုးအိမ်ခေါင်းကို မနာအောင် ခေါက်လိုက်ပြီး ပြောသည်။



"တကူးတက ဖိတ်ကျွေးတာက အဖေနဲ့အမေမှာ ပြောစရာရှိလို့ပါ။ ပိုးအိမ် မိဘတွေနဲ့ မတွေ့ခင် မတောင်းရမ်းခင်မှာ ပိုးအိမ်ကို အရင် အသိပေးထားချင်တာ ရှိတယ်တဲ့။ သူတို့လာမပြောခင် ပိုးအိမ်က ရှေ့ပြေးအနေနဲ့ ကြိုပြောထားစေချင်တဲ့ သဘောလည်း ပါတယ်"

.. ပိုးအိမ် အနည်းငယ် ရင်ပူသွားပါသည်။

"ဘာမှ စိုးရိမ်စရာတော့ မဟုတ်ပါဘူး၊ မင်္ဂလာဆောင်ကြရင် သူတို့ ဘယ်ရွေ့ဘယ်မျှပဲ တတ်နိုင်တယ် ဆိုတာ ပိုးအိမ်ကို ကြိုအသိပေးမှာမျိုးပါ။ ပိုးအိမ် ကြိုသိထားတော့ ပိုးအိမ်မိဘတွေကိုလည်း အကျိုးသင့် အကြောင်းသင့် နည်းနည်းပြောလို့ ရတာပေါ့၊ တော်ကြာ မထင်မှတ်ဘဲ ပြောကြဆိုကြရင်း အဆင်မပြေ ဖြစ်မှာစိုးလို့ပါ"

"ဪ ... ဒါလား"

"အဲဒါပါ ... ဘာမှ ပူစရာမရှိဘူး"

"ဒီတိုင်းပြောလည်း ရပါတယ်၊ ထမင်းဖိတ်ကျွေး၍ ပြောဖို့မလိုပါဘူး၊ သူစိမ်းတွေမှ မဟုတ်တာ"

"ပိုး အမေ့အကြောင်းလည်း သိသားပဲ။ သူက သူ့လက်ရာကို လက်စွမ်းလည်း ပြချင်သေးတာ။ သူကိုယ်တိုင်ကလည်း အစားအသောက် ကြိုက်တယ်လေ။ သူ့ဘာသာ ကြက်သား၊ ဝက်သား၊ ငါးသလောက်ပေါင်း၊ ပုစွန်ချဉ်

www.burmeseclassic.com

www.burmeseclassic.com



သုံး။ ကြာဆိုင်တင်းချိုး၊ ငါးခြောက်ဖုတ်၊ ငါးပိရည်တို့စရာ ဆေးစွ ဖွယ်ဖွယ်ရာရာ မကုန်နိုင် မခန်းနိုင် ချက်စားချင်တာဝါ။ ဒါပေမဲ့ အဲဒီလိုချက်ရင် အဖေက သူ့ကိုအစားသောင်းကျန်းရလား၊ ရောဂါနဲ့မတည့်တဲ့ အငန် အဆိမ့်တွေ ချက်စားရလား ဆူမှာစိုးတော့ ပိုးကို အကြောင်းပြပြီး သူ ချက်မှာလေ။ ပြီးရင် သူစားမှာ များများပေါ့"

ပိုးအိမ်တို့နှစ်ယောက်စလုံး ရယ်မိကြသည်။ မောင့်အဖေက အစားကြေးများကာ သူ့ကိုသွားခေါ်မကျွေးဘူးဆိုရင် တစ်နေကုန် ဘာမှမစားဘဲနေမယ့် လူစားမျိုးဖြစ်သည်။ အဲဒါကြောင့် အရိုးပေါ် အရေတင် ပိန်ကပ်နေသောပုံစံရှိသည်။ ဒါပေမဲ့ မောင့်အမေကျတော့ တကယ့်ဆန့်ကျင်ဘက်။ အစားအသောက် အင်မတန်ခုံမင်လှကာ မကောင်း၊ ကောင်းအောင် ရှာကြံချက်စား၊ ဝယ်စားနေတတ်သည်။ အစားကောင်းကြိုက်တဲ့သူတွေမှာ ရှိတတ်တဲ့ သွေးတိုး၊ ဆီးချိုတွေလည်း ရောဂါစုံလှသဖြင့် အစားမဆင်ခြင်ရင် မကြာခဏ မရှုနိုင်မကယ်နိုင်ဖြစ်ပြီး ရောဂါကုရသဖြင့် မောင့်အဖေနဲ့ တကျက်ကျက်။ မောင့်အဖေက သူ့မိန်းမအပေါ် ကရုဏာဒေါသောဖြင့် ဆူတာ၊ ပူတာမျိုးဖြစ်ပါသည်။

"သူက ရောဂါဖြစ်မှ ဖြစ်ရော၊ သူ ကြိုက်တာ မရှောင်ဘူးစားမယ်၊ ဖြစ်ရင် ဆေးသောက်မယ်ဆိုတဲ့စိတ် အပြည့်ရှိတယ်။ မျိုးနဲ့ရိုးနဲ့ကို အစားအသောက် ကြိုက်ကြတာလေ"





ဟူ၍ မောင့်အမေ၏ အစ်မများ ညီမများ ဦးကြီး၊ ဦးလေးများရဲ့ ဝဝဖိုင့်ဖိုင့်ပုံစံတွေကိုပါ ထည့်ပြောကာ ဝေဖန်တတ်သူကား မောင့်အဖေ။

"ပိုး လာမယ် မဟုတ်လား"

"အံမယ်လေး ... မောင်ရယ်၊ မျက်တောင်တစ်ခတ်လောက်လေး အကွာအဝေးမှာရှိတဲ့ အိမ်ကိုများ ပိုးက မလာနိုင်ပါဘူး အကြောင်းပြရဦးမှာလား လာမှာပေါ့၊ ယောက္ခမကြီးလက်ရာတွေ စားမှာပေါ့၊ တော်ကြာ ချွေးမနဲ့ ယောက္ခမကြိုက်ရာတွေ အပြိုင်ချက်စားနေမှ မောင့်အဖေကြီးမျက်စိနောက်လာပြီး အိမ်ပေါ်ကနေ ဖနောင့်နဲ့ကန်ချခံရမှာ မြင်ယောင်သေး"

မောင်က သဘောကျပြီး ရယ်နေသည်။ ပိုးအိမ်ကလည်း အစားအသောက် ကြိုက်လှသူဖြစ်ကြောင်း မောင် သိလေသည်။ အိမ်ထောင်ပြုပြီးကြရင် ပိုးအိမ်နဲ့ မောင့်မှာ အိမ်ခွဲနေလိုသော ဆန္ဒမရှိလေရာ မောင့်မိဘအိမ်မှာ လိုက်နေဖို့ ဆုံးဖြတ်ထားပါသည်။

"အိမ်ခွဲနေမယ်ဆိုလည်း နေလို့ရအောင် မောင် စီစဉ်ပေးနိုင်တယ်နော်။ ပိုး အချိန်မရွေးပြော"

မောင်က ပိုးအိမ် အလိုကျဖြစ်ဖို့ ဦးစားပေးပေမယ့်...



www.burmeseclassic.com

www.burmeseclassic.com



"အိမ်ခွဲမနေသေးပါဘူး မောင်ရယ်။ မောင် စဉ်းစားကြည့်။ ပိုးအလုပ်က တနင်္လာတစ်ရက်ပဲ ပိတ်ရက်ရှိပြီး မနက်ကိုးနာရီမထိုးခင်တည်းက အိမ်ကထွက်သွားရင် ညခုနစ်ခွဲ ရှစ်နာရီမှ အိမ်ပြန်ရတာ။ မောင့်အလုပ်ကလည်း ပိုးအလုပ်လောက်နီးပါး လုပ်ပေးရတာပဲ။ ဒီကြားထဲ ခဏခဏလည်း ခရီးထွက်ရသေးတယ်၊ ဒီတော့ အိမ်ဗွားထားရင် မတန်ဘူး၊ အိမ်မှာ လူတွေက နေချိန်သိပ်မရှိဘဲ အိမ်ထောင်ပရိဘောဂတွေကပဲ နေကြမယ့်သဘောမှာရှိတယ်၊ အိမ်မှာနေရချိန်နည်းနေမှတော့ အလကား ပိုက်ဆံအကုန်ခံပြီး ဗွားမနေတော့ပါဘူး။ ကလေးတွေရလာမှ လူများလာမှ ပြောင်းနေရင်နေမယ်"

ပိုးအိမ်၏အတွေးမှာ ထိုသို့ဖြစ်သဖြင့် အိမ်ခွဲမနေဖို့ မောင်ကပါ သဘောတူလေသည်။

မောင်မှာထားသော တနင်္ဂနွေနေ့ ရောက်သောအခါ ပိုးအိမ်မှာ အရင်တုန်းက သွားနေကျ အိမ်တစ်အိမ်ကို သွားရမယ်လို့ မခံစားမိဘဲ စိတ်ထဲမှာ အနည်းငယ်လှုပ်ရှားနေသည်။ အရင်က သူငယ်ချင်းဘဝနဲ့မို့ မောင့်မိဘ၊ ဆွေမျိုး မောင်နမတွေကို ပြောရဲဆိုရဲ စရဲနောက်ရဲသည်။ အခုတော့ အမျိုးတော်ရမည်ဟု သိလာကြသောအခါ စကားအပြောအဆိုကအစ ဆင်ခြင်သတိထား





ဖို့ လိုလာပြီ။ သူစိမ်းတွေတုန်းက စကားတစ်ခွန်း အမှူမဲ့အမှတ်မဲ့၊ ရည်ရွယ်ချက်မဲ့ ပြောလိုက်လို့ရပေမယ့် ဆွေမျိုးတော် လာကြရင်တော့ ထိုစကားတစ်ခွန်းအပေါ် အထအနကောက်တာတွေ၊ ချေပမှာတွေ၊ ရည်ရွယ်ချက်တစ်မျိုးနဲ့ တွေးကြမှာတွေ ရှိလာတတ်ကြောင်း ပိုးအိမ် သိပါသည်။ အမေကလည်း မှာသည်။

"ချွေးမဖြစ်ရမယ့်သူကို ချွေးမလို့ပဲ မြင်ကြတော့မယ်၊ ယောက်မ ခယ်မတော်ရမယ့်သူကိုလည်း ယောက်မ၊ ခယ်မလို့ပဲ မြင်ကြတော့မယ် သမီး၊ ဒီတော့ စကားအပြောအဆိုကအစ ဆင်ခြင်တော့။ သွေးခွဲတာ မဟုတ်ဘူး၊ ဘယ်သူမဆို ချွေးမဘဝ၊ ယောက်မဘဝ ရောက်ဖူးကြတဲ့သူတွေ သိပြီးတဲ့ ခံစားချက်ပဲ သမီး"

ပိုးအိမ် အမေ့စကားကို သေသေချာချာပဲ မှတ်ထားလိုက်ပါသည်။

ဒီနေ့ ပိုးအိမ် အဲဒီမှာ ထမင်းသွားစားရမှာ လက်ချည်းပဲ မသွားချင်တာနဲ့ မနက်စောစော ဈေးဘက်သွားပြီး ဘုရားပန်း ဝယ်လိုက်သည်။ သစ္စာပန်း နီနီရဲရဲ ပတ္တမြားသွေးရောင် အဓိုင်လုလု အစည်းကြီးကြီး ဝယ်ကာ ခဏရေစိမ်ထားလိုက်သည်။ မနက်ဆယ့်တစ်နာရီလောက်ကျမှ ထုတ်ကာ ထိုပန်းစည်းဖြင့် မောင့်မိဘတွေအိမ် ထွက်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



မောင်တို့အိမ်က ကန်ထရိုက်တိုက် တစ်လွှာတည်းမှာ ဆောင်ချင်းကပ် နှစ်ခန်းတွဲဖြစ်သည်။ ပိုးအိမ်တို့ကျတော့ အပေါ်အောက် နှစ်လွှာတွဲ ဖြစ်လေသည်။ ဟိုး အရင်အရင် အမေတို့ခေတ်တုန်းကတော့ ရေးဆန်ဆန် ပျဉ်ထောင်သွပ်မိုးလုံးချင်း အိမ်တွေသာ ရှိခဲ့ပေမယ့် ခေတ်ကာလ ပြောင်းလာသောအခါ လမ်းထဲမှာ ရှိသမျှအိမ်တွေ အကုန်လုံး တိုက်တာတွေ ဖြစ်ကုန်ပါသည်။

ကန်ထရိုက်တိုက်ခန်းတွဲတွေ ဆောက်သောအခါ ကိုယ်လိုချင်တဲ့ပုံစံတွေယူပြီး ပြန်နေကြခြင်းဖြစ်သည်။ မောင်တို့အလွှာက ဒုတိယအလွှာဖြစ်ပါသည်။

တံခါးဝရပ်လိုက်ပေမယ့် ဘဲလ်တီးစရာ မလိုပါ။ အတွင်းသစ်သားတံခါးကြီး ဖွင့်ထားပြီး အပြင်သံပန်းတံခါးသာ ပိတ်ထားပေမယ့် ထိုသံပန်းတံခါးကလည်း သော့ခလောက်သာ ချိတ်ထားသည်။ သော့ကိုနှိပ်ပြီး ပိတ်မထား။ အခန်းထဲမှာ သီချင်းသံ၊ စကားပြောသံတွေ ဆူညံနေသလို ဟင်းနံ့တသင်းသင်းကလည်း တိုက်လှေကားတစ်လျှောက် ပျံ့လွင့်နေသည်။

"ပိုးအိမ် တံခါးဖွင့်ပြီး ဝင်လာလိုက်မယ်နော်"

ပိုးအိမ် အသံပြုရင်း တံခါးကိုဖွင့်ဖို့ပြင်တုန်း တခုန်းခုန်း ပြေးလာသံ ကြားရသည်။





"မပိုး လာပြီ၊ ဟေး ... အတော်ပဲ၊ တစ်အိမ်လိုနေတာ။ မပိုး ဝင်ရင် ကျွန်တော် နိုင်တော့မယ်"

မောင့်ညီအငယ်ကောင်က တံခါးလာဖွင့်ရင်း ဝမ်းသာအားရ ပြောလေသည်။

"ဘာတစ်အိမ်လိုတာလဲ"

"ဟော့ကောင် ... တိုးတိုးပြော၊ တံခါးကြီးဖွင့်ပြီး တစ်တိုက်လုံးကြားအောင် အော်နေပြန်ပြီ"

အထဲမှ မောင့်အဖေ လှမ်းဟောက်သဖြင့် ပိုးအိမ်၏ အမေးရပ်သွားပါသည်။

"ပိုကာ ... ပိုကာ ... ခေါင်းနေကြတာလေ၊ မပိုးကလည်း သိရက်သားနဲ့ ပြန်မေးတော့ ဘိုးတော်ကြီး အော်တာခံရပြီပေါ့"

အငယ်ကောင်က တိုးတိုးကပ်ပြောရင်း သတင်းပေးပါသည်။

"မပိုးက ကျွန်တော့်အတွက် လာဘ်ကောင်ပဲ၊ မပိုး ဝင်ကစားတိုင်း ကျွန်တော်နိုင်လို့ အဲဒါ"

"အံမာ ... ငါကျရှုံးတာ မပြောဘူး"

"ဟာဗျာ ... အစ်ကိုတစ်ယောက်လုံး ပေးထားပြီးပြီပဲဗျာ၊ ဒီလောက်ရှုံးတာလေး ထည့်ပြောရသေးတယ်။ အစ်ကိုတစ်ယောက်လုံးပေးပြီး အနိုင်ပေးထားပြီးသားလေ"



www.burmeseclassic.com

www.burmeseclassic.com



"ဟောကောင် ... တယ် ... ငါနားရင်းအုပ်လိုက်ရ။ အစ်မလက်ထဲမှာ ပါတာတော့ ကူမသယ်ဘူး"

မောင်က သူ့ညီကို လက်ရွယ်ရင်း ပိုးအိမ်လက်ထဲမှာ ပိုက်လာသည့် ပန်းစည်းအကြီးကြီးကို လှမ်းယူပါသည်။

"ငါ ပြီးရင်လာကစားပေးမယ်၊ အခု အန်တီတင့်ကို သွားနှုတ်ဆက်လိုက်ဦးမယ်"

ပိုးအိမ် အိမ်မီးဖိုခန်းထဲ တောက်လျှောက် ဝင်လာခဲ့ပါသည်။ မောင်ကပါ ဝင်လိုက်လာသည်။

"ဟယ် ... အန်တီတင် ချက်လို့မပြီးသေးဘူးလား၊ တစ်အိမ်လုံးရော တစ်တိုက်လုံးရော မွှေးကြိုင်နေတာပဲ၊ ဘာတွေချက်လဲ"

ဟင်းရည်အိုးကြီး မွှေနေသော အန်တီတင်က ...

"ပြီးပြီ ... ပြီးပြီ ... ဒါ နောက်ဆုံးပိတ် အချိုတည်းရအောင် အုန်းနို့သာကူ လုပ်နေတာ။ ထမင်းဟင်းတွေကတော့ အဆင်သင့်ပဲ၊ သမီးစားရင် စားလို့ရပြီ"

"အားလုံးစားမှ စားမယ်လေ"

"ဒီနေ့ အန်တီတင် အကြီးအကျယ် ချက်တယ်၊ သတင်းရတာနဲ့ အကုန်လုံး မီးခိုးတိတ် အိမ်ရောက်လာတယ်လေ။ ချေ့သည် ဗန်းပြပြီး သူတို့ကပ်ကပ်စားဖို့ ရောက်နေကြတာ"





အိမ်မှာ အန်တီတင့်ညီမ မိသားစုတွေရော၊ မောင်မိသားစုတွေရော ရောက်နေကြတာကို အန်တီတင် တစ်ယောက် ကြည်ကြည်နူးနူး၊ စိတ်ခပ်ရှုပ်ရှုပ်ပုံစံဖြင့် ပြောလေသည်။ သူတို့တွေဟာလည်း ဝေးဝေးလံလံမှာ နေကြတာတော့ မဟုတ်။ ဒီတိုက်ကြီးအတွင်းမှာပဲ ကိုယ်ပိုင်စားခွင့်ရှိသည့် အခန်းတွေမှာနေနေကြလေရာ တိုက်ရဲ့တစ်ခြမ်းလုံးက ဆွေမျိုးမိသားစုတွေချည်း ဖြစ်နေပါသည်။

"အိုးတွေ ဖွင့်ကြည့်လေ သမီး"

"အများကြီးပါလား"

ပိုးအိမ် ဟင်းအိုးတွေ တစ်အိုးပြီးတစ်အိုး လှန်ကြည့်သည်။ အန်တီတင်က ဆားမှုလိုက်ပါရင်း ...

"ဒါက အများတောင်းဆိုတဲ့ အန်တီတင်ရဲ့နာမည်ကြီး ကြက်သားဆီပြန်။ ဒါက သားကြီးအကြိုက် ဝက်သားကို ခရုဆီနဲ့ အချိုနှပ်။ ဒါက သားငယ်အကြိုက် ဘဲဥအလုံးလိုက်နဲ့ သီးစုံချဉ်ရည်။ ဒါက သမီးငယ်အကြိုက် ပုစွန်ချဉ်သုပ်။ ဒါက သူ့အဖေအကြိုက်၊ ငါးရံ့ခြောက်ဖုတ်ဆီဆမ်းပေါ့။ ငါးသလောက်ပေါင်းကတော့ ညတည်းက ပေါင်းထားပြီးသား၊ မောင်တွေ ညီမတွေက ငါးသလောက်ပေါင်းမှ ငါးသလောက်ပေါင်းလေ။ မစားရရင် တဂျီဂျီလုပ်နေ



www.burmeseclassic.com

www.burmeseclassic.com

လို့။ ဟီ ဟီ ... သမီးပိုးအိမ် အကြောင်းပြပြီး ထမင်းစား ဖိတ်တာပါပဲ၊ ချက်တော့ ကိုယ့်လူတွေ အကြိုက်ချည့်ချက် မိသလို ဖြစ်နေပြီ။ သမီး ဘာကြိုက်လဲတောင် သားကြီးကို မေးနိုင်းဖို့ မေ့သွားတယ်ကွယ်"

ဟု တတွတ်တွတ် ပြောကာ နောက်ဆုံးမှ ပိုးအိမ် ကို သတိရသွားဟန်ဖြင့် မေးလည်းမေး၊ တောင်းလည်းတောင်းပန် လေသည်။

"အမေ သူ့မေးမနေနဲ့၊ သူလည်း အမေ့လိုမိန်းမမျိုးပဲ၊ အကုန်စား အကုန်ကြိုက်ပဲ။ သူ မကြိုက်ဘူးဆိုတဲ့ အစား အသောက် မရှိသလောက် ရှားတယ်"

မောင်က နောက်ပြောင်ပြီး ပြောသည်။

"ဒါတောင် သမီးက ချစ်စရာလေး ဖက်တီး ဖြစ်မနေဘူး"

"ဖက်တီးမဖြစ်ပေမယ့် လုံးနေတာ ဘဲဥလုံးလိုပဲလေ အမေ ရဲ့"

"ဟယ် ... သားကြီးရယ်၊ သမီးက ဒီလောက်ချစ်စရာ ကောင်းတာ မပြောပါနဲ့"

"ရတယ် အန်တီခင်၊ သူက ပိုးအိမ်ဆို ဒီလိုပဲ အမြဲမ ကောင်းပြောနေကျ။ ပိုးအိမ်ကလည်း သူလိုသွားခေါ်နေတဲ့ လူကိုမှ ကြိုက်မိတာကိုး"





"အံမာ ... ဘာသွားခေါ်တာလဲ၊ ယုန်သွားပါဗျာ၊ ဒီမှာ ကြည့်၊ ယုန်လေးလို ရှေ့သွားနှစ်ချောင်း ကြီးနေတာ ဘယ်လောက် ချစ်စရာကောင်းလဲ၊ ဒီလိုကောင်မျိုးရတာ ကံကောင်းတယ်မှတ်"

အမှန်တော့ ပိုးအိမ်မှာ အခုခေတ် မော်ဒယ်လ်တွေ ... အခုခေတ်စားနေသော ကိုယ်လုံးကိုယ်ထည်မျိုးလို ပိန်ပိန် ... ပါးပါးမဟုတ်ပါ။

အရပ် ငါးပေသုံးလက်မလောက်နဲ့ အညီ ကိုယ် ... ကိုယ်ထည် ပြည့်တင်းလျက် မျက်နှာကလေးကလည်း ခပ် ... လုံး၊ ကိုယ်လုံးကိုယ်ထည် အနေအထားကလည်း ခပ်လုံးလုံး ဖြစ်နေသည်ကို မောင်က သူငယ်ချင်းဘဝတည်းက "ဘဲဥ"လို့ ... ည်ပြောင်ပေးကာ စနောက်ခြင်း ဖြစ်ပါသည်။ ထို့အတူ ... ောင်ကလည်း ယုန်လို ရှေ့သွားနှစ်ချောင်း ရှေ့နည်းနည်း ... ထွက်ကာ ထိုသွားနှစ်ချောင်းကလည်း ပိုကြီးနေသော ပုံသဏ္ဍာန် ... ဖြစ်နေသူပင်။

"ကြိုးသွားစပေါက်တော့ အန်တီက ပြောပါတယ်၊ လျှာနဲ့ သွားကို ခဏ ခဏ မထိုးနဲ့ဆိုတာ။ ဒီကောင်က မရဘူး။ လျှာအငြိမ်မနေဘဲ တထိုးထိုး လုပ်တော့ သွားက ရှေ့ငေါ ထွက်နေတော့တာပေါ့"


www.burmeseclassic.com

www.burmeseclassic.com



သွားက ခေါထွက်တာ မဟုတ်ပေမယ့် ပိုးအိမ်က လည်း ကိုယ့်ကို သူက "ဘဲဥ"ခေါ်သဖြင့် မကျေနပ်ဘဲ သူ့ကို လည်း "သွားခေါ"လို့ ပြန်အနိုင်ရအောင် ခေါ်တာမျိုးဖြစ်လေသည်။

ထမင်းစားပြီးကြသောအခါ ဗိုက်အတော်ကြီးပြည့် တင်းနေပေမယ့် မောင့်အမေက အတင်းထည့်တိုက်သဖြင့် ဖြည်း ဖြည်းချင်း အုန်းနို့သာကူ သောက်နေစဉ် မောင့်အမေက စပြော လာပါသည်။

"ဪ ... ဒီလိုပါ သမီးရယ်၊ သားကြီးနဲ့ သမီးတို့ မေတ္တာရှိနေကြပြီဆိုတော့ မင်္ဂလာဆောင်ကိစ္စလေး ကြိုတိုင် ပင်ချင်လို့ သမီးကို တကူးတက ထမင်းစားဖိတ်ပြီး ခေါ် ပြောချင်တာပါ"

ပိုးအိမ် ဘာပြန်ပြောရမှန်းမသိဘဲ ခေါင်းအသာညိတ် ပြရင်း နားစွင့်နေလိုက်သည်။

"အန်ကယ်လ်တို့ကကွယ် သားကြီးကို သားအကြီးဆုံးမို့ ခမ်းခမ်းနားနားလေးတော့ လုပ်ပေးချင်ပါတယ်၊ ဒါပေမဲ့ သိပ်အများကြီး အကုန်မခံနိုင်ပြန်ဘူး။ သမီးသိမှာပါ။ မင်္ဂလာဈေးထဲက ဆိုင်ကလည်း ဒီနှစ်ထဲမှာ တော်တော် ကြီး အရောင်းပါးတော့ မကိုက်ဘူး။ စီးပွားရေး သိပ်အဆင် မပြေဘူးပေါ့"

မောင့်အမေက ဝင်ပြောပါသည်။





"အန်တီတို့ကို မိသော်က အထင်တွေကြီးပြီး သမီးတို့ပွဲ ကို ကြီးကြီးကျယ်ကျယ်တွေ လုပ်ခိုင်းပြီး တောင်းဆိုမှာ စိုးလို့ သမီးကို အရင်အသိပေးတာပါ။ မလုပ်ပေးချင်လို့ အကြောင်းပြတယ်လည်း ထင်မှာစိုးတယ်လေ။ အမှန်တော့ မဟုတ်ပါဘူး လုပ်ပေးချင်ပါတယ်။ သူများတွေလို ဆီဒိုး နားတို့၊ စထရင်းတို့၊ အင်းလျားလိတ်တို့တက်ပြီး မင်္ဂလာ ပွဲလုပ်ချင်ပါတယ်။ ဒါပေမဲ့ အဲဒီလောက်ကြီး မတတ်နိုင်, ဘူးလေ"

"အမေတို့ ဘယ်လောက်တတ်နိုင်လဲပဲ သူ့ကို တဲ့တိုးပြော လိုက်ပါ အမေရာ။ ပိုးက နားလည်မှုရှိပါတယ်"

မောင်က စိတ်မရှည်တော့သလို ဝင်ပြောသည်။

"သမီးရယ် ... ပြောရရင် ရှက်ပါရဲ့ကွယ်၊ မင်္ဂလာစရိတ် တွေ ကြိုတွက် ကြိုစုံစမ်းတော့ ကိုယ့်အခြေအနေက ယုဇန ဂါးဒင်းလောက်တောင် မကပ်နိုင်ဘူး ဖြစ်သွားတယ်"

ပိုးအိမ် ရှင်ထဲ အနည်းငယ် ပူသွားပါသည်။ မိန်း ကလေးဆိုတော့လည်း ထိုင်မသိမ်းဝတ်ပြီး ဟိုတယ်မှာတော့ မင်္ဂလာဆောင်ရချင်တာပဲ မဟုတ်လား။

"သတို့သမီး သတို့သားဝတ်စုံဖိုး၊ မိတ်ကပ်ဖိုး၊ ပန်းဖိုး၊ ဗီဒီယိုဓာတ်ပုံဖိုးအပြင် သွားကြ လာကြဖို့ ကားတွေငှားရ ဦးမယ်၊ မိဘတွေလည်း ဟိုတယ်နဲ့တူအောင် ဝတ်စားဆင်



www.burmeseclassic.com

www.burmeseclassic.com



ယင်ရှိုးမယ်၊ ဟိုတယ်လည်း ခန်းမငှားခတို့၊ တီးဝိုင်းခတို့၊ ကျွေးမွေးဧည့်ခံစရိတ်တို့ အကုန်ပေါင်းရင် သိန်းလေးငါးဆယ်က ကုန်ကိုကုန်တာပဲ"

ပိုးအိမ် ငြိမ်နားထောင်လို့ မရတော့သဖြင့် စကားစလိုက်ရပါသည်။

"ပိုးအိမ်တို့က အခုပဲ လက်ထပ်ကြတော့မယ်လို့ မဆုံးဖြတ်ရသေးပါဘူး အန်တီတင်။ ဘာဖြစ်လို့ ကြိုစီစဉ်ချင်တာလဲ"

"ဘယ်ဟုတ်မလဲ၊ သမီးတို့လည်း မငယ်တော့ဘူးလေ။ သူငယ်ချင်းလိုလည်း တွဲလာပြီးပြီ၊ ရည်းစားလည်း ဖြစ်ပြီးပြီဆိုတော့ အချိန်ဆွဲမနေပါနဲ့၊ သားကြီးကပြောတယ်၊ ယူပြီးရင်လည်း မိဘနဲ့ပဲ နေမှာဆိုတော့ သူများတွေလို အိမ်ငှားဖို့ ဘာဖို့ ပူနေစရာလည်း လိုမှမလိုတာ။ ယူစရာရှိ ယူလိုက်ကြတော့ပေါ့။ သမီးတို့ကသာ မဆုံးဖြတ်သေးတာ။ ဒီတစ်ခွေတစ်မျိုးလုံးကတော့ သူဘာဝတ်မယ်၊ ငါဘာဝတ်မယ်တောင် ကြိုပြီးစီစဉ်နေကြပြီ"

မောင့်အဖေက ခနဲ့သလိုလို ရွဲ့သလိုလိုဖြင့် ...

"သူတို့က မျိုးနဲ့ ရိုးနဲ့ကို မင်္ဂလာဆောင်လုပ်ဖို့ ဝါသနာကြီးကြတယ်လေ။ ဝတ်ကောင်းစားလှဝတ်ပြီး ကြွားဖို့ဆို ထိပ်ဆုံးကပဲ"





ဟု ဝင်ပြောသေးသည်။ အန်တီတင်မှာ ပိုးအိမ်ဘက် အာရုံရောက်နေသဖြင့် ပြန်မချေပအားသေး။

"သားအကြီးဆုံး ဆိုတော့လည်း သားကို ခေါင်းပေါင်းနဲ့ ရင်ဖုံးတိုက်ပုံနဲ့ဝတ်ပြီး မင်္ဂလာဆောင်ရစေချင်တော့ တစ်မျိုးစီစဉ်ဖို့ စဉ်းစားတယ်"

"အမေ ... ဘယ်မှာ လုပ်ချင်လို့လဲ"

မောင့်တောင် မသိသေးပုံရသည်။ ခုမှ သူ့အမေကို လှမ်းမေးသည်။

"သာမန် ရက်စတော်ရင့်မှာပဲ ဆောင်လို့ရအယ်လေ။ ဥပမာ ... မြို့မကျောင်းလမ်းမှာရှိတဲ့ အိုရီရင်တယ်ဟောက်(စ)တို့၊ M.3 စားသောက်ဆိုင်တို့မှာလည်း လုပ်လို့ရတာပဲ။ ဒါမှမဟုတ် မဟာသန္တိသုခလည်း ရတာပဲ။ အဲဒီတွေမှာ လုပ်ရင် စရိတ်ကတော့ ဟိုတယ်အကြီးကြီးတွေမှာထက်စာရင် သက်သာတယ်။ ဟိုတယ်ဆို ဟိုတယ်နဲ့လိုက်အောင် မင်္ဂလာဝတ်စုံကအစ တန်ဖိုးကြီးတာ ဝတ်ပြရတာ[illegible]။ ဒီဇိုင်နာ နာမည်ကြီးတွေဆီမှာ အပ်ရတယ်။ ပန်းအလှပြင်တဲ့သူဆိုလည်း နာမည်ကြီး သုံးရတယ်။ ပန်းအိုးတွေလည်း တော်တော်ပြင်ရတယ်။ စားသောက်ဆိုင်ကြီးတွေကျတော့ ဟိုလျှော့ ဒီလျှော့ လျှော့ချင်ရင်ရတယ်။ တီးဝိုင်းငှားတာကအစ ကိုယ်လျှော့ချင်ရင် စားသောက်ဆိုင်က ပင်တိုင်



www.burmeseclassic.com

www.burmeseclassic.com

ဝိုင်းကိုပဲဖြစ်ဖြစ် ပြန်ငှားလို့ရတယ်၊ သိန်းနှစ်ဆယ်လောက် လေးသုံးပြီး မင်္ဂလာဆောင်လုပ်လို့ ရမယ့်သဘောပေါ့”

ပိုးအိမ် အသာငြိမ်နားထောင်နေသည်။ သူတို့ တကယ်မတာတ်နိုင်လို့ ပြောသလား၊ အကုန်သိပ်မခံချင်လို့ ပြောသလား၊ ပိုးအိမ် မသိပါ။ ပိုးအိမ်ကတော့ အမေ့ကိုသာ ပြန်တိုင်ပင်ဖို့ စိတ်ကူးနေပါသည်။ အမေသိရင် ဘာများဝေဖန်မလဲ။ အမေနဲ့ အန်တီတင် ဆိုတာက သူငယ်ချင်းလည်း သူငယ်ချင်း၊ ပြိုင်လည်းပြိုင်ကြ၊ ရန်ဖြစ်လိုက်၊ စိတ်ကောက်လိုက်၊ ပြန်တည့်လိုက်နဲ့မို့ ဆက်ဆံရေးဟာ သိပ်အဆင်ချောလှတာ မဟုတ်။

အချစ်ဆုံးသူငယ်ချင်းတွေတော့ မဟုတ်ကြပေမယ့် သူငယ်ချင်းဟု ပြောရင်ရသော အဆင့်မှာရှိသဖြင့် ခင်မင်မှုကလည်း ဘယ်တော့မှ မရပ်စဲခဲ့ပါ။

“သမီး မိဘတွေကို ကြို့ပြီးအသိပေးထားစေချင်တာပါ။ အန်တီတင်တို့ မလုပ်ပေးချင်လို့ မဟုတ်ပါဘူး။ တကယ်ပဲ မတာတ်နိုင်လို့ပါ။ မင်္ဂလာစရိတ်လျှော့ပေမယ့် သမီးကိုအန်တီတင့် မင်္ဂလာဦးပစ္စည်းဖြစ်တဲ့ စိန်လက်ကောက်တစ်ရန် လက်ဆောင်ပေးပါ့မယ်။ ကာလတန်ဖိုးနဲ့ဆို နှစ်ဆယ် လောက် အသာလေးပါပဲ။ သမီးမိဘတွေကို အဲဒါလည်း ထည့်ပြောထားပါ။ လာမြန်းကြမှ ပြောကြ ဆိုကြရင် စိတ်အခန့်မသင့်စရာတွေ ဖြစ်မှာစိုးလို့ပါ”





“ရပါတယ်၊ ပိုးအိမ် ကြို့ပြောထားလိုက်ပါ့မယ်”

“သမီးပြောပြီးရင် သားကတစ်ဆင့် အသိပေးလိုက်ပါ။ သားဆီက ပြန်သိရမှ အန်တီတင်ကိုယ်တိုင် သမီးမိဘတွေဆီ ဖုန်းဆက်ပြီး တောင်းရမ်းစကား လာပြောဖို့ ချိန်းမယ်ကွယ်”

ပိုးအိမ်သည် မမျှော်လင့် မထင်မှတ်ပါဘဲ မောင်နဲ့ အတူ မကြာခင် လက်ထပ်ကြရတော့မယ့် အဖြစ်ကို တအံ့တဩနှင့် ရင်ခုန်မိလေသည်။ သူငယ်ချင်းဘဝလည်း အကြာကြီးပေမယ့် ရည်းစားဖြစ်တာကတော့ တစ်နှစ်တောင် မပြည့်သေးတာမို့ အမှန်မှာ မောင်ရော ပိုးအိမ်ပါ လက်ထပ်ကြရအောင်ဆိုသော စကားကို ပြောဖို့ပင် သတိမရကြသေးပါ။ သင့်တော်သော အရွယ်တွေပေမယ့် စိတ်ထဲမှာ ရည်းစားဖြစ်တာလည်း မကြာသေးဘူးဆိုတော့ မင်္ဂလာဆောင်ဖို့ကို ခေါင်းထဲမထည့်မိသေးတာပါ။

အခုတော့ မောင့်အမေ ဝေဖန်သလို မင်္ဂလာဆောင်ပွဲကျင်းပရတာ ဝါသနာပါသော မောင့်အမေနှင့် ဆွေမျိုးတစ်သိုက်ကြောင့် ပိုးအိမ်နဲ့မောင် မင်္ဂလာဆောင်ရတော့မည်တည်း။



www.burmeseclassic.com

www.burmeseclassic.com



## ၄

"နွေရိပ်ရယ် ... အထဲမြန်မြန်ဝင်ပြီး သွားလုပ်ပေးလိုက်စမ်းပါ။ အဲဒီအသံကို နောက်ထပ် စက္ကန့်သုံးဆယ်အတွင်း ကြားရရင် ငါ လူသတ်မိလိမ့်မယ်"

လင်းလင်းလက်သည် နွေရိပ်ချိုကို မြင်လိုက်တာနဲ့ လှမ်းအော်ပြောသည်။ ခေါင်းလျှော်ရင် သုတ်ရတဲ့ မျက်နှာသုတ်ပဝါတွေ လျှော်စက်ထဲ ထည့်လျှော်ပြီး ထွက်လှမ်းနေသော လင်းလင်းလက် မျက်နှာမှာ စိတ်မရှည်ချင်းတွေ ပြည့်လျှံနေသည်။

"ဟယ် ... ဘာများ ဖြစ်နေတာလဲ"

"ဘာဖြစ်ရမလဲ၊ ကိုယ့်အရွယ်မှ ကိုယ်အားမနာ ပြင်ပေးတာကို မကြိုက်နိုင်ဘဲ ကြေးများနေတော့ လုပ်ကိုလုပ်မပေးချင်တော့ဘူး"





"လင်းလင်းကလည်းလေ၊ ကိုယ့်အချင်းချင်းတွေ စိတ်ရှည်ရှည်ထားမှပေါ့"

နွေရိပ်ချို အထဲဝင်လာတော့ ပိုးအိမ် တစ်ယောက် စိတ်ရှုပ် (သို့သော်) ရယ်လည်းရယ်ချင်သော မျက်နှာဖြင့် မမစိမ်းကို ကြည့်နေသည်၊ မမစိမ်းက မိတ်ကပ်အပြည့် ပြင်ထားသော မျက်နှာ၊ ဆံပင်အရောင်ဆိုးပြီး ပြင်ထားသော ပုံစံဖြင့် မှန်ရှေ့တိုးကြည့်လိုက် ခွာကြည့်လိုက် မပြီးနိုင် မစီးနိုင် ဖြစ်နေသည်။

"သိပ်ပြီး တစ်ဖြောင့်တည်းကြီး ကျတော့လည်း ကိုယ်က ငယ်ချင်ဟန်ဆောင်သလို ဖြစ်မှာစိုးတယ် ပိုးအိမ်ရယ်။ ဆံပင်ကို ဝေ့(ဗ)နည်းနည်းဖော်ရင် ကောင်းမယ်၊ နေဦး ... မျက်တောင်တုကလည်း အနေတော်အရွယ် ပြန်ပြောင်းရင် ကောင်းမယ်ထင်လား။ ခုနကထက်တော့ ကြည့်ကောင်းသလိုလိုနဲ့ အခုတော့ ကြည့်ရင်း ကြည့်ရင်း အရုပ်ဆိုးလာပြီ။ ကိုယ့်ရုပ်ကိုယ်၊ အခြောက်နဲ့တူတယ်တောင် ထင်လာပြီ"

နွေရိပ်ချိုကို ပိုးအိမ်က မသိမသာ နှာခေါင်းရှုံ့ပြနေလေသည်။

"မမစိမ်း ဘာဖြစ်နေတာလဲ"

"ဒီနေ့ သရုပ်ဆောင်ရွေးပွဲ ရှိတယ်၊ အဲဒါ ငါသွားပြိုင်မလို့"

"မမစိမ်းက အသစ်မှ မဟုတ်တာ"



www.burmeseclassic.com

"[illegible] ငါနဲ့ခင်တဲ့ ဒါရိုက်တာကို ပြောပါတယ်၊ လွန်ခဲ့တဲ့ ဆယ့်ခြောက်နှစ်တုန်းက မင်္ဂဇင်းကာဗာတွေ၊ ဝေါလ်ပိုစတာတွေမှာ အသုံးအခံရဆုံး၊ နာမည်တက်ခါစ မင်းသမီးဖြစ်ခဲ့ဖူးပါတယ်လို့။ သရုပ်ဆောင်ရွေးပွဲ ဝင်ပြိုင်မနေချင်တော့ဘူး။ တစ်ခါတည်းသာ ခေါ်သုံးလိုက်ပါပြောတာမရဘူး။ ကုမ္ပဏီပိုင်ရှင်က လူငယ်တဲ့။ သရုပ်ဆောင်မြစိမ်းမေ ဆိုတာ ကြားတောင်မကြားဖူးဘူးထဲ့။ ဒီတော့ဒါရိုက်တာက အတင်းထည့်ရိုက်ရင် ကိုယ့်လူ ကိုယ်ထည့်တယ် ထင်မှာစိုးလို့ သရုပ်ဆောင်သစ်အနေနဲ့ပဲ လာအရွေးခံလိုက်ပါတဲ့။ အသစ်တွေကြားထဲမှာ ကိုယ်က အတွေ့အကြုံရှိပြီးသားဆိုတော့ ရဖို့သေချာပါတယ်တဲ့။ အဲဒါနဲ့ ငါလည်းဒီနေ့ ပြင်ဆင်ပြီး သွားရမယ်လေ"

မမစိမ်း အကြီးအကျယ် ပြင်ဆင်ထားပုံကိုကြည့်ပြီး နွေရိပ်ချို ရယ်ချင်သွားသည်။ အသက်သုံးဆယ့်သုံးနှစ်အရွယ်နုပျိုနေဆဲဆိုပေမဲ့ လာအရွေးခံမယ့် လူငယ်လူရွယ်လေးတွေနဲ့ယှဉ်ရင်တော့ ဘယ်လိုလုပ် နုပျိုနိုင်မလဲ။ အဲဒါကို ဖုံးကွယ်လို့ရအောင် ပြင်ထားတာ။ လှတော့ လှပါရဲ့။ ဒါပေမဲ့ မင်းသမီးရွေးလောက်အောင် မပီပြင်ဘူး။

"ဘာတွေ ဒီလောက် ကြေးများနေလို့လဲ မသိဘူး၊ လင်းလင်းတစ်ယောက် ခေါ်တွေပွပြီး အပြင်မှာ အော်ဟစ်နေတာ"





"လင်းလင်းက အဲဒီလိုပဲ စိတ်မှမရှည်တာ၊ သူက ကောင်မလေးငယ်ငယ်ချောချောလာရင်တော့ သိပ်စိတ်ရှည်တာလေ"

"ရှူး ... တိုးတိုးပြော၊ ဟိုမှာမျက်နှာနှစ်ခေါက်ချိုးကြီးနဲ့ ပြန်ဝင်လာပြီ ... ဟီ ဟီ"

လင်းလင်းလက် ပြန်ဝင်လာလာချင်းပဲ ခေါ်ပွနေသော အသံကြီးဖြင့် (သူ့ကိုယ်သူ ယောကျ်ားလျာစိတ် ဝင်နေပါသည်ဟု ခံယူထားတာမို့ အသံကိုလည်း ယောကျ်ားဆန်အောင် တမင်သြသြကြီး ပြောသေးတာ) ထပ်ပြောပြန်သည်။

"ကိုယ်ကဖြင့် အမေခန်း၊ အဒေါ်ခန်း၊ အစ်မခန်း ကံမကောင်းရင် အဘွားခန်းတို့ အိမ်ဖော်ခန်းတို့တောင် ပါရင်ပါရမှာကို ပြင်ထားတာက အိန္ဒြာကျော်ဇင် နီးပါးလှအောင်ပြင်ထားတော့ ကြည့်လို့မရတော့ဘူး၊ ပိုးအိမ် ခမျာ တစ်မနက်လုံး သူ့တစ်ယောက်တည်းပဲ ဒိုင်ခံပြင်လိုက် ဖျက်လိုက် လုပ်နေရတယ်။ အားနာမှုလည်း မရှိဘူး။ ပြင်လိုက်ဖျက်လိုက်နဲ့ ဒီနေ့ ကက်စတန်မာလာတာ နည်းပေလို့ပဲ။ မနည်းရင် သူ့ကြောင့် မိတ်ကပ်ဖျက်ပြီး သူ့ပဲပြင်ရမယ့်ပုံ"

"ဟဲ့ ... ငါက ဝါသနာပါတာ နည်းနည်းပါ။ သူတို့အဖေကို လုပ်ပြချင်တာ။ သူ ထားခဲ့တဲ့ ကောင်မက လှလှပပလေး သရုပ်ဆောင်နိုင်သေးတယ် ဆိုတာကို ပြချင်တာလင်းလင်းရဲ့၊ ဒါကြောင့် လှအောင်ကို ပြင်ရမယ်၊ ဘယ်



www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



အခန်းပဲ ပါရ ပါရ ရုပ်ရှင်ဗီဒီယိုထဲ ပါရတာ နည်းလား။ ရန်ကုန်က လူတွေသာ ဒီသာမန်ကာလျှံကာလိုလို ဆက်ဆံပေမယ့် နယ်တွေဘက်သွားရင် သူတို့တွေက ဓာတ်ပို့ဓာတ်ရုံကအစ သည်းသည်းလှုပ် အားပေးကြတာ။ ရုပ်ရှင်ထဲက လူကိုအပြင်မှာ အရှင်လတ်လတ် မြင်ရတာကို သိပ်သည်းကြတာလေ"

မမစိမ်းက သားတွေ၏အဖေကို အမြဲပဲ "သူတို့အဖေ"ဟု နာမ်စားသုံးကာ ထည့်ပြောနေကျမို့ အားလုံးအတွက်ကတော့ ဒီနာမ်စားသုံးလျှင် ဘယ်သူ့ကို ပြောသလဲဆိုတာ သိနေကြပြီးဖြစ်သည်။

"ကိုယ့်ဘာသာ အလှပြင်ဆိုင်မှာအလုပ်လုပ်ပြီး ထမင်းကြမ်းယပ်ခတ်စားရင်လည်း ရသားနဲ့ အလကား အပူရှာလို့ပါ"

"လင်းလင်း တော်ပါတော့ဟယ်။ မမစိမ်း ခံစားချက်ကို သိရက်သားနဲ့ စိတ်မကောင်းဖြစ်အောင် ပြောမနေပါနဲ့"

ပိုးအိမ် ဝင်ဟန့်တော့မှ လင်းလင်းလက် တစ်ယောက်အပြောရပ်တော့သည်။ လင်းလင်းလက် စိတ်က အဲဒီလိုပဲ။ စိတ်သဘောတော့ ကောင်းပေမယ့် ပြောလိုက်ရင် တုတ်ထိုးအိုးပေါက်ကြီး ပြောတတ်တာ။ ဟန်မဆောင်တတ်ဘူး။ သူ့စိတ်ထဲရှိတာဆို အကုန်ပြောတယ်။ ဒီဆိုင်မှာရှိတဲ့ အားလုံးကတော့ သူ့စိတ်ကို သိနေလို့ ဘယ်သူမှ သူဘာပြောပြော ဒွေမယူကြချေ။





"ဟဲ့ ... ဘယ်နှနာရီ ထိုးပြီလဲ၊ အမယ်လေး ... ဆယ့်တစ်နာရီတောင် ထိုးတော့မယ်၊ သွားမှ၊ သွားမှ၊ အမြန်သွားမှ၊ ငါ့အတွက်လည်း ဆုတောင်းပေးကြဦး။ ငါ ရုပ်ရှင်ထဲပါရရင် ဆိုင်လည်း ရုပ်ရှင်လောက,ကလူတွေသိပြီး ပိုနာမည်တက်မယ်"

တက္ကစီတစ်စီးကို အချိန်နဲ့ ငှားထားသဖြင့် တက္ကစီကလည်း အချိန်ကိုက် ရောက်လာပြီမို့ မမစိမ်း အပြေးအလွှားပဲ တက္ကစီပေါ် တက်သွားပါသည်။ သုံးယောက်သား လက်ပြကျန်ရစ်ခဲ့လျှင် အပေါ်ထပ်မှ ကြွပ်ကြွပ်အိတ် ချည်ထားသောကြိုးက ဖြည်းဖြည်းကျလာတာကို ကြုံရသည်။ 'အားလုံးမော့ကြည့်တော့ ထုံးစံအတိုင်း အန်တီလီလီ။

"ဟဲ့ ... ကောင်မလေးတွေ၊ သူ့ဆီကစာ ဒီနေ့ရောက်မယ်ဆိုတာ သေချာတယ်၊ အဲဒါ ဒီထဲသေသေချာချာ ထည့်ပေးလိုက်စမ်း"

"စာ ... ဘယ်မှာလဲ၊ အန်တီလီလီ"

"ဟိုမှာ ... ဟိုကားဝိုက်ပါမှာ တင်ထားတယ်"

"နွေရိပ် သွားယူပေးလိုက်ပါဟယ်။ အထဲမှာ ငါဆက်တင်လုပ်ပေးထားတဲ့ခေါင်းက ရယ်ဒီဖြစ်နေပြီ၊ ဖြေရတော့မှာမို့ အချိန်မရဘူး။ ခုန မမစိမ်း ဒုက္ခပေးနေတာကိုတောင် သွက် သည်းခံစောင့်ပြီး ငါနဲ့ပြင်တာလေ"



www.burmeseclassic.com

www.burmeseclassic.com



"လင်းလင်း လိုက်ကူပြီး ဖြေပေးမယ်လေ"

အန်တီလီလီ ညွှန်ပြသောကားက ဆိုင်နဲ့နည်းနည်း လှမ်းနေတာမို့ ပိုးအိမ်နဲ့ လင်းလင်းက အလုပ်တွေ ရှိနေရာ သွားထွက်ယူမနေချင်တော့။ နွေရိပ်ချို တစ်ယောက်ပဲ အားလပ်နေသဖြင့် သွားယူပေးလိုက်ဖို့ ပြောတာဖြစ်သည်။ အန်တီလီလီက တစ်မျိုးလေ။ သူပြသော စာရွက်စာတမ်း၊ ပန်းဖလက်(ထ်)မျိုးမှ ယူပေးရသည်။ တခြားဟာ အစားထိုး ယူပေးလို့မရ။ ဥပမာ ... ကျူရှင်ကြော်ငြာစာရွက်ချင်း ကြော်ငြာချင်း အတူတူတောင် နီးရာယူပေးလို့မရ။ သူ့စိတ်ကူးထဲရှိသော နေရာကို ညွှန်ပြလျှင် အဲဒီနေရာကသာ သွားယူပေးလို့ရသည်။ အဲဒီစာရွက်မှသာ သူနဲ့ သက်ဆိုင်သူက သူ့ဆီပို့သော စာအဖြစ် သတ်မှတ်တတ်လေသည်။

နွေရိပ်ချိုသည် ပြိုင်ကားလိုလို နက်ပြာရောင်ပြောင်ပြောင်နဲ့ ကားလေးဆီ အပြေးသွားလျှင် ဖြစ်ချင်တော့ အနားရောက်ခါနီးမှ ကားဟာ တစ်နေရာရာမှ ရီမုဒ်ဖြင့် တံခါးကြိုဖွင့်သလို ...

"တွီ ... တွီ"

ဟု အသံမြည် မီးလုံးနစ်ချက်ပါ မှိတ်တုတ် မှိတ်တုတ် ဖြစ်သွားပါသည်။

နွေရိပ်ချို ကြောင်ပြီးရပ်နေစဉ် ကားပိုင်ရှင်က ကားနားရောက်လာကာ ကားတံခါးကို ဖွင့်လိုက်တာ တွေ့ရသည်။





ထိုသူ့ကို ဒီနားတစ်ဝိုက်မှာ မကြာခဏတော့ တွေ့ဖူးနေပေမယ့် ဘယ်သူမှန်း နွေရိပ်ချို မသိပါ။ လူပုံစံက သာမန်ရုပ်ရည်ထက် မိုမထူးဘဲ အရုပ်ရှည်ရှည် ထောင်ထောင်မောင်းမောင်း ရှိတာလေး တစ်ခုပဲ ထူးပါသည်။ ထိုသူက နွေရိပ်ချိုကို တစ်ချက်သာကြည့်လေသည်။

"ဟဲ့ ... ဟဲ့ ... ကောင်မလေး ... ယူလိုက်တော့လေ။ မြန်မြန်ယူလိုက်၊ အဲဒီကား ထွက်သွားတော့မယ်၊ အံမယ်လေး ... အံမယ်လေး ... ကားထွက်သွားရင် ငါ့စာမရတော့ပါဘူး အီးဟီးဟီး ... စာတော့ အဆုံး,မခံပါရစေနဲ့"

အန်တီလီလီမှာ စိတ်အခြေအနေ ပုံမှန်မဟုတ်သူပီပီ တိုက်ဝရန်တာကနေ ခုပဲတွယ်ဆင်းတော့မလိုလိုဖြစ်ပြီး စာသွားယူပေးဖို့ မရမက အော်လည်းအော်၊ အသံကျယ်ကြီးနဲ့လည်း ငိုချပြီး ဒီလေရာ လမ်းသွားလမ်းလာတွေရော ပတ်ဝန်းကျင်မှာ ရှိသမျှလူတွေရော အားလုံး သတိထားမိသွားကြပါသည်။ အားလုံး အဘွားကြီးကို ဝိုင်းမော့ကြည့်ကာ ...

"အဘွား ... အဘွား ... ဝရန်တာမှာ တွယ်တက်ရပ်မနေနဲ့လေ။ ပြုတ်ကျလိမ့်မယ်။ ဘုရားရေ ... အန်တီရိုစီ မရှိဘူးလား မသိဘူး"

ဟု သိကျွမ်းသူတွေက ဝိုင်းအော်ပြောသံ၊ ခေါ်သံ၊ ကားမြစ်သံတွေ ဆူညံသွားပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ကားမောင်းထွက်ခါနီးလူလည်း သတိထားမိပြီး ကားကို မောင်းမထွက်သေးဘဲ ကြည့်နေသည်။ နွေရိပ်ချိုလည်း ထိုကားဆီ အမြန်ပြေးသွားပြီးလျှင် ...

"ဒီမှာ ... ဒီမှာရှင် ..."

ကားမှန်တွေ တင်ထားပြီးသော ထိုသူက နွေရိပ်ချိုကို တအံ့တဩ ကြည့်ရင်း မှန်ပြန်ချသည်။

"ဒီကားဝိုက်ပါမှာ ကပ်ထားတဲ့ ထီဆိုင်ကြော်ငြာစာရွက်လေး ယူလို့ရမလား"

"ခင်ဗျာ"

"ကြော်ငြာလေ ... ကြော်ငြာစာရွက်"

"ဩော် ... ရပါတယ်၊ ယူပါ၊ ကျွန်တော် သတိတောင် မထားမိဘူး"

"ကျေးဇူးပါပဲ၊ ဒါ ကျွန်မအတွက် မဟုတ်ပါဘူး။ ဟိုဝရန်တာမှာ အောင့်နေတဲ့ အဘွားကြီးက ဒီစာရွက်လို ချင်တယ် ဆိုလို့ပါ"

ကိုလက်ာသည် ချစ်ရသူလေးကို အနီးကပ်မြင်တွေ့ စကား ပြောခွင့်ရသောအခါ ရင်တွေတုန် ခြေဖျားလက်ဖျားတွေ အေးပြီး ဘာတွေပြောလို့ ပြောမိမှန်းပင် မသိ။ ကားပေါ်မတက်ခင်တည်းက မြင်ထားတာ။ ကြည့်ချင်ပေမယ့် မသိချင်ယောင်ဆောင်ပြီး ကားထဲဝင်ထိုင်ပြီး စက်နှိုးထွက်တော့မလို့ပါဘဲ။ အပေါ်ထပ်က အဘွားကြီး ဘာတွေဖြစ်မှန်းမသိတာနဲ့ မသွားဖြစ်သေးတာဟာ သူလေးနဲ့ စကားပြောခွင့်ကြုံဖို့ ဖန်တီးပေးလိုက်သလိုပါပဲလား။ နွေရိပ်ချိုလေးရယ် ... အနီးကပ် မြင်ရတော့လည်း မင်းကချစ်ဖို့ ကောင်းတာပါပဲလား။ ဆံပင်ညှပ် အလှပြင်ဆိုင်မှာ အလုပ်လုပ်သူလေးပီပီ မျက်နှာလေးကိုလည်း ပြင်ဆင်ခြယ်သထားတာ ပါးပါးလျလျလေးနဲ့ပဲ လှအောင်ပြင်ထားတာမျိုး ဖြစ်သည်။ ရေစိုကောက် ဆံပင်ပုံစံက နွေရိပ်ချိုနဲ့တော့ အတော်လိုက်ဖက်ပါသည်။





အင်း ... ကိုယ့်ငါးချဉ် ကိုယ်ချဉ်ရရင် အဲဒီဆိုင်မှာတော့ နွေရိပ်ချို အလှဆုံးပေါ့။ အမှန်တော့ ပိုးအိမ်လည်း လှတာပဲ။ လင်းလင်းလက်လည်း ယောက်ျားလျာ ပုံစံလေးနဲ့ လှတာပဲ။ မမြစိမ်းမေလည်း အစ်မကြီးတစ်ယောက်လို့ မထင်ရအောင် နုပျိုပြီး အပျိုစွေနဲ့အပြိုင် လှတာပဲ။ ကိုလက်ာတို့တွေကတော့ ယောက်ျားသားတွေပီပီ ပတ်ဝန်းကျင်မှာရှိတဲ့ မိန်းကလေး အချော အလှတွေနဲ့ အမည်ကို စုံစမ်းသိရှိပြီး ဖြစ်လေရာ ဒီအနီးတစ်ဝိုက်မှာ အလှဆုံးလို ဖြစ်နေတဲ့ Lady Belle ဆိုင်ကိုတော့ နာမည် တစ်ယောက်မကျန် သိပါသည်။

နွေရိပ်ချိုသည် ရှက်ရှက်နဲ့ ကြော်ငြာစာရွက်ကိုယူရင်း ထိုသူ့ကိုလည်း မဆီမဆိုင် ရှင်းပြမိသေးလေသည်။ ထိုသူကတော့ ဘာအဓိပ္ပာယ်မှန်းမသိ ပြုံးပြုံးကြီးလုပ်ကာ ကားထဲမှာ ထိုင်နေရာမှ ထွက်လာသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျေးဇူးပဲရှင့် ရပါပြီ။ ကျွန်မ အန်တီလီလို့ကို အမြန် သွားပေးလိုက်ဦးမယ်။ တော်ကြာ ဝရန်တာမှာ အတွယ် ကောင်းလို့ အားလွန်ပြီး ပြုတ်ကျလာမှာ စိုးရတယ်"

ကိုလက်ာ ပြုံးပြီးကြည့်နေမိသည်မှာ မိနစ်ပေါင်း ဘယ်လောက်တောင် ကြာသွားသလဲပင် မသိ။ နွေရိပ်ချို ကြွပ် ကြွပ်အိတ်ထဲ ကြော်ငြာစာရွက်ကိုထည့်၊ အပေါ်ထပ်က အဘွား ကြီး ကြိုးနဲ့ဆွဲတင်၊ အိမ်ထဲပြန်ဝင်သွား၊ နွေရိပ်ချိုပါ ဆိုင်ထဲဝင် သွားသည် အထိပင် သူရပ်ပြီး ပြုံးနေမိတာ သတိလက်လွတ်ပင်။

"ဟီ ဟီ ... ဟိုလူတော့ မျက်လုံးတွေ ပြန့်ပြီးတော့တောင် ကောက်တင်ရတော့မယ် ထင်တယ်"

ပိုးအိမ်နဲ့ လင်းလင်းလက်တို့ Blinds ဟုခေါ်သော အကာတွေကြားမှ ချောင်းကြည့်ရင်း တဟီးဟီး ရယ်လို့မဆုံး။ နွေရိပ်ချို ဝင်လာတော့ နွေရိပ်ချိုကိုပင် ခေါ်ပြလိုက်သေးသည်။ ဒီတော့မှ နွေရိပ်ချိုလည်း ဆိုင်ကို မမှိတ်မသုန်ကြီး ရပ်ကြည့်နေ ဆဲဖြစ်သော ပြုံးတုံးတုံး မျက်နှာကြီးနဲ့လူကို တွေ့ရပါသည်။

"မြင်မြင်ချင်း ချစ်သွားတာ ထင်တယ်နော်"

"ဟဲ့ ... မဟုတ်နိုင်ဘူး။ သူ့ပုံစံကိုကြည့် နွေရိပ်ကို သေ သေချာချာ သိနေပြီးတဲ့ ပုံစံပါ။ အရင်တည်းကိုက မြင်ဖူး ပြီး ကျိတ်ပိုးနေတဲ့ အကြည့်မျိုးကြီး"





"အေးပါ ... အေးပါ ... ပိုးအိမ်ရယ်၊ နင်က ရည်းစားရှိ ပြီးသား လူဆိုတော့ အကြည့်ကိုပဲ analyse (အန်နလိုက်စ်) လုပ်တတ်နေတာပေါ့"

လင်းလင်းလက်က ပိုးအိမ်ကို ဝေဖန်ရင်း ...

"ကားကတော့ အမိုက်စားပဲ၊ ငါမောင်းချင်တာ အဲဒါမျိုး ပေါ့"

ဟုလည်း ကားကို သဘောတကျ ငေးနေလေသည်။

ဆံပင်ဆက်တင်ဖြေပြီး ချုပ်ဆေးထည့်ကာ ခဏထိုင် နေသော ဆံပင်ပြင်နေကျဖောက်သည် အစ်မကြီးကတော့ ကောင် မလေးသုံးယောက် ပြောနေတာ ကြားလည်းကြား၊ ဘယ်သူ့ကို ချောင်းပြီး ပြောနေသလဲဆိုတာ သူမပါ လိုက်ချောင်းကြည့်ပြီး မြင်သွားလေရာ ...

"သြော် ... သူလား"

ဟူ၍ ထိုသူ့ကို သိနေသလို အသံဖြင့် ရေရွတ်လိုက် တာ ကြားရလျှင် ...

"အစ်မ သိလို့လား"

သုံးယောက်သား ပြိုင်တူမေးသံ ထွက်သွားပါသည်။

"သိတယ်လေ၊ သူက ညီမတို့နဲ့ မျက်နှာချင်းဆိုင်တည် တည့်မှာ ကော်ဖီနဲ့ဘေကာရီဆိုင် ဖွင့်ထားတဲ့သူလေ"



www.burmeseclassic.com

www.burmeseclassic.com

သုံးယောက်သား လေးလမ်းသွား ကားလမ်းမကြီး ခြားသော မျက်နှာချင်းဆိုင် ကော်ဖီနဲ့ဘေကာရီ တွဲဖွင့်ထားသော ဆိုင်ကို လှမ်းကြည့်လိုက်မိကြလေသည်။

"အဲဒီဆိုင်ဖွင့်တာ သိပ်တော့ မကြာသေးဘူး"

နွေရိပ်ချိုက ပြောလိုက်သည်။

"Home Coffee & Bakery ဆိုတာ မြင်တော့ မြင်နေသားပဲ၊ အဲဒီလူဆိုင်မှန်း မသိပါဘူး"

လင်းလင်းလက်ကလည်း ပြောပါသည်။

"ပိုးအိမ်တို့အုပ်စုက သိတဲ့အတိုင်းပဲ၊ ကော်ဖီတွေ ကိတ်တွေ ပေါင်မုန့်တွေ သိပ်စားတဲ့အုပ်စု မဟုတ်ဘူး။ စားလိုက်ရင် လာရောင်းသမျှ မြန်မာမုန့်တွေစား၊ လက်ဖက်သုပ် ဂျင်းသုပ်တွေ ဝယ်စားလိုစား၊ အသုပ်တွေ စားလိုစားနဲ့ အဲဒီဆိုင်တွေကို ယောင်လို့တောင် မစဉ်းစားမိတော့ မရောက်ဖူးဘူးလေ"

"ဟုတ်တယ် ... အစ်မရဲ့။ ခေတ်မီချင်တာနဲ့ပဲ ကော်ဖီကြိုက်ပြ၊ ဘေကာရီက ထွက်တဲ့မုန့်တွေ ဗန်းကလေးနဲ့ ကိုယ့်ဘာသာသယ်ပြီး စားပြရမှာမျိုး မလုပ်ချင်တာနဲ့ နွေရိပ်တို့က ကော်ဖီဆိုင်ဆို စိတ်ကိုမဝင်စားတာလေ"

ထိုအစ်မက နားထောင်ရင်း အေးအေးဆေးဆေး ပြောပြပါသည်။





"သူ့နာမည် ကိုလင်္ကာတဲ့။ လူပျိုကြီးပေါ့၊ ဂျပန်မှာ အလုပ်လုပ် ပိုက်ဆံစု ပြန်လာပြီး ဒီရောက်တော့ စီးပွားရေးတွေ လျှောက်လုပ်တဲ့အနေနဲ့ ကော်ဖီဆိုင်ဖွင့်တယ်၊ ဆူရှီဆိုင်ဖွင့်တယ်၊ ပလာဇာမှာ ယောကျ်ားလေးအဝတ်အစား အရောင်းဆိုင်ဖွင့်တယ်လေ၊ ရုပ်ရည်အချောကြီးမဟုတ်ပေမယ့် အခုခေတ်မှာတော့ကွယ် အလုပ်အကိုင် အတည်တကျနဲ့ အေးအေးဆေးဆေး နေတတ်တဲ့ ယောကျ်ားတစ်ယောက်ကတော့ စိတ်ဝင်စားစရာပေါ့"

နွေရိပ်ချိုက ရယ်မောကာ ...

"အမယ် ... အမယ် ... အစ်မ ဘယ်တုန်းကများ အောင်သွယ်ချင်နေလဲ မသိဘူး။ ညွှန်းနေလိုက်တာ"

"အောင်သွယ်တာ မဟုတ်ပါဘူး။ ဒီက ကိုယ့်ညီမလှလှလေးတွေကို သတင်းပေးထားတာပါ။ အစ်မမှာ ညီမလည်း မရှိလို့နော်၊ ရှိများရှိရင် ကိုလင်္ကာနဲ့ အောင်သွယ်ပြီးနေပြီ။ ရှိတဲ့ညီမဝမ်းကွဲတို့ ဘာတို့ကျတော့ သိတဲ့အတိုင်းပဲ ဝမ်းကွဲတို့ထုံးစံအတိုင်း တစ်ယောက်နဲ့တစ်ယောက် ပြိုင်နေရတာဆိုတော့ သူ့ ကိုယ်ထက် သာသွားမှာစိုးပြီး လျှို့ထားရတာပေါ့"

နွေရိပ်ချိုကတော့ အပြုံးမပျက် နားထောင်နေရင်းမှ မနက်က ခဏလေးတွေ့ခွင့်ရခဲ့သော "ကိုကို့"ကိုသာ သတိတရရ



www.burmeseclassic.com

www.burmeseclassic.com



နဲ့ မြင်ယောင်နေသည်။ ခဏလေးတွေ့ရပေမယ့် တသသ စွဲမက်ရတဲ့ ကိုကိုပါ။ ကိုကို့ကို ချစ်ခဲ့ရတဲ့အတွက် နွေရိပ်ဘက်မှာ သာတယ် နာတယ်လည်း မတွက်ပါဘူး။

သူငယ်ချင်းတွေကတော့ နွေရိပ်ကို ချစ်လွန်းလို့သာ မပြောရက်၊ မဆိုရက်၊ မဝေဖန်ရက်ဘဲ ဒီတိုင်းကြည့်နေကြတာ။ တကယ်တော့ သူတို့ ကိုကိုနဲ့ နွေရိပ် ဒီလိုတွဲနေတာကို လုံးဝ မကြိုက်ကြဘူး။ ကိုကို နွေရိပ်ကို ဖုန်းဆက်ခေါ်လို့ နွေရိပ် အပြေးထွက်သွားပြီး သွားချိန်းတွေ့ရတိုင်း ကြည့်ပြီးကျန်ခဲ့တဲ့ သူတို့မျက်လုံးတွေကို နွေရိပ် နားလည်ရက်နဲ့ ကိုကို့ကိုချစ်တဲ့စိတ်နဲ့ နားမလည်ချင်ယောင် ဆောင်နေခဲ့ရတာ ဘယ်လောက်ကြာပြီလဲ။

နွေရိပ်သည် တစ်နေ့ကျရင်တော့ ကိုကို့ကို အပိုင်ရမှာပါရယ်ဆိုတဲ့ မျှော်လင့်ချက်ကြီးကြီးနဲ့ပဲ ကိုကို့ကို ချစ်နေရတာ ဖြစ်သည်။

✦ ✦ ✦





## ၅

အားကစား လေ့ကျင့်ခန်းမမှ ပြန်လာသော မြစိမ်းမေသည် တိုက်ခန်းလှေကားတစ်လျှောက် တက်ကြွလန်းဆန်းစွာ လှမ်းတက်လာသည်။ မြစိမ်းမေတို့က သုံးထပ်အမြင့်မှာဖြစ်သည်။ ဆိုင်မှာ တစ်နေကုန်နေရပေမယ့် မြစိမ်းမေကတော့ ကိုယ်ကာယ အလှ လေ့ကျင့်မှုကို နစ်ရက်ခြားတစ်ခါ မပျက်မကွက် သွားဖြစ်အောင် သွားလုပ်ပါသည်။

အရင်ကတော့ သူတို့အဖေကို မခံချင်စိတ်နဲ့ ကိုယ့်ကိုယ်ကိုယ် ဒီထက်ပိုလှနေအောင် ကစားတာဖြစ်ပေမယ့် အခုတော့ မျှော်လင့်ချက်ရောင်ခြည်တစ်ခု စတင်ပေါ်လာပြီဖြစ်ရာ ပိုပြီးသွက်လက်တက်ကြွနေပါသည်။ ကုမ္ပဏီတစ်ခုက မြစိမ်းမေကို ခေါ်ရိုက်ဖို့ အရွေးခံရသဖြင့် မကြာခင် ဗီဒီယိုရုပ်ရှင်တွေ ရိုက်ရဖို့ သေချာသွားပြီ။



www.burmeseclassic.com

www.burmeseclassic.com



"အခုလောလောဆယ်တော့ ဓာတ်ပို့အနေနဲ့ ခေါ်သုံးမယ့် သဘောပါ။ မြစိမ်းမေလည်း သိပ်အသက်ကြီးသေးတာမှ မဟုတ်တာ။ မင်းသမီးနေရာက ဝင်ရိုက်ဖို့ အခွင့်အရေး ရှိပါသေးတယ်။ ဓာတ်လည်း ရှိမယ်ဆိုရင် တစ်ချိန်ကျ ကျွန်တော် စွန့်စားပြီး ရိုက်ပေးနိုင်ပါတယ်"

ခင်မင်ရင်းနှီးပြီးသား ဒါရိုက်တာက ဒီလိုအားပေး စကားတော့ ပြောပေမယ့် မြစိမ့်မေကတော့ ကိုယ့်ကို ခေါင်းဆောင် မင်းသမီး တင်ရိုက်ဖို့ သိပ်မမျှော်လင့်ပါ။ အဲဒီလောက်ကြီးလည်း မဖြစ်ချင်ပါ။

ဝါသနာပါလို့သာ ဝင်ရိုက်ချင်တာ။ ပိုက်ဆံရချင် လို့လည်း မဟုတ်ဘူး။ လေဒီဘဲလ်ဆိုင်က လေးယောက်ရှယ်ယာ ထည့်ပြီး ဖွင့်ထားတာ။ ဒါ့အပြင် သူတို့အဖေကလည်း သူ့အပြစ် နဲ့သူမို့ ဝယ်ထားတဲ့တိုက်ခန်းလည်း အပိုင်ပေးခဲ့တယ်။ ဘဏ်ထဲ မှာရှိတဲ့ ငါးဆယ်လောက်ကိုလည်း လာမထိရဲဘူး။ ကိုယ့်မှာလည်း သင့်တင့်တဲ့ဝင်ငွေ ရှိတယ်။ လူမြင်သူမြင်ကောင်းအောင် ဝတ်စား နိုင်တဲ့ လက်ဝတ်ရတနာလည်း ရှိတယ်။ ဒီတော့ ဘာမှကို ပူစရာ မလိုဘူး။

အိမ်သော့ကို ကိုယ့်ဘာသာ ဖွင့်ဝင်လိုက်လျှင် သား နှစ်ကောင်ကတော့ တီဗီရှေ့အခန့်သားထိုင်လျက် မအေကို လှည့် ကြည့်ဖော်တောင်မရ။ ယောကျ်ားလေးတွေချည်း မွေးထားတော့





အခါတလေ သမီးလေးတစ်ယောက်လောက် ပါခဲ့ရင် ဘယ် လောက်ကောင်းမလဲလို့တော့ တောင့်တမိပါရဲ့။ သမီးဆိုတော့ ကိုယ်နဲ့ ခံစားချက်တူတယ်။ ပြောရမယ့်ခေါင်းစဉ် တူတယ်။

"သားကြီး ... နင့်အဖေ ဖုန်းဆက်သေးလား"

"မဆက်ဘူး"

"ဘာရယ်"

သားဖြစ်သူ အသံက ပြီးစလွယ် ဗလုံးဗထွေးဖြေ သံမို့ မြစိမ်းမေ မကြားလိုက်ဘဲ ပြန်မေးတော့လည်း ပြန်မဖြေ။ ဆယ်ကျော်သက် လူပျိုပေါက်တွေရဲ့ ထုံးစံအတိုင်း သိပ်ထောင့် ချိုးတော့သော သားကို အတော်ကြီး သည်းခံစိတ်၊ ချစ်စိတ် မွေးနေရတာဖြစ်သည်။

"သားငယ် ... သူ ဘာပြောတာလဲ၊ မေမေ မကြားလို့ ပြန်ပြောပါဦး"

"မဆက်ဘူး မေမေ"

သားငယ်ကတော့ ဆယ်နှစ်အရွယ်ပဲ ရှိသေးသည်မို့ အခုချိန်မှာ စကားပြောရ ကောင်းနေသေးသည်။ နောက်သုံးလေး နှစ်ကြရင် သားတွေဟာ ကိုယ်နဲ့တစ်အိမ်တည်း အတူတူနေရင်း ကနေ ပိုပြီးဝေးသွားတော့သလို ခံစားရဖို့ပဲ ရှိတော့လေသည်။ ဖုန်းမဆက်ဘူးဆိုသော ဖြေသံကြောင့် မြစိမ်းမေ ပိုပြီးရင်မောဒေါသ ဖြစ်သွားရလေသည်။



www.burmeseclassic.com

www.burmeseclassic.com

"သူပဲ ဒီအပတ် ကလေးတွေ လာခေါ်မယ်၊ ကလေးစရိတ်ပေးမယ်လို့ ကတိပေးထားတာလေ၊ ဒီနေ့ ဖုန်းဆက်ချိန်းမှ မနက်ဖြန်ကလေးတွေနဲ့သူ ဘယ်အချိန်တွေ့မလဲချိန်းလို့ရမှာပေါ့၊ အခုပဲ ကိုးနာရီထိုးနေပြီ၊ ဒီလိုလုပ်လို့ ဘယ်ရမလဲ။ ဟိုကောင်မကိုတော့ စိန်တွေ ခဏခဏ ဝယ်ပေးနေပြီး ကလေးတွေကျ တစ်လတစ်ခါတွေ့ပြီး မုန့်ဖိုး ကျူရှင်ဖိုး မှန်မှန်ပေးဖို့ကျ ရှောင်လို့ရမလား"

မြစိမ်းမေ တစ်ယောက် ရင်ထဲမှာ အပူလုံးရော၊ ဒေါသလုံးပါ ကြွတက်ပြီး ရေတောင်မချိုးအားသေးဘဲ ဗျစ်တောက်၊ ဗျစ်တောက် ပြောကာ ဖုန်းခွက်ကို ကောက်ကိုင်လိုက်ပါသည်။

"သားကြီး လာစမ်း၊ နင် ဖုန်းခေါ်ပြီး ပြောစမ်း၊ မခေါ်လို့ကတော့ ဒီတစ်လ နင်တို့ မုန့်ဖိုးပြတ်ပြီပဲမှတ်၊ ဘယ့်နှယ် သူပေးရမယ့်တာဝန်ကို"

"မေမေပေးရင်လည်း ရတာပဲ၊ ဒီမုန့်ဖိုးလောက်ကို ဘာဖြစ်လို့ အသည်းအသန် တောင်းနေရလဲ"

"အံမယ်လေး ... အံမယ်လေး ... နင် ဘယ်လိုပြောလိုက်တာလဲ ရဲရဲရယ်။ မအေကိုတော့ ပင်ပန်းပစေ၊ နင့်အဖေကိုတော့ မယားအသစ်လေး စိန်တွေထပ်ဝယ်ပေးပစေဆိုတဲ့ သဘောလား။ နင့် ဘာသိလို့လဲ။ နင်တို့ကို မုန့်ဖိုးလာမပေးရတော့ရင် ဟိုဟာမ စိန်တွေပိုစုနိုင်ဖို့ပဲ ဖြစ်လာမှာ"





"မေမေ့မှာ အဲဒါပဲ ပြဿနာလုပ်နေတယ်၊ သူ့ဘာသာစိန်ဝယ်ဝယ်၊ ပတ္တမြားဝယ်ဝယ် ဂရုစိုက်မနေနဲ့ပေါ့"

မြစိမ်းမေမှာ သားအကြီး ရဲရဲ စကားကို အကြီးအကျယ် မခံမရပ်နိုင်ဖြစ်ကာ တဟင်းဟင်း အသံထွက် ကျိတ်ငိုက်နေမိသည်။ သူက ယောကျ်ားလေးလည်း ယောကျ်ားလေးမို့ ဘလေးမက လူကြီးမကျအရွယ်မို့ ဒီလိုပြောတာပဲရယ်လို့ သိပေမယ့် အမေ့ဘက်က ဒီလောက်လေးတောင် မသိတတ်ရကောင်းလားဆိုပြီး ရင်ထဲမှာ မခံမရပ်နိုင်အောင် နာကျင်ဆို့တက်နေမိတာ ဖြစ်ပါသည်။

"ရဲရဲရယ် ... တကယ်ပါ။ နင်သာ သမီးအကြီးလေးဖြစ်ရင် ဒီစကားကို ဒီလောက်တောင် ရှင်းပြနေစရာ မလိုပါဘူး။ အမေ ဘာကြောင့် ဒီလိုဖြစ်နေတယ်။ ဒီလိုတောင်းနေတယ်။ ဒီလို မနာလိုဖြစ်နေတယ်ဆိုတာ နင် ဘယ်လိုမှ နားလည်နိုင်မှာ မဟုတ်ပါဘူး"

သားကြီးရဲရဲက အမေ မျက်ရည်ဝိုင်းသွားတာတွေ့တော့ သူ့ဘာသာပဲ အလိုက်တသိပင် အမေ့လက်ထဲမှ ကော့ဒ်လက်(စ)ဖုန်းကိုယူပြီး သူ့အဖေအိမ်ဖုန်းနံပါတ်ကို နှိပ်နေတာတွေ့ရသည်။ သား ဖုန်းခေါ်နေတာတွေ့တော့ မြစိမ်းမေ နောက်ဖေးအသာဝင်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ကလေးတွေလည်း သူတို့ခံစားချက်နဲ့သူတို့ ဆိုတာ မြစိမ်းမေ ရိပ်မိပါသည်။ အဖေက လိုလိုလားလား လာမပေးဘဲ ဖုန်းဆက်ခေါ်တောင်းရမယ်၊ ချိန်းရမယ်၊ ဖုန်းခေါ်ခေါ်ချင်းမှာ အဖေရဲ့နောက်မိန်းမ ဖုန်းကိုင်ရင် သူနဲ့စကားအရင်ပြောပြီး ကိုယ့်အဖေကိုယ် စကားပြောခွင့်ရအောင် ခွင့်တောင်းရမယ် ဆိုတာတွေကို မလုပ်ချင်မှန်း မြစိမ်းမေ ကိုယ်ချင်းစာစွာ ရိပ်မိလိုက်ပါသည်။ ဒါပေမဲ့ မတတ်နိုင်ဘူးလေ။ သားတို့စရိတ်ကို တစ်လသုံးသောင်း လာလာပေးပါ့မယ်ဆိုတဲ့ ကတိကို ဘာကြောင့် အပေးခံရသူက မေ့ပစ်ရမှာလဲ။ ပေးလည်းပေးသင့်တယ်လေ။ ဒီသားတွေဟာ သူနဲ့ရတဲ့ သူ့သွေး၊ သူ့သားအရင်းတွေပဲ။ ဘာကြောင့် အဖေတစ်လတစ်ခါပေးမယ့် မုန့်ဖိုးကို ခံစားခွင့် မရှိရမှာလဲ။ သုံးသောင်းလည်း သုံးသောင်းအလျှောက် စရိတ်ကာမိတာလည်း ပါတာပေါ့။

“အန်တီဇင်ယော်လား၊ ဖေဖေနဲ့ စကားပြောချင်လို့ပါ၊ ကျွန်တော် ရဲရဲပါ”

ထင်တဲ့အတိုင်း ဇင်ယော် ဆိုတဲ့ ငှက်မနဲ့ အရင်ဆုံရသဖြင့် သားငယ် သူ့အဖေနဲ့ စကားပြောရဖို့ ခွင့်တောင်းနေရပြန်တာကို သဲ့သဲ့ကြားနေရသည်။ သူတို့အဖေကလည်း ဖုန်းတောင်ကိုင်ခွင့်မရတော့ဘူးလား။ ဖုန်းဆက်လိုက်တိုင်း ဒီမိန်းမကချည်း ကိုင်တာ ကြုံနေရတယ်။





မြစိမ်းမေသည် အိမ်ရှေ့ကို စိတ်တစ်ဝက်ရောက်ရင်း မနက်ဖြန်အတွက် ချက်စရာတွေ ပြင်ဆင်နေမိသည်။ ဟင်းချက်ပြီးမှပဲ တစ်ခါတည်း ရေမိုးချိုးမယ်။ Night Cream လိမ်းပြီးရင် အသီးတစ်ခုခုစား၊ ဂျူ့(စ်)တစ်ခွက်သောက်ပြီး အိပ်လိုက်မယ်။ အခုဆို ညစာကို မစားဖြစ်အောင်နေတာ အတော်ကြာပြီ။ အသက်သုံးဆယ် ကျော်လာကတည်းက ဘာလေးစားစား ကိုယ်အလေးချိန်က မြှန်းခနဲ ခုန်ခုန်တက်လာတာ သတိထားမိလို့ လျှော့နေရတယ်။

ဆိုင်က ကောင်မလေးတွေ နွေရိပ်တို့၊ ပိုးအိမ်တို့၊ လင်းလင်းတို့များ ပြောမနေနဲ့ အစားသောင်းကျန်းသလား မမေးနဲ့။ တစ်နေကုန် စားပဲစားနိုင်တယ်။ ငယ်သေးလို့လား မသိဘူး။ မဝကြဘူး။ လင်းလင်းဆို ပြောမနေနဲ့။ ယောကျ်ားလျာပုံစံတောင် ခမ်းလို့ကောင်းအောင် တစ်ကိုယ်လုံး ပြားချပ်ချပ်ဖြစ်နေတာ။ မြစိမ်းမေတို့လည်း သုံးဆယ်အောက်တုန်းကဆို ငါးပေသုံးလက်မအရပ်နဲ့ ပေါင်တစ်ရာကကို မတက်နိုင်ဘူး။ ဒီလောက် သားနှစ်ယောက်မွေးပြီးတာတောင် လှပနုပျိုနေတာကို သူတို့အဖေကတော့ ဘယ်လိုဖြစ်ပြီး မလှဘူးထင်လို့ နောက်ထပ်လှတဲ့ တစ်ယောက် ရှာခဲ့သလား။

“မေမေ”



www.burmeseclassic.com

www.burmeseclassic.com



သားကြီးအသံ ကြားရမှ ကြက်သားဆီပြန်ချက်ဖို့ ဆီသတ်ရင်း အတွေးလွန်နေတာတွေ ပြန်စုစည်းလို့ ရသွားပါသည်။

"ဘာတဲ့လဲ"

"မေမေက မနက်ဖြန် မအားဘူးတဲ့"

"ဘာလို့မအားတာတဲ့လဲ"

"သူမိန်းမ ဆေးခန်းသွားပြရမှာမို့တဲ့"

"ဘာရောဂါ ဖြစ်ပြန်ပြီလဲ၊ အေ့(စ်)များ ဖြစ်နေသလား မသိဘူး။ ခဏ ခဏ ဆေးခန်းပြရသံကြားတယ်"

"မနက်ဖြန် မလာနိုင်ပေမယ့် သန်ဘက်ခါတော့ လာခေါ်မယ်တဲ့ မေမေ"

"အေး ... ဒါဆိုလည်း ပြီးတာပဲ၊ သူ့ကတိ သူတည်ဖို့ လိုတယ်၊ ဒီတစ်ခါမှ ထပ်ဖျက်ရင်တော့ သားတို့ဆက်စရာ မလိုဘူး၊ မေမေကိုယ်တိုင် ဖုန်းဆက်ပြီး ကောင်းကောင်း ဆဲပေးလိုက်မယ်"

ရဲရဲက အမေ့လျှာကြမ်း အာကြမ်းကို မကြားချင်ဟန် ဖြင့် ဧည့်ခန်းကို အသာပြန်လစ်သွားပါသည်။

မြစိမ်းမေလည်း ကြက်သားဆီပြန်တစ်ခွက် အမြန် ချက်ပြီး ပဲပင်ပေါက် ပဲပြားကြော်လုပ်ကာ ထမင်းကို ရိုက်(စ)ကွက် ကာနဲ့ တည်ထားလိုက်သည်။ (ဒီနေ့ညဘက် မီးလာလို့ သုံးလို့ရ





ဘာ၊ မီးမလာရင်တော့ ထမင်းအိုးတည်ရ ငုံ့ရတဲ့အချိန်ပါ ပေးရ သည်) ရေမိုးချိုး၊ လိမ်းစရာရှိတာလိမ်းပြီး ငှက်ပျောသီးတစ်လုံး စား၊ လိမ္မော်ရည် ကိုယ့်ဘာသာ အရည်ညှစ်ပြီး တစ်ခွက်သောက် ကာ အိပ်ခန်းထဲ ဝင်လာခဲ့သည်။ ဗိုက်တော့ဆာပေမယ့် မြန်မြန် အိပ်ရာဝင်ပြီး အိပ်လိုက်တာပဲ ကောင်းသည်။ အိပ်ပျော်နေရင် ဘာမှ မစားဖြစ်တော့ဘူး။ သိပ်ဆာနေလို့ အိပ်မရရင်လည်း နေ ကြာစေ့ ကွာစေ့လောက် ထပြီးစားမယ်။

ဒီအိမ်ခန်းကျယ်ကြီးမှာ အိပ်ခန်းကတော့ နှစ်ခန်းဖွဲ့ ထားလေရာ သားနှစ်ယောက်ကတစ်ခန်း။ မြစိမ်းမေက တစ်ခန်း အိပ်ပါသည်။ သားတွေအခန်းကတော့ တစ်ယောက်အိပ်ခုတင်လေး နှစ်လုံး ယှဉ်ချထားရသဖြင့် အတော့်ကို ကျဉ်းပါသည်။ ဒါကြောင့် သူတို့အဝတ်ဗီရိုလေးတောင် ထားလို့မရတာနဲ့ မြစိမ်းမေ အခန်းထဲ လာထားထားရသည်။

သားကြီးကတော့ တီဗီပိတ်သွားပေမယ့် မအိပ်သေး ဘဲ စာအုပ်တစ်အုပ် ထိုင်ဖတ်နေတာ တွေ့ရသည်။ သားငယ်တိုးတိုး ကတော့ အိပ်ပြီထင်သည်။ အခု ကျောင်းပိတ်ရက်မို့ ကျောင်းစာ လုပ်စရာမလိုပေမယ့် ကျူရှင်တော့ တက်နေရသေးတာမို့ ကျူရှင် စာတွေရော လုပ်ရဲ့လားမသိ။ ကလေးတွေကို ဆရာဝန်ကြီး၊ အင်ဂျင်နီယာကြီး ဖြစ်နိုင်တဲ့ ဉာဏ်ရည်လည်း မရှိမှန်းသိတာမို့



www.burmeseclassic.com

www.burmeseclassic.com



အတင်းတွန်းပြီး ဟိုဟာဖြစ်ရမယ် ဒီဟာဖြစ်ရမယ်တော့ မခိုင်းချင်ပါ။ တစ်နှစ် တစ်တန်း မှန်မှန်အောင်၊ ဘွဲ့တစ်ခု ရရင်ပဲ တော်ပါပြီလို့ ဆုံးဖြတ်ထားပါသည်။

ထိုအချိန်တွင် ဖုန်းမြည်သံ ကြားရသည်။ ညကိုးနာရီခွဲကြီး ဘယ်သူများ ဖုန်းဆက်ပါလိမ့်။

ရဲရဲ ဖုန်းကိုင်လိုက်သံကို အသာပင် နားစွင့်လိုက်သည်။

"ဩော် ... ဟုတ်ကဲ့၊ မမေ မအိပ်သေးပါဘူး၊ သား ခေါ်ပေးမယ်နော်"

သားကြီးအသံကြောင့် မြစိမ်းမေ အခန်းထဲက ထွက်ကြည့်လိုက်၏။

"မမနွေရိပ် ဆက်တာ မေမေ"

"ဟုတ်လား၊ အေး ... အေး"

နွေရိပ်ရို့ ညကြီးအချိန်မတော် ဘာများ မှာစရာရှိလို့ပါလိမ့်။

"မမစိမ်းရေ"

"အေး ... ပြော ... ပြော ညီမ"

"မမစိမ်း မနက်ဖြန် ဆိုင်အရင်သွားဖွင့်လို့ ရမလား"

"ရတယ် နွေရိပ်၊ ဖွင့်ပေးမယ်လေ"





ဆိုင်သော့က အားလုံးမှာ ရှိလေရာ ဘယ်သူသွား[ဖွ]င့်ဖွင့် ရပါသည်။ သို့သော် နွေရိပ်ချို့က ပိုလည်းနီး၊ ကိုယ်တိုင်[ကား]မောင်းပြီး လာနိုင်သူလည်း ဖြစ်လေရာ သူမကပဲ တာဝန်ယူ[ပြ]ီး အမြဲဖွင့်နေကျဖြစ်သည်။

"နွေရိပ် သိပ်တော့နောက်မကျပါဘူး၊ နာရီဝက်လောက်ပဲ နောက်ကျမှာပါ။ နွေရိပ်နဲ့ ဆံပင်ညှပ်မယ် ပြောထားတဲ့ တစ်ယောက်က ကိုးနာရီဆယ့်ငါး လာလိမ့်မယ်။ အဲဒါ မမစိမ်းပဲ လင်းလင်းကို ခေါင်းလျှော်ပြီး ဆံပင်ပေါင်းပေးထားဖို့ ပြောပေးပါနော်။ အဲဒီတစ်ယောက်ကို ဆံပင်ပေါင်းပြီးမှ ညှပ်မယ်လို့လည်း ရှင်းပြပေးပါနော်"

နွေရိပ်ချို့သည် သူမ၏ကိစ္စကို တာဝန်ယူ ဖြေရှင်း[ပေး]နိုင်မှာမို့အားနာသော အသံဖြင့်တနော်နော်ထည့်ကာ ပြောနေမှန်း [မြ]စိမ်းမေ ရိပ်မိပါသည်။

"စိတ်ချပါ နွေရိပ်ရယ်၊ ပြောနေရမယ့်သူတွေမှ မဟုတ်တာ"

"ဒါဆို ကျေးဇူးပါပဲ မမစိမ်းရယ်၊ ဖုန်းချလိုက်တော့မယ်နော်။ မမစိမ်းတို့ကို ညဘက်ကြီး အနှောင့်အယှက် ပေးမိနေပြီ"

"အေး ... ရပါတယ် နွေရိပ်ရယ်။ ဂွတ်နိုက်(ထ်) ဂွတ်နိုက်(ထ်)"

"ဂွတ်နိုက်(ထ်) မမစိမ်း"



www.burmeseclassic.com

www.burmeseclassic.com



မြစိမ်းမေသည် နွေရိပ်ချို့ အတွက် ရင်မောသလို ဖြစ်ပြီး ဖုန်းခွက်ကို အသာပြန်တင်ထားလိုက်ပါသည်။ နွေရိပ်ချို ဟာ ကိုကိုဟု သူမကခေါ်သော (မြစိမ်းမေ အပါအဝင် အားလုံး က နာမည်အရင်း မသိသော) လူတစ်ယောက်နှင့် ချစ်သူဖြစ်ကြ သည်မှာ နှစ်နှစ်နီးပါးရှိနေပြီ။ နွေရိပ်ချိုလို လှလှပပ၊ တက်တက် ကြွကြွနဲ့ အသက်မွေးဝမ်းကြောင်း ပညာရပ်တစ်ရပ်ကို ကျွမ်းကျင် စွာ တတ်မြောက်ထားပြီး ကိုယ့်ဝင်ငွေ ကိုယ်ရှာနိုင်သူ မိန်းကလေး မျိုးကို လိုလိုလားလား ချဉ်းကပ်ကြသူ အများကြီးပါ။

အဲဒီလိုလူတွေ အများကြီးကြားမှ ကိုကို ဆိုသောသူ ကို လက်ခံလိုက်ခြင်းမှာ တော်ရုံတန်ရုံ အချစ်မျိုးနဲ့တော့ ဟုတ် မယ်မထင်။ ဘာကြောင့်လဲဆိုတော့ စပြီးချစ်သူဖြစ်ကတည်းက နွေရိပ်ချိုဆီက ကြားရသည်မှာ ...

“ကိုကို့မှာ မိဘသဘောတူပြီး စေ့စပ်ပေးထားတဲ့ ဏီလေး လို့ သူ ခေါ်ခေါ်နေတဲ့ မိန်းကလေးရှိတယ်။ နာမည်အပြည့် အစုံတော့ နွေရိပ် မသိဘူး။ မေးလည်း မမေးချင်လို့ မမေးပါဘူး။ နွေရိပ်ထက်အရင် ကိုကို့ကို သက်ဆိုင်နေသူ ဆိုတော့ အလိုလို မုန်းနေတယ်။ ကိုကိုက ပြောတယ် သူ တစ်နေ့ကျရင် ဏီလေးကိုပဲ လက်ထပ်ရဖို့ သေချာတယ် တဲ့”

ဟူသော အကြောင်းအရာပင်။





နွေရိပ်ချို့ ခမျာ တစ်ယောက်တည်း ကျိတ်ခံထားနေရ မျိုသိပ်နိုင်တော့၍ တစ်ရက်မှာ အားလုံးကို ပြောပြလိုက် ဖြစ်ပါမည်။

မိုးအိမ်က စိုးရိမ်သော အသံဖြင့် ပြန်မေးခဲ့သေးသည်။

“ဟယ် ... သူက နင့်ကို ရည်းစားဖြစ်ဖြစ်ချင်း အဲဒီလိုကြီး ပြောပြီး နင့်ကို အပျော်တွဲရုံတွဲမယ်လို့ ပြောတယ်ပေါ့၊ ဟုတ်လား”

“ကိုကိုက သူ ဘာမှ မလှို့ဝှက်တတ်ဘူးတဲ့”

“ဒါတော့ မတရားတာပဲ။ နင့်ကျတော့ အပျော်ရည်းစား လာထားပြီး သူကျတော့ သားလိမ္မာဘွဲ့ ခံမယ်၊ မိဘစေ့စပ် ပေးထားတဲ့ သူကိုပဲ ယူမယ်ဆိုတာ ဘာသဘောလဲ။ ဘယ်သူမဆို ကိုယ့်ရည်းစားကိုယ် တကယ်ချစ်ရင် တစ် နေ့ကျ ကိုယ့်ရည်းစားကိုပဲ ယူချင်တာပဲလေ”

လင်းလင်းလက်ကတော့ မခံမရပ်နိုင် ဖြစ်ခဲ့သေး သည်။

“ငါကတော့ ဏီလေးနဲ့ ငါ ယှဉ်ရင် သူ ဘယ်သူ့ဘက် ပိုအလေးသာမလဲဆိုတာ သိချင်လို့ တမင်အားပြိုင်နေတာ။ ဏီလေးကို မယူပါနဲ့ နွေရိပ်ကိုပဲ ယူပါဆိုတာ တစ်ခွန်းမှ ကို မပြောဘဲ ကိုကို ငါ့ဘက်ပါအောင်လုပ်မှာ”



www.burmeseclassic.com

www.burmeseclassic.com



မြစိမ်းမေသည် ကိုကိုဆိုတာ မမြင်ဘူးပေမယ့် ကိုယ်ကတော့ ယောကျ်ားတွေနဲ့ ပတ်သက်ရင် ခံခဲ့ရဖူးသူမို့ ဘယ်ယောကျ်ားမှ ယုံစရာမကောင်းဘူးဆိုတာမျိုး နွေရိပ်ချိုကို စေတနာနဲ့ ပြောပြလိုက်သေးသည်။

"ကိုယ့်မှာ စေ့စပ်ထားတဲ့ မိန်းကလေး ရှိရက်နဲ့ တခြားမိန်းကလေးတစ်ယောက်ကို လာရည်းစားထားတဲ့ ယောကျ်ားမျိုးဟာ မယုံသင့်ဘူး နွေရိပ်ရယ်။ အိမ်ထောင်မကျခင်တောင် ခြေရှုပ်နေတာ အိမ်ထောင်ကျပြီးသွားရင် ဘယ်လောက်များ ရှုပ်လိုက်မလဲ။ ပြီးတော့ စီးပွားရှာနိုင်တဲ့ ယောကျ်ားတွေဟာ ပိုပြီးခြေလှမ်းရှုပ်တတ်ကြတယ်။ ရှုပ်လည်း ရှုပ်ရဲကြတယ်။ သူတို့က အရာရာကို ငွေနဲ့ဖြေရှင်းနိုင်တယ်ဆိုတဲ့စိတ် ရှိနေကြတာကိုး"

သို့သော် နွေရိပ်ချိုသည် အချစ်စိတ် မှုန်နေခဲ့သူမို့ ဘယ်သူ့စကားကိုမှ နားမဝင်ခဲ့ပါ။

"ကိုကိုက နွေရိပ်ကို ပိုချစ်တာပါ"

ဆိုသော်ငြား ဘေးလူတွေဖြစ်သော ပိုးအိမ်တို့၊ မမစိမ်းတို့၊ လင်းလင်းလက်တို့ အမြင်မှာတော့ အဲဒီလူ "ကိုကို" သည် နွေရိပ်ချိုကို အနိုင်ကျင့်လွန်းသည်။ နွေရိပ်ချိုကို ထားရာနေ၊ စေရာသွား သဘောထားချင်သည်။ လိုလျှင်သုံး၊ မလိုလျှင်တော့ ချောင်ထိုးဆိုသော စိတ်ဓာတ်မျိုးနဲ့ ဆက်ဆံတတ်သည်။ နွေရိပ်ချိုနဲ့ ဇာတိလေး ယှဉ်ရင် ဇာတိလေးဟာ အသာစီးမှ နေရာပေးခြင်းခံရသည်။ ဖူးဖူးမှုတ်ထားသည်။ ဇာတိလေး ခေါ်လိုက်လို့ကတော့ နွေရိပ်ချိုကို ချက်ချင်း ဥပေက္ခာပစ်ထားခဲ့ပြီး ဇာတိလေးဆီသာ အပြေးသွားတတ်သည်။ နွေရိပ်ချို ဘယ်လောက် မျက်နှာညိုညို၊ ဘယ်လောက် စိတ်ကောက်ကောက် တစ်စက်မှ ဂရုမစိုက်၊ ချော့လည်းမချော့ဘဲ ပစ်ထားတတ်ပေမယ့် ဇာတိလေး မျက်နှာတစ်ချက်ညိုမှာတောင် အညိုမခံလိုသော လူစားမျိုးဖြစ်သည် စသဖြင့်တွေကို နွေရိပ်ချိုဆီမှ ပြန်ပြောချက်တွေအရ ထိုသို့ ဝေဖန်ပိုင်းခြားနိုင်နေကြပါသည်။





ထိုသူ ဘာသဘောနဲ့ တွဲသလဲ။ အခွင့်အရေးတွေ ယူနေသလဲ ဆိုတာ နားမလည်နိုင်ရင်းကပဲ လုပ်ဖော်ကိုင်ဖက် သူငယ်ချင်း မိတ်ဆွေမလေးကို ဘေးကနေ သတိနဲ့ စောင့်ကြည့်ပေးနေရသူတွေကား ဒီဘက်က သုံးယောက်ဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



## ၆

"ဟဲ့ … ဟဲ့ … ကြည့်လိုက်၊ ကြည့်လိုက်၊ အဲဒီ အန်ကယ်လ်ကြီးကို ကြည့်လိုက်"

ပိုးအိမ်က အလျင်စလို လှမ်းပြောလိုက်ရာ အားလုံးဟာ မှန်နံရံများ၏ အပြင်ဘက်ကို ကြည့်လိုက်ကြသည်။ လမ်းပေါ်မှာ ဥဒဟိုသွားလာနေကြသော လူတွေအများကြီးထဲမှာ ပိုးအိမ်မေးအသာထိုး၊ လှက်ညှိုးပါ မသိမသာ ထိုးပြသော အန်ကယ်လ်ကြီးတစ်ယောက်ကို သူတို့ မြင်ပါသည်။

"ဘာဖြစ်လို့လဲ"

"အခုမှ အပေါ်ထပ်အခန်းကို အသစ်ပြောင်းလာတဲ့ အန်ကယ်လ်ကြီးလေ။ အန်တီရိုစီတို့ အပေါ်ထပ်အခန်းပေါ့"

"သိလိုက်ပြန်ပြီ၊ စပ်စုမ"





လင်းလင်းလက်က ဆံပင်တု စွပ်ထားသော အရုပ်မဒမ်မီ(dummy)တွေကို ဆံပင်ပုံ ပြောင်းစွပ် အလှပြင်ရင်း ဝေဖန်သလို ပြောလိုက်သည်။

"အန်ကယ်လ်ကြီးက … ဟီ ဟီ … အန်တီရိုစီကို ကြိုက်နေလား မသိဘူး၊ အဲဒါကြောင့် ငါ နင်တို့ကိုပြတာ"

"ဟုတ်လို့လားဟယ်၊ စိတ်ထဲထင်တာတွေ ပြောနေပြန်ပြီ"

"ဟုတ်ပါတယ် မမစိမ်းရဲ့။ မနေ့က ပိုးအိမ် အန်တီရိုစီ့ဆီသွားပြီး အင်္ကျီအပ်သေးတော့ အဲဒီ အန်ကယ်လ်ကြီးကလည်း သူ့ဘောင်းဘီတွေ လာအပ်နေတာ တစ်ထပ်ကြီးပဲတွေ့တယ်။ ဟိုတစ်ရက်ကလည်း ပိုးအိမ် အမေအပ်ခိုင်းလိုက်တဲ့အင်္ကျီ သွားပေးတော့လည်း အဲဒီအန်ကယ်လ်ကြီးတွေ့ပြန်ရော၊ ရှပ်အင်္ကျီ လာအပ်တာတဲ့။ သာမန်အင်္ကျီလာအပ်တဲ့ပုံစံနဲ့ မတူဘဲ အန်တီရိုစီ့ကို ကြိုက်နေလို့ လာတဲ့ပုံစံမှန်းကို သိကိုသိသာတယ်။ ပိုးအိမ် တကယ်သိတယ်။ စိတ်ထင်လို့ ပြောတာမဟုတ်ဘူး။ ပြီးတော့ မနေ့ကလည်း အန်တီလိလီ သူလိုချင်တဲ့စာရွက်တွေ အပေါ်ကနေပြပြီး လိုက်စုခိုင်းတုန်းကလည်း ပိုးအိမ်ကို ပြောလိုက်တာ ရှိသေးတယ် သိလား။ ရိုစီကတော့ ငါ့လို စာတွေစောင့်ဖတ်စရာ မလိုဘူးတဲ့။ သူ့လူက လူကိုယ်တိုင် လာလာနေတော့ စာရေးပို့စရာ မလိုဘူးတဲ့။ ငါကသာ ငါ့လူဆီကစာကို



www.burmeseclassic.com

www.burmeseclassic.com



ဒီလိုပဲ မျှော်နေရတာတဲ့။ အဲဒါတွေ ဆက်စပ်ကြည့်ရင် တာကယ် ဟုတ်နေလို့ပေါ့ အန်တီလီလီက စိတ်မမှန်ဘူး ဆိုပေမယ့် သွက်သွက်ခါအောင် ရူးနေတာမှ မဟုတ်တာ။ သူ့ညီမနဲ့ အန်ကယ်လ်ကြီး အမှုအရာတွေကိုတော့ အကဲခတ်နိုင်မှာပါ”

အားလုံး စိတ်ဝင်တစား (သို့သော် နွေရိပ်ကလွဲရင်) နားထောင်နေကြသည်။ နွေရိပ်ချိုကတော့ သူမ၏ဟန်းဘက်(ခ)ကြီး ထဲမှာ ပါလာတဲ့ ယောကျ်ားကိုင် ဝေါလက်ထ်(Wallet)လေးဆီ စိတ်ရောက်နေသည်။

မနေ့က ကိုကိုနဲ့ သွားချိန်းတွေ့ပြီးတော့ အပြန်မှာ နွေရိပ်ချိုကားထဲ ကိုကို့ပိုက်ဆံအိတ်လေး အမှတ်မထင် ကျန်ခဲ့တာ။ ခါတိုင်း ကိုကို့ကားထဲ နွေရိပ်ချို ဝင်ထိုင်နေကျပေမယ့် မနေ့ကတော့ ထူးထူးဆန်းဆန်းပဲ ကိုကိုက နွေရိပ်ချိုရဲ့ကားထဲ ထိုင်မယ်ဆိုတာနဲ့ ကိုကို ဝင်ထိုင်စကားပြောရင်း ဘယ်လိုကဘယ်လို သူ့အိတ် ကျကျန်ခဲ့တယ် မသိဘူး။ အိတ်ထဲမှာရှိတဲ့ ဓာတ်ပုံတစ်ပုံ ဟာ နွေရိပ်ချိုကို ဘယ်လောက် စိတ်ထိခိုက် ကြေကွဲစေခဲ့သလဲ ဆိုတာ ပြောတောင် မပြနိုင်အောင်ပင်။ ကိုကိုနဲ့ ဏီလေးဟုသာ နာမည်အဖျားဆွတ် သိထားတဲ့ မိန်းကလေး၊ တရင်းတနှီး နွေးထွေးစွာ သိုင်းဖက်ပြီး ကြည်ကြည်နူးနူး ရယ်မောနေကြတဲ့ ဓာတ်ပုံသေးသေးလေး တစ်ပုံဟာ နွေရိပ်ချိုကို များစွာနာကျင်စေခဲ့





ပါသည်။ ဒါကြောင့် ဒီနေ့မနက် နွေရိပ်ချို အလုပ်ထဲမှာ ဘာမှ ကို အာရုံစိုက်လို့ မရအောင်တောင် စိတ်တွေ ကယောင်ချောက်ချား ဖြစ်နေခဲ့ရပါသည်။

“အန်တီရိရိစိက အဲဒီအမျိုးကြီးလည်း အမျိုးကြီး၊ လူကလည်း သေးသေးသွယ်သွယ်ဆိုတော့ ငါးဆယ်လို့ မထင်ရအောင် နုတာနော်၊ မသိရင် လေးဆယ်လောက်ပဲ ထင်ရတယ်၊ ဒါတောင် ဘာမှမပြင်လို့၊ ဆံပင်ဆိုလည်း တစ်ခါမှ လာ ညှပ်တာ၊ လာပေါင်းတာ၊ ဆေးဆိုးတာ မရှိဘူး။ ပြီးစလွယ် ပဲ ကျားလက်သည်းကလစ်ကြီးနဲ့ ခွေခေါက်တင်ထားတာ။ ပြင်လိုက်ရင် တော်တော့်ကိုချောမယ့်ရုပ် သိလား။ မေသန်းနု လို ရုပ်မျိုးလေးနဲ့”

မမစိမ်းကတော့ အနုပညာလောကကိုပဲ စိတ်ဝင်စားသူ ဖြစ်လေရာ လူတစ်ယောက်ကို နှိုင်းပြောရင် ဘယ်မင်းသား မင်းသမီးနဲ့ တူတယ်လို့ ပြောတတ်တဲ့ အကျင့်အတိုင်း အန်တီ ရိစိကိုလည်း မေသန်းနုနဲ့ တူပါသည်ဟုပင် ပြောဆိုဝေဖန်နေပြန် သည်။

“အန်ကယ်လ်ကြီးကရော လူမျိုးကြီးလား၊ မုဆိုးဖိုလား”

“အဲဒါတော့ ငါ ဘယ်သိဦးမလဲ လင်းလင်းရယ်၊ ပြောင်း လာတာတော့ တစ်ယောက်တည်းပဲ။ သူ့အခန်းမှာ သူတစ် ယောက်တည်း နေတာတွေ့တာပဲ”



www.burmeseclassic.com

www.burmeseclassic.com



"အန်ကယ်လ်ကြီးကလည်း ရုပ်မဆိုးပါဘူး ယောကျ်ားပီသတဲ့ပုံပဲဟဲ့"

"အန်တီလီလီကလည်း အရင်က ဘာဇာတ်လမ်းများရှိခဲ့လဲ မသိဘူးနော်။ အမြဲတမ်း စာမျှော်နေပြီး တွေ့သမျှစာရွက်တွေစုပြီး အကြောင်းအရာ တစ်မျိုးတည်းကိုပဲ ခေါင်းထဲထားပြီး ဖတ်တာ"

"အေးနော် ... သနားဖို့တော့ ကောင်းတယ်"

"ငါကတော့ အန်တီရီရီစိုကို ပိုသနားတယ်။ သူ့ခမျာ ဒီအစ်မကြီးကို စိတ်ရှည်ရှည်နဲ့ ပြုစုစောင့်ရှောက်ပြီး ရှာကျွေးနေရတာ။ တခြားဆွေမျိုးတို့ ဘာတို့လဲ လာတာမတွေ့ဘူး၊ ရှိပုံလည်း မရဘူး၊ တော်တော် အထီးကျန်ကြတယ်နော်"

သုံးယောက်သား ရေပက်မဝင်အောင် သူများအကြောင်း ထိုင်ပြောနေပေမယ့် နွေရိပ်ချို တစ်ယောက်ကတော့ စိတ်တွေ အဝေးကို ပျံ့နေသည်။ ကိုကို့အိတ်ထဲမှာပါတဲ့ ဓာတ်ပုံတစ်ပုံဟာ နွေရိပ်ချိုကို များစွာစိတ်ထိခိုက်ကြေကွဲစေတာမို့ အခုချိန်မှာ ချောင်တစ်ချောင်သွားထိုင်ပြီး ငေးနေချင်တော့သည်။

ကိုကို့ကို နွေရိပ်ချိုရဲ့ Pocket size (အိတ်ကပ်ထဲထည့်လို့ရတဲ့အရွယ်) အလှဓာတ်ပုံလေး ပေးထားဖူးတာ အမှတ်ရပါသည်။





"ကိုကို သွားလေရာ သယ်သွားဖို့ ကိုကို့ပိုက်ဆံအိတ်ထဲထည့်ထားရမယ်နော်"

"အိုခေ ... စိတ်ချ"

ဆိုကာ နွေရိပ်ချိုရှေ့မှာပင် ဓာတ်ပုံလေးကို တစ်ချက်နမ်းပြီး ပိုက်ဆံအိတ်ထဲ ထည့်ပြခဲ့သေးတာ။ အခု နွေရိပ်ချိုဆီမှာ ကျန်ခဲ့တဲ့ ပိုက်ဆံအိတ်ဟာလည်း နွေရိပ်ချို ပေးခဲ့တဲ့ ဓာတ်ပုံထည့်ထားတဲ့ အိတ်ပါပဲ။ အသစ်မှ မလဲရသေးတာ။ ဒါပေမဲ့ နွေရိပ်ချိုဓာတ်ပုံဟာ လုံးဝရှိမနေဘဲ ကိုကိုနဲ့ ဏီလေးတို့ပုံ ဘာကြောင့် နေရာယူနေရသလဲ။ နွေရိပ်ချိုဟာ ဘယ်နားမှာ ချောင်ထိုးခံထားရသလဲ။

"ကိုကိုနဲ့ ဏီလေး အမှတ်တရနေ့"

လို့ ဓာတ်ပုံနောက်ကျောမှာ စာသားရေးထားရ လောက်အောင် ဘာအမှတ်တရတွေများ ရှိခဲ့သလဲ ကိုကိုရယ်။ မိဘစေ့စပ်ပေးထားတဲ့သူပါလို့သာ အသိပေးထားပေမယ့် ကိုကို့နှုတ်ဖျားက ဏီလေးကို ချစ်တယ် မချစ်ဘူးဆိုတာ နွေရိပ်ချို တစ်ခါမှ မကြားခဲ့ဘူးတာမို့ မသိပါဘူး။ နွေရိပ်ချိုရဲ့ စိတ်ထဲမှာတော့ ကိုကိုဟာ ငါ့ကိုချစ်လို့ ငါ့အနား ရောက်လာတယ်လို့ ထင်ခဲ့၊ ယူဆခဲ့၊ ကိုယ့်ကိုယ်ကိုယ် အထင်ကြီးခဲ့မိတာလေ။

အခုတော့ ပြန်စဉ်းစားကြည့်လိုက်တိုင်း ကိုကိုဟာ အမြဲပဲ ဏီလေးအပေါ် ပိုပြီးအရေးတယူ ရှိခဲ့တယ်။ အလေးထား



www.burmeseclassic.com

www.burmeseclassic.com



ဆက်ဆံတယ်၊ ဦးစားပေးတယ်။ နွေရိပ်ချိုကိုတော့ မရှိစကောသုံးနေရာမှာ ထားချင်တယ်လို့ သံသယတောင် ဝင်လာမိပါရဲ့။

"မမစိမ်း တစ်ကားပြီးသွားရင် ဘာကားဆက်ရိုက်ရမှာတဲ့လဲ"

"တီဗီဇာတ်လမ်းတွဲထဲ ပါရမယ်လို့ ပြောတယ်"

"ဟယ် ... ကောင်းတာပေါ့၊ အဲဒါဆို မမစိမ်းကို အပတ်တိုင်း မြင်ရတာပေါ့"

"ပြီးသွားတဲ့ တစ်ကားလည်း နေရာလေး မဆိုးပါဘူး၊ မင်းသမီးရဲ့အစ်မ အပျိုကြီးနေရာမှာ ပါရတာ၊ အပျိုကြီးက ဇီဇာကြောင်ပြီး ညီမကိုလည်း ယောက်ျားလေးတွေနဲ့စကားမပြောရ၊ ရည်းစားမဖြစ်ရဆိုပြီး လိုက်ချုပ်ချယ်နေတဲ့ပုံစံပေါ့"

"ဟာသပဲလား"

"ဟာသပဲပေါ့ဟယ်၊ အခုခေတ်မှာ ဟာသမှ မရိုက်ရင် ပိုက်ဆံ ပြန်မရတော့ ဟာသဘက်ပဲ လှည့်နေရတာပေါ့"

"တီဗီဇာတ်လမ်းကရော"

"တီဗီဇာတ်လမ်းကတော့ ဟာသနဲ့ ဒရာမာ ရောထားတာ"

မမစိမ်း အကြောင်း ပြောပြီးကြပြန်တော့ ပိုးအိမ်ဘက်လှည့်သွားကြပြန်သည်။





"ပိုးအိမ်တို့ကရော ဘယ်လိုလဲ၊ ဟိုတလောက လူကြီးတွေ စကားပြောကြဖို့ စီစဉ်တယ်ဆို"

ပိုးအိမ် မျက်နှာအနည်းငယ် ညှိုးသွားလျက် ...

"စကားတွေမပြောခင်ကတည်းကကို အဆင်က သိပ်မပြေချင်ပါဘူး။ သူတို့ဘက်က တကယ် မတတ်နိုင်လို့ စားသောက်ဆိုင်လို နေရာမျိုးမှာ ညည့်ခံပွဲ လုပ်ပေးပါရစေ ပြောလား၊ တမင်ချွေတာချင်လို့ ပြောလားဆိုတဲ့ သံသယက စပြီးပွားနေကြတော့ အမေကလည်း မကြည်ဘူး၊ အမေနဲ့ သူ့အမေနဲ့က ပြိုင်ဘက်တွေလို ဖြစ်နေတော့ ယုံကို မယုံဘူး။ ဒီကြားထဲ ဆွေမျိုးအလိုက် အပြိုင်အဆိုင်တွေကလည်း ရှိခဲ့ဖူးတော့ ဟိုကတစ်မျိုးပြောလိုက်၊ ဒီကတစ်မျိုးပြောလိုက်နဲ့ အချင်းချင်း ဟန်လုပ်ပြီးတော့သာ သားရေး သမီးရေး ပြောကြတာ၊ စိတ်ထဲမှာ တစ်ဖက်နဲ့တစ်ဖက် မကြည်ကြမှန်း အလိုလို သိနေကြတဲ့ ပုံစံကြီးတွေလေ"

"ဘာဖြစ်လဲ ပိုးအိမ်ရယ်။ နင်တို့ ချစ်ကြရင် ပြီးတာပဲ၊ သူတို့ မပေးစားဘူး ပြောတာမှ မဟုတ်တာ။ မင်္ဂလာဆောင် အကြီးကြီး မလုပ်ပေးနိုင်လို့ နင့်အမေက သဘောမတူတော့ဘူး မပြောရင် ပြီးတာပဲ"

လင်းလင်းလက်က ထိုသို့ဖြေသိမ့်ရင်း စကားဝိုင်းထဲမှာ ထိုင်နေပေမယ့် စကားဝိုင်းနဲ့ မဆိုင်သလိုပုံစံ ဖြစ်နေသော နွေရိပ်ချိုဘက် အသာမေးငေါ့ပြပြီး ပခုံးတွန့်ပြလိုက်သေးလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"အမေက အဲဒီလိုတော့ ပြောချင်မှာပါ။ ဒါပေမဲ့ ငါတို့ အကြောင်းက တစ်ရပ်ကွက်လုံးလည်း သိနေကြပြီဆိုတော့ မယူဖြစ်ရင် မိန်းကလေးဘက်ပဲ နာမည်ပျက်မှာဆိုပြီး ငြိမ်နေရတာတဲ့၊ အဲဒီလိုတော့ ပြောတယ်"

"ပိုးအိမ် ပျော်နေရင် ပြီးတာပါပဲ ပျော်တယ် မဟုတ်လား"

"အင်း ... ပျော်တော့ ပျော်ပါတယ်၊ အမှန်အတိုင်း ပြောရရင်တော့ ယုဇနဂါးဒင်းမှာလောက်တော့ လုပ်ခွင့်ရချင်တာပေါ့၊ အခုတော့ ..."

"အခုတော့ ဘယ်မှာတဲ့လဲ"

"အိုရီယမ်တယ်လ်ဟောက်(စ)မှာ၊ မြို့မကျောင်းလမ်းက ဆိုင်လေ"

"ဒင်းမ်ဆန်းတွေ တစ်ဝကြီး စားရတော့မယ်"

"နှင့်အလှည့်ကျမှ ဆီဒိုနားက ကိတ်မုန့်နဲ့ အိုက်(စ)ကရင်(မ) စားရဖို့ မျှော်လင့်ပါတယ် လင်းလင်းရယ်"

"အံမာ ... ယောကျ်ားယူမယ်လို့ ဘယ်တုန်းကမှ မပြောဖူးဘူးနော်"

"ဘာလဲ ... မိန်းမပဲ ယူမှာလား"

"ဘယ်သူ့မှ မယူဘူး"

"မောင်သစ်ကလေးက မဆိုးပါဘူး၊ ဒီဆိုင်များ လာရမယ်ဆိုရင် ပြန်ကိုမပြန်ချင်တော့ဘူး"





မမစိမ်းက ဝင်စနောက်လိုက်တော့ လင်းလင်းလက် မျက်နှာကြီး ချက်ချင်းပုပ်သိုး မည်းတူးသွားကာ ...

"ဒါကတော့ ခင်ဗျားတို့က ညှော်ထောက်ခံနေတာကိုး။ လက်ဖက်သုပ်တွေ ချကျွေး၊ အအေးတွေတိုက်နဲ့ဆိုတော့ အဲဒီကောင် ဘယ်ပြန်တော့မလဲ။ လင်းလင်းက အဲဒီရုပ်ကြီးကို ဆွဲထိုးချင်နေတာ"

ရုတ်တရက် နွေရိပ်ချိုက စကားဝိုင်းထဲ ဝင်ပြောလိုက်သည်။

"နွေရိပ်ဆီမှာ ကိုကို့ပိုက်ဆံအိတ် ကျန်ခဲ့လို့ ဖုန်းဆက်ပြောလိုက်ဦးမယ်"

အားလုံး နွေရိပ်ချိုကို ပြိုင်တူကြည့်လိုက်ကြရာ ... နွေရိပ်ချိုမှာ အနည်းငယ် စိတ်မလုံသလို ဖြစ်သွားသည်။ သူငယ်ချင်းတွေက ကိုကိုနဲ့ နွေရိပ်ချိုရဲ့ပတ်သက်မှုကို မမေးကြပေမယ့် ကိုကိုနဲ့ နွေရိပ်ချိုကို ပြတ်သွားစေချင်ကြကြောင်း နွေရိပ်ချို ရိပ်မိပါသည်။

ကိုကို့ဆီကို ဆိုင်ဖုန်းဖြင့်ပင် ခေါ်လိုက်လေရာ ကိုကို့ရဲ့ ရှတတအသံဖြင့် ...

"ဟဲလို"

ဟု ထူးသံကို ကြားလိုက်ရသည်။ ဘာကြောင့်မှန်းမသိ အသံကြားရတာလေးကအစ နွေရိပ်ချို ရင်ထဲမှာ ကိုကို့ကို ချစ်စိတ်တွေ နိုးကြွလာစေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုကို ... နွေရိပ်ပါ"

"ဘာကိစ္စလဲ"

ကိုကို့လေသံ နည်းနည်းမာသွားတာကို နွေရိပ်ချို သတိထားမိလိုက်သည်။ သြော် ... ကိုကိုက ဖုန်းဆက်တာမကြိုက်ဘူး ပြောထားရက်နဲ့ ငါဆက်လိုက်လို့ ကိုကို စိတ်ဆိုးသွားပြီထင်တယ်။

"ကိုကို့ Wallet လေး ကျန်ခဲ့တယ် ကိုကို"

"ငါ သိပါတယ်"

"ဘယ်တော့ လာယူမလဲ"

အမှန်တော့ တစ်ပတ်ဆယ်ရက်မှ တစ်ခါလောက်လေး တွေ့ရတာကို အားမရနိုင်တာမို့ ကိုကို့နဲ့ ပိုများတွေ့ရမလား၊ ထပ်တွေ့ခွင့် ရမလားဆိုတဲ့ မျှော်လင့်ချက်နဲ့ နွေရိပ်ချို မေးတာပါ။

"ဒီရက်ပိုင်း မအားသေးဘူး"

"ကိုကို့အတွက် အရေးမကြီးဘူးလား"

"အရေးမကြီးဘူးရယ် မဟုတ်ပါဘူး၊ မအားသေးလို့ လာမယူနိုင်သေးတာလေ"

အထဲမှာ ကိုကိုနဲ့ ဏီလေး ဓာတ်ပုံ ပါနေတာကို အရေးမကြီးသလို လုပ်နေသဖြင့် နွေရိပ်ချို ကျိတ်ပြီးဝမ်းသာနေသည်။ ဒါဆို ကိုကိုဟာ ဏီလေးကို သိပ်အလေးအနက်ထားတာ မဟုတ်ဘူးပေါ့လေ။ ဒီဓာတ်ပုံပါနေလို့ အသည်းအသန်ကို ပြန်လာ





ယူတယ် ဆိုရင်တော့ ဒါ တော်တော့်ကို အလေးအနက်ထားလို့ပဲ ဖြစ်ရမယ်လို့ မှတ်ယူပါတယ်နော် ကိုကိုရယ်။

"ပိုက်ဆံလည်း သိပ်မှမပါတာ၊ ထားလိုက်ပါ"

"ကိုကိုနဲ့ ဏီလေး အမှတ်တရ ဆိုတဲ့ ပုံလေးတော့ပါတယ်"

ကိုကို အသံတစ်ချက် တိတ်သွားပါသည်။

"ငါ သိပ်မအားဘူး၊ နောက်မှ ဖုန်းဆက်မယ်"

ပြောပြောဆိုဆို ချက်ချင်းကြီး ပြန်ချသွားလေရာ နွေရိပ်ချို တစ်ယောက် ခပ်ကြောင်ကြောင်လေးရပ်ပြီး ဖုန်းခွက်ကို ဖြည်းဖြည်းပဲ ပြန်တင်ထားလိုက်ပါသည်။ နွေရိပ်က ကိုကို့ကိုတွေ့ချင်တာပါ ကိုကိုရယ်။ ဘာကြောင့် မတွေ့ရတာလဲ။

နွေရိပ်ချိုကို အကဲခတ်နေကြသော သူငယ်ချင်းတွေကတော့ နွေရိပ်ချို မျက်နှာမကောင်းလှတာကို မသိချင်ယောင်ဆောင်ပြီး နွေရိပ်ချို စိတ်ပျော်သွားစေဖို့ တခြားအကြောင်းအရာကို ပြောစပေးလိုက်ကြပါသည်။

"နွေရိပ် ... ဟဲ့ ... နွေရိပ် ... သိလား။ ငါ မင်္ဂလာဆောင်ရင် နင်က ဆံပင်ကျွမ်းကျင်တယ်ဆိုတော့ ဆံထုံးလှလှလေး ထုံးပေးဟယ်။ အားတဲ့တစ်ရက်ကျ ငါ့ကို ပုံစံအမျိုးမျိုး ထုံးကြည့်ပေး၊ ဘယ်ပုံနဲ့ အလိုက်ဆုံးလဲဆိုတာ ဝိုင်းအကြံပေးကြနော်"



www.burmeseclassic.com

www.burmeseclassic.com



နွေရိပ်ချိုမှာ အိပ်မက်မှ နိုးလာသူလိုပဲ ယောင်ဝါးဝါး ဖြစ်နေဆဲ။

"မမစိမ်းက လက်သည်း ခြေသည်း အလှပြင်ပေး"

"စိတ်ချ ... ဘာပုံလိုချင်လဲ"

"အဖြူမှာ ပန်းရောင်အသည်းပုံ ဖော်ပေးလိုက် မမစိမ်း ဒါမှ အချစ်ရဲ့သင်္ကေတ"

"အံမာ ... လင်းလင်းတို့က Romantic တွေ သိနေပြန်ပြီ"

"လင်းလင်းကတော့ ပိုးအိမ်ကို မနက်ဖြန်လို မင်္ဂလာဆောင်မယ်ဆိုရင် ဒီနေ့ ဆံပင်ကို ကောင်းကောင်းလေး လျှော်ပေးမယ်၊ ခေါင်းကို သေသေချာချာလေး ရေနွေးနဲ့လျှော်ပြီး နှိပ်ပေးမယ်၊ ဆံပင်ကို ပေါင်းပေးမယ်၊ ဒါ ငါ့ရဲ့အကောင်းဆုံးလက်ဖွဲ့ပဲ"

နွေရိပ်ချိုလည်း ရင်ထဲမှာ မကောင်းလှတာကို ဟန်ဆောင်ရယ်ပြရင်း ...

"နွေရိပ်က ဆံပင်တင် မကပါဘူး၊ ပိုးအိမ် ပန်ဖို့ပန်းကိုပါ လက်ဖွဲ့ပေးမှာပါ"

"အခုခေတ်က ခေါင်းမှာ ခရစ်စတယ်လ်ပန်းနိုင် ခွေပန်ကြတာ ခေတ်စားနေတယ်။ ဒါပေမဲ့ အမေကတော့ မကြိုက်ဘူး။ အခုခေတ် မိန်းမတွေက ပန်းလည်း ပန်ခဲ့ကြတယ်တဲ့။ ဒီတော့ ကိုယ့်မင်္ဂလာဆောင်မှာတော့ ဆံထုံးမှာ ပန်းလေးပန်မှ ကောင်းမယ်၊ ပန်းအစစ်ကို ပန်ပါတဲ့"





"ရတယ် ... ရတယ် ပိုးအိမ်ရယ်။ ပြောနေရမယ့် လူတွေမှမဟုတ်တာ။ ပန်းအစစ် ပန်ချင်လည်း ဝယ်ပြီးလက်ဖွဲ့မှာပေါ့။ ပိုးအိမ်က ဘယ်တော့လဲ ဘယ်တော့ဆောင်မှာလဲ"

"နောက်သုံးလလောက်မှပါ၊ အခုမှ သူတို့တွေ ဗေဒင်တွေ တွက်ကြ ချက်ကြဦးမယ်၊ ဗေဒင်ဆရာဆီက ရက်ရမှ အိုရိယမ်တယ်လ်မှာ ဒိတ်သွားယူရမယ်"

နွေရိပ်ချို မေးလိုက်တော့ ပိုးအိမ် တစ်ယောက် နည်းငယ် မဲ့ရွဲ့သွားပြီး ...

"အံမယ်လေး အတင်းအုပ်ရပါဦးမယ်၊ သူ့အမေက ထိုင်မသိမ်းတောင် လုံချည်တော့ ဝှားလိုက်ပါလား သမီးရယ်တဲ့၊ အပေါ်အင်္ကျီလေးပဲ ချုပ်ပါ၊ ပဝါလည်း ဝှားပါလုပ်နေသေးတာ"

ဟု ပြောလျှင် အားလုံး ဟင် ... ဟယ်တွေ ဖြစ်ကုန်ကြပါသည်။

"အမေက ပွဲနည်းနည်း ကြမ်းလိုက်တော့မှ အပိုင်ချုပ်ပေးပါ့မယ် ဖြစ်သွားတာ"

"အေးလေဟယ် ... မတတ်နိုင်ရင်တော့ ထားပါတော့။ တတ်နိုင်ရက်သားနဲ့ လိုက်လျော့နေတာတော့ မကောင်းပါဘူးနော်"



www.burmeseclassic.com

www.burmeseclassic.com



"ငါ သိတယ် နွေရိပ်ရဲ့။ သူ့အမေက သူတို့ပိုပြီး ကောင်းကောင်းဝယ်ဝတ်ပြီး ပွဲတက်ရအောင် ငါ့ဘက်ကို လိုက်လျှော့နေတာ။ ကြွားတာကလည်း ကြွားချင်သေးတော့ သူတို့ကလည်း အကောင်းစားတွေ ဝတ်ပြချင်သေးတယ်လေ။ ဒီတော့ ငါ့ပဲ ဟိုလျှော့ ဒီလျှော့ပေါ့"

"အခုတော့ နင့်အမေ ပွဲကြမ်းတာနဲ့ လျှော့လို့မရတော့ဘူး ... ဟီ ဟီ"

"နာမည်ကြီး ဒီဇိုင်နာတွေဆီ မအပ်နိုင်ပါဘူးဟယ်၊ ထိုင်မသိမ်း ချုပ်တယ်ဆိုတဲ့ ဆိုင်မှာပဲ အပ်လိုက်ရမှာပါ။ မင်္ဂလာအရောင် မရွေးရသေးပါဘူး။ သူတို့ ဒီနေ့ ဗေဒင်ဆရာဆီသွားမှ ရက်ကောင်းရော အရောင်ရော သိရမှာ"

ထိုစဉ် လမ်းမှာ ဥဒဟိုသွားလာနေကြသော လူများ ခေါင်းရွက်ဗျပ်ထိုး ဈေးသည်များထဲမှာ သူတို့အုပ်စု ဝယ်စားနေကြ၊ ကြာဆံကြော်သုပ် အသည်ကြီး ဖြတ်သွားလျှင် ...

"ဟယ် ... ဟယ် ... အဒေါ်ကြီး လာပြီဟဲ့၊ စားကြဦးမလား"

နွေရိပ်ချို အစားတော့မင်သည်။ စိတ်ညစ်နေတာတွေ ဘယ်လောက်ရှိရှိ၊ ကိုယ်ကြိုက်သော အစားအစာကိုတော့ မစားဘဲနေလိုက်တာမျိုး မဖြစ်စေရ။

"ခုနလေးတင် မုန့်လက်ဆောင်းတွေ သောက်ထားတာဟယ်၊ ဗိုက်နာနေဦးမယ်"





"ဒါဖြင့် မမစိမ်း မစားဘူးလား"

"အံမာ ... နင်တို့တောင်စားသေးတာ ငါကဘာလို့မစားရမှာလဲ"

"ဒါဆို ခေါ်လိုက်၊ ခေါ်လိုက် ဝေးသွားဦးမယ်"

လင်းလင်းလက် တစ်ယောက် သွက်သွက်လက်လက်နဲ့ ဆိုင်တံခါး ဖွင့်ပြေးထွက်ပြီး လက်ခုပ်တဖြောင်းဖြောင်းတီးကာ ဈေးသည်ခေါ်ပါသည်။ တိုက်ဆိုင်ချင်တော့ ကိုလက်ကာသည်း ကားပါကင်ဝင်ပြီးကာစ ဖြစ်လေရာ လင်းလင်းလက် ဈေးသည်ထွက်ခေါ်တာတွေ့လျှင် ကားထဲကထွက်ပြီး သူ့ဆိုင်ရှိရာဘက် လမ်းကူးသွားလိုက်ဖို့ကို ဝန်လေးသွားတော့သည်။

ကိုယ် မင်းမျက်နှာလေးကို ထပ်တွေ့ချင်နေတာ နွေရိပ်ချိုရယ်။ ခဏလောက် ငေးပါရစေ။

ကိုလက်ကာသည် သူ့အတွေးနဲ့သူ ကားထဲကထွက်ပြီး အကြောင်းမရှိ အကြောင်းရှာကာ ကားရှေ့ဘောနက်ကိုဖွင့်ပြီး ကြောက်ရှိက်နေသည်။ ကိုလက်ကာ မျှော်လင့်တဲ့အတိုင်းပင် ကာဝင်မလေးတစ်သိုက် ဈေးသည်နား အုံနေလျှင် ကိုလက်ကာမှာ နွေရိပ်ချိုကိုခိုးကာ ခိုးကာ ကြည့်၍မဝတော့။

"အဒေါ်ကြီး ကြာဆံသုပ်က ဘာဆေးထည့်ထားလဲ မသိဘူး၊ နေ့တိုင်း မစားရ မနေနိုင်ဘူး။ စွဲနေပြီ"



www.burmeseclassic.com

www.burmeseclassic.com

နွေရိပ်ချို အသံစာစာလေး ကြားရတော့ (ခပ်သဲ့သဲ့ ကြားရတာပါ) ကိုလက်ာ ကျိတ်ပြုံးမိသည်။ နေ့တိုင်း ဒီဈေးသည် တစ်သည်ပဲ စားတာကျနေတာပဲ။ တစ်နေကုန်လာတဲ့ ဈေးသည် တွေရဲ့ ဖောက်သည်ကိုဖြစ်လို့ ပုံမှန်ဝယ်စားနေတာများ။

"စပ်စပ်လေး သုပ်ပေးပါ၊ မစပ်ရင် အရသာမရှိဘူး"

ကျွတ် ... အစပ်တွေ နင်းကန်စားပြီး ဒုက္ခများကုန် တော့မှာပဲ။ ဒီကောင်မလေးဟာ ...။ ကိုလက်ာ အလိုလိုစိတ်မှ ကာ လည်ပင်းကြီးလိမ်ပြီး သေသေချာချာ စိုက်ကြည့်မိလိုက်သည်။

ဒါကို မမစိမ်း အရင်မြင်ကာ ...

"ဟဲ့ ... ဟဲ့ ... ဟိုလူ ကြည့်နေတာများဟယ်။ ခေါ်တော ကြည့်ကြီးဟဲ့၊ ကြည့်ပါဦး"

ဟု အားလုံးကို လက်တို့ပြီး စပြောတော့သည်။ အားလုံးရဲ့မျက်လုံးတွေဟာ ကိုလက်ာ့ဆီ ဒိုင်းခနဲ ကြည့်လိုက်သလို ဖြစ်သွားလေရာ ကိုလက်ာမှာ သူ့အမှားသူ သိလိုက်ပြီး ချက်ချင်း ခေါင်းကြီးလှည့်၊ ကားစက်ထဲကုန်းကာ နှိုက်နေမိတော့သည်။

"ဟီ ဟီ ဟီ ... သေချာတယ်၊ အဲဒါ နွေရိပ်ကိုကြည့်တာ။ သူနဲ့နွေရိပ်ပဲ ဇာတ်လမ်းရှိတာလေ"

"အဲမာ ... ဘာဇာတ်လမ်းလဲ၊ ပိုးအိမ်နော်"

"ဟိုတလောက အန်တီလီလီကြောင့် ဇာတ်လမ်းစသွားတာ မဟုတ်လား"





"ငါ့အထင်တော့ ဒီလူနွေရိပ်ကို အရင်တည်းက သိပြီး ကြိုက်နေတဲ့ပုံဟဲ့"

မမစိမ်းက ဝေဖန်ပါသည်။ မီးများမီးနိုင် ရေများရေ ...ပုံစံမို့ မိန်းမလေးယောက် စုပြုံကြည့်၊ ဝေဖန်ခံရသူ ကိုလက်ာ ...ခေါင်းကိုမဖော်တော့။ မိန်းမတွေ ပြောသံကလည်း ခပ်တိုးတိုး ...မဟုတ်။ ပေါ်တင်ပဲ ကျယ်ကျယ်လေး ပြောလေရာ အရှက် ...သော၊ သိုသိပ်သော၊ မျိုသိပ်နိုင်လွန်းသော ကိုလက်ာမှာ နေ ...မရှိတော့။

"ကြိုက်ရင်လည်း လာပြောပေါ့။ အဲဒီလို အုံ့ပုန်းဖြစ်နေလို့ ကတော့ သူများနောက် ပါသွားမယ်"

လင်းလင်းလက်မှာ နွေရိပ်ချိုရဲ့အမည်မသိ "ကိုကို" ...သူကို အမုန်းဆုံးတစ်ယောက် ဖြစ်လေရာ ကိုလက်ာဟာ ...ရိပ်ချိုရဲ့ ကယ်တင်ရှင်လို့ပင်မြင်လျက် ဒီလူနဲ့ နွေရိပ်ချိုကို ...သွားစေချင်သောစိတ်ဖြင့် တမင်ပဲ စိန်ခေါ်သလို အော်ပြော ...ိုက်သည်။ နွေရိပ်ချိုက စိတ်တွေတိုပြီး လင်းလင်းလ... ပါးစပ် ... အတင်းလိုက်ပိတ်တော့သည်။

အသုပ်သည် အဒေါ်ကြီးလည်း မိန်းကလေးတွေ ...ား ရယ်မောဈေးရောင်းရင်း ကိုလက်ာ့ကိုလည်း လှည့်ကြည့် ...ိုက်သေးလေသည်။ ကိုလက်ာမှာ မိန်းမငါးယောက်ရဲ့မျက်လုံး ...တွေကို ခေါင်းကိုအငုံ့သား ခံယူနေရသူ ဖြစ်နေပါသည်။


www.burmeseclassic.com

www.burmeseclassic.com

ချေးသည်ထွက်သွားမှပဲ မိန်းကလေး လေးယောက်တို့ ဟီးဟီးဟားဟားတွေ ရယ်မောရင်း ဆိုင်ထဲဝင်၊ ဒီတော့မှ ကိုလက်ာလည်း သေသေချာချာ လှုပ်ရှဲပြုရဲ ခေါင်းမော့ရဲ၊ တစ်ဖက်လမ်းကို သုတ်ခြေတင် ကူးရဲတော့သတဲ့။





# အပိုင်း(၂)

www.burmeseclassic.com

www.burmeseclassic.com





# ၇

"အင်္ကျီမှာထည့်တဲ့ ခရစ်စတယ်လ်လေးတွေ၊ စီးကွင့်ဆော် ကြယ်လေးတွေ၊ စိန်လေးတွေ၊ ဖန်ချောင်းလေးတွေ ကိုယ့်ဘာသာဝယ်ပြီး ဆိုင်ကိုပေးရင် ပိုသက်သာတယ်တဲ့ဟယ်။ ဒါကြောင့် စက်ဆိုင်ကို ခွင့်တောင်းပြီး ကိုယ့်ဘာသာ ဝယ်လာပေးချင်တာဘဲ ရမလားဆိုတော့ ရတယ်ဆိုတာနဲ့ ငါ သွားဝယ်ရမယ်"

ပိုးအိမ်က နွေရိပ်ချိုကို အသိပေးတော့ ကျန်တဲ့နှစ်ယောက်ကပါ စိတ်ဝင်စားကြလေသည်။ ဆံပင်ညှပ် အလှပြင်ဆိုင်မှာ တနင်္လာတစ်ရက်တော့ ပိတ်ရက်ယူထားသဖြင့် ဒီတနင်္လာမှာ အားသောကြောင့် ပိုးအိမ် သွားဝယ်မယ် ပြောလျှင် ...

"ဟယ် ... ငါတို့လည်း လိုက်ချင်တယ်၊ အဲဒါလေးတွေ လိုက်ရွေးချင်တယ်ဟယ်၊ ငါလည်း ဓာတ်လမ်းရိုက်နေရတော့ အဝတ်အစားချုပ်ရင် လိုတဲ့နေရာလေးတွေထည့်ဖို့ ဝယ်ထားချင်တယ်"

မမစိမ်းက ပြောလာသည်။

"ငါကတော့ ကိုယ့်ဘာသာ Hand Made လေးတွေထွင်ပြီး ဖန်စီဆိုင်မှာ စသွင်းချင်လို့၊ ခရစ်စတယ်လ်တို့ ဖန်ချောင်းတို့ ဝယ်ချင်တယ်၊ ဟန်းချိန်း၊ ဖုထ်ချိန်း၊ ဆွဲကြိုးလေးတွေပေါ့ လုပ်ချင်နေတာ၊ အတော်ပဲ ပိုးအိမ် သွားရင်လိုက်မယ်"

လင်းလင်းလက်က သူ့စိတ်ကူးကို အခုမှ ထုတ်ပြောကာ အတူလိုက်ဖို့ ပြင်သည်။ ဒီတော့ ကိုယ်ပိုင်ကားရှိသော နွေရိပ်ချိုလည်း စိတ်ဝင်စားလာပြီး ...

"သုံးယောက်လုံး သွားမှတော့ နွေရိပ်က ဘာလို့မလိုက်ဘဲ နေရမှာလဲ။ လိုက်မှာပေါ့။ နွေရိပ်ကားနဲ့ သွားကြမယ်လေ"

ဟူ၍ ကားလိုက်မောင်းပို့ပေးဖို့ အလိုလို သဘောတူပြီးသား ဖြစ်သွားပါသည်။

ဒါနဲ့ လေးယောက်သားချိန်းပြီး တနင်္လာဆိုင်ပိတ်ရက်မှာ ဗိုလ်ချုပ်ဈေးထဲပတ်ဖို့ လူစုကြသည်။ နွေရိပ်ချိုက တစ်ယောက်ချင်းလိုက်ခေါ်မယ် ဆိုပေမယ့် သူငယ်ချင်းတွေက လက်မခံဘဲ မမစိမ်း အိမ်မှာ စုစည်းပြီး ရောက်နေကြဖို့ စီစဉ်သည်။





www.burmeseclassic.com

www.burmeseclassic.com

လေးယောက်သား ကားတစ်စီးဖြင့် ထွက်လာကြသောအခါ မမစိမ်း သားအကြီး ရဲရဲက အမေကို စိတ်ကုန်သလိုကြည့်ရင်း အိမ်တံခါးပိတ်ကာ ကျန်ခဲ့လေသည်။

"မမစိမ်းသားက လူချောလေးပဲ၊ ရုပ်ကလည်း ခပ်တည်တည်ကြီးနဲ့"

"အံမယ်လေး ... အမေကို မကြည့်နေတာ၊ သူ့စိတ်ထဲငါက အသက်သုံးဆယ်ကျော်ကြီးနဲ့ ဣန္ဒြေရရ မနေနိုင်ဘဲ အသက်အစိတ်တွေနဲ့ပေါင်းပြီး နန့်တယ် ထင်နေတာ"

"အခု တီဗီဇာတ်လမ်းတွဲတွေ ရိုက်တော့ရော ဘာပြောလဲ"

"ဘာမှမပြောပေမယ့် သူ့သူငယ်ချင်းတွေ သိမှာ စိုးရိမ်နေပုံရတယ်၊ အမေကို မျက်နှာချင်းဆိုင် လမ်းတွေ့ရင်တောင် မသိချင်ယောင် ဆောင်သွားလေရဲ့။ သူ့သူငယ်ချင်းတွေ ပါတော့ ငါ့ကို သူ့အမေမှန်း သိသွားမှာ စိုးပုံရတယ်၊ ငါကလည်း အခုတလော ဟိုပါ ဒီပါ ဆိုတော့ ဘာမှသာမဟုတ်တာလေ။ လူတော်တော် မှတ်မိနေပြီဟဲ့"

"ဟုတ်တယ် ... ဟုတ်တယ်၊ ဇာတ်ပို့ ဇာတ်ရံ လုပ်တဲ့သူတို့၊ ရုပ်ရှင်ထဲ ခဏ ခဏ ပါရတဲ့သူတို့ဆိုရင် လူတွေက အပြင်မှာ မှတ်မိတာ ခံရတယ်၊ မမစိမ်းကလည်း အဲဒီလိုဖြစ်ချင်တာကိုး"





"ကောင်မတွေ ငါ့ကို အပြစ်မတင်နဲ့၊ ငါက ဝါသနာကို ပါတာ၊ ပေါ်ပြူလာ ဖြစ်ချင်လို့ မဟုတ်ဘူး။ ဟိုကားထဲမှာ အစ်မ သရုပ်ဆောင်လိုက်တာလေးက ဘယ်လိုဆိုတာမျိုး လာပြောရင် ပိုက်ဆံရရ၊ မရရ သိပ်ကြည်နူးတာ"

စကားတွေကလည်း ရေပက်မဝင်အောင်ပြော၊ နွေရိပ်ရှိုကလည်း ကားကက်ဆက်ထဲမှာ အင်မတန်ဆူညံလှတဲ့ သီချင်းကိုဖွင့်လေရာ အားလုံးဟာ သီချင်းသံကိုလွှမ်းအောင် အော်ပြောနေရတော့သည်။ သီချင်းကို တိုးလိုက်ဖို့ ဘယ်သူ့မှလဲ စိတ်မဝင်စား။

သီချင်းက ဆူဆူ၊ လူတွေက အော်ကျယ် အော်ကျယ်ပြော။ နွေရိပ်ရှို့ ကားကလည်း ဟောင်းသဖြင့် အဲယားကွန်းလည်း မနိုင်။ ဖွင့်ရင် ကားက ရွေ့ကိုမရွေ့တော့။ ဒါကြောင့် အဲယားကွန်းဖွင့်ထားသဖြင့် ကားမှန်တွေလည်း အကုန်ချမောင်းရလေရာ သီချင်းသံကျယ်ကျယ်၊ မိန်းမချောလေးယောက်ရဲ့ စကားသံကျယ်ကျယ်တွေဟာ အေးကကားတွေ ကြည့်ချင်စရာ၊ သတိထားမိစရာ ဖြစ်နေတော့သည်။

ရေစက်ပါတယ်ပဲ ပြောရမလား မသိ။ မီးပွိုင့်တစ်ခု မီးနီလို့မိတော့ ကိုလက်ာ ကားက အေးချင်းကပ်ရပ်လမ်းကြောင်းမှာ ဝင်ရပ်မိလိုက်သည်။ ဒီကား ဒီနံပါတ် မြင်ကတည်းက နွေရိပ်ရှိုကားမှန်းသိပြီး နောက်က ကြည့်လာလေရာ အေးချင်းက


www.burmeseclassic.com

www.burmeseclassic.com



လည်း ရပ်မိရော ကိုလက်ာ့ခေါင်းကြီး ဒီဘက်လည့်နေတာ မိးပွိုင့်ရှိရာရှေ့ကိုပင် ပြန်မလှည့်တော့။

"ဟော့ကောင် ... လက်ာ၊ ပြန်ကောက်တင်ဦး"

ဘေးမှာပါလာသော သူငယ်ချင်း မင်းဇော်က လှမ်းနောက်လိုက်သည်ကို ရုတ်တရက် အထာမပေါက်သေးဘဲ ...

"ဟင် ... ဘာလဲ ... ဘာလဲ ... ဘာကျသွားလို့လဲ"

"မျက်လုံး ... မျက်လုံး၊ မင်းမျက်လုံးတွေ ကျွတ်ကျကုန်လို့ ပြန်ကောက်တင်ဦး ပြောတာ"

"အဟားဟား"

"အကုန်လုံးလှတယ်၊ ဟ ... ဟိုတစ်ယောက်က တစ်မျိုးပါလား၊ ယောကျ်ားလျာ ဒီဇိုင်းနဲ့"

"ငါနဲ့ မျက်နှာချင်းဆိုင် တစ်ဖက်လမ်းက အလှပြင်ဆိုင်က မိန်းကလေးတွေလေ"

"ဟုတ်ရဲ့လားကွာ၊ မင်းပုံစံက အသိမို့ ကြည့်တဲ့ပုံမပေါ်ဘဲ တစ်စုံတစ်ယောက် အင်း ... ငါ့စိတ်အထင် ပြောရရင် ကားမောင်းတဲ့တစ်ယောက်ကို ပိုပြီးကြည့်သလားလို့"

ကိုလက်ာ ရှက်ပြီးရယ်နေသည်။ ထိုအချိန်မှာ မီးက စိမ်းသွားပါသည်။

"ဟော့ကောင် ... မောင်း ... မောင်း ... အဲဒီကားနောက်က လိုက်မောင်းလေကွာ"



"ဘာလုပ်မှာလဲကွာ၊ သူတို့ဘာသာ သွားပါစေ"

"ကျွတ် ... ဒါကြောင့်လည်း မင်းမစွံတာ။ ယောကျ်ားဆိုတာ ကြိုက်ရင် မြို့မနေရဘူး။ ကြိုက်ရင်လိုက်။ ဖွင့်ပြောဒါ ယောကျ်ားတို့အလုပ်ပဲ"

သူငယ်ချင်း အတင်းတိုက်တွန်းလို့ လိုက်မောင်းမိသော ကိုလက်ာမှာ ဘာကိုကြောက်မှန်း၊ ရှက်မှန်းမသိ တုန်ယင်ချောက်ချားနေသတဲ့။

ကိုလက်ာ့ကို မှတ်မိသော အုပ်စုကလည်း သူတို့ဘာသာ ကားထဲ ဟီးဟီး ဟားဟားတွေ ရယ်ရင်း ...

"ပါလာပြီ ... ပါလာပြီ ... နွေရိပ်ရေ"

"အဲမာ ... လဲသေလိုက်ပါလား။ သူ့လိုလူမျိုး ပြန်ကြိုက်စရာလား"

နွေရိပ်ချို့ မကျေမနပ်လေး ရေရွတ်ပြီး စိတ်ရှုပ်နေသည်။ သူငယ်ချင်းတွေက ဘာကြောင့်များ ဒီလူနဲ့ကျမှ တွန်းပို့သောက လုပ်ချင်ကြရသလဲ မသိ။

ဗိုလ်ချုပ်ဈေးထဲ ကားဝင်၊ ပါကင်ရှာပေးသူနောက်ဘီးလိုမ့်လိုက်မောင်း၊ ကားပါကင်ရတော့ ပါကင်ဝင်ပြီး ကားထဲက လေးယောက်သား ထွက်ရပ်တော့ ကိုလက်ာ တစ်ယောက်ကားသာ ဘေးကဖြတ်မောင်းသွားသော်လည်း ခေါင်းကြီးငုံ့ ရှေ့ကြည့်ပြီး နွေရိပ်ချို့ကို ခပ်ရဲရဲပင် မကြည့်ဘဲ မောင်းပြေးလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ပါကင်ဝင်ပြီး နောက်က တကောက်ကောက်လိုက်လာမယ် ထင်နေတာကွယ်၊ အခုတော့ သူက မောင်းပြေးပြီ"

"မမစိမ်းနော် ... နွေရိပ် အဲဒီလူကို မကြိုက်နိုင်ပါဘူးဆိုနေ။ ဘာလို့ တသသ ဖြစ်နေရတာလဲ"

"စိတ်ကူးမမှားနဲ့ နွေရိပ်ရေ၊ အသက်သုံးဆယ်အရွယ်၊ ပိုက်ဆံအသင့်အတင့်ပြည့်စုံ၊ ရုပ်ရည်ပြေပြစ်သော ယောကျ်ားလူပျိုဆိုတဲ့ အချက်တွေဟာ မိန်းကလေးတစ်ယောက်အတွက် ခေါင်းထဲထည့်ပြီး စဉ်းစားသင့်ဆုံးသော အချက်တွေပဲ"

နွေရိပ်ချို သိပါသည်။ ဒီအုပ်စုက နွေရိပ်ချိုအပေါ် မရေမရာနဲ့ အတည်ပဲတွဲမလိုလို၊ အပျော်ပဲတွဲမလိုလို သဘောရှိတဲ့ ကိုကို့အပေါ် မကြည်လင်ကြဘဲ တခြားသော ယောကျ်ားတစ်ယောက်နဲ့ နွေရိပ်ချိုကို အောင်သွယ်ပေးချင်ကြမှန်း သိပါရဲ့။ ဒါပေမဲ့ နွေရိပ်ချိုမှာက အတိတ်ဘဝက ဝဋ်ကြွေးများ ကိုကို့အပေါ် ရှိခဲ့သလား မသိ။

ကိုယ့်ကို အရေးမထားမှန်း သိသိကြီးနဲ့ ချစ်နေချင်ခဲ့တဲ့ မိုက်မဲသူတစ်ယောက် ဖြစ်နေခဲ့တာပါ။

ဈေးမှာ အရင်ဆုံး ပိုးအိမ် ဝယ်နေကျကတ္တီပါဖိနပ်ဆိုင်တွင် ပုံတော်ဖိနပ်မှာသည်။ ပြထားသော ဒီဇိုင်းတွေထဲက စီးကွင်းလေးတွေ စီခြယ်ထားသော ပုံစံတစ်ခုကို ကြိုက်ပြီးအပ်ပါ





[illegible]။ တစ်ယောက်က ကတ္တီပါဖိနပ်ဆိုင်ဝင်တော့ ကျန်တဲ့သုံး[illegible]က်ပါ အလိုလိုနေရင်း ကတ္တီပါဖိနပ်ဝယ်ပြီးသား ဖြစ်သွား[illegible]ပါသည်။ မမစိမ်းက ကတ္တီပါဒေါက်ဝယ်သည်။ နွေရိပ်ချိုက [illegible]ပါး ပုံတော်တစ်ရန်၊ လင်းလင်းလက်က ယောကျ်ားစီးရှား[illegible]င်ကတ္တီပါနဲ့ ပိုးအိမ်ကပါ ရောယောင်ပြီး ကတ္တီပါအုပ်လုံး[illegible]ဖိနပ်အပါးတစ်ရန် ဝယ်လိုက်သေးသည်။

ပြီးတော့ ... ဟိုငေးဒီငေး၊ ဟိုဝင်ဒီဝင်၊ ဟိုဆိုင်ငေး[illegible]ဆိုင်ဝင်ကြည့် ဝယ်တာနည်းနည်း ငေးတာများများ Window [illegible]opping လုပ်ကြသည်။ ဒီကြားထဲ မမစိမ်းက ဗီဒီယိုတွေထဲ[illegible]ပါ ဒီပါ အခုခေတ်စားနေတဲ့ မြန်မာတီဗီဇာတ်လမ်းတွဲထဲလည်း[illegible]နေရာ တကယ့်မင်းသမီးကြီး မဟုတ်ပေမယ့် လူတွေကမျက်မှန်း[illegible]န်းမိပြီး သိကုန်ကြလေရာ ...

"ဟယ် ... မြစိမ်းမေပါလား၊ အပြင်မှာငယ်ပြီး ချောတယ်နော်"

ဆိုတဲ့ အသံသဲ့သဲ့ ကြားလိုက်ကြား။

"မြစိမ်းမေနော် အစ်မငယ်ငယ်က မင်းသမီး စလုပ်ခါစကကားတွေကြည့်ဖူးပြီး သိနေပါတယ်။ အခုမှ အကြာကြီးနားပြီး ပြန်ရိုက်တာ တွေ့တယ်။ အစ်မလှတုန်း ငယ်တုန်းပဲဟာ ဘာလို့ မင်းသမီးမလုပ်လဲ။ ဇာတ်ပို့နေရာက ဝင်ရိုက်နေတာ တွေ့လို့"



www.burmeseclassic.com

www.burmeseclassic.com



ဆိုတာမျိုး မိန်းကလေးတချို့ လာမေး၊ လာပြော အံမယ် ... အော်တိုဂရပ်(ဖ်)လေးတွေပါ ရေးခိုင်းလိုခိုင်းကလည်း တစ်ယောက်စ နှစ်ယောက်စ။ သရုပ်ဆောင် အနုပညာသမားဆိုတာ က ဘယ်နေရာကပဲ ပါရပါရ လူချစ်လူခင်များပြီး မျက်နှာလည်း ပွင့်လှလေရာ မမစိမ်းတစ်ယောက် အပျိုတွေထက်မှင်စွဲပြီး ပွင့်သလိုတောင် ဖြစ်နေသည်။ ဟိုလူကကြည့်၊ ဒီလူကြည့်နဲ့ အကြည့်ခံရဆုံးမှာ မမစိမ်း ဖြစ်နေတော့သည်။

"ဒါကြောင့် မမစိမ်းက ရုပ်ရှင်ထဲ ပါချင်တာကိုး၊ သဘောပေါက်တော့တယ်ဗျာ"

လင်းလင်းလက်က မမစိမ်းကိုကြည့်ပြီး ဝေဖန်သည်။ မမစိမ်း မျက်နှာမှာ ပီတိကိုစားပြီး အားတွေရှိနေလိုက်တာ ဘယ် လိုအမူအရာမျိုးပါဟုပင် ဝေဖန်ရခက်တဲ့မျက်နှာ ဖြစ်နေသည်။

ဆိုင်တွေငေးလို့ ကုန်တော့မှ မူလလာရတဲ့ ရည်ရွယ် ချက်ဖြစ်သော ပိုးအိမ်ရဲ့သတို့သမီးဝတ်စုံမှာထည့်ဖို့ ခရစ်စတယ် ဘာညာရောင်းသောဆိုင်ဆီ ချီတက်ကြသည်။ ပိုးအိမ်ရွေးသည် အားလုံးကလည်း ကိုယ့်စိတ်ကူးနဲ့ကိုယ် ရွေးနေကြစဉ် ...

"ကိုကိုရေ ... ဏီလေး dress မှာထည့်ဖို့ ကျောက်လေးတွေ ဝယ်ရင်ကောင်းမယ်"

နွေရိပ်ချိုသည် ကိုယ့်အတွေးနဲ့ကိုယ် ငုံ့ရွေးနေပေမယ့် ကိုကိုဆိုသော ခေါ်သံ ဏီလေးဆိုသော နာမ်စားသုံးသံတွေကြောင့် အလိုလို မော့ကြည့်မိပြီးသား ဖြစ်နေပါသည်။ ဟင် ... ကိုကို





နွေရိပ်ချို ရင်ထဲမှာ အကျယ်ကြီး ခေါ်လိုက်မိ၏။ ကိုကိုကလည်း နွေရိပ်ချိုကို မြင်သည်။ သို့သော် အမူအရာတစ် ချက်မှ မပျက်ယွင်း။ ဂရုပင်မစိုက်ဟန်ဖြင့် ဏီလေး၏လက်ဖဝါး ကိုသာ ကျစ်နေအောင် ဆုပ်ကိုင်ထားခဲ့သည်။ ဏီလေး ... ဏီလေး။ သော်တော့ကို ချစ်စရာကောင်းပြီး စွဲမက်စရာရုပ်လေးနဲ့ပဲ။ ရုပ် လေးက သိပ်ကြီးလှပကြော့ရှင်းနေတာမဟုတ်ပေမယ့် ဘယ်လိုလေး မှန်း မသိ။ အသည်းတယားယားနဲ့ ချစ်စရာ၊ စွဲမက်စရာကောင်း တဲ့ ပုံစံမျိုးလေး ဖြစ်နေသည်။ တချို့မိန်းကလေးတွေမှာ ရှိတယ် လေ။ ရုပ်က သိပ်ပြီးလှနေတာ မဟုတ်ပေမယ့် ယောကျ်ားလေးတွေ စိတ်ဝင်စား သဘောကျခံရပြီး စွဲလမ်းနေရစေတဲ့ ပုံစံမျိုးလေးတွေ လိုပေါ့။ ဏီလေး ရုပ်ကလည်း အဲဒီလိုမျိုး။

နွေရိပ်ချိုနဲ့ယှဉ်ရင် တစ်ယောက်တစ်မျိုးစီ ဆွဲဆောင် ရှိသော ရုပ်ရည်ပိုင်ရှင်တွေပေမဲ့ နွေရိပ်ချိုမှာ ဏီလေးကို လုံးဝ မယှဉ်နိုင်တဲ့ အချက်ကတော့ ကိုကိုက ဏီလေးအပေါ် တကယ်ပဲ အလေးထား မြတ်နိုးနေခဲ့ခြင်းပါပဲ။ ကိုကို ကြည့်တဲ့ အကြည့်တွေ နဲ့တင် သိသာနေတယ်။ ကိုကိုရယ် ဘာသဘောလဲ။

"အကျီက ဒီဇိုင်နာကို အပ်လိုက်ရင် သူပဲအကုန်ပြင်ဆင် ပေးတာဆို။ ဘာလို့ ဒါတွေဝယ်တော့မလဲ"

"ပွဲမှာဝတ်မယ့် ဝတ်စုံအတွက် မဟုတ်ပါဘူး။ ဏီလေး ဘာသာ ဒီလိုပဲ ဒီဇိုင်းထွင်ပြီး ဝတ်ချင်လို့ပါ ကိုကိုရဲ့။ ခဏလေးပါ။ ဏီလေး ရွေးရင် ခဏပါပဲ"



www.burmeseclassic.com

www.burmeseclassic.com



မမစိမ်း၊ လင်းလင်းလက်နဲ့ ပိုးအိမ်တို့ကတော့ ဒီစုံတွဲထဲမှာပါတဲ့ "ကိုကို"ဆိုတာဟာ နွေရိပ်ချိုရဲ့ ကိုကိုမှန်းမသိကြ၊ ကြည့်ကောင်းပြီး လိုက်ဖက်သော စုံတွဲလေးမို့ အသာငေးလိုက်ကြပေမယ့် နွေရိပ်ချိုရဲ့မျက်နှာအမူအရာတွေကို သတိထားမိလိုက်တဲ့ အခါမှာတော့ ဘာများလဲ၊ ဘယ်လိုများ ပတ်သက်နေလို့လဲ ဆိုသော စူးစမ်းမှုဖြင့် ထိုစုံတွဲကို အသေအချာ ကြည့်နေမိကြတော့သည်။

"ဟယ် ... ဒါ ဘယ်သူရွေးထားတာလေးတွေလဲ၊ လှလိုက်တာ"

ဏီလေးက မသိဘဲ နွေရိပ်ချို ရွေးထားတဲ့ ခရစ်စတယ်လ်ရောင်စုံလေးတွေကို လာကြည့်ပြီး ရင်းနှီးဖော်ရွေစွာ မိတ်ဖွဲ့သောအသံဖြင့် မေးလိုက်လေသည်။

"ယူ့ ... ခရစ်စတယ်လ်လေးတွေလား"

နွေရိပ်ချိုကို ကြည့်ကာ ထပ်မေးလျှင် နွေရိပ်ချိုက မရယ်မပြုံး မျက်နှာဖြင့် ဖြေလေသည်။

"ဟုတ်တယ်"

"ကိုယ့်ဘာသာ ဒီဇိုင်းထွင်ပြီး ဆိုင်ကိုပြမှာလား၊ ဒါမှ မဟုတ် ဆိုင်က ဒီဇိုင်းနာကိုပဲ ကျောက်တွေပေးပြီး ထွင်ခိုင်းမှာလား"





"တို့ဘာသာပဲ ဒီဇိုင်းထွင်ကြည့်မှာပါ။ တို့အပ်မယ့်ဆိုင်က နာမည်ကြီး ဒီဇိုင်းနာလည်း မဟုတ်ပါဘူး၊ ရိုးရိုးဆိုင်ပါ"

ဖော်ရွေမှု သိပ်မရှိဘဲ ခပ်တည်တည်ကြီးပြောသော နွေရိပ်ချိုကြောင့် ဏီလေးလည်း ဘာမှဆက်မပြောတော့ဘဲ သူမဘာသာ ရွေးလည်းရွေး၊ နှုတ်ဖျားမှလည်း တစ်ချိန်လုံး ကိုကို ဒါလေးလှလား။ ဒါလေးကောင်းလား။ ဒါလေး ဘယ်လိုနေလဲ။ ဒီအရောင်လေး ကြိုက်လားနဲ့ တဖွဖွ မေးနေလေရာ နွေရိပ်ချိုမှာ နားထောင်နိုင်စွမ်း မရှိတော့သလို ဖြစ်လာသည်။

"လင်းလက်တို့ ဆက်ရွေးချင်ရွေးနော်၊ ငါ ဟိုဘက်နားက ဆိုင်မှာ သွားငေးလိုက်ဦးမယ်"

နွေရိပ်ချို ချက်ချင်း ကောက်ထသွားသောအခါ ကျန်သုံးယောက်ပါ မနေသာတော့ဘဲ ခပ်မြန်မြန်ပင် ထလိုက်သွားရပါသည်။

ငိုချတော့မလို မျက်နှာနဲ့ ရှိနေသော နွေရိပ်ချိုကို တစ်လှည့်၊ ကျန်ခဲ့တဲ့စုံတွဲကို တစ်လှည့် သူတို့ အသာအာ ကြည့်လိုက်ကြပြီးသောအခါ တစ်စုံတစ်ရာကို အလိုလို နားလည်သဘောပေါက်လို့ ရသွားပါသည်။ နွေရိပ်ချိုကို ဝိုင်းလက်တွဲလိုက်ကြပြီး ...

"အဲဒီလူဟာ နင့်ရဲ့ကိုကိုလား"



www.burmeseclassic.com

www.burmeseclassic.com

## ၈

နွေရိပ်ချို ငိုပြီးရင်ဖွင့်လို့ဝတော့ မမစိမ်းက ကြင်နာစွာပင် တစ်ရှူးဖြင့် မျက်ရည်တွေ၊ နှပ်တွေ သုတ်ပေးရင်း ...

"တို့တွေလည်း အစတည်းက ရိပ်မိပါတယ်ဟယ်။ နွေရိပ်ကို အဲဒီလူ သိပ်ဥပေက္ခာပြုလွန်းပြီး မရှိခဏသုံး သဘောမျိုး အပျော်လာလာတွဲနေတာကို ရင်ထဲက မချိဘဲ ကြည့်နေရတာပါ"

ဟု ပြောပါသည်။

"ငါကတော့ နွေရိပ် ကြိုက်ကြိုက် မကြိုက်ကြိုက် အဲဒီလူရဲ့ ကားကို ချောင်းပြီး အုတ်ခဲနဲ့ ထုချင်နေတယ်"

"သူတို့က သိပ်ချမ်းသာတာဟဲ့၊ ကားကို အုတ်ခဲနဲ့ထုခံရတာလောက်တော့ မမှုဘူး"

"ဒါဖြင့် လူကိုပဲ ခဲနဲ့ထုမယ်"





ပိုးအိမ်မှာ အားလုံးထဲမှာဆိုရင် နွေရိပ်နဲ့အရင်းနှီး အခင်ဆုံး ဖြစ်လေရာ နွေရိပ် မျက်နှာလေးငယ်ပြီး ဆွေးညှိုးနေတော့ နေလို့မရ။ မကြာခင် ချစ်သူနဲ့မင်္ဂလာဆောင်ရတော့မယ့် အပျော်တွေတောင် ဘယ်ရောက်သွားမှန်းမသိ။

"ဒါကြောင့် ငါတို့က နင့်ကို ကိုလက်ာနဲ့ join နေကြတာပေါ့။ အဲဒီလူနဲ့ပြတ်ရင် ပြီးရောဆိုပြီး ဝိုင်းတွဲစနေကြတာ။ တကယ်တော့ ကိုယ်ကသာ ချစ်နေရတဲ့ အချစ်က မကောင်းဘူး။ ကိုယ့်ဘက်က အရှုံးကြီးပဲ။ သူက ကိုယ့်ကို အရင့်လာချစ်ပြီး ဖူးဖူးမှုတ်ထားမယ်ဆိုရင် ဘယ်လောက်နေပျော်လိုက်မလဲ။ စဉ်းစားကြည့်"

ပိုးအိမ်က ပြောသောအခါ နွေရိပ်ချိုက ခေါင်းခါချက် ...

"ငါကပဲ ချစ်ရတဲ့သူဖြစ်ရင် ဖြစ်ပါစေဟယ်၊ ချစ်နိုင်ပါတယ်။ ကိုကို့ကို ငါကပဲ ပိုချစ်ရတယ်ဆိုတာ ငါသိပါတယ်။ ကိုကိုလည်း စိတ်ပြတ်ပြတ်သားသားနဲ့ ငါ့တစ်ယောက်တည်းကိုပဲ ရွေးမယ်ဆိုရင် ဘယ်လောက်ကောင်းမလဲဆိုတဲ့ မျှော်လင့်ချက်ကို ထားခဲ့တာ"

"အခုတော့ အရှင်းကြီးပဲ၊ နင့်ကိုတွေ့တာတောင် တစ်ချက် အမူအရာ မပျက်ဘူး။ တစ်ချက်မှ ဂရုမစိုက်ဘူး။ ဏီလေး



www.burmeseclassic.com

www.burmeseclassic.com



ဆိုတဲ့ မိန်းကလေးကိုပဲ ဂရုတစိုက်စိုက်နဲ့ တယုတယ ဖြစ်နေတာ"

"ငါနဲ့တွေ့တိုင်း သူ့မှာ မအားဘူး၊ အချိန်မရဘူး၊ အချိန်မပေးနိုင်ဘူးနဲ့ နှစ်ယောက်အတူတူ တွဲပြီးတော့တောင် ဒီလိုလူမြင်ကွင်းကို မသွားဖူးဘူး"

"ဒါဖြင့် ဘာလို့ နင့်ကို လာတွဲသေးလဲ။ သူ တကယ်မချစ်ရင် လာတွဲနေစရာကို မရှိဘူး"

တကယ်မချစ်ရင် ဆိုသော စကားကို လင်းလင်းလက်က ထည့်ပြောလိုက်သောအခါ နွေရိပ်ချို မျက်နှာလေး ဆီးရွက်လောက် ရှိသွားတော့လေသည်။

မမစိမ်းက သနားလာပြီး သိပ်မပြောကြတော့ဘဲ အသာလက်တို့လေသည်။ ဒီတော့ အားလုံး ပါးစပ်ပိတ်ပြီး နွေရိပ်ချိုကို စိတ်ပြေရာပြေကြောင်း ရှာကြံပြောပေးဖို့ စဉ်းစားကြသည်။

"သူနဲ့ နင် ဘယ်လိုက ဘယ်လို စတွေ့ပြီး ကြိုက်သွားကြတာပဲ၊ ပြောပြပါဦး၊ နင် တစ်ခါမှ မပြောဖူးဘူးနော်"

အဲဒီလို ပိုးအိမ်က စကားစလိုက်တဲ့အခါမှာ နွေရိပ်ချို မျက်နှာလေးဟာ ပြုံးမြကြည်လင်သွားလျက် သူတို့စတွေ့ကြပုံ၊ ချစ်သူဖြစ်ကြပုံကို ပြောဖို့အသင့်ဖြစ်နေတော့လေသည်။





ဒီဘက်မှာ မိန်းကလေး, လေးယောက်သား ဆိုင်ထဲမှာ ထိုင်စကားပြောနေကြတုန်း ဟိုဘက်တစ်လမ်းခြား မျက်နှာချင်းဆိုင်မှာရှိတဲ့ ကိုလက်ာကတော့ သူငယ်ချင်း မင်းဇော် စွတ်မြှောက်ပေးသဖြင့် အရက်ကြီးရက်ကာ ကျွတ်နေသည်။

"အဲ့ပုန်းလိုလို လုပ်နေလို့ကတော့ သူများနောက် ပါသွားဖို့က အသေအချာပဲ မောင်ရင်။ မဖြစ်တော့ဘူး။ မင်းကို ဒီအတိုင်း လွှတ်ထားလို့ မဖြစ်တော့ဘူး။ တစ်ခုခု ကြံစည်စောင်မမှုပါ"

"ငါ့ဘာသာ အေးအေးဆေးဆေး နေပါရစေကွာ"

"အေးအေးဆေးဆေး နေလို့ကတော့ အဲဒီနတ်သမီးလေးဟာ အလိုလို နတ်သက်ကြွေလာမှာ မဟုတ်ဘူး"

"မင်း ဘာလို့ ငါ့ကို ကြည့်မရဖြစ်ပြီး မြှောက်ပေးနေရတာလဲ"

"ဟ ... မင်းကို သူငယ်ချင်းကောင်း ပီသစွာနဲ့ ကူညီတာပါ မောင်ရင်ရာ"

ကိုလက်ာမှာ နွေရိပ်ချိုကို ချစ်ကလည်းချစ်။ ပိုးပန်းမှာ သူချစ်ကြိုက်နေကြောင်း သိအောင်ပြောရမှာလည်း ရှက်နေသဖြင့် အတင်းပြန်ငြင်းဆန်နေမိတာဖြစ်သည်။ တကယ်တော့ မင်းဇော် မြှောက်ပေးသမျှကို မသိစိတ်ထဲမှာတော့ စိတ်ပါနေမိလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်း အသာငြိမ်နေ၊ ငါ မင်းအစား စပြီးလှုပ်ရှားပေးမယ်"

"သူ ဂုဏ်ငြိမ်းပျက်ရလောက်အောင်တော့ မလုပ်ပါနဲ့ကွာ"

မင်းဇော်ဟာ သူတို့နှစ်ယောက်စကားကို ဘယ်သူမှ ကြားတာလဲ မဟုတ်ပါဘဲ ကိုလက်ာ့ နားနားကပ်ပြီး တိုးတိုး၊ တိုးတိုးနဲ့ သူ့အကြံအစည်ကို ပြောပြတော့လေသည်။ ကိုလက်ာလည်း အရှက်ကြီးရှက်ရင်းကပဲ ကျေနပ်လျက် မင်းဇော် အကြံပေးသမျှ လိုက်နာဖို့ အသင့်ဖြစ်နေပြန်သည်။

နောက်တစ်နေ့ မနက်မှာတော့ လေဒီဘဲလ်ရဲ့ဆိုင်ဝမှာ ပန်းခြင်းလှလှလေးတစ်လုံး အသင့်စောင့်ကြိုနေတာကို တွေ့ရသူမှာကား ဆိုင်ကို အမြဲတမ်း အရင်ဆုံး ရောက်လေ့ရှိသော နွေရိပ်ချိုပဲ ဖြစ်ပါသည်။

ကိုလက်ာလည်း ဆိုင်ကိုအစောကြီး ကြိုရောက်နေကာ အသာချောင်းကြည့်နေရင်း ရင်ခုန်နေခဲ့သည်။

"ဟယ် ... ပန်းခြင်းလေးပါလား"

နွေရိပ်ချို အံ့သြပြီး ကောက်ကိုင်ကြည့်လိုက်သည်။ ပလတ်စတစ်ခြင်းတောင်း ဝိုင်းဝိုင်းလှလှလေးထဲမှာ လှပစွာ ရောင်စုံပြင်ဆင်ထည့်သိုထားသော နှင်းဆီပန်းရောင်စုံတို့ကို တွေ့ရသည်။

ဘယ်သူ့ဆီကများပါလိမ့်။ ကိုကိုများ ငါ့ကိုစိတ်ဆိုးပြေအောင် ပို့ပေးသလား မသိ။ နွေရိပ်ချိုဟာ ရင်တွေခုန်၊ စိတ်တွေလှုပ်ရှားသွားလျက် ပန်းခြင်းလေးရဲ့ကိုင်းတံမှာ လှပစွာ





ည်နှောင်ထားသော ဖဲပွင့်အပြာရောင်ကြီးတွင် တွယ်ချိတ်ထားည့် ကတ်ပြားအဖြူလေးကို စိတ်လောကြီးစွာ ဖွင့်ဖတ်လိုက်ပါည်။

"ကျွန်တော်မြတ်နိုးနေခဲ့တဲ့ မိန်းကလေးတစ်ယောက်အတွက် ပန်းလက်ဆောင်ပေးတာဟာ အကောင်းဆုံးပဲ ထင်ပါရဲ့ဗျာ ...

နွေရိပ်ချိုအတွက်

အမှတ်တရ

ကိုလက်ာ"

ဟူသော စာသားတွေကြောင့် နွေရိပ်ချိုဟာ ဆတ် တစ်လမ်းခြားက ကော်ဖီဆိုင်ကို လှည့်ကြည့်မိပြီးသား ဖြစ်ပါသည်။

ကိုလက်ာလည်း ချောင်းကြည့်နေရာမှ (နွေရိပ်ချိုကိုမမြင်နိုင်မှန်း သိပေမယ့်) ခေါင်းကြီးငုံ့ပြီး ပုန်းရှောင်လိုက်မိသည်။ မင်းဇော် မြှောက်ပေးလို့ သူ ခေါ်ပေးတဲ့စာသားအတိုင်းား‌တာ မှားများမှားသွားသလား မသိဘူး။ ခပ်ဝေးဝေးကမြင်ရတာတော့ နွေရိပ်ချို စိတ်ဆိုးသွားပုံပဲ။

ကိုလက်ာမှာ နောင်တရချင်သလိုဖြစ်လျက် မင်းဇော်သာ အပြစ်တင်နေတော့သည်။ နွေရိပ်ချိုကတော့ ပန်းခြင်းာင်းကို ဆွဲကိုင်ပြီး ဆိုင်ထဲဝင်သွားလေပြီ။



www.burmeseclassic.com

www.burmeseclassic.com



နွေရိပ်ချိုသည် ကိုကို့ဆီက မဟုတ်ဘူးဆိုတာ သိရသောအခါ အတော်ကြီး ဝမ်းနည်းစိတ်ပျက်သွားလျက် ပန်းခြင်းတောင်းလေးကို အသာပဲ ညှော်သည်ထိုင်ဖို့ ချထားတဲ့ ဆက်တီတစ်စုံရဲ့အလယ်ရှိ အလှစားပွဲပေါ်သာ ပြီးစလွယ်တင်ထားလိုက်တော့လေသည်။ ခုတလောမှာ ကိုကို့ဆီက အဆက်အသွယ်မရတာလည်း ကြာလှပြီ။ သူ့ပိုက်ဆံအိတ် ကျန်ခဲ့တာတောင် ပြန်ယူဖို့ ချိန်းမယ်ထင်တာ။ လုံးဝပြန်မယူဘူး။ ဘာသဘောလဲ။ ဘာကြောင့် အဆက်ပြတ်ထားတာလဲ။ ဖုန်းဆက်လိုက်တိုင်း

"ကိုယ် မအားဘူး နွေရိပ်၊ နောက်မှပြန်ခေါ်မယ်"

ဆိုတဲ့ သံပြတ်နဲ့ တုံ့ပြန်တာသာ ကြားရပြီး ဘယ်တော့မှလဲ ပြန်မခေါ်တာမို့ နွေရိပ်ချိုဟာ ကျိတ်မျက်ရည်ကျရပေါင်း မနည်းတော့။

"ဟေး ... နွေရိပ်၊ အံမယ် ... ဘယ်ကပန်းခြင်းလေး ဝယ်လာတာလဲ။ လှလိုက်တာ"

လင်းလင်းလက် တစ်ယောက် စလွယ်သိုင်းလွယ်လာသော သားရေအိတ်ကို ခေါင်းပေါ်က ကျော်ချွတ်ရင်း ပန်းခြင်းကို ယူကြည့်လိုက်ပါသည်။

"လှလိုက်တာ ဘယ်လောက်ပေးရလဲ"

နွေရိပ်ချိုက ကတ်ပြားကို ဖြုတ်ထားလိုက်ပြီးပြီး လင်းလင်းလက် ဘာမှမတွေ့ရသဖြင့် နွေရိပ်ချို ဝယ်လာသည်ဟု ပင် ထင်ကာ မေးလိုက်သည်။





"ငါ ဝယ်လာတာ မဟုတ်ဘူး"

"ဘယ်ကရတာလဲ"

"ဟိုလူပေါ့ ..."

နွေရိပ်ချိုဟာ တစ်ဖက်လမ်းမကြီးခြားရှိ မျက်နှာချင်းဆိုင် ကော်ဖီဆိုင်ဆီ မေးထိုးပြလိုက်ပြီးပြောလျှင် လင်းလင်းလက်ဟာ နှီခနဲ လေတစ်ချက် ချွန်လိုက်လေသည်။

"တိုးတက်လာပြီ"

"ခိုးကြောင်ခိုးဝှက်နဲ့ ဆိုင်ရှေ့လာချထားတာ။ ငါမရောက်ခင် သူများကောက်မသွားတာ ကံကောင်း"

"romantic တွေ လုပ်ပြနေပြီ၊ စလာပြီ။ စလာပြီ ဓာတ်လမ်းစလာပြီ"

"အံမာ ... စ,စရာလား။ သူ့ကို ငါက ပြန်ကြိုက်မယ်များထင်လို့လား ... ဝေးသေး၊ လုံးဝမကြိုက်ဘူး။ ပုံစံက မအေးတအေးကြီးနဲ့"

ဘာပဲဖြစ်ဖြစ် နင့်ရဲ့ကိုကိုဆိုတဲ့လူထက်တော့ သာပါတယ် နွေရိပ်ရယ်။ လင်းလင်းလက် စိတ်ထဲမှာ ပြန်ပြောလိုက်ပေမယ့် နှုတ်ဖျားကတော့ မပြောရက်ပါ။ နွေရိပ်ဟာ အဲဒီကိုကို့ကိုတော့ အတော်ချစ်နေခဲ့ကြောင်း သိထား၍ နွေရိပ် ခံစားရမှာစိုးပြီး မပြောရက်ခဲ့တာ ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"မမစိမ်း ဒီနေ့ လာမှာမဟုတ်ဘူးနော်"

နွေရိပ်ချိုက စကားလမ်းကြောင်း ပြောင်းလိုဟန်ဖြင့် ပြောလိုက်တော့ ...

"ဟုတ်တယ်၊ ဒီနေ့ တီဗီဇာတ်လမ်းတွဲမှာ သုံးပါရတဲ့အခန်းတွေ ရိုက်ပေးရမယ်ဆိုပဲ။ တစ်နေကုန်မှာ။ ဒါကြောင့် သူနဲ့ပြင်နေကျ ကက်စတန်မာတွေတောင် ချိန်းမထားခဲ့ဘူး"

"မမစိမ်းက လက်သည်းပုံဖော် အလှပြင်တာ အရမ်းတော်တယ်။ ငါတို့လုပ်တာ သူ့ကို လိုက်မမီဘူး"

"မမစိမ်းက ငါတို့ကို ခင်လို့ ဒီလိုသာမန်ဆိုင်လေးမှာ အတူတွဲ လုပ်နေတာပါ။ တကယ်တော့ သူ့လက်ရာထ နာမည်ကြီး ဗြူးတီးဆလွန်းတွေမှာ ဝင်လုပ်ရင်တောင် ရတယ်။ အဲဒီမှာဆို နင့်နေအောင် ဆိုင်ရဲ့အရှိန်နဲ့ ပိုက်ဆံ တောင်းလို့ကောင်းမှာ"

"မမစိမ်းက ပိုက်ဆံသိပ်ဂရုစိုက်စရာ မလိုပါဘူး။ သူ့ယောက်ျားက ထားထားခဲ့တာတွေ မနည်းဘူးလေ။ နောက်မိန်းမယူတော့ အကုန်ပေးသွားခဲ့တာ။ ပြီးတော့ ကလေးတွေစရိတ်လည်း ပေးပါတယ်။ မမစိမ်းကသာ အချစ်ကြီးတော့ အမျက်ကြီးပြီး သူ့ယောက်ျားကို ပြောပြောနေပေမယ့်





အဲဒီလူက နောက်မိန်းမယူသွားတဲ့ တခြားယောက်ျားတွေထက်စာရင်တော့ မဆိုးဘူးနော်"

ထိုအချိန်မှာပဲ ပိုးအိမ် ရောက်လာပါသည်။ ပိုးအိမ်မျက်နှာမကောင်းလှသော်လည်း အရင်ဆုံး သတိထားပြီး မေးတာကတော့ စားပွဲပေါ်က ပန်းခြင်းလေးကိုပင်။ နွေရိပ်ချိုက မပြောပြချင်တော့သဖြင့် ...

"ကဲ ... လင်းလင်းရေ ... နင်ပဲ ပြောလိုက်"

လို့လည်း ခွင့်ပြုလိုက်ရော လင်းလင်းလက်ဟာ ဝမ်းသာအားရပဲ ပြောပြလိုက်ပါတော့သည်။

"ငါတို့ နင့်ဘက်ကနာလို့ ပြောချင်တာပါ နွေရိပ်ရယ်။ နင့် ကိုကိုဆိုတဲ့လူက မဟန်ပါဘူး။ လှေနံနှစ်ဖက်နင်းတဲ့ သဘော ဖြစ်နေပေမယ့် သူက တစ်ဖက်ကို ပိုပြီးအလေးသာနေသလိုပဲ။ နင် ခံစားပြီး ကျန်ခဲ့ရမှာ စိုးရိမ်လို့ပါ"

လင်းလင်းလက် စကားဆုံးတော့ ပိုးအိမ်က ဝေဖန်ရင်းပြောပေမယ့် နွေရိပ်ချို မျက်နှာမှာတော့ နောက်မဆုတ်လိုသော အရိပ်တွေ ပြည့်နှက်နေသည်။

"ငါကိစ္စက ထားပါဟာယ်။ နင်ရော မျက်နှာလည်းမကောင်းဘဲ ရောက်လာတာ ဘာဖြစ်လာတာလဲ"

"မပြောချင်ပါဘူးဟာယ်"



www.burmeseclassic.com

www.burmeseclassic.com



အမှန်တော့ ပြောပြမှာပေမယ့် စကားသဘောအရ အဲဒီလို နိဒါန်းပျိုးတာက လင်းလင်းလက်က စ,နှောက်လိုဟန် ဖြင့် ...

"မပြောချင်လို့ မရဘူး၊ ငါတို့ သိကိုသိမှဖြစ်မယ်။ ပြောပါဟယ်"

ဟု ဆက်ပြောလိုက်လျှင် ပိုးအိမ် မျက်စောင်းကြီး ထိုးပြီး လင်းလင်းလက်ကို တွန်းပစ်လိုက်လေသည်။

"လင်းလင်း ဒီနေ့ အူမြူးနေတယ်၊ ဘာဖြစ်လာလဲ မသိဘူး"

"မောင်သစ်နဲ့ တွေ့လာလို့ ဖြစ်မှာပေါ့ ပိုးအိမ်ရဲ့"

"အံမာ ... ဘာမောင်သစ်လဲ။ ယောကျ်ားတွေကို စိတ်မဝင်စားပါဘူး၊ ကြေညာထားတာနော်"

"ယောကျ်ားစိတ်မဝင်စားဘူးဆိုတော့ ဘာလဲ နင်က မိန်းမစိတ်ဝင်စားတာလား"

"ဟုတ်တယ်"

"ဟယ်"

ထို"ဟယ်"ဟု အလန့်တကြား ပြိုင်တူအော်လိုက်သူမှာ နွေရိပ်ချိုနဲ့ ပိုးအိမ်ပဲဖြစ်သည်။ လင်းလင်းလက် မျက်နှာမှာ ပြုံးမြနူးအိနေပြီး ...





"ငါ အရမ်းချစ်မိတဲ့ တစ်ယောက်ကို တွေ့ထားတယ်။ သူ့ကို ငါ့ဆိုင်ဗစ်ဖစ်တင်းကတ် ပေးထားခဲ့တယ်။ သူလာမလား မသိဘူး"

နွေရိပ်ချိုတို့နှစ်ယောက် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး ဘာပြောရမှန်းမသိ ဖြစ်နေပါသည်။

"ကဲ ... ငါ့ကိုပဲ ကြည့်မနေနဲ့။ ပိုးအိမ် ဘာဖြစ်လာတာလဲ ပြောဦးလေ"

"သြော် ... ငါ့အဖြစ်က မဆန်းပါဘူး၊ ထုံးစံအတိုင်းဆိုပါတော့။ မင်္ဂလာဆောင်ခါနီး ဖြစ်နေကြ ပြဿနာတွေအတိုင်းပဲ သူကတော့ ဘာတွေပိုကုန်ရတယ်၊ ငါကတော့ ဘာတွေ ပိုကုန်ရတယ်ပေါ့။ ပြောကြ ဆိုကြ၊ စကားတွေများကြနဲ့။ တစ်နေ့ တစ်နေ့ ပြဿနာတွေက ရှင်းလို့မဆုံးတော့ဘူး။ သူကလည်း သူ့အမေစကား နားယောင်လိုက်၊ ငါကလည်း ငါ့အမေစကား နားယောင်လိုက်နဲ့ မင်္ဂလာဆောင်ခါနီးမှ တစ်ယောက်နဲ့တစ်ယောက် နည်းနည်းတောင် အမြင်ကတ်လာပြီး မတည့်ချင်တော့ဘူး"

ထိုအချိန်တွင် အပေါ်ထပ်က အန့်တီရိုစီ တစ်ယောက် ဆိုင်မှန်တံခါးကို တွန်းဖွင့်ပြီး ဝင်လာသည်။ အန့်တီရိုစီ့ကိုကြည့်



www.burmeseclassic.com

www.burmeseclassic.com

လိုက်ရင် ဆံပင်ဖြူ ခပ်ကျဲကျဲ မြင်ရတဲ့ ဆံပင်တွေကို (ဆံပင်တွေ က လှိုင်းတွန့် အလိုလို ဖြစ်နေတဲ့ နဂိုကောက်ဆံပင်မျိုး) ဖြစ် သလိုပဲ သိုးမွေးကွင်းလေးတွေနဲ့သာ ချည်နှောင်ထားတတ်တာ တွေ့ရသည်။

ဒီအောက်ထပ်က အလှပြင်၊ ဆံပင်ညှပ်ဆိုင်နဲ့ တကယ့်ဆွေမျိုးတွေလို အဒေါ်နဲ့ တူမတွေလို ခင်မင်နေတာကြာပြီ။ ဒီအောက်ထပ်က မိန်းကလေးတွေက အန်တီရိုစီ့ကိုမြင်တိုင်း ဒါမှမဟုတ် အန်တီရိုစီဆီမှာ ချုပ်စရာအထည်တွေ သွားအပ်တိုင်း လည်း ...

"ဆိုင်ကိုလာခဲ့ပါဦး အန်တီရိုစီရဲ့။ ဆံပင်ဆိုးပေးမယ်၊ ဆံပင်ပုံသွင်း ညှပ်ပေးမယ်၊ လက်သည်း ခြေသည်းတွေ လည်း လှအောင်ပြင်ပေးမယ်၊ အန်တီရိုစီ့ကိုဆို မေတ္တာနဲ့ အခမဲ့ လုပ်ပေးမှာ"

လို့ ခဏ ခဏ ခေါ်တာတောင် တစ်ခါမှ ရောက် မလာခဲ့။ အေးချမ်းစွာပြုံးရင်း ...

"မပြင်သေးပါဘူးကွယ်၊ အားမှ လာခဲ့ပါ့မယ်"

ဖြေပေးမယ့် ဆိုင်ဖွင့်တာဖြင့် သုံးနှစ် လေးနှစ်ရှိပြီ အန်တီရိုစီ ဆင်းလာတာ တစ်ခါမှ မရှိခဲ့ပါ။





ဒီနေ့ကျမှ တစ်ခုခုကို ရှက်နေသလိုလို မျက်နှာလေး ရဲ ဝင်လာရာ ကောင်မလေး သုံးယောက်တို့ ဝမ်းသာအားရပင် အနန်ရပ်လိုက်ကြပြီး ...

"ဟယ် ... အန်တီရိုစီ လာတယ်"

"လာ ... လာ အန်တီရိုစီ၊ အံမယ်လေး အခုမှပဲ ရောက် လာတော့တယ်နော်"

"အန်တီရိုစီ တစ်ချိန်လုံး စက်ခုံမှာထိုင် အညောင်းမိ၊ ဇက်ကြောတက်အောင် ချုပ်ထားရတာတွေ အညောင်းသက် သာသွားအောင် လင်းလင်း အကောင်းဆုံးနှိပ်ပြီး ခေါင်း လျှော်ပေးရမယ်"

တစ်ယောက်တစ်ပေါက် ပြောသံတွေဆုံးမှ အန်တီ ရိုစီရဲ့ အေးချမ်းတိုးလျသော အသံလေးက ...

"သမီးတို့စိတ်ကြိုက် ပြင်ပေးပါကွယ်"

ဟု ပြောသံလေး ထွက်လာသည်။

"အန်တီလီလီရော"

"မနက်သောက်နေကျဆေး သောက်ပြီးမှ ပြန်အိပ်တယ် လေ။ သူသောက်ရတဲ့ဆေးတွေက အိပ်ပျော်ပြီဆို တစ်ရေး မှ မနိုးဘဲ နှစ်နာရီနီးပါးလောက် အိပ်ပျော်နေကျလေ"


www.burmeseclassic.com

www.burmeseclassic.com



"စိတ်ချ ... စိတ်ချ ... အန်တီရိစီ။ နစ်နာရီ မပြည့်ခင်ပြီးမှာ"

အန်တီရိစီ တစ်ယောက် ခေါင်းလျှော်ခုံမှာ အသာ လှဲအိပ်လိုက်ချိန်တွင် လင်းလင်းကလည်း လျှော်ပေးဖို့ အသင့် ဖြစ်နေတော့လေသည်။





၉

ဒီနေ့ တစ်နေကုန် ဆိုင်ကဖုန်းနဲ့ ကိုကို့ဆီ ဆက်နေ သော ခေါ်မရ၍ နွေရိပ်ရှို ရင်ထဲ မတင်မကျ ဖြစ်နေသည်။ ကိုကို့ကုမ္ပဏီရုံးခန်းထဲရှိဖုန်းကို ခေါ်တာက နှစ်ခါ။ နှစ်ခါစလုံးမှာ ...ဖြေတဲ့ အော်ပရေတာမထံမှ ...

"ဒီနေ့ အလုပ်မလာပါဘူးရှင်"

ဟူသော အဖြေသာ ရပါသည်။

ဒါနဲ့ ကိုကို မခေါ်ပါနဲ့ ပြောထား၊ သတိပေးထား ...မိုဘိုင်းဖုန်းနှစ်လုံးစလုံးကို ခေါ်တော့လည်း "လူကြီးမင်း"နဲ့ ...သာ တိုးနေသည်။

ကိုကို ဘယ်ရောက်နေလဲ။ ဘာလုပ်နေလဲ။ ဘယ် ...သွားနေလဲ။ တွေးလိုက်တိုင်း နွေရိပ်ရှို လုံးဝမကျေနပ်နိုင်သလို



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေသည်။ အဆက်အသွယ်ပြတ်နေတာ ဘယ်လောက်ကြာပြီလဲ။ သုံးပတ်တောင် ရှိတော့မယ်။ ဟိုတစ်ခါ မိုလ်ချုပ်ဈေးမှာ ကိုကိုနဲ့ ဏီလေး တွဲတွေ့ပြီးတော့လည်း နွေရိပ်ချို ဖုန်းခေါ်ပြီး ဆက်သွယ်ဖို့ ကြိုးစားသေးတာပဲ။ အဲဒါလည်း အဆက်အသွယ် မရဘူး။ ရုံးကိုဆက်လိုက်တိုင်း အပြင်ထွက်သွားတယ်တို့၊ ဒီနေ့ မလာဘူးတို့၊ အစည်းအဝေးရှိနေတယ်တို့ဖြင့် တစ်ယောက်မဟုတ် တစ်ယောက်သော ဝန်ထမ်းတွေက ဖြေတာသာ ကြုံရသည်။ မိုဘိုင်းလ်ဖုန်း ခေါ်ရင်လည်း မကြိုက်တာမို့ မခေါ်ရဲ။ ဒါပေမဲ့ ဒီနေ့တော့ မိုဘိုင်းဖုန်းနှစ်လုံးစလုံးကိုတောင် အရဲစွန့် ခေါ်ကြည့်လိုက်တာ။ ဒါပေမဲ့ ဖုန်းနှစ်လုံးစလုံး ပိတ်ထားတာကိုမှ ကြုံလိုက်ရသေးသည်။

ဒီနေ့တော့ ရအောင်ခေါ်မယ် စဉ်းစားပြီး ခေါ်ခါမှ မရလျှင် လူက ဘယ်လိုမှ နေလို့မရတော့။ အော်ပြီးတော့ပဲ ငိုလိုက်ရမလား။ ကိုကို့ရုံးကိုပဲ လူကိုယ်တိုင် ပြေးသွားကြည့်ရမလား။

အိမ်ပြန်ရောက် ရေမိုးချိုး၊ ထမင်းစားကြတော့လည်း မိသားစုလေးယောက် ဆုံတာတောင် နွေရိပ်ချိုမှာ ပြောစရာမဲ့သလို ဖြစ်နေသည်။

နွေရိပ်ချိုတို့မှာ ဖေဖေ၊ မေမေနဲ့ နွေရိပ်ချိုထက် ရှစ်နှစ်ငယ်သော မောင်လေးရှိပါသည်။ ဆယ်တန်းအောင်ပြီး





က္ကသိုလ်တက်ဖို့ ပြင်ဆင်နေဆဲ မောင်ငယ်က အခုခေတ်ကောင်လေးတွေလိုမဟုတ်။ အပြင်လတ်လျှား လတ်လျှား မလုပ်ဘဲ အိမ်မှာ အဖေအမေတို့နဲ့အတူ ကိုရီးယားတီဗီဇာတ်လမ်းတွဲကို နှစ်သက်စွာ ကြည့်တတ်လေသူ ဖြစ်သည်။

ဒါကြောင့် နွေရိပ်ချိုကတောင် တစ်ခါတလေကျ...

"ကိုယ့်မောင်ကိုယ် အခြောက်များ ဖြစ်နေလားလို့ သံသယတောင်ဖြစ်တယ်"

ဟု စ,နောက်ပြီး ပြောရသေးသည်။

ဒီနေ့လည်း ထမင်းစားပြီး ဇာတ်လမ်းတွဲ ထိုင်ကြည့်တော့ နွေရိပ်ချိုမှာ အာရုံဝင်စားမရ ဖြစ်နေသည်။

ဖုန်းကိုပဲ တကြည့်ကြည့် လုပ်နေမိသည်။ ဖုန်းက ခုံလေးမှာ တင်ထားပါသည်။ ဧည့်ခန်းထဲမှာ မိသားစုတီဗီထိုင်ကြည့်နေတုန်း ကော့တ်လဒ်စ်ကို ယူသွားပြီး ဖုန်းသွားပြောရတာမို့ ကိုယ့်အခန်းထဲ ကိုယ်သွားပြောလည်း ရပါသည် ဖုန်းခေါ်ရင် ကောင်းမလား၊ မကောင်းဘူးလား ဆိုတာကိုသာ ဝေခွဲမရဖြစ်နေသေးတာ။

"မမကြီး ... ဟာ ... မမကြီး၊ မေမေ တောင်းနေတယ်လေ။ ရီမုဒ်ပေးလိုက်၊ ကြော်ငြာဝင်တုန်း ဟိုဘက်ကဘာကားလာပြီလဲ ချောပြောင်းကြည့်မလို့တဲ့"



www.burmeseclassic.com

www.burmeseclassic.com



နွေရိပ်ချို သေးမှာချထားတဲ့ တီဗီရီမုဒ်ကို မေမေ လှမ်းတောင်းနေတာတောင် မကြားလိုက်။

"တီဗီရှေ့သာ ထိုင်နေတာ၊ စိတ်ကဖြင့် တခြားရောက်နေပြီး"

"အဲမှာ ... ငါ့ဘာသာ ဘာလုပ်လုပ် နင် ပြောစရာလား။ ငါ အကြီး၊ ငါ့ကို ပြောစရာမလိုဘူး"

"ရည်းစားဆီ ဖုန်းဆက်ချင်ရင်လည်း ဆက်ပေါ့၊ တစ်ချိန်လုံး ဖုန်းကိုကြည့်နေတာ မသိဘူးများ ထင်နေလား"

"ဖိုးသားနော် ... ငါ ခေါက်ထည့်လိုက်ရ"

"သားတို့ သမီးတို့ တိုးတိုးနေကြကွယ်၊ ဖေဖေ အေးအေး ကြည့်ပါရစေ။ မိသားစု ညပိုင်းလေးဆုံတာ။ ဆူဆူညံညံနဲ့ ရန်ဖြစ်တာ မတွေ့ချင်ဘူး"

"ဖေဖေ့သားက စတာ ဖေဖေ"

"သူ့ဖုန်းဆက်ချင်နေတာသိလို့ အလိုက်သိပြီး တွန်းပို့ပေးတာပါဗျာ"

"ဖိုးသားရယ်၊ အစ်မကို စ,မနေနဲ့။ ကဲ ... ကဲ သမီးက လည်း ဖုန်းဆက်စရာရှိရင်လည်း ယူသွားပြီး ဆက်လေ။ ဒီမှာ ဇာတ်လမ်းပြန်လာနေပြီ။ ကြည့်နေတုန်း အနားမှာ လာစကားပြောတာ မကြိုက်ဘူးကွယ်။ ဘယ်နှယ် တစ်ယောက်နဲ့တစ်ယောက် ခုနစ်နှစ်ကွာတာ မွေးထားပါတယ်။ ဒါတောင် ရန်ဖြစ်တုန်း"





မေမေကပါ ဝင်ဆူလေရာ နွေရိပ်ချိုလည်း မောင်ကို မဲပြီး ခေါင်းခေါက်ဖြစ်အောင် ခေါက်သွားကာ ကော့ထ်လက်စ်ဖုန်း နီနီလေးကိုတော့ ရအောင်ကောက်ကိုင်သွားပြီး ကိုယ့်အခန်းကိုယ် အိမ်တွင်းလှေကားမှတစ်ဆင့် လာခဲ့ပါသည်။

နွေရိပ်ချိုတို့က ကန်ထရိုက်တိုက်ခန်း နှစ်လွှာတွဲ ဖြစ်ပြီး ဖေဖေနဲ့မေမေ အခန်းက အပေါ်လွှာမှာ။ အောက်အလွှာ မှာတော့ နွေရိပ်ချိုတို့ မောင်နှမကို တစ်ခန်းစီ သီးသန့်ဖွဲ့ပေးထား ပါသည်။ အပေါ်လွှာမှာ ဘုရားစင်နှင့်အတူ မိသားစုတီဗီကြည့်ဖို့ ပါ ထားထားပါသည်။ အောက်လွှာမှာတော့ မောင်နှမအိပ်ခန်း နှယ် ထမင်းစားပွဲ၊ မီးဖိုချောင် ထားပါသည်။

အောက်လွှာမှာ အခုလောလောဆယ် နွေရိပ်ချို တစ်ဦးတည်းသီးသန့်ရှိနေပေမယ့် အခန်းတံခါးပိတ်ပြီးတော့ ဖုန်းကို ခေါ်မိသည်။ ဒီဖုန်းကတော့ ကိုကို သူ့ဘာသာ သီးသန့်ကွန်ဒို အခန်း ဝယ်ထားလေရာ အဲဒီကွန်ဒိုခန်းကဖုန်း ဖြစ်သည်။ နေ့ တိုင်း ထိုအခန်းကို ရောက်ဖြစ်ကြောင်း ကိုကို ပြောထားဖူး၍ နွေရိပ်ချို စိတ်ထင် ကိုကို ခုလောက်ဆို ရောက်နေမည်ဟု ထင်မိ သည်။ ကိုကိုက မိဘအိမ်မှာလည်း နေတော့နေသေးပေမယ့် တစ်ပတ် တစ်ရက် နှစ်ရက်လောက်လည်း ကွန်ဒိုအခန်းမှာ သီးသန့် လာနေတတ်သည်။ ဘုရားရေ ... ဒီနေ့လာနေတဲ့နေ့ ဖြစ်ပါစေ။ အဲဒီအခန်းကို ဆက်လို့မရရင်တော့ ဒီနေ့အဖို့ ကိုကို့ကို ဘယ်လို



www.burmeseclassic.com

www.burmeseclassic.com



မှ ဆက်လို့ရတော့မှာ မဟုတ်။ ကိုကိုက သူ့မိဘအိမ်ဖုန်းနံပါတ်တော့ မပေးထားပါ။

ဖုန်းစာအုပ်ထဲမှာရှာပြီး စုံစမ်းရင် ရပေမယ့် ကိုကို ကြည်ကြည်ဖြူဖြူ ပေးထားတာ မဟုတ်သဖြင့် မဆက်ချင်။

ကွန်ဒိုအခန်း၏ ဖုန်းနံပါတ်တွေကို နှိပ်လိုက်ပြီး ဖုန်းခေါ်သံကို နားထောင်နေစဉ် နွေရိပ်ချိုရဲ့ ရင်ခုန်သံတွေ မြန်ဆန်နေသည်။ ဘုရား ... ဘုရား။ ကိုကို ရှိနေပါစေ။ ကိုကို ရောက်နေပါစေ။ ကိုကို ဖုန်းကိုင်ပါစေ။

အကြာကြီး ခေါ်ပြီးမှ ဖုန်းကို ကလစ်ခနဲ လာကိုင်လိုက်သံ ကြားပါသည်။

"ဟဲလို"

ကိုကို့အသံ ရှတာကို ရင်ခုန်စွာ နားထောင်ရင်း ...

"ကိုကို"

လို့ တမ်းတမွတ်သိပ်စွာ ခေါ်မိသည်။

"ဘာလဲ"

"နွေရိပ်ပါ ကိုကို"

"သိပါတယ်၊ ဘာကိစ္စလဲ"

"ကိုကို ဘာဖြစ်နေတာလဲ"

"ငါ မအားဘူး နွေရိပ်၊ ဒါကြောင့် မင်းဆီ ဖုန်းဆက်ပြီး မချိန်းနိုင်တာ။ ဘာကြောင့် တစ်ချိန်လုံး ဆက်နေလဲ"





"ကိုကို ... နွေရိပ်ကို အဆက်ဖြတ်ထားတာလား"

"အဆက်ဖြတ်ထားတာကို မဟုတ်ဘူး။ ဒီရက်ပိုင်း အလုပ်များနေတယ်။ အလုပ်တောင် ငါခဏပဲ သွားတာ။ အလုပ်ကိစ္စတွေလည်း ပြောနေရမှာစိုးလို့ ဖုန်းတွေပိတ်ထားတာ။ အကုန်လုံးကို ငါ့ရဲ့ပီအေနဲ့ပဲလွှဲပြီး အလုပ်တွေ ခိုင်းထားတယ်။ ငါ့ဘဝအတွက် အရေးကြီးတဲ့ကိစ္စ လုပ်စရာရှိနေတယ်"

"ဘာများလဲ ကိုကို။ နွေရိပ်ကို ပေးမသိဘူးလား"

"အချိန်တန်ရင် သိရမယ်"

"ကိုကို့ပိုက်ဆံအိတ် မယူတော့ဘူးလား"

"မင်းဆီမှာပဲ ထားလိုက်ပါ။ ငါ အားမှယူတော့မယ်"

"နွေရိပ် ကိုကို့ကို သိပ်လွမ်းတာပဲ။ တွေ့လည်း တွေ့ချင်တယ် ကိုကို။ ဘယ်တော့ တွေ့ကြမလဲဟင်"

ပြောရင်း နွေရိပ်ချို အာရုံထဲမှာ ကိုကို့ရဲ့ထွေးပွေ့မှုနဲ့ တရှိက်မက်မက် ရင်ခုန်စေသော အထိအတွေ့တို့ကို သတိရ တမ်းတလာကာ ရင်ထဲမှာတောင် နွေးလာသည်။ ကိုကို ပြုစားနိုင်လွန်းတယ်။ နွေရိပ် ကိုကို့ကို ချစ်နေ စွဲလမ်းနေရစေအောင် ပြုနိုင်လွန်းတယ်။

"တွေ့ကြမယ်လေ၊ ကိုယ် ဖုန်းဆက်လိုက်ပါ့မယ်၊ ဟုတ်ပြီလား"



www.burmeseclassic.com

www.burmeseclassic.com



"ကိုကိုအခု ဘာလုပ်နေတာလဲ"

"ဒီအခန်းမှာ တစ်ရက် လာနေတဲ့နေ့လေ"

"ဒါဖြင့် နွေရိပ် ကိုကို့ကို အကြာကြီး စကားပြောလို့ ရမှာ ပေါ့နော်"

"ဆောရီး ... နွေရိပ်၊ ကိုကို ဒီနေ့ တစ်နေကုန် အလုပ် ရှုပ်နေရတော့ ပင်ပန်းနေပြီ။ နားချင်နေပြီ။ ကိုကို အိပ်ဆေး သောက်ပြီး အိပ်တော့မလို့။ မနက်ကျ စောစောထစရာရှိ တယ်"

"အခုမှ ကိုးနာရီပဲ ရှိသေးတာ"

"အိပ်ဖို့ လိုလို့ပါ"

"ကိုကို့ကို နွေရိပ် သိပ်ချစ်တာပဲ"

"ယုံပါတယ်ကွာ၊ ကဲ ... ကဲ ... နွေရိပ်လည်း တစ်နေကုန် ဆံပင်ညှပ်ထားရတာ အိပ်တော့လေ"

"ဂွတ်နိုက် ကိုကို"

"ဂွတ်နိုက်"

နွေရိပ်ချို ရင်ထဲမှာ လွမ်းလျက် ဖုန်းကိုခလုတ်ပိတ် လိုက်ရသည်။ ဘာပဲဖြစ်ဖြစ် ကိုကိုနဲ့ ခဏစကားပြောလိုက်ရ၍ ကျေနပ်သွားပါသည်။ ကိုကို ဘာတွေများ အလုပ်များနေတာပါ လိမ့်။ အလုပ်တောင် ပုံမှန်မသွားဖြစ်တာ ကြာပြီတဲ့။ နွေရိပ် သိ ချင်လိုက်တာ။ ကိုကို့ဘဝအတွက် အရေးကြီးတဲ့ကိစ္စ လုပ်စရာရှိ တယ်ဆိုတာ ဘာပါလိမ့်။





နွေရိပ်ချို မအိပ်ချင်သေးပေမယ့် ကိုကို့အကြောင်း တွေးချင်တာနဲ့ပဲ အခန်းမီးကိုပိတ်၊ ညမီးအပြာလေးထွန်းကာ အိပ်ရာထဲလှဲရင်း တွေးနေမိသည်။ နွေရိပ်ချိုရဲ့ ခေါင်းအုံးအောက် မှာ အမြဲထိုးထည့်ထားတဲ့ ကိုကို့ဓာတ်ပုံလေးကို နမ်းလိုက်၊ ရင် ဘတ်နဲ့ကပ်လိုက်၊ ပါးနဲ့ကပ်လိုက်၊ ညမီးပြာပြာလေးအောက်မှာ တစ်ဝကြီးကြည့်လိုက်နဲ့ အလွမ်းဖြေနေရတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



## ၁၀

လေးယောက်သား ခေါင်းတွေပြူပြီး အပြင်မှာ တွေ့လိုက်ရတဲ့မြင်ကွင်းကို ငေးမဆုံး၊ ကြည့်မဆုံး ဖြစ်နေသည်။ သူတို့ကြည့်နေသော စုံတွဲဟာ တက္ကစီတစ်စီးငှားလို့ ရသွားပြီး ထွက်သွားတော့မှပဲ လေးယောက်သား မှန်နံ့ရံကခွာဖို့ သတိရကြသည်။

ပြီးတော့ ဘာစကားမှ မပြောကြသေးဘဲ အရင်ဆုံး တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး အသံထွက် ရယ်လိုက်ကြလေသည်။

"ဟယ် ... အန်တီရိစီတော့ စွံသွားပြီတော့"

မမစိမ်း အရင်ဆုံးပြောသည်။

"ဒါကြောင့် အရင်အပတ်က ဆံပင်တွေ ဆေးလာဆိုး၊ ဆံပင်ပေါင်း၊ ဆံပင်ပုံသွင်း၊ လက်သည်းပြင်လုပ်ဖို့ ရောက်လာတာကိုး"





လင်းလင်းလက်က အခုမှ အဖြေထွက်သလိုအသံဖြင့် ပြောပြန်သည်။

"အဲဒီအန်ကယ်လ်ကြီးနဲ့ ကျမှပဲ အန်တီရိစီ တစ်သက်လုံး ထိန်းလာတဲ့ အပျိုကြီးဘဝကို စွန့်တော့မှာပေါ့"

ပိုးအိမ်က ထင်ကြေးပေးပါသည်။

"အန်တီရိစီ ယောကျ်ားယူရင် အန်တီလီလီ ကြိုက်ပါ့မလား မသိဘူးနော်"

နွေရိပ်ချိုက သူမ တွေးမိတာကို ပြောလိုက်ရာ အားလုံးက "ဘာဖြစ်လို့လဲ" ဆိုသော မေးသံတွေဖြင့် ပြန်မေး၏။

"သူ့ကို တစ်သက်လုံး ဒီညီမတစ်ယောက်ကပဲ ဂရုစိုက်ပြုစုလာတာဆိုတော့ အန်တီလီလီက အရမ်းတွယ်တာမှာပဲ။ အဲဒီလို ဖြစ်နေရာကနေ အခုတော့ သူ့ထက်ပို ဂရုစိုက်ပြုစုရမယ့်သူ ပေါ်လာတယ်ဆိုတော့ သူ့စိတ်ထဲမှာ ကြိုက်ချင်မှ ကြိုက်မယ်ထင်တယ်"

"အန်တီရိစီ့ဘဝက သူ့အတွက် မြှုပ်နှံထားရသလို ဖြစ်နေတာတော့ မကောင်းဘူး။ အခုအရွယ်ကျမှ အချစ်ကို ရှာတွေ့လည်း ဘာဖြစ်လဲ။ အချစ်ရှိရင် ပြည့်စုံသွားပြီပဲ။ အန်တီရိစီ့လို လူမျိုးက သူ့အစ်မကိုတော့ ဂရုမစိုက်ဘဲ ပစ်ထားမယ် မထင်ပါဘူး"

ပိုးအိမ်က အချစ်အကြောင်း ပြောလေရာ ...



www.burmeseclassic.com

www.burmeseclassic.com

"အေးပါ ... အေးပါ ... ပြောပါ။ နင်က အချစ်နဲ့အတူ နေရခါနီးတော့ ဖိလင်တွေ တအားတက်ပြီး အသက်ရှူလိုက်တိုင်း အချစ်၊ အချစ်နဲ့ ဖြစ်နေပြီပေါ့"

လင်းလင်းလက် စနောက်နေစဉ် သတင်းစာဂျာနယ်ရောင်းသူ ဖြတ်သွားသဖြင့် မမစိမ်း ပြေးထွက်ဝယ်ပါသည်။

"သူရိုက်ထားတဲ့ တီဗီဇာတ်လမ်းတွဲအကြောင်း သူ့ကိုအင်တာဗျူးတဲ့အကြောင်း ပါမယ်ဆိုလို့ စိတ်တွေလှုပ်ရှားနေတာ"

မမစိမ်းကို ကြည့်ပြီးတော့လည်း အတင်းအုပ်လိုက်သေးလေသည်။

"လင်းလင်းနော် ... နင့်ကို ငါတော့ ကြည့်မရတော့ဘူး"

"အံမာ ... ပိုးအိမ်တို့က အားကိုးရှိခါနီး လေသံနဲ့ ပြောလာပြီ"

"ကြည့်မရဘူးဆိုတာ အခုလို ယောက်ျားပုံစံကြီး နေနေတာမို့ပြောတာ"

"ဒါ ... ငါ တစ်သက်လုံး နေလာခဲ့တဲ့ ပုံစံပဲ"

"တစ်သက်လုံး နေလာတဲ့ပုံစံပဲဖြစ်ဖြစ်၊ ငါ့မင်္ဂလာဆောင်ကျရင်တော့ မိန်းမလိုပြင်ပြီး မိန်းမလို ဝတ်လာပြရမယ်ဒါပဲ"

"ဟာ ... ..."





"မ,ဟာနဲ့၊ ငါ့ကိုခင်ရင် အဲဒီတစ်ရက်တော့ ဇွန်ရိပ်နဲ့မမစိမ်း ပြင်ပေးတာကိုခံပြီး မိန်းမလို ဝတ်လာပြရမယ်၊ အဲဒါ ငါ့အတွက် နင့်ရဲ့အကောင်းဆုံးလက်ဖွဲ့လို့ မှတ်တယ်။ ငါ့မင်္ဂလာဆောင် ဓာတ်ပုံတွေကို ပြန်ကြည့်တိုင်း နင့်ကို မိန်းမပုံစံ ဝတ်ထားတာမြင်တိုင်း နင် ငါ့အတွက် ဒီလောက်ထိတောင် လိုက်လျောပေးပါလားဆိုပြီး အမြဲသတိရနေချင်လို့"

လင်းလင်းလက်လည်း မတတ်နိုင်တော့ဘူး၊ လက်မြှောက်အရှုံးပေးပါတယ်ဆိုတဲ့ဟန်နဲ့ လက်ဖဝါးနှစ်ဖက်ဖြန့်၊ ပခုံးတွန့်ပြ၊ မျက်လုံးပြူးပြလိုက်တော့သည်။ ပိုးအိမ်ရဲ့မင်္ဂလာပွဲက နောက်လထဲမှာ ကျင်းပမည်။ သုံးရက်လောက် ဆက်တိုက်လုပ်ကြမယ့်ပွဲတွေပေမယ့် ပိုးအိမ် အဓိကပြောသောပွဲမှာ စားသောက်ဆိုင်မှာ ကျင်းပတဲ့ မင်္ဂလာဆောင်ညစ်ခံပွဲကို ပြောတာဖြစ်သည်။ အဲဒီပွဲမှာ လင်းလင်းလက်ကို မိန်းကလေးလိုဝတ်၊ မိန်းကလေးလိုပြင်ရမည်ဟု ပြောကြောင်း လင်းလင်းလက် သိပါသည်။

ပိုးအိမ်တို့ပွဲက သုံးရက်ဆက်တိုက်ဆိုပေမယ့် ကျိုကျိုတက်ချမ်းသာကြသော သူဌေးတွေလို ပွဲတိုင်း လူအများကြီးဖိတ်ပြီး အကြီးအကျယ်တွေ ဝတ်ကြ စားကြ ဂုဏ်သရေရှိတွေ တက်ရောက်ကြရတဲ့ ပွဲပုံစံမျိုးတော့မဟုတ်ပါ။ တစ်ရက်တည်း ကျင်းပရင်



www.burmeseclassic.com

www.burmeseclassic.com

လူတွေလည်းပန်းပြီး တက်သုတ်ရိုက် စီစဉ်ရသလို ဖြစ်မှာစိုး၍ လုပ်သင့်လုပ်ထိုက်သော ပွဲတွေကို ရက်ခွဲ၍လုပ်သော သဘောပင် ဖြစ်သည်။

ပထမတစ်ရက်က ပိုးအိမ်တို့အိမ်မှာပင် တရားသူကြီးဖနီးမောင်နှံ ဖိတ်၊ ရပ်ကွက်လူကြီးစုံတွဲ သုံးတွဲလောက်ဖိတ်ကာ လက်မှတ်ရေးထိုးရမည့်ပွဲ ဖြစ်ပါသည်။ ပိုးအိမ်ကတော့ သူငယ်ချင်းတွေ အလုပ်ပိုမှာစိုး၍ မလာရင်ရတယ်ဟု မှာထားပါသည်။ တစ်ပတ်ခြားတဲ့ ဒုတိယတစ်ရက်ကတော့ ဟိုဘက် ဒီဘက် နှစ်မိသားစု စိတ်ကြိုက်ရွေးချယ်ဖြစ်သော ဘုန်းကြီးကျောင်းမှာ မင်္ဂလာဆွမ်းကျွေးရမှာ ဖြစ်သည်။ မင်္ဂလာဆွမ်းကျွေးကလည်း ဆွမ်းကျွေးလုပ်တယ်ဆိုရုံ သဘောလောက်သာဖြစ်သည်။ နှစ်ဖက်ဆွေမျိုးတွေသာ ဧည့်ပရိသတ်ရှိသော ဆွမ်းကျွေးပွဲဖြစ်သည်။ ဒါပေမဲ့ ပိုးအိမ်ကတော့ ဒီသူငယ်ချင်းသုံးယောက်တို့ကို ဖိတ်ထားလိုက်ပါသည်။ နောက်ဆုံး တတိယရက်ကျမှ နေ့လယ်ဆယ့်တစ်နာရီကနေ ဆယ့်နှစ်နာရီခွဲထိ မြို့မကျောင်းလမ်းရှိ အိုရီယမ်တယ်ယ် ဟောက်စ်တွင် မင်္ဂလာဧည့်ခံပွဲ ကျင်းပမှာ ဖြစ်သည်။

ပိုးအိမ်ကတော့ မိန်းကလေးပီပီ ကိုယ့်မင်္ဂလာပွဲတွေကို ရင်ခုန်ပြီး လက်ချိုးရေနေလေသည်။

"ဟင် ... ဒီမှာ"





နွေရိပ်ချိုသည် မမစိမ်း ဝယ်လာသော ဂျာနယ်နှစ်စောင်တို့နဲ့အတူ တစ်ပါတည်း ဝယ်လာသည့် သတင်းစာကို ကောက်ကိုင်ကြည့်၊ မိန်းကလေးတွေ ဝါသနာအတိုင်း မင်္ဂလာဆောင်ကြော်ငြာ ဘာညာပါသော စာမျက်နှာကို အရင်ဆုံးဖွင့်ကြည့် ဖတ်ရှုလိုက်စဉ်မှာ အံ့ဩတကြီး (သို့သော်) ဆို့ဆို့နင့်နင့်အသံဖြင့် အသံပြုလိုက်မိပါသည်။

"ဘာလဲ နွေရိပ်"

နွေရိပ်ချို ဘာမှမဖြေနိုင်ဘဲ မျက်ရည်ပေါက်ကြီးများ စလိမ့်လိမ့် လိမ့်ဆင်းလာကာ သတင်းစာကို လွှတ်ချလိုက်ပါသည်။ အားလုံး သတင်းစာကို အလျှင်အမြန် ကောက်ကိုင်လုဖတ်လိုက်ကြပါသည်။

တကယ့် ဆွေကြီးမျိုးကြီး၊ အထင်ကရ ချမ်းသာလှသော စီးပွားရေးလုပ်ငန်းရှင် သူဌေးအသိုင်းအဝိုင်း၏ မင်္ဂလာဆောင်ကွန်းတင် လက်မှတ်ရေးထိုးပွဲ၊ မင်္ဂလာဆွမ်းကျွေးပွဲ၊ မင်္ဂလာဧည့်ခံပွဲ၊ ညစာစားပွဲ သတင်းများ ကော်လံအပြည့်နီးပါး ယူထားသော မင်္ဂလာဆောင်သတင်းတစ်ခုကိုသာ တွေ့ကြရပြီး နွေရိပ်ချို၏ ဘယ်လိုပတ်သက်မှုန်း စဉ်းစားမရ ဖြစ်နေပေမယ့် မမစိမ်းကတော့ နမ်းဆတွေးတောနိုင်သွားကာ ...

"နွေရိပ် ... အဲဒီသတို့သားက နွေရိပ်ရဲ့ကိုကိုလို့ ခေါ်ရတဲ့သူလား"


www.burmeseclassic.com

www.burmeseclassic.com



ဟု မေးလိုက်တော့မှ နွေရိပ်ချို ခေါင်းအသာညိတ်ပြ
ပါသည်။

"သူ့ရဲ့ဏီလေး ဆိုတာ တကယ်တော့ နာမည်အပြည့်အစုံ
မေဘာရကဏီပဲဆိုတာ ခုမှ နွေရိပ် သိရတယ်။ သူကတော့
အမြဲပဲ ဏီလေး ဏီလေးနဲ့ ပါးစပ်ဖျားက မချအောင်ခေါ်
နေခဲ့တာလေ"

မင်္ဂလာပွဲကတော့ လှုကုံထံတွေသာ အပြိုင်အဆိုင်
ကျင်းပလေ့ရှိသော နေရာမျိုးတွေဖြစ်သည့် မြရိပ်ညို၊ ဆီဒိုးနား
မင်းကွန်းတိပိဋကကျောင်းတိုက်၊ ထရိတ်ဒါး(စ်)တွေ ဝေဝေဆာဆာ
ဖော်ပြထားနိုင်သော နာမည်ကြီးမင်္ဂလာဆောင်တစ်ခုသာ ဖြစ်သည်။
ပိုးအိမ်တို့တစ်တွေလည်း ဒီတော့မှ "ကိုကို"ဆိုသော သူ၏အမည်
မှာ "မြင့်မားထွန်း"ဆိုသည့် ခပ်ရှားရှား၊ ခပ်ကြွားကြွား နာမည်
မျိုးဖြစ်ကြောင်း သိရတော့သည်။

နွေရိပ်ကတော့ တအိအိ ငိုနေသည်မှာ ထိုင်တောင်
မထိုင်နိုင်တော့ဘဲ ခွေခေါက်အားလျော့သွားတဲ့ အထိပင်။ နွေရိပ်
ခွေခေါက်ထိုင်ငိုနေတဲ့ ဆက်တီရှေ့ အလှစားပွဲလေးပေါ်မှာတော့
ပိုးကြေးပန်းကြေးအဖြစ်နဲ့ နေ့စဉ်ပို့ပို့လာတဲ့ ကိုလက်ာ ဆိုသူ၏
ပန်းလှလှလေးတွေ ထည့်ထားသည့် ပန်းခြင်းတောင်းလေး ရှိနေ
သည်။ ကိုယ့်အပေါ် လိုလိုလားလား၊ မြတ်နိုးချစ်ခင်တဲ့ ကိုလက်ာ
ကိုကျတော့ နွေရိပ်ချို ဘယ်လိုမှ ပြန်ချစ်ကြည့်လို့တောင် စဉ်းစား
မရခဲ့။





အသက်ရှူလိုက်တိုင်း၊ ရင်ခုန်လိုက်တိုင်း ကိုကို ...
ကိုကိုနဲ့ အသက်ရှင် လှုပ်ရှားနေခဲ့မိတဲ့ နွေရိပ်ချိုရဲ့အချစ်တွေဟာ
ကိုကို့ဆီမှာ အကုန်ပေးပြီးသားလို ဖြစ်နေသည်။ ခုတော့ ...
ကိုကိုက ရက်စက်သွားလေပြီ။ ပြီးခဲ့တဲ့ အပတ်တုန်းက သူ့ကွန်ဒို
ခန်းမှာ သူ ရောက်ချိန်လေး နွေရိပ်ချို ဖုန်းဆက်မိ၍ ကြုံကြိုက်
တုန်းကတော့ ကိုယ်ရေးကိုယ်တာကိစ္စတွေ၊ ဘဝအတွက် အရေး
ကြီးတဲ့ကိစ္စတွေ လုပ်နေရလို့ မအားဘူးလို့ ပြောခဲ့တာ သတိရ
သည်။ ကိုကိုရယ် ... ကိုကို ပြောတဲ့ ဘဝအတွက် အရေးကြီး
တယ် ဆိုတာဟာ ဒီမင်္ဂလာပွဲကြီးကို ဆိုလိုတာမှန်း အခုတော့
နွေရိပ်ချို သိသွားပါပြီ။

"နွေရိပ်ရယ် ... နင့်အတွက် ငါတို့ စိတ်မကောင်းပါဘူး၊
ဒါပေမဲ့ တစ်ဖက်က ပြန်တွေးရင်လည်း ဒီလိုမျိုး သူ့သဘော
ထားကို သေသေချာချာ သိလိုက်ရတာ ခပ်ကောင်းကောင်း
လို့ ပြောရမလိုဘဲ၊ နောက်မို့ ကိုယ်က အလိမ်အညာခံပြီး
ဆက်တွဲနေမိမှာလေ"

လင်းလင်းလက်ကတော့ တစ်ဖက်လမ်းပေါ်မှာရှိတဲ့
ကော်ဖီဆိုင်ကို တစ်ချက်ဝေ့ကြည့်ရင်း ...

"ကော်ဖီဆိုင်က လူကိုပဲ ချက်ချင်းလက်ခံလိုက်။ ပြီးရင်
နင့်လူရှေ့မှာ တွဲပြလိုက်။ အကြွေပန်းပေမယ့် ရွှေနန်းတော့
ထိုက်ပါသေးတယ်ဆိုတဲ့သဘော လုပ်ပြလိုက်၊ အဲဒီစာသား
မျိုး ဝတ္ထုထဲမှာ ဖတ်ဖူးလို့"



www.burmeseclassic.com

www.burmeseclassic.com



ပိုးအိမ်က လင်းလင်းလက်စကားကြောင့် ...

"ဟဲ့ ... ဟဲ့ ... ဘယ်လိုပြောလိုက်တာလဲ လင်းလင်းရယ်၊ နင်ပြောပုံကလည်း နွေရိပ်ကပဲ ကြွေပြီးသား ပန်းလိုလို ဘာလိုလိုကြီး ပြောတာပဲ၊ စကားကို စဉ်းစဉ်းစားစား လည်း ပြောပါဦး"

ဟု ချက်ချင်း ဝင်ဟန့်မှပဲ လင်းလင်းလက်လည်း သူ့စကားသူ ဒီတော့မှ စဉ်းစားမိပြီး သူ့ပါးစပ်သူ လက်ဖြင့်ပိတ် လျက် ...

"ဟယ် ... ဆောရီး ... ဆောရီး"

လို့လည်း တောင်းပန်၏။ ဆက်ပြီးတော့ ...

"ငါက ဒေါသဖြစ်ဖြစ်နဲ့ ဇွတ်ပြောမိတာပါ။ အဲဒီသဘောနဲ့ မဟုတ်ပါဘူး။ ကိုယ့်သူငယ်ချင်းဘက်က မခံချင်လွန်းလို့ ပါ။ ဟိုလူနဲ့ သူတွဲနေကတည်းက နွေရိပ်ဘက်က အရှုံးပေး ရသလိုချည်း ဖြစ်နေလို့ မကျေနပ်နေတာ။ နွေရိပ်က မပြတ်နိုင်မှန်းသိလို့ မပြောဘဲ ဒီတိုင်းကြည့်နေခဲ့ရတာလေ။ အခုတော့ ဟိုဘက်က သဘောကိုက ပြတ်သားပြလိုက်တဲ့ သဘောဆိုတော့ ငါလည်း ပြတ်ပြတ်သားသားကို မကျေနပ် ကြောင်း ပြောရတော့မှာပဲ"

ဟူ၍ သူ့သဘောထားကို ဖွင့်ပြောပါသည်။





"သူ ငါနဲ့ ဇာတ်လေးကို ယှဉ်လိုက်တိုင်း ဟိုဘက်ကိုအလေး သာမှန်း ငါ သိပြီးသားပါ။ ဒါပေမဲ့ ငါ့ဘက်က အချစ်,စစ် မှန်ရင် ရောင်ပြန်ဟပ်ပြီး ငါ့ကို ပိုလာပါစေရဲ့လို့ မျှော် လင့်ပြီး စောင့်နေခဲ့တာပါလေ"

"ကဲ ... အခုတော့ မျှော်လင့်နေစရာလည်း မလိုတော့ဘူး နွေရိပ်။ သူ ဒီလောက်ကြီး ပြတ်မှတော့ နင့်ဘက်ကလည်း ကြိုးစားပြီး မေ့ပစ်ဖို့လိုပြီ"

ပိုးအိမ် ဝင်ပြောတော့ နွေရိပ်ချို မျက်နှာငယ်လေးနဲ့ ...

"အေးပါ ... မေ့ပစ်ပါ့မယ် ပိုးအိမ်ရယ်"

ထိုအချိန်တွင် ဆိုင်တံခါးကို အပြင်မှ တစ်စုံတစ် ယောက် တွန်းဖွင့်လိုက်သောကြောင့် တံခါးဝမှာ ချိတ်ထားသော ခေါင်းလောင်းလေးတွေ တချွင်ချွင် မြည်သံကို ကြားလိုက်ရပါ သည်။

လေးယောက်သား ဝင်လာသူကို ကြိုဆိုဖို့ အသင့် မြင်လိုက်သည်။ ဝင်လာသူမှာ ဆံပင်အရှည်ကြီး ဖားလျားချထား သော မျက်ခုံးနက်နက်နဲ့ ခပ်ချောချော မိန်းကလေးတစ်ယောက်။ သူမ မျက်လုံးတွေက လင်းလင်းလက်ဆီ တန်းတန်းမတ်မတ် ရောက်သွားပါသည်။ လင်းလင်းလက် အမူအရာကလည်း အဲဒီ မိန်းကလေးကို မြင်လိုက်တာနဲ့ လှုပ်လှုပ်ရှားရှား ဖြစ်သွားပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ခေါင်းလျှော်ချင်လို့ လာတာပါ"

ထိုမိန်းကလေးက ပြုံးပြုံးလေး အားလုံးကို ဝေ့ကြည့်ကာ ပြောလိုက်လေသည်။





## ၁၁

"ဒီတစ်ခါ ခေါင်းပဲလျှော်မှာလား"

လင်းလင်းလက်သည် မိန်းကလေး၏ ဆံပင်တွေကို ညင်သာစွာ ပွတ်သပ်နှိပ်နယ်ရင်း ရှန်ပူဖြင့် လျှော်ပေးနေရာမှ မေးလိုက်သည်။ ဒီတစ်ခါလာတာနဲ့ဆို တစ်ပတ်ထဲမှာ နှစ်ခါတိတိ ရှိနေပြီ။ လာတိုင်းလည်း ခေါင်းလျှော်ခံ၊ ဒရိုင်ယာဖြင့် အခြောက်ခံပြီး ပြန်သွားလေ့ရှိသော မိန်းကလေး၏ ဆံပင်သားတွေက သားလို နူးညံ့ပြီး နဂိုအရောင်ကိုက တောက်ပြောင်နေသည်။ ဆံပင်လုံးကလည်း ကြီးပြီး နက်မှောင်သန်စွမ်းလှသည်။ ဆံပင်က အလိုလိုနေရင်း ဖြောင့်ပြီး အုံကောင်းကာ ခါးလယ်ပင်ကျော်နေသည်။

သူ့ဆံပင်လေးက ကောင်းပြီး သန်လှသဖြင့် ဒီဆိုင်တစ်ဆိုင်လုံးက သတိထားမိနေသည်။ ဒါပေမဲ့ နွေရိပ်ချိုကတော့ အလှအပ မြင်တတ်သူ ဖြစ်လေရာ ...



www.burmeseclassic.com

www.burmeseclassic.com



"သူ့ဆံပင်က ကောင်းပေမယ့် သူ့နဲ့သိပ်မလိုက်ဘူး။ ဆံပင် ရှည်ကြောင့် သူ့အလှဟာ သိပ်မပေါ်သလို ဖြစ်နေတယ်။ ဘာကြောင့်လဲဆိုတော့ သူက အရပ်ငါးပေလောက်ပဲရှိတာလေ၊ အရပ်သိပ်မမြင့်တဲ့သူဟာ ဆံပင်အရှည်ကြီး တစ်ခဲကြီးထားဖို့ မသင့်ဘူး။ စတက်(ပ)လေးတွေညှပ်ပြီး ကုပ်ဝဲဖြစ်ဖြစ်၊ ပခုံးထိလေးဖြစ်ဖြစ်ထားရင် သူ ပိုလှလိမ့်မယ်"

ဟူ၍ ဝေဖန်ပြတော့ အားလုံးက လက်ခံပါသည်။

နွေရိပ်ချိုမှာက သူများနဲ့မတူတဲ့ အမြင်ရှိတတ်သည်။ မျက်နှာလေးရယ်၊ ကိုယ်လုံးအရွယ်အစားရယ်၊ အရပ်ရယ် မြင်လိုက်တာနဲ့ ဘာဆံပင်ပုံထား၊ ဆံပင်ဘယ်လိုအရောင်လေးဟိုက်(ထ်)လိုက်(ထ်)တင်လို့ အကြံပေးနိုင်သည်။ အကြံပေးရင်လည်း ပေးတဲ့အတိုင်း တကယ်ဟုတ်မှန်နေတတ်သဖြင့် ဒီဆိုင်လာတဲ့ မလှချင်အများစုဟာ နွေရိပ်ချိုရဲ့အကြံကို အရင်မေးပြီးမှ ဆံပင်ပြင်တတ်သည်။

"ဘာဖြစ်လို့ မေးတာလဲ"

လင်းလင်းလက် မေးလိုက်တာကို ချက်ချင်းမဖြေသေးဘဲ ပြုံးနေပြီးမှ ဆံပင်လျှော်ခံနေသော မိန်းကလေးက ပြန်မေးလိုက်လေသည်။

"ဆံပင်ပုံစံပြောင်းဖို့ စိတ်ကူးမရှိဘူးလားလို့ သိချင်လို့ပါ"





"ချောက ငယ်ငယ်တည်းက ဆံပင်ကို သ,လာတာ ဒီထက်လည်း အရှည်မခံဘူး။ ခါးလယ်လောက်ရောက်ရင် တိတိပေးတာပဲ လုပ်ဖူးတယ်။ ဆံပင်ပုံလည်း တစ်ခါမှမပြောင်းဖူးဘူး။ ပြောင်းရင် ဘယ်လိုနေမလဲ"

မိန်းကလေးက သူ့ကိုယ်သူ ချောဟု နာမ်စားသုံးလိုက်သောကြောင့် ...

"သြော် ... ချောတဲ့လား"

လို့ လင်းလင်းလက် ပြန်မေးမိ၏။ ဒီမိန်းကလေးနဲ့ချော အပြင်မှာ တစ်ခါ မျက်လုံးချင်းဆုံရာက ဘယ်လိုဖြစ်တယ်သေး၊ လင်းလင်းလက် သူကလေးကို သဘောကျသွားမိဖူးသည်။ သူကလေးကလည်း လင်းလင်းလက်ကို မြင်မြင်ချင်း ခင်မင်ရင်းနှီးသလို စိုက်ကြည့်သည်ဟု ထင်မိသည်။ ထိုသို့ဆုံပြီး သိပ်မကြာပါ။ သူလေး လင်းလင်းလက် အလုပ်လုပ်သောဆိုင်ကို စုံစမ်းရှာဖွေပြီး ရောက်လာခဲ့လေသလား မသိ။ သူလေးနဲ့ လင်းလင်းလက်ကြားမှာ တစ်ယောက်နဲ့တစ်ယောက် ဖွင့်မပြောဘဲနဲ့ အကြည့်ဆွဲနဲ့တင် နားလည်မှုတွေ ရှိနေသလိုလို ခံစားနေရသည်။

"နာမည်အပြည့်အစုံ မရှိဘူး။ မိဘတွေက ချောလို့ပဲ နာမည်တစ်လုံးတည်း ပေးထားတာ။ ချောရဲ့မမနာမည်က ကျတော့ ကေတဲ့၊ ချောက ချော၊ ချောမောင်လေးကျတော့ မိုး။ မကေ ... မချော ... မောင်မိုးပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"တို့နာမည်က ..."

"အဟင်း ... ချော သိပါတယ်၊ လင်းလင်းလက်ပါ"

ချောက လင်းလင်းလက် မပြောခင် ရက်စနိုးမြိုးရင်း ဖြတ်ပြောလိုက်သည်။ လင်းလင်းလက်သည် စေတနာတွေပိုပြီး ချောကို ဦးရေလေးတွေ သေသေချာချာ နှိပ်ပေးနေမိသည်။ ရှန်ပူဖြင့် လျှော်ပေးပြီး ရေပြန်ဆေးကာ အခုတစ်ခေါက်ကတော့ ကွန်ဒစ်ရှင်နာပွတ်ပြီး နှိပ်နယ် လိမ်းကျံပေးနေတာ ဖြစ်ပါသည်။

"ချော ... ဆံပင်ပုံ ပြောင်းကြည့်ချင်လား" -

"ဟာ ... မလုပ်ရဲသေးဘူး"

"မလုပ်ရဲသေးဘူးဆိုတော့ နောက်ဆို လုပ်ချင်ရင် လုပ်မယ်ဆိုတဲ့ သဘောပဲ"

"အဟင်း ဟင်း ... အဲဒီလိုလည်း မဟုတ်သေးပါဘူး။ ချော ဆံပင်ကို နမြောတာတော့ မဟုတ်ပေမယ့် တစ်ခါမှ မဖြတ်ဘူးတော့ ဖြတ်လိုက်ရမှာ လန့်နေတာ"

"ရည်းစားက ဆံပင်ရှည်လေးနဲ့မှ ချစ်မယ်ပြောလို့လား"

"ချောမှာ ရည်းစားမရှိပါဘူး"

နှစ်ယောက်သား စကားလေးတပြောပြောနဲ့ လောကကြီးကို မေ့သလို ဖြစ်နေပါသည်။ မမစိမ်း၊ ပိုးအိမ်နဲ့ နွေရိပ်ချိုတို့ကတော့ အကြည့်တစ်မျိုးလေးတွေနဲ့ နှစ်ယောက်သား ရယ်ရယ်





မြူးမြူး ဖြစ်နေကြသည်ကို အကဲခတ်မိကြသည်။ သူတို့သုံးယောက်သား တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ရင်း မျက်စတွေပစ်နေမိကြသည်။ ယောကျ်ားလျာလေး လင်းလင်းလက်တော့ ချောဆိုတဲ့ မိန်းကလေးကို တွယ်တာနေပြီလား။ ချောကရော ဘာကြောင့်များ လင်းလင်းလက်ကို အရေးတယူနဲ့ လိုလိုလားလား ရှိရသလဲ။ ထိုအတွေး၊ ထိုမေးခွန်းကို သူတို့သုံးယောက်ခေါင်းထဲ မြိုင်တူတွေးနေမိကြလေသည်။

ချောတစ်ယောက် ဒီဆိုင်လာတာ လေးငါးခါမက ဖြစ်လာသောအခါ တစ်ရက်မှာ လင်းလင်းလက် မရှိတုန်း မမစိမ်းတစ်ယောက် စိုးရိမ်သလိုဖြင့် စတင်တိုင်ပင်လာသည်။

"ဟယ် ... ကြည့်ကျက်လုပ်ကြပါဦးဟယ်။ လင်းလင်းတစ်ယောက်ဟာ ဟိုမရောက်၊ ဒီမရောက်နဲ့ မိန်းမချင်း ရည်းစားထားတော့မယ် ထင်တယ်"

ပိုးအိမ်ကလည်း ဒီတော့မှ ...

"ဟုတ်တယ် ... ဟုတ်တယ်။ ပိုးအိမ်လည်း ဒါပဲပြောမလို့၊ ချောဆိုတဲ့ တစ်ယောက်ကလည်း ဆိုင်လာခေါင်းလျှော်လိုက်ရတာ ချောင်းပေါက်တော့မယ်၊ ခေါင်းတစ်ခါတစ်ခါ အလျှော်ခံရင်လည်း သူတို့နှစ်ယောက် တိုးတိုး၊ တိုးတိုးနဲ့ ကြည်နူးနေလိုက်ကြတာလေ။ ဘယ်လိုတွေ ဖြစ်ကုန်တာလဲ မသိဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ချောကလည်းဟယ် ... သူ့ရုပ် သူ့ပုံလေးနဲ့ ယောကျ်ား လေးတစ်ယောက်ကို ရည်းစားတော်လို့ ရသားနဲ့ ဘာလို့ လင်းလင်းကိုမှား ရည်းစားတော်ချင်ရလဲ မသိဘူး"

နွေရိပ်ချို ဒီလိုပြောတော့ ကျန်တဲ့နှစ်ယောက် လက်မခံချင်ဟန်ဖြင့် ...

"မိန်းမချင်းချင်း ရည်းစားဖြစ်စရာလား"

"အေးလေ ... ရှုးနေတဲ့သူတောင် မိန်းမချင်း ယောကျ်ားချင်း မကြိုက်ပါဘူး"

ဟု ငြင်းသလို ပြန်ပြောတော့သည်။

"မကြားဖူးဘူးလား ယောကျ်ားက မိန်းမစိတ်ဝင်ပြီး ခြောက်နေတဲ့ မိန်းမလျာကလည်း ယောကျ်ားယူတယ်လေ။ မိန်းမကနေ ယောကျ်ားစိတ်ဝင်ပြီး ယောကျ်ားလျာဖြစ်နေတဲ့ လူကလည်း မိန်းမယူတယ်လေ။ အဲဒါမျိုးတွေ တစ်ပုံကြီးပဲဟာ၊ ဒါက ဒီမှာမို့ အထူးအဆန်း ဖြစ်နေတာပါ။ နိုင်ငံခြားမှာဆို သူတို့ချင်းချင်း တရားဝင်လက်ထပ်လို့ရအောင်တောင် ဥပဒေပြဋ္ဌာန်းထားတာ ရှိတယ်တဲ့။ ငါ စာစောင်ထဲမှာ ဖတ်ဖူးတယ်။ gay marriage လို့ ခေါ်တယ်တဲ့"

"နွေရိပ်ရယ် ... ငါကတော့ မောင်သစ်ကိုပဲ မြှောက်ပေးပြီး လင်းလင်းကို ရည်းစားစကား အတင်းလိုက်ပြောနိုင်းရင် ကောင်းမလားလို့တောင် စဉ်းစားနေတာ"





"မြှောက်ပေးလို့ ဟိုကလိုက်ပြောရင် လင်းလင်း ပြန်မတီးထည့်လိုက်ရင်ပဲ ကံကောင်း"

"ငါကတော့ မြှောက်ပေးမှာပဲ။ ဘယ့်နှယ် သဘာဝတရားကို ဖောက်ပြန်ပြီး ဖြစ်နေတာ"

"အဲဒါလည်း ထူးဆန်းတဲ့ အချစ်ပဲ၊ မမစိမ်းရဲ့ သူတို့တွေက ကိုယ်နဲ့အတူတူချင်းကိုပဲ ချစ်လို့ ရတာလေ။ ကိုယ်နဲ့ဆန့်ကျင်ဘက်ကို လုံးဝချစ်လို့မရဘူး။ နွေရိပ်ကတော့ လင်းလင်းကို အပြစ်လည်း မပြောပါဘူး။ ချောကိုလည်း အပြစ်မပြောပါဘူး။ သူတို့ချင်း ချစ်ကြတာ ချစ်ပါစေ"

မမစိမ်းကတော့ နွေရိပ်ချိုဟာ လတ်တလောမှာ ဘိုကို ဆိုသူ၏ စွန့်ပစ်ထားခြင်း၊ သစ်စိမ်းချိုး ချိုးခြင်း ကြုံတွေ့ထားရသဖြင့် ပြောချင်ရာတွေ လျှောက်ပြောနေသည်ဟု ယူဆကာ နွေရိပ်ချိုကို ဆက်အငြင်းမပွားတော့ပါ။ မောင်သစ် ဒီတစ်ခါလာရင်သာ မြှောက်ပေးဖို့ သူမဘာသာ ကျိတ်ကြံနေသည်။

ပိုးအိမ်ကလည်း မကြာခင်ကျင်းပရတော့မယ့် မင်္ဂလာပွဲမှာ လင်းလင်းလက်ကို မိန်းကလေးလို ဝတ်ပေးဖို့ စိတ်ကူးရှိသေးရာ မမစိမ်းကို ကပ်ပြီး ...

"မောင်သစ်လည်း ပိုးအိမ်ပွဲကို လာမှာပဲ။ အဲဒီနေ့ကျ လင်းလင်း မြန်မာဝတ်စုံလေးဝတ်ပြီး အရမ်းလှနေရင်



www.burmeseclassic.com

www.burmeseclassic.com

မောင်သစ် မနေနိုင်တော့ဘဲ ရည်းစားစကား ပြောရဲလာလိမ့်မယ်၊ စိတ်မပူနဲ့ မမစိမ်း”

ဟု မမစိမ်းဘက်ကပါသော အသံဖြင့် ပြောသည်။

ထိုအချိန်တွင် လင်းလင်းလက် ဆိုင်ထဲဝင်လာသဖြင့် သုံးယောက်သား တခြားအကြောင်းအရာဆီ ခေါင်းစဉ်ပြောင်းဖို့ ပြင်လိုက်ကြသည်။

လင်းလင်းလက်သည် စလွယ်သိုင်း လွယ်လာသော သားရေအိတ်လေးကို ခေါင်းပေါ်က ကျော်ချွတ်လိုက်ရင်း ...

“ဟီး ဟီး ... ဒီမလာခင် မီနီမာ့(ထ်)ထဲ အရင်ဝင်တော့ ဘယ်သူနဲ့ တွေ့လာတယ် ထင်လဲ”

ဒီလမ်းမတန်းတစ်ဝိုက်မှာက အင်္ကျီဆိုင်တွေ၊ မိနီမားကပ်လေးတွေ၊ လက်ဖက်ရည်ဆိုင်တွေ၊ မိတ္တူကူးဆိုင်တွေ ဂိမ်းဆိုင်တွေ၊ အအေးဆိုင်တွေ တန်းစီနေရာ လင်းလင်းလက် ဘယ်ဆိုင်ဝင်လာသလဲတော့ မသိ။ မိနီမားကပ်(ခေါ်)မီနီမာ့ထ်က တောင် သုံးဆိုင်လောက်ရှိတာ။

“ဘယ် မီနီမာ့ထ်လဲ”

“အသစ်ဖွင့်လိုက်တာလေ၊ ဘတ်စ်ကားမှတ်တိုင်တည့်တည့် မှာ၊ ဟိုတလောကတင် ဖွင့်တာ”

“ဩော် ... Home Mart (ဟုမ်း(မ)မာ့ထ်)လား”





“ဟုတ်ပါ”

“အဲဒီတော့ ဘာဖြစ်လဲ”

“ဘာဖြစ်ရမှာလဲ၊ အဲဒီဆိုင်က နွေရိပ် ဘဲဘဲကြီး ဖွင့်တဲ့ဆိုင်”

“ဟင် ... ဘယ်သူ”

နွေရိပ်ချိုသည် အရင်ဆုံး ကိုကို့ကိုပဲ တန်းမြင်ပြီး ...ဝါဖြင့် ပြန်မေးမိ၏။ ကိုကို ဒီနားမှာ မီနီမာ့ထ်လာဖွင့်သတဲ့ ...။ သိပ်တော့ မဖြစ်နိုင်ဘူး။ ဒီနားမှာ နွေရိပ်တို့ဆိုင်ရှိနေတာ ကိုကို သိထားတာပဲ။

ပြီးတော့ ကိုကို့လို ကုမ္ပဏီအကြီးကြီး လုပ်တဲ့လူက ...မာ့ထ် ဘာကြောင့် ဖွင့်ရမှာလဲလေ။

“လင်းလင်းကလည်း ပဟေဠိလုပ်ပြီး ပြောပြန်ပြီ။ ဟိုမှာ နွေရိပ်ကဖြင့် တစ်စုံတစ်ဦးကို သတိတွေရပြီး ဦးနှောက်ခြောက်အောင် တွေးနေပြီ တွေ့လား”

မမစိမ်း လှမ်းသတိပေးတော့မှ လင်းလင်းလက် ...တိထားမိသွားပြီး ...

“နွေရိပ် ဘဲဘဲက ကိုလင်္ကာလေ။ လင်းလင်း စိတ်ထဲမှာတော့ ကိုလင်္ကာဟာ နွေရိပ်ဘဲဘဲပဲ”

“ဟယ် ... မဟုတ်တာတွေ”



www.burmeseclassic.com

www.burmeseclassic.com



နွေရိပ်ချို လက်မခံနိုင်စွာ အော်ငြင်းလိုက်၏။ ကိုကို ဘယ်လောက်ပဲ သစ်စိမ်းချိုး ချိုးသွား ကိုကိုနေရာမှာ ဘယ်သူမှ အစားမထိုးနိုင်သေးပါဘူးလေ။

"လင်းလင်း ... ဘယ်လိုသိလာလဲ"

"ဒီလို ပိုးအိမ်ရဲ့။ ဆိုင်အသစ်မို့ ငါ စပ်စုချင်ပြီး ဝင်ကြည့်တာပါပဲ။ အဲဒီမှာ ကိုလက်ကြီးနဲ့ တန်းတွေ့တာပဲ။ သူနဲ့ငါ တစ်ခါမှလည်း မိတ်မဆက်ဖူးဘူး၊ စကားတောင် မပြောဖူးဘူးပေမယ့် တစ်ယောက်နဲ့တစ်ယောက် အလိုလို သိပြီးနေသလိုဖြစ်ပြီး တွေ့တွေ့ချင်း သူရော ငါရော 'ဟော ...'ဆိုတဲ့ အသံထွက်ပြီး ပြုံးပြမိကြတယ် ... ဟား ဟား"

လင်းလင်းလက် ပုံစံက ကိုလက်ာနဲ့ သိကျွမ်းလာရသဖြင့် အတော်ကြီး ကျေနပ်ဝမ်းသာနေပုံ ဖြစ်နေသည်။ နွေရိပ်ချိုကို ကိုလက်ာနဲ့ အဖြစ်စေချင်ဆုံးသူမှာ လင်းလင်းလက်အပြင် နှစ်ယောက်မရှိ။

"ငါကပဲ ရင်းနှီးနေတဲ့ဟန်နဲ့ ဘယ်လာတာလဲ သူ့ကိုမေးမိတယ်"

"မိနီမာ့ထ်ထဲ တွေ့တာကို ဘယ်လာတာလဲ မေးရသလား"





နွေရိပ်ချိုသည် သူမကို ထိုသူနှင့် အောင်သွယ်လျှင် ခင်မတန်မှ မနစ်မြို့လေရာ လင်းလင်းလက်ကို ဘုပြောတော့၏။ လင်းလင်းလက်ကတော့ လုံးဝဂရုမစိုက်ဘဲ ဆက်ပြောနေသည်။

"သူက ဒါ ကျွန်တော် အသစ်ဖွင့်လိုက်တဲ့ဆိုင်ပါ။ Home ဆိုတဲ့ နာမည်ပါအောင် တမင်နာမည်ပေးထားတာမို့ Home Mart ဖြစ်နေတာတဲ့။ ကော်ဖီဆိုင်ကတော့ Home Cafe & Bakery လေတဲ့"

"ဆိုင်က ဘယ်လိုလေးလဲ"

"နှစ်ထပ်ပါပဲ မမစိမ်းရဲ့။ တွေ့နေကျ မိနီမာ့ထ်အသေးတွေလိုပါပဲ တိုက်ခန်းကျယ်ကိုပဲ ထပ်ခိုးပါ နှစ်ထပ်ရအောင် အတွင်းမှာ လှေကားနဲ့ ထပ်တက်ဖို့ လုပ်ထားတာပေါ့။ ဆိုင်က စုံပါတယ်။ တွေ့နေကျ မိနီမာ့ထ် တစ်ဆိုင်ထဲ ဝင်သွားသလို ပုံစံပေါ့။ ဒါပေမဲ့ ကိုလက်ာကတော့ သူ့ရဲ့ အထူးညွှန်သည်လို သဘောထားပြီး လင်းလင်းကို ဆိုင်အနှံ့ သေသေချာချာ လိုက်ပြပေးတယ်။ ဆိုင်ဖွင့်ခါစ တစ်လအတွင်း ဘာဝယ်ဝယ် 15 % discount တဲ့။ ဆိုင်တစ်ခုလုံး ဆယ့်ငါးရာခိုင်နှုန်း ဈေးချပေးထားတယ်တဲ့"

"နင် ဘာဝယ်လာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"အစကတော့ မဝယ်ဘဲ ဝင်တာပါ။ အခုတော့ ကိုလက်ာကို အားနာတာနဲ့ ချွေးသုတ်တဲ့ လက်ကိုင်ပဝါမွေးပွ နှစ်ထည်ဝယ်လိုက်ပါတယ်၊ ပြန်ထွက်ခါနီး ကိုလက်ာက မေးလိုက်သေးတယ်"

လင်းလင်းလက်က မပြောသေးဘဲ နွေရိပ်ချိုကို ပြုံးစေ့စေ့ဖြင့် လှမ်းကြည့်လျက် ...

"ပန်းတွေ အမြဲပို့ပေးနေတာ သူ ကြိုက်ရဲ့လား။ စိတ်ဆိုးနေလားတဲ့"

ဟု စကားကို အဆုံးသတ်လိုက်သောအခါ နွေရိပ်ချို ဝုန်းခနဲ ထထွက်သွားတော့လေသည်။

"နွေရိပ်က အဲဒီလူကိုဆို ခါးခါးသီးသီးပဲနော်"

ပိုးအိမ် ရိပ်မိသလိုအသံဖြင့် ပြောကျန်ရစ်သည်။ အခုလောလောဆယ်မှာတော့ နွေရိပ်ချိုဟာ အသည်းကွဲလို့ကောင်းဆဲ။ ကိုကို ပစ်ပစ်ခါခါ ထားရစ်ခဲ့တာကို ခံစားလို့ကောင်းဆဲ။ ကိုကို့နေရာမှာ ဘယ်လိုလူမျိုးကိုမှ အစားထိုး မချစ်နိုင်ခဲ့ဘူးဆိုတာ သူတို့ ဘာကြောင့် နားမလည်ပေးကြတာလဲ။

သူငယ်ချင်းတွေရဲ့ စေတနာကို သိပေမယ့် နွေရိပ်ချိုရဲ့ ရင်ထဲမှာ ကိုကို့ကိုပဲ ချစ်လို့ရတာ အပြစ်လား၊ သူတို့လည်း ချစ်ဖူးကြတဲ့ သူတွေပဲ။ အချစ်ဆိုတာ ဘယ်လိုမျိုးရယ်လို့ နားလည်ပေးနိုင်ကြမှာပါ။





နွေရိပ်ချိုသည် သူမထံတွင် ကျန်ရစ်သော ကိုကို့ ဆါလ်လက်ထပ်လေးကို သိမ်းထားဆဲဖြစ်သလို ကိုကိုနဲ့ ဇာတိလေး တွဲရက်ပုံထဲမှာ ဇာတိလေးပုံကိုတော့ ညှပ်ထုတ်ပြီး ကိုကို့ပုံကိုပဲ သိမ်းထားဆဲဆိုတာ ဘယ်သူ့ကိုမှ အသိမခံခဲ့ချေ။



www.burmeseclassic.com

www.burmeseclassic.com



## ၁၂

သတင်းကို ရုတ်တရက် ကြားလိုက်ရတော့ မြစိမ်းမေ နားထဲ ထူပူသွားသည်။ စိုးရိမ်စိတ်က ငယ်ထိပ်ကို ရုတ်ခြည်းထိုးဆောင့်သလို ခံစားလိုက်ရသည်။ နားထင်တွေထဲ တဒုတ်ဒုတ်မြည်လာကာ ခေါင်းတွေတောင် ကိုက်တတ်လာသည်ဟု ခံစားရပါသည်။ သား ... သားကြီး ... သားကြီးရဲရဲ ဟူသော ခေါ်သံတွေ နားထဲရော၊ ရင်ဘတ်ထဲမှာပါ ပြည့်လျှံနေတော့သည်။

"ရဲရဲ ကားတိုက်ခံရလို့တဲ့"

ဟု သတင်းလာပေးသူ၏ စကားသံအဆုံးမှာ လူက ပုံလဲကျမသွားအောင် စိတ်ထိန်းထားလိုက်ရတာ။

"ကျူရှင်ကအဆင်း ဘတ်စ်ကားမှတ်တိုင်မှာ သူငယ်ချင်းတွေနဲ့ စောင့်နေတုန်း ကားတစ်စီး ဘရိတ်ပေါက်ပြီး မှတ်





တိုင်ကို ဝင်တိုက်တော့ အဲဒီမှာ ရပ်စောင့်နေတဲ့လူ တော်တော်များများ တိုက်မိကုန်ကြတယ်။ ရဲရဲလည်း ပါတယ် ထင်တယ်၊ အခု အားလုံး ဆေးရုံကြီးရောက်သွားကြပြီ"

မြစိမ်းမေ သွေးရူးသွေးတန်းလိုဖြစ်ပြီး ပိုက်ဆံအိတ်ကောက်ဆွဲကာ လမ်းထိပ်ပြေးထွက်လာမိသည်။ ညရှစ်နာရီအချိန်မို့ အားငှားသွားမှ ဆေးရုံမြန်မြန်ရောက်ဖို့ပဲရှိသည်။ ဒီလိုအရေးရယ် အကြောင်းရယ် အချိန်ကြီးမှာ ဘတ်စ်ကားတော့ စောင့်မနေချင်။ တိုးတိုးကိုတော့ အိမ်မှာထားခဲ့ပြီး မှာစရာရှိတာ မှာထားခဲ့ရသည်။

"အရင်ဆုံး မင်းအဖေဆီ ဖုန်းဆက်အကြောင်းကြားလိုက်နော် သားလေး။ ပြီးမှ မမနွေ့ရိပ်တို့ ပိုးအိမ်တို့ လင်းလင်းတို့ကို တစ်ဆင့်ပြီးတစ်ဆင့် ပြောခိုင်းလိုက်။ သားလည်း ဘယ်မှ လျှောက်ထွက်မနေနဲ့၊ ဖုန်းဆက်ပြီးတာနဲ့ အိမ်မှာပဲ ဖုန်းစောင့်နေ၊ မေမေ အရေးကြီးရင် ဆက်လိုက်မယ်"

အငယ်ကောင်ကို အိမ်မှာထားခဲ့ပြီး ထွက်လာရတာ စိတ်တော့မချပေမယ့် မတတ်နိုင်ပါ။ စိတ်မချဘူးဆိုတာက တိုးတိုးဟာ ဆယ်နှစ်ကျော်နေပေမယ့် ကလေးလိုပဲ နေတတ်ကာ အရေးရယ် အကြောင်းရယ်ဆို ဘယ်လိုဖြေရှင်းရမှန်း မတွေးတတ်။ ဥပမာ ... သူ့အဖေဆီက ဆက်သွယ်လာတာတို့ အမျိုးတွေသတင်းမေးလာတာတို့ဆိုရင် အမေ ဘယ်လောက်သင်ထားထား မပြောပြ



www.burmeseclassic.com

www.burmeseclassic.com

တတ်။ တစ်ခါတလေ အိမ်မှာ ဘယ်လောက်ပဲ သေရေးရှင်ရေး အရေးကြီးနေနေ သူကစားနေတဲ့ PS2 ကစားစရာလောက်တောင် စိတ်မဝင်စားတာမို့ အရေးကြီးတဲ့ဖုန်းတွေဝင်လာရင် မကိုင်မှာလည်း စိုးရသေးသည်။

“အစ်မ ... အဲ ... မမြစိမ်းမေလား ခင်ဗျာ”

ကားတစ်စီး အနားမှာ လျှောခနဲ ဝင်ရပ်လာကာ ခေါင်းထွက်မေးလိုက်သူကို ရုတ်တရက် မြစိမ်းမေ မမှတ်မိပါ။ ကိုယ့်မှာ ဗျာများထူပူနေတာရော၊ ညမီးရောင်မပီမသတွေကြောင့်ရော ပေါင်းပြီး ထိုသူ့ကို ဘယ်သူမှန်းပင် စဉ်းစားမရ။ အကြောကြီး ငေးကြောင်ကာ ကြည့်နေမိသည်။

“မမြစိမ်းမေ ... ကျွန်တော်ပါ လက်ာပါ၊ Home Cafe ဆိုင်ကလေ”

“ဩော် ... ဩော် ... အင်း ... ဟုတ်ပြီ၊ မှတ်မိပါပြီ”

“မမြစိမ်းမေ ကားငှားမလို့လား”

“ဟုတ်ပါတယ်”

“ဘယ်သွားမလို့လဲ၊ ကျွန်တော် လိုက်ပို့ပေးမယ်လေ”

ကားက ရုတ်တရက် ငှားမရ ဖြစ်နေတုန်း ကိုလက်ာ ဒီလိုမေးလိုက်သံဟာ မြစိမ်းမေကို အားတက်သွားစေပါသည်။

“ဆေးရုံ”





“ခင်ဗျာ”

“အစ်မသားကြီး ကားတိုက်ခံရတဲ့ထဲမှာ ပါတယ် သတင်းကြားလို့ ရန်ကုန်ဆေးရုံကြီးကို လိုက်သွားကြည့်မလို့ပါကွယ်၊ ကလေးအခြေအနေ ဘာမှမသိရသေးတော့ စိတ်တအားပူပြီး ထွက်လာတာ”

“ဟာ ... ဒါဆို တက်ပါ၊ တက်ပါ ကျွန်တော့်ကားနဲ့လိုက်ပို့ပေးပါ့မယ်၊ အားနာရမယ့်လူတွေမှ မဟုတ်တာ အစ်မရယ်။ အကူအညီလိုတုန်း ပေးရမှာပေါ့”

“ကိုလက်ာ အားရဲ့လား”

“အားပါတယ်၊ ကျွန်တော် အိမ်ပြန်တော့မှာပါ”

“ကျေးဇူးတင်လိုက်တာရှင်”

မြစိမ်းမေ ကားရှေ့ခန်းမှာ အမြန်ဝင်ထိုင်လိုက်မိသည်။ ကိုလက်ာ့ကိုလည်း အင်မတန်မှ ကျေးဇူးတင်ရလွန်းလို့ ဘယ်လိုစကားနဲ့ ကျေးဇူးတင်ရမှန်းတောင်မသိ ဖြစ်နေသည်။ အရေးကြီးတဲ့အချိန်မှာမှ ကားကလည်း ငှားမရလေရာ လူကခိုကိုးရာမဲ့သလို ခံစားနေရတုန်း ဒီလူဟာ တကယ့်ကို မိုးကျရွှေကိုယ်ပါပဲ။ ဘွားခနဲ ရောက်ချပြီး ကူညီနိုင်ခဲ့တယ်။ အံ့မယ်လေးလေး ... နွေရိပ်ချိုရယ်၊ ညည်း စိတ်ကူးမလွဲပါနဲ့။ ဒီလူဟာ ငါတို့မြင်ရသမျှ၊ တွေ့ရသမျှ၊ ကြုံရသမျှတော့ ညည်းအတွက် အသင့်တော်ဆုံးပါ ညီမရယ်။ မြစိမ်းမေသည် သားအတွက်ဇော


www.burmeseclassic.com

www.burmeseclassic.com

ကပ်နေရတဲ့အထဲမှာတောင် နွေရိပ်ချိုကို သတိတရ စိတ်ထဲမှာ ပြောနေလိုက်သေးသည်။

မြစိမ်းမေလည်း ကိုယ့်အပူနဲ့ကိုယ်၊ ကိုယ့်အတွေးနဲ့ကိုယ် တိတ်ဆိတ်လာခဲ့မိလေရာ ကိုလက်ာလည်း အလိုက်တသိဖြင့် လမ်းတစ်လျှောက် ဘာမှမမေးဘဲ ဆေးရုံကြီးနား ရောက်ခါနီးမှ ...

"ဘယ်က ဝင်ရမလဲ မမြစိမ်းမေ"

"အရေးပေါ်အပေါက်ကဝင်ရင် ကောင်းမယ် ထင်တယ်နော်။ ကျွန်မလည်း သတင်းကြားကြားချင်း စိတ်တအားပူသွားပြီး ပြေးထွက်လာတာ။ ဘာမှတောင် သေသေချာချာ မေးမလာခဲ့မိဘူး"

"ကလေးက ဘယ်လိုဖြစ်တာလဲ"

"ကျူရှင်ကအဆင်း အိမ်ပြန်ဖို့ ဘတ်စ်ကားရပ်စောင့်နေတုန်း ကားတစ်စီး ဘရိတ်ပေါက်ပြီး မှတ်တိုင်ကို ဝင်တိုက်တော့ အဲဒီမှာရပ်နေတဲ့လူတွေ အကုန်လုံးနီးပါး တိုက်မိကုန်ကြတယ်လို့ ပြောတယ်၊ ကြားလာတဲ့သူက ကျွန်မသားလည်း ပါတယ်ဆိုလို့"

"မစိုးရိမ်ပါနဲ့ မမြစိမ်းမေရယ်။ သူ တကယ်ထိချင်မှလည်း ထိမှာပါ။ အားလုံးရောပြီး သူပါ,ပါတယ် ထင်တာဖြစ်မှာပါ"





"အဲဒီလိုပဲ ဖြစ်ပါစေလို့ ဆုတောင်းပါတယ်လေ"

ကိုလက်ာကတော့ ကလေးရဲ့အဖေ ဘာလို့မပါလဲဆိုတဲ့ မေးခွန်းကို အလိုက်တသိ မမေးတော့ပါ။ မမြစိမ်းမေဟာ အခုခေတ်ပေါ် တီဗီဇာတ်လမ်းတွဲတို့၊ ဗီဒီယိုကားတို့မှာ ဇာတ်ပို့သရုပ်ဆောင်အနေနဲ့ ဝင်ပါနေသူ ဖြစ်တာမို့ တစ်ခါတလေ အင်တာဗျူး အနည်းအကျဉ်းတွေလည်း လုပ်ထားတာတွေ ဂျာနယ်တချို့မှာ ဖတ်ရလေရာ အဲဒီထဲမှာ သားတွေရှိတယ်လို့သာ ဖြေဆိုပြီး ဘယ်တော့မှ ကလေးတွေအဖေအကြောင်း ထည့်ပြောလေ့မရှိတာကို သတိထားမိခဲ့၍ပင်။ ဘာပဲဖြစ်ဖြစ် မိခင်ပီသစွာ မိမိရဲ့ရှင်သွေးအပေါ် ပူပန်နေသော မမြစိမ်းမေရဲ့သောကကို မြင်ရတော့ ကရုဏာသက်မိပါသည်။

အထူးသဖြင့် ချစ်နေရသူလေး နွေရိပ်ချိုတို့ အုပ်စုထဲက မိတ်ဆွေသူငယ်ချင်းတစ်ယောက် ဖြစ်နေတာကြောင့် သူကျေနပ်ပျော်ရွှင် တက်ကြွစွာပင် ကူညီချင်နေမိသည်။ အရေးပေါ်အပေါက်မှ ဝင်ရောက်စုံစမ်းပြီးလျှင် ကလေးကို ပို့ထားရာ ကုသဆောင်နံပါတ်ကို သိရသည်။

ဆေးရုံခုတင်ပေါ်မှာ ရဲရဲကို ခေါင်းပတ်တီးအဖွေးသားနဲ့ လက်ကျောက်ပတ်တီးကြီး ကိုင်ထားတာတွေ့တော့ မြစိမ်းမေ ပြေးဖက်ငိုတော့သည်။ ကိုလက်ာသည် မမြစိမ်းမေမှာ ဒီလိုအရွယ် သားတစ်ယောက် ရှိပါလားလို့ ခုမှ တွေ့သိရပြီး အံ့အား


www.burmeseclassic.com

www.burmeseclassic.com



တသင့် ကြည့်နေမိ၏။ အမေနဲ့သားဟာ အစ်မကြီးနဲ့ မောင်အငယ် ဆုံးပုံစံပင် ပေါက်နေသည်။

"အံမယ်လေး ... သားကြီးရယ်၊ ဖြစ်မှဖြစ်ရလေ၊ ကံဆိုး လိုက်တာကွယ်"

ရဲရဲက ရှက်သလိုပုံစံဖြင့် ...

"ဟာ ... မေမေကလည်း၊ သား ဘာမှမှမဖြစ်တာ၊ အဲ့ လိုကြီး ပြောပြီး ငိုမနေပါနဲ့၊ သူများတွေ သားထက်တောင် ဆိုးသေးတယ်"

"ဟဲ့ ... ဒါလား ဘာမှမဖြစ်တာ။ အလကားနေရင်း ခေါင်းပေါက် လက်ကျိုးရတာလေ"

"ခေါင်းက နှစ်ချက်ပဲ ချုပ်ရတာပါ။ လက်က အဆစ်လွဲ တာ လက်ကျိုးတာ မဟုတ်ဘူး"

ရဲရဲက အမေနဲ့ပါလာသူ ကိုလက်ကိုကို မသက်သာ ပုံစံဖြင့် အကဲခတ်နေလေသည်။ ကိုလက်ကကလည်း မြစိမ်းမေနဲ့ ဆို မတိမ်းမယိမ်းအရွယ် ဖြစ်နေလေသည်။

"အခု သား အိမ်ပြန်လို့ ရပြီလား"

"အဲဒါ မသိဘူး မေမေ၊ ဆရာဝန်ကြီး တစ်ခေါက်ရောင်း (round) လုပ်ပြီး တစ်ခါစစ်ဆေးပြီး စိတ်ချရမှ ပြန်လွှတ် မယ်လို့ ပြောတာပဲ"

"ဒါဆို မေမေစောင့်လို့ရတယ် မဟုတ်လား"





"မေမေ့ညှော်သည် ပါလာတာ၊ အားနာစရာကြီး မစောင့် နိုင်းပါနဲ့။ မေမေ စောင့်ရင်စောင့်ပေါ့"

ဒီတော့မှ မြစိမ်းမေလည်း အနားမှာ ကိုလက်ကရှိနေ သေးတာကို သတိရ,ရတော့သည်။

"ဩော် ... ဟုတ်သားပဲ၊ ကိုလက်ကကို ကျေးဇူးလည်းတင် ပါတယ်။ ကျွန်မတို့ကို စောင့်မနေပါနဲ့။ ကိုလက်ကပြန်ချင် ရင်ပြန်ပါ။ သားလည်း စိုးရိမ်ရတဲ့ အခြေအနေ မဟုတ် တော့ဘူးလေ"

"အားမနာပါနဲ့ မမြစိမ်းမေ။ မမြစိမ်းမေတို့ သားအမိ အိမ်တိုင်ရာရောက်ဖြစ်အောင် လိုက်ပို့နိုင်ပါတယ်၊ နောက် ထပ် သုံးလေးနာရီ ထပ်စောင့်ရလည်း စောင့်နိုင်တယ်"

ထိုသို့ စကားပြောတာပင် မဆုံးသေး ward ထဲကို ဝင်လာကြသော အုပ်စုကိုမြင်တော့ ကိုလက်ကရင်ထဲမှာ လမင်း တစ်ရာလောက် ထွန်းလင်းတောက်ပသွားသလို ခံစားလိုက်ရသည်။ ချစ်သူမိန်းကလေးကတော့ ကိုလက်ကကိုမြင်လျှင် အံ့အားတသင့် နားစမ်းသလိုကြည့်သည်။ မြစိမ်းမေက သူငယ်ချင်းတွေကို တွေ့ တွေ့ချင်း ကိုလက်ကနဲ့ ဘယ်လိုတွေ့ပြီး၊ ဘယ်လိုကူညီတယ်ဆို တာ ချက်ချင်းပြောပြပြီးနေပြီ။ ရဲရဲလည်း နွေရိပ်ချိုနဲ့ ကိုလက်က၏ အကြည့်တွေကို လှုပ်ပေါက်လေးပီပီ ရိပ်မိသွားလျှင် အမေ့ကို ခုနက မကြည်မလင် ဖြစ်နေတာတွေ ချက်ချင်းလိုလို ပျောက်သွား



www.burmeseclassic.com

www.burmeseclassic.com



ပါသည်။ ကိုလက်ာ့ကိုလည်း ခုမှ ရယ်ရယ်ပြုံးပြုံး လုပ်ပြလာသည်။

"ကိုလက်ာကြီး စောင့်နေရမှာ အားနာပါတယ်၊ မမစိမ်းကို ပိုးအိမ်တို့ပဲ ဝိုင်းကူလိုက်ပါ့မယ်၊ ပြန်ရင်ပြန်နော်"

လင်းလင်းလက်သည် ပိုးအိမ် အလိုက်မသိစွာ ကိုလက်ာ့ကို အတင်းပြန်လွှတ်နေသဖြင့် နောက်ကနေ အသာ ကျိတ်ပြီး ဆိတ်ပစ်လိုက်တော့သည်။ ပိုးအိမ် မျက်စောင်းလှည့်ထိုးရင်း ...

"နင့်ဆီက မိန်းမဆန်တဲ့ အပြုအမူမျိုး ဒီတစ်ခါပဲ ကြုံဖူးတော့တယ်"

ဟု ခပ်တိုးတိုး ရန်တွေ့ပါသည်။

"ကျွန်တော့်ကို အားမနာပါနဲ့ ရပါတယ်။ ခဏစောင့်ပေးပါဦးမယ်လေ။ ယောကျ်ားတစ်ယောက် ရှိနေတော့လည်း အရေးရယ် အကြောင်းရယ်ဆို တစ်ခုခု ပြေးသွားစရာ ဘာညာရှိရင် ကူညီနိုင်တာပေါ့၊ ဒါကြောင့် စောင့်နေပေးပါ့မယ်"

နွေရိပ်ချိုကတော့ ရှင့်အကြံ ကျွန်မ သိပါတယ်ဆိုတဲ့ အကြည့်နဲ့ မျက်စောင်းအကြီးကြီး ထိုးပါသည်။ သို့သော် ရင်ထဲမှာ သတိထားလိုက်မိသည်မှာ အဲဒီလူရဲ့ပိုးပန်းမှု၊ မြတ်မြတ်နိုးနိုး ကြည့်တတ်မှုတွေကို အရင်ကလောက် ဒေါသဖြစ်မနေတော့





တဲ့အနှောင့်အယှက် ဖြစ်မနေတော့။ ကိုကိုနဲ့တုန်းက အရေးတယူ အချစ်မခံရတာတွေ တခြားယောကျ်ားတစ်ယောက်ထံမှ ရရှိခံစားသောအခါ သာယာမိတာတော့ အမှန်ပင်။

တာဝန်ကျဆရာဝန်ကြီး ရောင်းလှည့်ပြီးသောအခါ မိခဲ့ အခြေအနေကို စစ်ဆေးပြီးလျှင် အိမ်ပြန်ခွင့်ပြုပါသည်။ အိမ်ပြန်ခွင့်ရသော အချိန်မှာ ညဆယ်နာရီခွဲနေပြီ။

နွေရိပ်ချိုရဲ့ ဆလွန်းလေးကသေးပြီး မိန်းမလေးယောက် ထိုင်လိုက်တာနဲ့တင် ပြည့်ကျပ်သွားပြီမို့ ကိုလက်ာက မဲ ...

"မမစိမ်းသားကို ကျွန်တော့်ကားနဲ့ လိုက်ခိုင်းလိုက်ပါလား။ ကလေးလည်း သက်သောင့်သက်သာ လှဲပြီးလိုက်လို့ရတာပေါ့"

နာရီပိုင်းအတွင်းမှာ ကိုလက်ာဟာ ဒီအုပ်စုနဲ့ရင်းနှီးသွားပြီဖြစ်ရာ မမြစိမ်းမေလို့တောင် မခေါ်တော့ဘဲ မမစိမ်းလို့တောင် လိုက်ခေါ်နေပါသည်။ ရဲရဲကလည်း အမေအပါအဝင်မိန်းမအုပ်စုကြားမှာ မိန်းမသံတွေ ကျယ်ကျယ်လောင်လောင်ကြားမှာ၊ ဒီကြားထဲ အမေက ဓာတ်ပို့ဓာတ်ရဲ့ သရုပ်ဆောင်အနေနဲ့ ဟိုပါဒီပါ လုပ်ထား၍ လူတော်တော်များများ အာရုံစိုက်ခံရတဲ့ကြားမှာ မနေချင်လှလေရာ ကိုလက်ာ ထိုသို့အကြံလည်းပေးလိုက်ရာ ...



www.burmeseclassic.com

www.burmeseclassic.com

"ဟာ ... ဟုတ်တယ် ... ဟုတ်တယ်၊ ဦးလက်ကားနဲ့ လိုက်မယ် မေမေ။ သား အဲဒီလို တူးဒိုးပါတဲ့ Celica ပြိုင်ကားလေး စီးကြည့်ချင်နေတာ ကြာပြီ၊ အတော်ပဲ"

ဟု အမေတောင် မဆုံးဖြတ်ရသေး။ သူက ပြေးတက်ပြီးနေပြီ။

"ဟောတော့ ... ကိုလက်ဒ့စကားတောင် မဆုံးသေးဘူး၊ သူက ပြေးတက်နေပြီ"

"ရပါတယ်ဗျာ၊ ကဲ ... ရှေ့ကမောင်းသွားကြ၊ ကျွန်တော် နောက်က ဖြည်းဖြည်းလိုက်ခဲ့မယ်"

ကားနှစ်စီး ရှေ့ဆင့်နောက်ဆင့် မောင်းလာကြတော့ မိန်းမအုပ်စုကလည်း မိန်းမအုပ်စုအလျှောက်၊ ယောကျ်ားလေးနှစ်ယောက်ကလည်း ယောကျ်ားအုပ်စုအလျှောက် ပြောစရာစကားတွေဖြင့် အိမ်ပြန်လာခဲ့ကြသည်။

မိန်းမအုပ်စုထဲမှာ အဓိက,ကတော့ မမစိမ်း။

"တိုးတိုး သူ့အဖေကို ဖုန်းဆက်ရဲ့သားနဲ့ လိုက်မလာဘူးတွေ့လား။ ဘယ်လောက် ရင်နာဖို့ကောင်းလဲဟယ်။ သူမွေးထားတဲ့ သားအရင်းကိုတောင် စိတ်မပူတော့ဘူး။ ခွေးလို ဝက်လို သေရင်သေပစေဆိုပြီး ပစ်ထားလိုက်ပြီ"

"တိုးတိုးကိုမေးတော့ ဖေဖေအိမ်မှာမရှိဘူး၊ ပြန်မရောက်သေးဘူးလို့ သူ့မိန်းမကပြောတယ်တဲ့"





"ယောကျ်ားသိက္ခာကိုကျတယ်၊ အိမ်မှာ ဖုန်းတောင်ကိုင်ခွင့်မရတော့ဘူး။ ဘယ်အချိန် ဖုန်းဆက်ဆက် အဲဒီမိန်းမပဲလေ"

"သူ့ဟန်းဖုန်းရော"

"တိုးတိုးကို အဲဒါမှာဖို့ မေ့သွားတာ။ ကလေးဆိုတော့ အမေက ဖုန်းဆက်ဆို သူက အိမ်ဖုန်းပဲ ဆက်မှာပေါ့"

"မမစိမ်း အိမ်ရောက်မှ ဆက်ကြည့်"

"အံမယ်လေး နွေရိပ်ရယ်။ ဘာလို့ဆက်ရမှာလဲ သူ့ အဖေပဲ။ သူ စိုးရိမ်ရင် ဆက်ပေါ့။ ငါတော့ ဒီနေ့ အဖြစ်အပျက်နဲ့တင် သူ့ကို ပိုပိုပြီး မုန်းလာတယ်။ ကလေးတစ်ခုခုဖြစ်တာကို ဘာကြောင့် မစိုးရိမ်ရလဲလို့"

"ဟိုမိန်းမကမပြောတာလည်း ဖြစ်မှာပေါ့"

"အဲဒီလောက် ယုတ်မာတဲ့မိန်းမ စောစောမှုဆိုးမဖြစ်ပါစေ"

"ဟီဟိ ... မမစိမ်း ကျိန်တာ နှစ်ယောက်လုံးကိုထိတယ်၊ ကောင်းလိုက်တာ အဲဒီကျိန်နည်း"

မိန်းမအသံတွေ ကားထဲမှာ ဆူညံနေချိန်တွင် နောက်ဘက်က ယောကျ်ားနှစ်ယောက်ပါတဲ့ ကားမှာတော့ ခပ်အေးအေးစကားပြောသံ သဲ့သဲ့သာ။

"သားက ဘယ်နတန်း ရောက်ပြီလဲ"


www.burmeseclassic.com

www.burmeseclassic.com

"ကိုးတန်းပါ ဦး"

"မမစိမ်းမှာ ဒီလောက်အရွယ်ရှိတဲ့သား ရှိမှန်းတောင် မသိဘူး"

"မေမေက သူ့ကိုနုတယ်ပြောရင် သိပ်သဘောကျတာ ဦးရ"

"ဟုတ်လား … ဒါဆို နောက်တစ်ခါကျမှ ဖားပြီးပြောဦးမှ"

"ဦးက မေမေ့ကို ဘာလို့ဖားချင်တာလဲ"

ကိုလက်ာ ရှက်ပြီး တဟားဟားသာ ရယ်နေသည်။ ရဲရဲကတော့ လူပျိုပေါက် ခေတ်လူငယ်လေးပီပီ ပြောရဲဆိုရဲရှိလေရာ …

"မမနွေရိပ်နဲ့ မေမေနဲ့က အလုပ်လုပ်ရင်း ခင်မင်လာကြတာဗျ။ ဒါပေမဲ့ ညီအစ်မတွေလိုပဲ မေမေကလည်း မမနွေရိပ်တို့၊ မမပိုးအိမ်တို့ကို သိပ်ချစ်တာ၊ မမလင်းလင်းနဲ့ကျ ချစ်ပေမယ့် သိပ်မတည့်ဘူးတဲ့။ မိန်းမဆန်ဆန် မနေလို့တဲ့"

ဟူ၍ ကိုလက်ာ သိချင်မည်ထင်သော အကြောင်းအရာတချို့ကို ရွေးချယ်ပြောပြလိုက်ပါသည်။ သို့သော် ကိုလက်ာ သိချင်တာက ဒါမဟုတ်။ နွေရိပ်ချိုမှာ ရည်းစားရှိ၊ မရှိ ရည်ရွယ်ထားသူ ရှိ၊ မရှိ သိချင်တာဖြစ်ကြောင်း ရဲရဲ မခန့်မှန်းတတ်သေး။

"ဦးနဲ့ သူတို့ ခင်မင်ကြတယ်ရယ်လို့ မဟုတ်ပါဘူးကွာ။ ဒီလိုပဲ ဆိုင်နီးနားချင်းတွေဆိုတော့ မျက်မှန်းတန်းမိတဲ့





သဘောပါ၊ သူတို့လေးယောက် တော်တော်ချစ်ကြ၊ ခင်ကြတာတော့ မြင်နေတာမို့ သိပါတယ်"

"မမပိုးအိမ်နဲ့ မမနွေရိပ်က ပိုခင်ကြတယ်လို့ မေမေပြောတယ်၊ မမပိုးအိမ်က မကြာခင် လက်ထပ်တော့မှာမို့ မမနွေရိပ်က သူငယ်ချင်းကို နှမြောပြီး စိတ်မကောင်းတော့ နည်းနည်းဖြစ်နေတယ်တဲ့"

"ဩော် … ပိုးအိမ်က ယူတော့မယ်ဆိုတော့ ဟို … အဲ … အဟင်း … နွေရိပ် … နွေရိပ်ချိုကရော …"

ကိုလက်ာ မနေနိုင်တော့ဘဲ အရဲစွန့်ကာ မေးလိုက်တော့သည်။

"ကျွန်တော်တော့ မကြားမိဘူး၊ မမနွေရိပ် ယူတော့မယ်လို့"

"ဩော် … သူ့မှာ ရည်းစားတော့ ရှိတယ်ပေါ့"

"အဲဒါလည်း ကျွန်တော် မသိဘူးဗျ။ မေမေ့ဆီကတော့ တစ်ခါမှ ပြောသံမကြားဖူးဘူး။ မမလင်းလင်းသာ ရည်းစားရတော့မယ်လို့ ပြောသံကြားတယ်"

"ဟေ … လင်းလင်းလက် ရည်းစားရှိတော့မှာလား"

"ဟို … အဟီး … မိန်းမချင်း ရည်းစားထားတာဗျ။ သူက ယောက်ျားလျာဆိုတော့ သူကြိုက်တဲ့ ကောင်မလေးကလည်း သူ့ဆီမှာ ခဏ ခဏ ခေါင်းလာလျှော်ခံရင်း ကြိုက်ကြတော့


www.burmeseclassic.com

www.burmeseclassic.com



မယ်လို့ မေမေနဲ့ မမပိုးအိမ် ဖုန်းပြောတုန်း ခိုးနားထောင်ထားလို့ သိလိုက်တယ်ဗျ”

စကားပြောလို့ မဆုံးသေး။ အိမ်လည်း ပြန်ရောက်ဖြစ်ရာ စကားစ ပြတ်သွားပါသည်။

ထိုနေ့က အားလုံး၏ ဖိတ်ခေါ်မှုကြောင့် ကိုလေး တစ်ယောက် မမြစိမ်းမေ အိမ်ပေါ် ခဏတဖြုတ်တက်။ ညနေစာ မုန့်နဲ့ကော်ဖီကို စားသောက်၊ အားလုံးနဲ့ တရင်းတနှီး စကားတွေ ပြောပြီးမှ အိမ်ကိုပြန်လာဖြစ်တော့လေသည်။

အဲဒီနေ့ကစပြီး Home Cafe & Bakery ဆိုင်နဲ့ Lady Belle` ဆိုင်တို့ဟာ တစ်ဆိုင်နဲ့တစ်ဆိုင် အသွားအလာတွေ စတင်ရှိလာတော့လေသည်။





# အပိုင်း(၃)

www.burmeseclassic.com

www.burmeseclassic.com



## ၁၃

လင်းလင်းလက်မျက်နှာကြီး စူပုပ်နေပေမယ့် ပြင်ဆင်ပေးသမျှကိုတော့ ငြိမ်ပြီးခံနေသည်။ မျက်နှာကို ပေါင်းတင်ပေးထားသဖြင့် မျက်နှာတစ်ပြင်လုံးလည်း ပေါင်းတင်လိမ်းဆေးတွေနဲ့ တင်းနေသည်။ မျက်စိပေါက်နေရာနဲ့ နှာခေါင်း၊ ပါးစပ်ပေါက်နေရာတို့ကိုသာ ချန်ထားလေရာ ကိုယ့်ရုပ်ကိုယ် မှန်ထဲမှာ ဘယ်လိုဖြစ်နေတယ် ဆိုတာတော့ မြင်နေရသေးသည်။

ဆံပင်ကိုလည်း ပုံသွင်းပြီး ဆက်တင်ကိုင်ထားသေးသည်။ လက်သည်း၊ ခြေသည်းတို့လည်း အငြိမ်မနေရ။ မမစိမ်း လုပ်ပေးသမျှ မလှုပ်ဘဲ ခံနေရသည်။ တစ်နာရီလည်းမဟုတ်၊ နှစ်နာရီလည်းမဟုတ်။ ငြိမ်နေရတော့ လူက မနေနိုင်တော့။ ခန္ဓာကိုယ် မလှုပ်ရလည်း ပါးစပ်တော့ လှုပ်ရမှ သက်သာတော့မည်။





"အမယ်လေး ... အမယ်လေး ... ဘယ်လိုလဲ၊ မပြီးနိုင်သေးဘူးလား၊ မျက်နှာကဟာတွေ ခွာပါတော့၊ လင်းလင်းက သိပ်မလိုပါဘူး၊ အချိန်မစေ့လည်း ခွာလိုက်ပါတော့လား။ တကတဲမှပဲ ဖော်မြူလာအတိုင်း ပြင်ပေးနေတော့တာပဲ"

လင်းလင်းလက် ထိုသို့ ထအော်တော့ ဘေးမှလာ အပြင်ခံ အညှပ်ခံနေကြသော ကက်စတန်မာတွေ ရယ်မောကြတော့သည်။

"ဖော်မြူလာအတိုင်းပဲ မရဘူး၊ နင့်ကိုလွှတ်ပေးထားလို့ မဖြစ်ဘူး။ ဒီတစ်ခါတော့ အပြင်ခံရတာ ခံလိုက်စမ်းပါ"

"အံမာ ... ဘာဒီတစ်ခါလဲ၊ ပြီးရင် နွေရိပ်က သူ့အလှည့် ဆိုပြီး လာဦးမှာ။ အဲဒီကျ ငါခံရဦးမှာ"

နွေရိပ်ချို ကောင်မလေးတစ်ယောက်ကို ဆံပင်ဟိုက်လိုက်ထိ လုပ်ပေးနေရာမှ ...

"အံမာ ... ဘာ ငါ့အလှည့်လဲ"

ဟု ပြန်ငြင်းနေသည်။

ခုနောက်ပိုင်း ကိုလက်ာနဲ့လည်း တစ်ဆိုင်လုံး ခင်ခင်မင်မင် ရှိလာပြီဖြစ်ရာ (သူ ပိုးပန်းပြီး ပန်းခြင်းတွေ ပို့ပေးခဲ့တာကို သိကြသော်လည်း၊ မသိချင်ယောင်ဆောင်လျက်) နွေရိပ်ချိုကလည်း ခေါ်ခေါ်ပြောပြော လုပ်လာလေရာ ကွယ်ရာမှာတော့ တွဲစလို့ ကောင်းနေတော့သည်။ သူတို့စတိုင်းလည်း နွေရိပ်ချိုက



www.burmeseclassic.com

www.burmeseclassic.com



ငြင်းပေမယ့် သိပ်ခါးခါးသီးသီးကြီးတော့ မဟုတ်။ ဘာကြောင့်လဲဆိုတော့ နွေရိပ်ချိုသဘောမှာ လူတစ်ယောက်ကို အလကားနေရင်း မကြည်မလင်၊ မကျေမနပ် ဆက်ဆံရတာမျိုး မနှစ်မြို့၍ပင်။

ကိုလက်ာ ဆိုတဲ့လူကလည်း စိတ်ထဲမှာ ချစ်လို့မရတာကလွဲရင် မိတ်ဆွေအဖြစ် ခင်မင်လို့ရသည့် လူတစ်ဦးမို့ အများခင်ကြသလို ခင်နိုင်ပါသည်။ သူငယ်ချင်းတွေကလည်း နွေရိပ်ချိုဟာ ကိုလက်ာ့ကို ဘယ်လိုမှ မချစ်နိုင်မှန်း ရိပ်မိကြပေမယ့် သူတို့ဟာ နွေရိပ်ချိုရဲ့ အသည်းကွဲဒဏ်ရာ ပြေလိုပြေငြား တွဲစနေကြတဲ့ သဘောလည်းပါကြောင်း နွေရိပ်ချို ရိပ်မိနေခဲ့ပါသည်။

"မမစိမ်း ပြင်ထားတဲ့ လက်သည်းခြေသည်းတွေကလည်း မိန်းမဆန်လိုက်တာနော်"

လင်းလင်းလက်၏ ခပ်တိုတိုလက်သည်းခြေသည်းတွေကိုပဲ မရမက အလှဖော်ပေးသော မမြစိမ်းမေ၏ပညာကိုတော့ မချီးကျူးဘဲ ကြဲဖန်ကြေးများနေပြန်သေးသည်။ လက်သည်းခြေသည်းတွေက အဖြူဆွတ်ဆွတ်ပေါ်မှာ ပန်းရောင်အသည်းနှစ်ထပ်လေးတွေမို့ မိန်းမတော်တော်ဆန်ပြီး လှလည်းလှနေသည်။ အတိုတောင် ဒီလောက်လှတာ၊ အရှည်ဆို ပိုပြီးတော့ လှကိုလှမှာဖြစ်ပေမယ့် လင်းလင်းလက်က ပြောမရ။ တစ်ပတ်တစ်ခါ လက်သည်းခြေသည်း မညှပ်ရ မနေနိုင် အစားထဲကဖြစ်ရာ ဘယ်လိုမှ နည်းနည်းတောင် အရှည်ထားနိုင်းမရပါ။





"ဘာဖြစ်လဲဟဲ့ ... မိန်းကလေး မိန်းမဆန်တာ ဘာဖြစ်လဲ"

"လင်းလင်းက မိန်းမ,မဆန်ချင်ပါဘူး"

"ဟယ် ... ပြောရရင် လူကြားမကောင်း ဖြစ်တော့မယ်။ နင့်ကိုယ်နင် ယောကျ်ားဟန်ဆောင်ပြနေလည်း သဘာဝကိုမှ နင် လိမ်လို့မရတာ နင်ကိုယ်တိုင် သိသားပဲ၊ ဒီတော့ ... မိန်းမအဖြစ်ပဲ ကိုယ့်ကိုယ်ကိုယ် ခံယူထားပေတော့"

"ပိုးအိမ် ... ငါ့ကို မျက်နှာလာချွာပေးတော့၊ ငါ တအားယားလာပြီ။ ငါနဲ့မတည့်ဘူး ထင်တယ်၊ အလာဂျစ် (allaergic)ဖြစ်ပြီထင်တယ်"

လင်းလင်းလက် သောင်းကျန်းဆူပူနေသမျှ တစ်ဆိုင်လုံး တဟားဟား ရယ်နေကြသည်။ ပိုးအိမ် မင်္ဂလာပွဲက နောက်ဆယ်ရက်ကြာရင် ကျင်းပတော့မှာ ဖြစ်သည်။ ဒါကြောင့် သူမတောင်းထားတဲ့ ကတိအတိုင်း လင်းလင်းလက်မှာ မိန်းမလိုဝတ်၊ မိန်းမလို အလှပြင်ခံရတော့ပေမည်။ တစ်သက်လုံး ယောကျ်ားဆန်ဆန်နေပြီး အသားအရေကိုလည်း ဖြစ်သလို ပစ်ထားသောကြောင့် နေလောင်ကွက်တွေ၊ ဝက်ခြံညှစ်ထားတဲ့ အချိုင့်တွေ၊ အမာရွတ်တွေက မျက်နှာမှာ ရှိနေသည်။ ဒါကြောင့် ပိုးအိမ်ကိုယ်တိုင် သေသေချာချာလေး မျက်နှာပေါင်းတင်ပြီးရင်တော့ လင်း



www.burmeseclassic.com

www.burmeseclassic.com



လင်းလက် မျက်နှာလေး ကြည်လင်ဝင်းပသွားမှာ မြင်ယောင်သေး။ ပေါင်းတင်ပြီး ပစ်စလက်ခတ်ထားရင်တောင် သုံးလေးလတော့ အခုတိုင်း ဖြစ်နေဦးမှာပေါ့။

လင်းလင်းလက် ဆံပင်ကလည်း အဆိုတော် Pink ရဲ့ဆံပင်လိုပဲ ယောက်ျားဆန်ဆန် တိုတိုထောင်ထောင် ညှပ်ထားတဲ့အပြင် ဆံပင်ကို ပေါင်းလည်းမတင်၊ ဆီလည်းမထည့်၊ ရှန်ပူနဲ့ လျှော်ပြီး ကွန်ဒစ်ရှင်နာတောင် မသုံးတာမို့ ဆံပင်က ဖွာလန်နေသည်။ ကိုယ်တိုင်ကသာ ဆိုင်မှာအလျှော်သမားတာဝန် ဒိုင်ခံယူထားပေမယ့် ကိုယ့်ကိုယ်တိုင်ကျ ဆံပင်ကိုဖြစ်သလိုလည်း လျှော်တတ်တာမို့ ဆံပင်က တော်တော်ပျက်စီးနေပြီ။ ဒါကြောင့် ဆံပင်မှာ အတော်ဆုံးဖြစ်တဲ့ နွေးရိပ်ချို ကိုယ်တိုင် ပေါင်းတင်ပေး၊ ပြန်ပုံသွင်းပေးလိုက်ပါသည်။

ဘယ်လောက်ပဲ ဆံပင်ကို မရိုမသေ ပြန်ထားဦး။ လာမယ့်ဆယ်ရက်မှာတော့ ဆံပင်က ပြောင်လက်တောက်ပပြီး ခပ်တိုတို ပုံစံမိမိလေးနဲ့ လှနေဦးမှာ သေချာပါသည်။

ဆံပင်ညှပ်၊ အလုပြင်ဆိုင်မှာ အလုပ်လုပ်သူမို့ ဒါတွေကို လင်းလင်းလက် ကိုယ်တိုင်လည်း သိလေရာ လှရမှာ မကျေမနပ်ဖြစ်ပြီး သူငယ်ချင်းတွေကို အစွဲ့တိုက် အော်ဟစ်ညည်းညူနေတော့တာ။





"ဟော ... အတော်ပဲ"

မြစိမ်းမေ တစ်ယောက် ဆိုင်အပေါက်ဝကို ကြည့်လိုက်ကာ ဝမ်းသာအားရအသံဖြင့် ပြောသွားပါသည်။ မြစိမ်းမေ ဝမ်းသာအားရ ဖြစ်သလောက် လင်းလင်းလက် မျက်နှာမှာတော့ ခုနကထက်ပင် ဆယ်ဆလောက် ပုပ်သိုးမည်းညစ်ချင်သွားပေမယ့် ပုပ်သိုးတာ၊ မည်းညစ်တာ အမူအရာတွေကို ဘယ်သူ့မှ လူသိအောင် မပြနိုင်။ ဘာကြောင့်လဲဆိုတော့ မျက်နှာမှာ ပေါင်းတင်တဲ့မျက်နှာဖုံးကြီးက ကပ်ရက်သားကိုး။

"မောင်သစ် ရောက်လာတယ်"

"အစ်မတို့ မှာထားတဲ့ ပေါင်းဆေးတွေ အခုမှဝင်လို့ ဒီဘက်ထွက်လာရင်း လမ်းကြုံတာနဲ့ ဝင်လာပေးတာဗျ... အဟဲ"

မောင်သစ်သည် လင်းလင်းလက် ဘယ်မှာများရှိမလဲလို့ မျက်လုံးတွေကလည်း ဝေ့ဝဲရှာရင်း ဆိုင်ထဲဝင်လာသည်။ သို့သော် မြင်နေကျ အလျှော်ခုံတင်တွေနားမှာ မတွေ့လိုက်ရတော့ ရင်ထဲတောင် ဟာသွားသည်။ ယောက်ျားဆန်ဆန် မိုက်တိမိုက်ကန်းလေး ကြည့်တတ်တဲ့ အကြည့်လေးကို မြင်ခွင့်ရချင်လို့ လာတာ ခင်ဗျား ဘယ်များသွားနေလဲ။

"ထိုင်ပါဦးဟဲ့"



www.burmeseclassic.com

www.burmeseclassic.com



မြစိမ်းမေသည် မောင်သစ် ရှာနေတာ ရိပ်မိပြီး ရယ်ချင်စိတ် မျိုသိပ်ကာ ထိုင်နိုင်းသည်။ သူ့ခမျာ မတွေ့ရှာဘူး။ ဟိုတစ်ယောက်ကဖြင့် ပေါင်းတင် မျက်နှာကြီး ဖြစ်နေတာလေ။

"ထိုင် ... ထိုင် မောင်သစ်၊ ဒီတစ်ခါ အအေးမသောက်နဲ့ ကော်ဖီသောက်၊ မျက်နှာချင်းဆိုင်က Home Cafe ကို မှာပေးမယ်"

"ဟာ ... မမှာပါနဲ့ မပိုးအိမ်၊ တကူးတကကြီး၊ ဆေးက အအေးဆိုင်ကပဲ မှာပါ ရပါတယ်၊ ကျွန်တော် ဘာဖြစ်ဖြစ် သောက်ပါတယ်"

"ဖုန်းဆက်လိုက်ရုံပဲ၊ ဆိုင်ကို Take Away ပြောလိုက်ရင် ဘူးနဲ့လာပို့တယ်လေ။ ဘယ်လိုကော်ဖီမျိုးသောက်လဲ"

"ကျွန်တော် ကော်ဖီအမျိုးအစားတွေလည်း သိပ်မသိပါဘူး မပိုးအိမ်။ တောဆန်တယ်ပဲပြောပြော ခါးတဲ့ကော်ဖီဆို မကြိုက်ဘူး။ တောကြိုက် ချိုချိုလေးရတဲ့ ကော်ဖီဆိုရင်တော့ သောက်မယ်"

လင်းလင်းလက် စိတ်ထဲမှာ ကျိတ်ပြီး တောသား အောက်လိုက်တာလို့ ကဲ့ရဲ့နေသည်။ ဒီကောင် ရောက်လာတုန်းမှ တိုက်ဆိုင်ပြီး ကိုယ်ကလည်း မိန်းမတွေလို ပြင်ဆင်နေရတယ်လို့။ မမစိမ်းများ တမင် ဒီလိုဖြစ်အောင် ကြံစည်ထားလား မသိဘူး။





အဲဒီကောင်ကလည်း လာရင် မပြန်တော့ဘူး။ ဖင်က ခုံမှာကျောက်ကိုချနေတော့တာ။ အလုပ်အကိုင် မရှိတဲ့အတိုင်း။

နွေရိပ်ချိုကလည်း ပိုးအိမ်ကို မျက်စောင်းထိုးနေရသေးသည်။ အလကားနေရင်း ကော်ဖီဆိုင်ကို လမ်းစရှာပြနေတာကြောင့် ဖြစ်သည်။ ကိုလက်ဘ် ဆိုတဲ့လူဟာ ဒီဘက်ဆိုင်က မှာရင်ဖြင့် သူ့ဆိုင်မှာ အလုပ်သမားမရှိတော့တဲ့အတိုင်း သူကိုယ်တိုင်ကို လာလာပို့နေတော့တာမို့ နွေရိပ်ချို သိပ်တော့မနှစ်မြို့လှ။ လူတစ်ယောက်ကို ကိုယ်လည်း ပြန်မချစ်နိုင်ဘဲနဲ့ သူ့ဆီမှာ ခံစားရတဲ့ ဝေဒနာတွေ ပိုအောင်မလုပ်ချင်တာကြောင့် ဖြစ်သည်။ နွေရိပ်ချိုကို မြင်ရလေလေ ပိုရင်းနှီးရလေလေ ကိုလက်ဘ့်မှာ မျှော်လင့်ချက်နဲ့ စိတ်ကူးတွေ ပိုမိုများလာလေလေ ဖြစ်မှာစိုး၍ပင်။

အဲဒီ ကိုလက်ဘ်ကလည်း ဖွင့်ပြောရင်လည်း မြန်မြန်ပါးစပ်က ဖွင့်ပြောလိုက်။ ဒါမှ နွေရိပ်ချိုလည်း မြန်မြန်ငြင်းထားနိုင်မှာ။ ခုတော့ အရင်က ပန်းခြင်းတွေကိစ္စ၊ မထိတထိ အရေးအသားတွေကိစ္စ မေ့ထားပြီး ဆက်ဆံနေရတာ တော်တော်ခက်သား။

"ကျွန်မ မင်္ဂလာဆောင်ကျ ဆက်ဆက်လာနော်၊ ဖိတ်စာခုတည်းက ကြိုတုန်း ပေးထားမယ်၊ မေ့မသွားနဲ့ဦး"

ပိုးအိမ် ဖိတ်စာကို အသင့်ကောက်ရေးပြီး ကမ်းပေးပါသည်။ မောင်သစ် လှမ်းယူနေစဉ် ...



www.burmeseclassic.com

"ခုတည်းက အစ်မတို့ အလုတွေ ကြိုပြင်နေကြတာလေ။ ဟိုမှာ လင်းလင်းတောင် မျက်နှာပေါင်းတင်ခံနေတယ်။ အစ်မလည်း သူပြီးရင် ပေါင်းတင်မလို့"

ဟု မြစိမ်းမေ အလိုက်တသိလေး ပြောလိုက်လျှင် မောင်သစ်မှာ ဝမ်းသာသွားသော မျက်နှာကြီးဖြင့် လင်းလင်းလက် ထိုင်နေသည့် နေရာဆီ ကြည့်လိုက်တော့သည်။

သနားပါတယ်။ မျက်နှာပေါင်းတင်ထားတဲ့ အစိမ်းရောင်ရင့်ရင့်ဆေးခဲတွေနဲ့ ကပ်ထားရရှာတာ။ ဩော် ... သူလေး လှချင်သားပဲ။ ဒါဆို မဆိုးဘူး။ မိန်းမစိတ်တော့ ရှိမှာပါ။ မောင်သစ်သည် သူလေးကိုချစ်သာ ချစ်နေရတာ။ မျှော်လင့်ချက်ကတော့ အတော်နည်းမှန်း သိပါသည်။ တချို့တွေက တစ်သက်လုံး လုံးဝမိန်းမစိတ်မဝင်ဘဲ ဒီလိုယောကျ်ားလျာပုံစံမဲ နေသွားကြတယ် ဆိုတာ ကြားဖူး၍ဖြစ်သည်။

လင်းလင်းလက်ကတော့ မောင်သစ် သူ့ကိုကြည့်မှန်းလည်းမြင်ရော မျက်လုံးကြီးကိုသာ စုံပိတ်နေလိုက်တော့သည်။ ကိုယ်က ယောကျ်ားဆန်ဆန် နေတတ်တာမို့ မျက်စောင်းလည်း မထိုးချင်။ ထိုးလည်းမထိုးတတ်။ အရွယ်ရောက်စတည်းက ယောကျ်ားဆန်ဆန်သာ နေခဲ့လေရာ မိန်းကလေးတွေရဲ့ အမူအကျင့်မျိုး သူ့ထံမှာ မရှိသလောက် ဖြစ်နေပြီ။ ပိုပြီး သေချာတာက တော့ ယောကျ်ားဆိုတာဟာ ချစ်သူအဖြစ် စိတ်ကူးယဉ်စရာ၊





ချစ်စရာ၊ လက်တွဲစရာ အဖော်ရယ်လို့ ဘယ်လိုမှ စဉ်းစားမရတာ။ ယောကျ်ားထက်စာရင် မိန်းကလေးတွေကိုမှ စိတ်ကူးယဉ်ပြီး ချစ်သူထားတတ်နေတာဟာ အတော်ကြာခဲ့ပြီ။

ပိုးအိမ် ဖုန်းဖြင့် ကော်ဖီဘူးမှာပြီး သိပ်တောင်မကြာ။ ကိုလက်ဟာ ကော်ဖီဘူးကြီးကိုင်ပြီး ကိုယ်တိုင်လာပို့ဖို့ ဒီဘက် အားလမ်းကို ကူးလာနေတော့လေပြီ။ ကိုလက်ာ ဆိုင်အောက် ရောက်ရုံရှိသေးသည်။ အပေါ်ထပ်မှ ကြွပ်ကြွပ်အိတ်ဖြင့် တွဲချည် ထားသော ကြိုးတစ်ချောင်း သူ့ခေါင်းပေါ် ဒေါက်ခနဲ ကျလာ သည်။

မော့ကြည့်လိုက်တော့ အန်ကယ်လီလီ ဆိုတဲ့ အဘွားကြီး။ အဘွားကြီးက စိတ်ရောဂါသာ ရှိခဲ့ပြီး စပ်စပ်စုစုတော့ အတော်လေး ရှိပုံရသည်။ ကိုလက်ာ ဒီဆိုင်ဘက် ချောင်းပေါက် နေတော့တာကိုသိပြီး၊ မျက်မှန်းတန်းပြီးနေဟန်ဖြင့် တရင်းတနှီး ရယ်ပြလိုက်ကာ ...

"စာတစ်စောင် ရောက်နေတာတွေ့လို့၊ ယူပြီးတင်ပေးလိုက် စမ်းပါ"

ဟု လှမ်း၍ခိုင်းလိုက်တော့လေသည်။

ကိုလက်ာမှာ ရုတ်တရက်တော့ သဘောမပေါက်ဘဲ စာတစ်စောင်ကို ဟိုကြည့် ဒီကြည့် ရှာနေမိသည်။ ပိုးအိမ် အထဲ က မြင်သဖြင့် ဆိုင်ပြင်ထွက်လာလိုက်ပြီးလျှင် ...



www.burmeseclassic.com

www.burmeseclassic.com

"အန်တီလီလီ စာဘယ်မှာလဲ"

ဟု အပေါ်မော့ကြည့် မေးလိုက်ပါသည်။

တစ်ဆက်တည်း ကိုလက်ာကိုလည်း ...

"ကော်ဖီ ကိုယ်တိုင်လာပို့တယ်၊ အားနာလိုက်တာ ကိုလက်ာ ရယ်။ ကော်ဖီပို့မယ့်သူ မရှိရင်လည်း ပိုးအိမ်တို့ကို ဖုန်းပြန် ဆက်ပြီး လာယူနိုင်းလိုက်လည်း ရပါတယ်"

"သြော် ... ကိစ္စမရှိပါဘူး၊ ကျွန်တော်လည်း ရက်ချိန်းယူ စရာလေးရှိလို့ ဒီကို ထွက်လာတာပါ"

"ရှင်"

"ကျွန်တော် ဆွဲပါတယ်၊ မပိုးအိမ်တို့ဆိုင်မှာ ယောက်ျား တွေ ဆံပင်ညှပ်မှ၊ ညှပ် လုပ်လို့မရဘူး ဆိုတာလေ။ အခု ရက်ချိန်းယူ ကာ ကျွန်တော့် အဒေါ်အတွက်ပါ"

စကားပြောကောင်းသွားသဖြင့် အန်တီလီလီ့ကို မေ့ သွားလေရာ အဘွားကြီး နည်းနည်းဒေါကန်သွားပြီး ...

"ဟဲ့ ... ကောင်မလေး၊ ဟိုမှာ ငါ့စာက လွှင့်သွားတော့ မယ်၊ မြန်မြန်ယူပေးဦး။ ဟင်း ... တကတဲမှပဲ ခုတလော မှာမှ အဝင်အထွက် များလာတဲ့သူကို အရေးပေးနေတာ ယောက်ျားတွေ မယုံနဲ့အေ့။ ရှေ့တစ်မျိုးပြော၊ ကွယ်ရာတစ် မျိုး လုပ်ကြတာ၊ ညည်းတို့က ငယ်သေးတယ်။ ဘာမှသိ သေးတာ မဟုတ်ဘူး။ ကျုပ်တို့ကတော့ အသည်းကွဲခဲ့ရတာ





ကြာခဲ့ပြီဆိုတော့ ကောင်းကောင်းသိနေပြီ။ စာလေးတစ် စောင် ပို့ပို့ပြီး ချွေးသိပ်နေတာကိုပဲ အဟုတ်ကြီးထင်ပြီး စောင့်နေရတာပဲ ကြည့်တော့"

ဟူ၍ ဗျစ်တောက် ဗျစ်တောက် ဆက်အော်ပြောနေ တော့လေသည်။

ပိုးအိမ်လည်း တဟိဟိ ကျိတ်ရယ်ရင်း ကိုလက်ာ့ ကိုသာ ...

"ကဲ ... ကိုလက်ာ အထဲဝင်လိုက်ပါ၊ ပိုးအိမ် အန်တီလီလို့ ကိစ္စ ပြီးအောင်လုပ်ပေးလိုက်ဦးမယ်"

ကိုလက်ာ သိပ်တော့ နားမလည်နိုင်သေးပေမယ့် အဘွားကြီးကို လက်ပြနှုတ်ဆက်ရင်း ဆိုင်ထဲ ဝင်လာလိုက်ပါသည်။ ဒီဘက်ခြမ်းတစ်ဝိုက်မှာတော့ အန်တီလီလို့ အကြောင်း အားလုံး သိထားပြီးပေမယ့် ကိုလက်ာတို့ဘက်ခြမ်းမှာတော့ အန်တီလီလို့ အကြောင်း သိပ်ပြီး စေ့စေ့ငငမသိလေရာ ထူးဆန်းသလို ဖြစ် နေသည်။

ဟိုတစ်ခါကလည်း နွေရိပ်ချိုနဲ့ ဆုံစည်းစဉ်မှာ အဲဒီ အဘွားကြီးပဲ ကိုလက်ာ့ ကားဝိုက်ပါမှာ ကပ်ထားသော ကျူရှင်ကြော်ငြာစာရွက်ကို ယူခိုင်းလို့ နွေရိပ်ချို လာယူပေးတာ မှတ်မိနေသည်။ ခုလည်း သူ့ကို ဘယ်စာမှန်းမသိ စာရွက်တစ် ရွက် ယူပေးဖို့ စေခိုင်းပြန်သည်။ ပိုးအိမ်ကတော့ ကျည်နေကျ


www.burmeseclassic.com

www.burmeseclassic.com

ဖြစ်၍ အန်တီလီလီ အလိုရှိသော စာရွက်ကို အလွယ်တကူပင် ရှာတွေ့ပြီး ကြွပ်ကြွပ်အိတ်ထဲ ထည့်ပေးလိုက်တာ တွေ့ရသည်။

"ထိုင် ... ထိုင် ကိုလက်ာ၊ ကော်ဖီဘူး ကိုယ်တိုင်လာပို့ ရတယ်နော်"

"ဒီဘက်လာစရာ အကြောင်းလည်း ရှိလို့ပါ"

မြစိမ်းမေက ဆက်မမေးတော့။ ဒီဆိုင်ကမှာတိုင်း စားပွဲထိုး မအားလို့တို့၊ ဒီဘက်မှာ ဟိုကိစ္စလေးရှိလို့ ဒီကိစ္စလေး ရှိလို့တို့၊ အကြောင်းပြပြီး တမင်တကာ ဆိုင်ပိုင်ရှင် ကိုလက်ာ ကိုယ်တိုင် လာလာပို့နေတာ သုံးလေးခါမကတော့သဖြင့် အားလုံးဟာ သိသိကြီးနဲ့ မသိချင်ဟန်ဆောင်နေလိုက်ကြတော့သည်။

"ညှော့်သည်တစ်ယောက် ညှော့်ခံချင်လို့ ကော်ဖီမှာတာလေ။ သူက မောင်သစ်တဲ့ အစ်မတို့ဆိုင်က သုံးနေကျ hair products တွေထုတ်တဲ့ ကုမ္ပဏီက အရောင်းကိုယ်စားလှယ်ပေါ့။ ဒီနေ့ ပစ္စည်းလာပို့တာလေ"

မြစိမ်းမေက မိတ်ဆက်ပေးလိုက်ပါသည်။

"မောင်သစ်ရေ ... သူကတော့ ကိုလက်ာတဲ့၊ အစ်မတို့နဲ့ မျက်နှာချင်းဆိုင်မှာရှိတဲ့ Home Cafe ကလေ"

ယောက်ျားနှစ်ယောက်တို့သည် ယဉ်ကျေးမှုအရ လက်ဆွဲနှုတ်ဆက်လိုက်ကြသည်။ ထိုအချိန်မှာ ပိုးအိမ် ပြန်ဝင်လာပြီးလျှင် ...





"လင်းလင်း မျက်နှာခွာဖို့ အချိန်စေ့ပြီ"

ဟု ပြောလည်းပြော၊ လင်းလင်းလက် ထိုင်နေရာ ခုံဆီသို့ပါ ဦးတည်လိုက်သည်။ လင်းလင်းလက် မျက်နှာကိုဆေးတွေခွာချပေးရင်း ကိုလက်ာတို့၊ မောင်သစ်တို့ကိုလည်း လှမ်းစကားပြောလိုက်သေးရာ မောင်သစ်အဖို့ကတော့ ပိုးအိမ်ကို စကားပြန်ပြောရသဖြင့် အဲဒီဘက် လှည့်ကြည့်ရတာရော လင်းလင်းလက်ကိုပါ ကြည့်ချင်ရက်လက်တို့ဖြစ်ပြီး ကြည့်ရတာရော ပေါင်းကာ မျက်လုံးတွေဟာ ခွာကို မခွာတော့။

"အန်တီလီလီ့အကြောင်း ကိုလက်ာ မသိဘူးထင်တယ်"

"နည်းနည်းတော့ ကြားဖူးထားတယ်"

"အဘွားကြီးမှာ အရင်တုန်းက ဘာဝေဒနာပေါင်း ရှိခဲ့လဲတော့ မသိဘူး။ ယဉ်ယဉ်လေး စိတ်နှောက်နေပြီး နေ့စဉ်နဲ့အမျှ သူ့မျက်စိထဲ ထင်ရာမြင်ရာ စာရွက်တွေကို စုနေတော့တာပဲ။ သူ့ချစ်သူဆီက စာတဲ့လေ။ အဲဒီစာရွက်တွေ အထပ်လိုက် အထပ်လိုက်ကို သူ့ညီမ အန်တီရိစီက သူအိပ်မှ လွှင့်ပစ်လိုက်။ သူက ပြန်စုလိုက်နဲ့ အဲဒီလို သံသရာလည်နေတော့တာပဲ။ ဒီနားတစ်ဝိုက်ကတော့ အဘွားကြီးညီအစ်မကို သနားပြီး အန်တီလီလီ အပေါ်က နေနိုင်းသမျှ ဝိုင်းကူညီပေးနေတဲ့သူချည်းပါပဲ"

"ဪ ... ကြားရတာ ကရုဏာသက်စရာပဲ"


www.burmeseclassic.com

www.burmeseclassic.com

မောင်သစ်ကလည်း …

"ဟုတ်တယ်ဗျ၊ ကျွန်တော်လည်း မပိုးအိမ်တို့ တစ်တွေ ပြောပြမှ သိပြီး သတိထားမိတာ။ ကျွန်တော်တောင် တစ်ခါ ကြုံလိုက်သေးတယ်၊ အဲဒီနေ့တုန်းက ဇာတ်သဘင် ကြော်ငြာစာရွက် လိုက်ဝေနေတဲ့ ကောင်လေးတစ်ယောက် ကိုညွှန်ပြီး စာပို့တဲ့သူ စာဝေနေတာ သူ့အတွက်ပါတယ် တစ်စောင်သွားတောင်းပေးဆိုလို့ ဇာတ်သဘင်ကြော်ငြာ စာရွက် ယူပေးရဖူးတယ်"

ဟု သူ့အတွေ့အကြုံကို ပြောပြနေသည်။

လင်းလင်းလက် မျက်နှာကတော့ ဆေးတွေအကုန် ခွာချပြီးဖြစ်ပေမယ့် ပိုးအိမ့် ဆက်ပြီး ရေနွေးအဝတ်ဖတ်ဖြင့် ပွတ်သုတ်ဆေးကြောနေဆဲပဲဖြစ်ရာ မျက်လုံးတွေ မှိတ်ထားနေရသေးလေသည်။ လင်းလင်းလက် မျက်လုံးမှိတ်ထား‌တော့ မောင်သစ် စိတ်ကြိုက်ကြည့်ခွင့် ရနေသဖြင့် မောင်သစ်မှာ သူ့အလုပ်ကိစ္စပြီးပေမယ့် ပြန်ဖို့ကို တွေးပင်မတွေးတော့။

ထို့အတူ ကိုလက်ာမှာလည်း သူရောက်နေချိန်မှာ ထောင့်တစ်နေရာတွင် ဖုန်းကို ခပ်တိုးတိုး ပြောနေသော နွေရိပ်ချို ကို ခဏ ခဏ ခိုးငေးနေရပေမယ့် နွေရိပ်ချိုရဲ့အာရုံတွေဟာ သူ့ထံမှာရော ဒီပတ်ဝန်းကျင်မှာပါ လုံးဝမရှိဘဲ ဖုန်းပြောခြင်းကိုသာ အာရုံစိုက်နေကြောင်း တွေ့ရလျှင် မချင့်မရဲဖြင့် အသာစောင့်ကြည့်





နေရသည်။ သူ အခုိက စကားပြောချင်သူဟာ နွေရိပ်ချိုသာဖြစ်သည်။ ကြားခံလူတွေဖြစ်သော မမြစိမ်းမေတို့၊ မပိုးအိမ်တို့၊ လင်းလင်းတို့ မဟုတ်။

"ဟော … လင်းလင်း ပြီးပြီ၊ မျက်လုံးဖွင့်ကြည့်စမ်းပါ။ မှန်ထဲကို ကြည့်လိုက်စမ်းပါဟယ်၊ နင့်မျက်နှာလေး ဖွေးဥပြီး ဝင်းနေတာပဲ"

လင်းလင်းလက် အရွဲ့တိုက်ပြီး မှန်ကို တစ်ချက်မှ မကြည့်ဘဲ ချာခနဲ ထရပ်ကာ …

"ဆံပင်ပြီးရင် လျှော်ပေးတော့ဟော့၊ ဒီထက် တစ်မိနစ် ပိုနေရရင် ငါ သည်းမခံနိုင်တော့ဘဲ လူသတ်မိလိမ့်မယ်"-

ဟု ကြိမ်းဝါးလိုက်တော့သည်။

အားလုံးမှာ ပြုံးစိစိဖြင့် လင်းလင်းလက်၏ ဒေါသတွေကို ခံယူလိုက်ကြရသည်။

ကိုလက်ာလည်း ထိုနေ့က နွေရိပ်ချိုကို စကားပြောချင်ပေမယ့် သူထိုင်နေတာ ဆယ့်ငါးမိနစ်ကျော် ကြာတဲ့အထိတောင် ဖုန်းပြောလို့ မပြီးလေရာ ဆက်လည်း မထိုင်နေတော့ချင်တာကြောင့် အဒေါ်အတွက် ဆံပင်ပြင်ဖို့ ရက်ချိန်းကို မြစိမ်းမေဆီကပဲ ယူခဲ့ပြီး အောင့်သက်သက်နဲ့ ပြန်ခဲ့ရသည်။

ထို့အတူ မောင်သစ်လည်း လင်းလင်းလက် ဝုန်းဒိုင်းကြဲ၊ အရာဝတ္ထုတွေ ဆောင့်ချ၊ ခုံတွေကန် အော်ဟစ်ဆူပူသည့်


www.burmeseclassic.com

www.burmeseclassic.com



ဒဏ်ကို ကြောက်ပြီး ကော်ဖီဘူးမကုန်ခင် အားလုံးကို နှုတ်ဆက်ကာ ပြန်လစ်သွားရသည်။

ယောက်ျားတွေ မရှိတော့မှ ဆိုင်ထဲမှာ ကျန်ခဲ့ကြသော အလုပြင်ခံနေသူ၊ ဆံပင်ပြင်ခံနေသူတွေရော၊ နွေရိပ်ချိုတို့၊ လင်းလင်းလက်တို့၊ မြစိမ်းမေတို့ ပိုးအိမ်တို့ ပေါင်းထားသော မိန်းမအုပ်စုကြီးသာ ကျန်ခဲ့လျက် တဝါးဝါး တဟားဟား ရယ်မောဝေဖန်သံတွေဖြင့် ကျန်ခဲ့တော့သည်။





## ၁၄

နွေရိပ်ချိုသည် သူငယ်ချင်းတွေကို အသိမပေးဘဲ ဆိုင်ကနေ ခဏအိမ်ပြန်ဦးမယ်ပြောကာ ကားမောင်းပြီး ထွက်လာလိုက်ပါသည်။

ကားမောင်းလာရင်းမှ ကိုယ့်ကိုယ်ကိုယ် မှားသလား၊ မှန်သလားပင် စဉ်းစားမနေချင်တော့ဘဲ ဦးတည်ရာကို ရောက်ဖို့သာ စိတ်ဇောသလိုတောင် ဖြစ်နေသည်။

ဆုံတွေ့နေကျ နေရာလေးရောက်တော့ ထုံးစံအတိုင်း "ကိုကို"မရောက်သေး။ အရင်က ချိန်းနေ တွေ့နေကျမှာဆိုလည်း နွေရိပ်ချိုကသာ အမြဲအရင်ဆုံး ရောက်ရသူဖြစ်တဲ့အတိုင်း အခုလည်း ရောက်ရပြန်သည်။ ဆယ်မိနစ်လောက်ကြာမှ ကိုကို့ကားအနားလာရပ်တာ တွေ့လိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



နွေရိပ်ချိုသည် ရင်တွေ ဗရမ်းဗတာ ဆောင့်ပြီးတော့တောင် ခုန်သွားရသည်။ မတွေ့ရတာ ကြာပြီဖြစ်တဲ့ ကိုကို့ကို နွေရိပ် တကယ်ပြန်တွေ့ရတော့မည်။

ကြည့်စမ်း … ဘယ်လောက် စိတ်လှုပ်ရှားစရာလဲ။

ကိုကို မနေ့ကဆိုင်ကို ဖုန်းဆက်လာတော့ နွေရိပ်မှာ အားလုံးမရိပ်မိအောင် ဖုန်းကို တိုးတိုးလေး ကပ်ပြောခဲ့ရတာ။ ကံကောင်းချင်တော့ အဲဒီအချိန်မှာ ဟိုလူ ကိုလက်ာကလည်းရောက်၊ မောင်သစ်လည်း ရောက်နေတော့ မမစိမ်းတို့တွေရဲ့ အာရုံဟာ နွေရိပ်ဆီမှာ မရှိခဲ့လို့ နွေရိပ် ဘယ်သူနဲ့ ဖုန်းပြောခဲ့တယ်ဆိုတာ သူတို့ လုံးဝမရိပ်မိလိုက်ကြ။

"ကိုကိုပါ နွေရိပ်"

လို့ ဖုန်းကိုင်ကိုင်ချင်း ကြားလိုက်ရစဉ်က နွေရိပ်ချိုလန့်ပြီး ဖုန်းခွက်တောင် လွတ်ကျသွားရသေးသည်။

"ကိုယ် ဖုန်းခေါ်ခေါ်နေတာ ကြာပြီ၊ ခေါ်တိုင်း ဖုန်းဖြေတဲ့သူက နွေရိပ်မဟုတ်လို့ မပြောချင်တာနဲ့ မပြောဘဲ ပြန်ပြန်ချနေတာ သုံးလေးရက်ရှိပြီ"

ကိုကို့ကို နွေရိပ်ချိုရဲ့ အုပ်စုက မကြည်ကြမှန်း ကိုကို သိပုံဖြင့် ထိုသို့ ရှင်းပြသေးလေသည်။





"နွေရိပ်နဲ့ တွေ့ချင်တယ်၊ မနက်ဖြန် ဆုံနေကျနေရာကို လာခဲ့နော်၊ ဆုံနေကျ အချိန်ပဲ၊ ဆယ်နှစ်နာရီဝန်းကျင်လောက်ပေါ့"

ကိုကိုက ပိုင်နိုင်သော အသံဖြင့် လာခဲ့မလားတောင် မမေးခဲ့ပေမယ့် နွေရိပ်ချိုဟာ စိတ်ညို့ခံရသူလိုပဲ ဒါကိုတောင် သတိထားမနေခဲ့မိပါ။ ကိုကို့အသံကို ကြားရတယ်။ ကိုကို ငါ့ကိုဖုန်းဆက်လာတယ်။ ကိုကို ငါ့ဆီပြန်လာတယ် ဆိုသော အတွေးတွေသာ ခေါင်းထဲပြည့်နေပြီး နားတွေလည်း အူထွက်နေကာ လူကလေထဲမြောနေသလိုတောင် ဖြစ်နေပါသည်။

"ကိုကို နွေရိပ်ဆီက အားပေးစကားတွေ ကြားချင်တယ်။ ကိုကို့ကို ချစ်တယ်လို့ နွေရိပ် ပြောလိုက်တဲ့ အသံကို နားထောင်ချင်တယ်။ မနက်ဖြန် တွေ့မယ်၊ ဟုတ်ပြီလား"

"ဟုတ် … ဟုတ်ကဲ့ပါ ကိုကို"

"ကိုကို့ကို လွမ်းနေတယ် မဟုတ်လား"

"နွေရိပ် အသည်းကွဲနေခဲ့တယ်"

"မနက်ဖြန် တွေ့ဖို့ရှိတယ်လေ၊ ကဲ … ဖုန်းချလိုက်တော့၊ မင်းသူငယ်ချင်းတွေ ရိပ်မိကုန်ရင် မကောင်းဘူး။ သူတို့ မင်းကိစ္စကို ဝင်ပါနေတာကို ကိုကို မကြိုက်လို့"

ကိုကို နွေရိပ်ချိုကားထဲ တံခါးဖွင့်ပြီး ဝင်လာတော့မှ နွေရိပ်ချိုသည် ဝမ်းနည်းအားငယ်သလိုဖြစ်ပြီး မျက်ရည်တွေ



www.burmeseclassic.com

www.burmeseclassic.com



ကျလာတော့သည်။ ကိုကိုကတော့ နွေရိပ်ချိုကို ချော့မော့မနေဘဲ သူ့ထုံးစံအတိုင်း နွေရိပ်ချိုကို ပွေ့ဖက်၊ သူ့ရင်ခွင်ထဲထားကာ အရင့်အရင်တွေတုန်းက ချိန်းတွေ့တဲ့အခါတိုင်း ပြုမူနေကျ အမူအကျင့်တို့နဲ့ နှုတ်ဆက်လိုက်လေသည်။

နွေရိပ်ချိုဟာ အစတော့ မိန်းမိန်းမောမောနဲ့ သာယာနေခဲ့ပြီးမှ ရုတ်တရက် အသိဝင်လာကာ ကိုကို့ကို တွန်းထုတ်လိုက်ပြီး ရှန်းကန်ထထိုင်လိုက်ပါသည်။

"နွေရိပ် ကိုယ့်ကို လွမ်းနေတယ်ဆို"

"နွေရိပ် လွမ်းတာ အဲဒါတွေ မဟုတ်ဘူး ကိုကို။ ကိုကို့ကို ချစ်တာ၊ ကိုကို့ရဲ့အချစ်ကိုပဲ လွမ်းတာ။ ဒီလို အထိအတွေ့တွေ မဟုတ်ဘူး"

ကိုကိုက မထိမဲ့မြင်လိုလို တဟဲဟဲရယ်ရင်း ထပ်၍ ပွေ့ဖက်လိုက်ဖို့ ကြိုးစားလျှင် နွေရိပ်ချိုသည် သူမဘက်အခြမ်းမှ ကားတံခါးကို ဝုန်းခနဲ မြန်မြန်ဖွင့်လိုက်ပြီး အပြင်မှာ ထွက်ရပ်လိုက်သည်။ ကိုကိုလည်း အစတော့ ကြောင်သွားပြီး ထိုင်ကြည့်နေခဲ့ပေမယ့် နွေရိပ်ချို ပြန်ဝင်မလာသောအခါ သူပါ ကားတံခါးဖွင့်ပြီး ထွက်လိုက်လာသည်။ ကိုကိုဟာ အတ္တကြီးသူတစ်ယောက်ပီပီ သူ့မာနကို ထိပါးခံလိုက်ရသဖြင့် အနည်းငယ် မာကျောသော အကြည့်နဲ့ နွေရိပ်ချိုကို ကြည့်သည်။

"နွေရိပ် ဘာဖြစ်နေတာလဲ"





"နွေရိပ်တို့ ရှင်းရှင်းလင်းလင်း ပြောလိုက်ကြရအောင် ကိုကို"

"ဘာတွေလဲကွာ၊ တွေ့ရတဲ့အချိန် ခဏလေးမှာ ငါ စိတ်ချမ်းချမ်းသာသာပဲ နေချင်တယ်။ အဓိပ္ပာယ်မရှိတာတွေ မကြားချင်ဘူး နွေရိပ်"

ကိုကိုက အနိုင်ယူလိုသောဟန်ဖြင့် ခပ်မာမာ ပြောလိုက်ပါသည်။

"ကိုကို နွေရိပ်ကို ဘယ်လိုသဘောထားတာလဲ"

"မင်း ဘာဖြစ်နေတာလဲ နွေရိပ်"

"နွေရိပ် အခုမှ လောင်းရိပ်က လွတ်လာတာ ကိုကို။ ကိုကို့လောင်းရိပ်အောက်ကနေ ခုမှ လွတ်ခါစပဲ ရှိပါသေးတယ်။ ဒါကြောင့် ထပ်ပြီး လောင်းရိပ်မိ မခံချင်တော့ဘူး"

"ဘယ်သူတွေ မြှောက်ပေးလိုက်လို့ ဒီစကားတွေ ပြောနေတာလဲ"

"ဘယ်သူမှ မြှောက်မပေးဘူး ကိုကို။ နွေရိပ် ခံစားခဲ့ရတဲ့ ရက်တွေမှာ ကိုကို နွေရိပ် အပေါ် ဘယ်လိုသဘောထားလဲ ဆိုတဲ့ အဖြေမှန်ကို အရမ်းသိချင်လာခဲ့တာ"

"မင်း သိချင်တဲ့ အဖြေမျိုး ငါ မပေးနိုင်ဘူး"။



www.burmeseclassic.com

www.burmeseclassic.com



"နွေရိပ်ကိုတော့ အမြှောင်မယားနေရာပေးပြီး ဏီလေးကိုတော့ ပထမ,မယားနေရာ ထားချင်တယ်လို့ ကိုကို့စိတ်ထဲမှာတော့ အဖြေပေးနေမယ် မဟုတ်လား"

"ကျွတ် ..."

နွေရိပ်ချိုသည် စိတ်အပျက်ကြီး ပျက်နေဟန်ပြသော ကိုကို့မျက်နှာကိုကြည့်ပြီး ငါလုပ်တာ မမှားဘူး၊ ငါမေးတာမမှားဘူး။ ငါ ပြောနေတာတွေ မမှားဘူးဟူ၍ စိတ်ပြန်တင်းနေရသေးလေသည်။ နွေရိပ်ချိုရဲ့အားနည်းချက်က ကိုကို့မျက်နှာကို အညိုမခံရဲ၊ အညိုမခံချင်။ နွေရိပ်ကြောင့် ကိုကို စိတ်ချမ်းသာ ပျော်ရွှင်ရတာကိုပဲ မြင်ချင်သူ။ ကိုကို စိတ်ချမ်းသာဖို့ကို ဖန်တီးပေးလိုသူသာ ဖြစ်ချင်နေတတ်သည်။

နွေရိပ်ချိုဟာ အရူးတော့မဟုတ်ဘူး။ ကိုကို အသုံးချသမျှ ခံမယ့်မိန်းကလေးမျိုးတော့ မဟုတ်ဘူး ဆိုတာလည်း ပြချင်သေးသည်။ ခုချိန်မှာ ကိုကို့ဆီကသာ ...

"ကိုကို ဏီလေးကို ယူပြီးမှ မှားမှန်းသိတယ်၊ ကိုကို သူ့ကို တကယ်မချစ်ဘူး နွေရိပ်ရယ်။ ကိုကို တကယ်ချစ်တာက နွေရိပ်မှန်း တဖြည်းဖြည်း သိလာတယ်။ ကိုကို့ကို ပြန်လက်ခံပါ။ ဏီလေးကို ထားခဲ့ပြီးရင် နွေရိပ်နဲ့ ကိုကို လက်တွဲကြပါစို့နော်"





ဆိုတာမျိုး ကြားရရင် နွေရိပ်ချိုဟာ ဝမ်းသာအားရ အကျေနပ်နပ်နဲ့ကို လက်ခံမှာ ဖြစ်သည်။

တစ်ခုလပ် ယောကျ်ားမို့ လက်မခံလိုတာလည်း ရှိ၊ နွေရိပ်ချိုဟာ ပထမဦးဆုံးဇနီး ဖြစ်ခွင့်မရခဲ့လို့ မကျေနပ်တာလည်း မရှိ။ တကယ့်ကို လိုလိုလားလား လက်ခံမိမှာပါ။ တော့ ကိုကို့ပါးစပ်က ဏီလေးကို ထားခဲ့မယ်ဆိုတာ တစ်ခွန်း ပေါ်ဘဲ နွေရိပ်ချို ဆိုတဲ့ မိန်းကလေးတစ်ယောက်ကို သူ့လိုအင်ဆန္ဒတစ်ခုအတွက် အသုံးချဖို့လောက်သာ စဉ်းစားတဲ့ဟန်နဲ့ ဆက်သွယ်လာတာ ခံရသောအခါ နွေရိပ်ချို ပေါက်ကွဲလိုက်မိတော့လေပြီ။

"ပြောစမ်း ... နွေရိပ်၊ ဘာလဲ ... မင်းက ငါ့အပြင် တခြားအသစ်တစ်ယောက် တွေ့နေပြီလား၊ အဲဒီကောင်နဲ့ အဆင်ပြေနေလို့ ငါ့ကို ကန်ထုတ်ချင်တာလား"

"ကိုကိုက ထားခဲ့တာလေ"

"မင်းကို ထားခဲ့ပြီးရင် လာတောင်မတွေ့ဘူး။ ဆက်တောင်မဆက်သွယ်ဘူး၊ ငါလိုအပ်ထဲအချိန်မှာ မင်း ငါ့အနားမှာ ရှိနေပေးပြီး ငါ့ကို စိတ်ချမ်းသာအောင် ထားစေချင်တယ် နွေရိပ်။ မင်းကို ငါ တကယ်လိုအပ်လို့ တွေ့ချင်တာပါ"

"ဒါဖြင့် ဏီလေးကရော"



www.burmeseclassic.com

www.burmeseclassic.com

"ဏီလေးနဲ့ ဘာမှမဆိုင်ဘူး နွေရိပ်။ သူ့ကို ကိုယ်တို့နှစ်ယောက်ကြား ဆွဲထည့်စရာ မလိုဘူး၊ သူက သိပ်အပြစ်ကင်းပြီး ဖြူစင်တယ်။ မင်း ရှိနေတာတောင် သူ မသိပါဘူး နွေရိပ်။ ဒီတော့ မင်း သူ့ကို ဝန်တိုမစ္ဆေရစိတ် ထားမနေပါနဲ့"

နွေရိပ်ချိုမှာ ဝမ်းနည်းကြေကွဲပြီး ငိုချင်လောက်စရာ မျက်ရည်တွေ ဈွက်ချင်းပဲ မရှိတာတော့ အံ့တော့ကို အံ့သြစရာကောင်းပါသည်။

တွေ့ခါစကတော့ နွေရိပ်ချိုရဲ့ ရင်ထဲမှာ လွှမ်းခဲ့ရတာတွေ၊ ကြေကွဲခဲ့ရတာတွေ၊ ကျိတ်ငိုခဲ့ရတာတွေ ပေါင်းပြီး ကိုကို့ရင်ခွင်ထဲမှာ ခိုနားလိုက်ချင်စိတ်၊ ကိုကို နှစ်သိမ့်တာကို ခံယူလိုက်ချင်စိတ်တွေနဲ့ မိုက်ရူးရဲခဲ့မိဖူးသည်။ အခုတော့ အံ့သြစရာကောင်းလှစွာပင် မိနစ်ပိုင်းခြားလေး အတွင်းမှာပင် စိတ်တွေ ခံစားချက်တွေ လုံးဝပြောင်းပြန်လှန်ပစ်လိုက်သလို ပြောင်းလဲသွားခဲ့ပါသည်။

ခုချိန်တွင် နွေရိပ်ချို၏ရင်ထဲ၌ ကိုကိုဆိုသော ယောကျ်ားတစ်ယောက်အား နာကြည်းခြင်းတွေ ပြည့်နှက်နေသောပြီ။ ငါ့ကို အသုံးချတဲ့သူ။ ငါ့အချစ်နဲ့ မတန်တဲ့သူ။ ငါ့ဘဝကို အမှောင်တိုက်သွင်းချင်တဲ့သူ။ ငါ့နှလုံးသားကို ပူလောင်စေတဲ့သူ။ ထိုသူ့ကို ဘယ်လောက်ပင် နာကြည်းပါစေ ချစ်တော့ ချစ်နေသော





အမှန်ပင်။ သို့သော် တစ်ခါတလေတွေမှာ အချစ်ဟာ အရေးတကြီး ဂရုစိုက်လောက်စရာ အရာတစ်ခုမဟုတ်ဘူး ဆိုတာတော့ နွေရိပ်ချို ခွဲခြားဆုံးဖြတ်နိုင်ပါသေးသည်။

"ကိုကို့ကို နွေရိပ် အရှင်းဆုံးပြောမယ်"

နွေရိပ်ချိုသည် အသက်ကိုဝအောင် တစ်ချက်ရှုလိုက်ပြီးနောက် ...

"ဏီလေးကို နွေရိပ်ရဲ့ပြိုင်ဘက်ဖြစ်ပေမယ့် နွေရိပ် သူ့ကို မမုန်းဘူး၊ မနာလိုလည်း မဖြစ်ပါဘူး၊ ဒါပေမဲ့ ကိုကို့ကိုတော့ နှစ်ယောက်မျှဝေပြီး မချစ်နိုင်ဘူး။ ကိုကို့ဆီက အချစ်ကိုလည်း ဏီလေးနဲ့ နွေရိပ်ကို ခွဲပေးတာကို မကြိုက်ဘူး။ ဒီတော့ ကိုကို တစ်ယောက်တည်းကိုပဲ ပြတ်ပြတ်သားသားရွေးပါ။ ဏီလေးကို ထားခဲ့နိုင်တဲ့ အချိန်ကျရင် နွေရိပ်ဆီ လာခဲ့ပါ။ မပြတ်မသားနဲ့ ဒီလိုကြီး ရှေ့ဆက်နေရတဲ့ ပုံစံကို နွေရိပ် မကြိုက်ဘူး၊ လက်မခံနိုင်တော့ဘူး ကိုကို။ စေ့စပ်ထားပြီးတဲ့ ယောကျ်ားတစ်ယောက်ကို လက်ခံတွေ့ဆုံရတာနဲ့၊ အိမ်ထောင်ရှိပြီးသား ယောကျ်ားတစ်ယောက်ကို လက်ခံတွေ့ဆုံရတာ လုံးဝ အခြေအနေမတူပါဘူး ကိုကို။ နွေရိပ် အတွက် အများကြီး ထိခိုက်နစ်နာတယ်၊ ဒီတော့ ကိုကို သေသေချာချာ ဆုံးဖြတ်နိုင်ပြီး တစ်ယောက်တည်းကို ရွေးနိုင်အောင်သာ ကြိုးစားပါ"


www.burmeseclassic.com

www.burmeseclassic.com

နွေရိပ်ချိုသည် စကားအဆုံးမှာ ချက်ချင်းပင် ကားပေါ်တက်၊ စက်နှိုး၊ ကားမောင်းထွက်လာနိုင်ခဲ့ပါတော့သည်။ မျက်ရည်တွေ လုံးဝမကျတော့တာကို ကျေနပ်စွာ ရယ်မော်လျက် ကားမောင်း ပြန်လာခဲ့ပါသည်။

**Lady Belle** သို့ ရောက်သောအခါ နွေရိပ်ချို၏ မျက်နှာအမူအရာမှာ ပုံမှန်အတိုင်း တည်ငြိမ်လျက် သူငယ်ချင်းတွေနဲ့ တဟေးဟေး တဟားဟား ရယ်မောနိုင်ခဲ့လေသည်။

* * *





## ၁၅

အားလုံးက လင်းလင်းလက် ရောက်အလာကို စောင့်နေကြသည်။ လင်းလင်းလက် ဆိုင်ထဲဝင်လိုက်တာနဲ့ ...

"Surprise ! (ဆပ်ပရိုက်စ်)"

ဟု ဝိုင်းအော်လိုက်သံနှင့်အတူ အကြံအစည်တစ်မျိုး ရှိနေသော မျက်နှာပေးတွေနဲ့ သုံးယောက်သား ပြုံးစိစိ လုပ်နေကြတာကို တွေ့ရသည်။ ရုပ်တွေက ငါ့ကို မကောင်းကြံမယ့်ရုပ်တွေ သေကာစရာပဲ။ လင်းလင်းလက်တွေးရင်း စလွယ်သိုင်း လွယ်လာသော သားရေအိတ်ကို ခေါင်းပေါ်က ကျော်ချွတ်လိုက်သည်။ ဘာစကားတစ်ခွန်းမှ မပြောသေးဘဲ ရုပ်သေကြီးလုပ်ပြထားလျှင် သိုသုံးယောက်မှာ မနေနိုင်တော့ဘဲ ...

"မေးလေဟယ်၊ ဘာ Surpirse လဲ ဆိုတာ"



www.burmeseclassic.com

www.burmeseclassic.com

"Sprite (ဆပ်ပရိုက်ထ်) အချိုရည် ဝယ်ထားတယ် ...
နေလို့လား"

"ရုပ်သေကြီးနဲ့ လုပ်မနေနဲ့၊ ငါတို့သုံးယောက် ဝိုင်းပိုက် ...
ကုန်ထားရကျိုးနပ်အောင် ပျော်ပျော်ပါးပါးလေး နေပြ...
ပါဟယ်"

တစ်ယောက်တစ်ပေါက် သာလီကာသံတွေကို ...
ခနဲ ယောကျ်ားလေးစတိုင်လ်ဖြင့် မကြည်သလို အသံပြုရင်း ...

"ဘာလဲဗျ ... ရုပ်က ဒီရုပ်က ဒီရုပ်ပဲ၊ သေနေတာ ...
နေတာ လန်းနေတာ မရှိဘူး"

ဟူ၍ ဘုပြောလိုက်ပါသည်။ ဟင်း ဟင်း ... ...
သွားပဲ၊ သိပြီးသားပဲ။ သူတို့မှာ surprise လုပ်စရာ အံ့သြလော...
စရာ တစ်ခုခု ထုတ်ပြစရာ ဘာများရှိတာမှတ်လို့။ အဲဒီ ပိုးအိမ်...
မင်္ဂလာဆောင် မရောက်မချင်း ငါ့ကို တစ်နေ့တစ်မျိုး မိန်း...
ပေါက်အောင် ပြင်ကြတာကလွဲရင် ဘာများရှိလို့လဲ။ တော်ကြာ...
ပေါင်းတင်လိုက်၊ ဆံပင်လုပ်လိုက်၊ ခြေသည်းလက်သည်းဆ...
လိုက်၊ မျက်ခုံးထူတယ်ဆိုပြီး ဝိုင်းဖမ်းချုပ် ရိတ်ပေးလိုက်၊ အတင်း...
မိတ်ကပ်တွေ ပြင်ပေးလိုက်နဲ့ တစ်နေ့ တစ်မျိုး လုပ်နေတာ။ ...
ကိုများ အရုပ်မှတ်နေလား မသိဘူး။

"ပျော်ပျော်နေစမ်းပါဟယ်"





"Happy - Go - Lucky ဆိုတဲ့ စကားတောင် ရှိတယ်"

"ပျော်ပျော်နေမှ ကံကောင်းတာတဲ့။ မြန်မာစကားပုံမှာကျ
တော့ ပျော်ပျော်နေ သေခဲပေါ့"

သုံးယောက်သား ဆက်ပြောကြပြန်သည်။ သာလီ
ကာတွေ ကျနေတာပဲ။ မိန်းမစစ်စစ်တွေများ စကားကို များတယ်။
စကားမပြောနိုင်အောင် ဆေးထိုးပြီး ခဏထိန်းထားလို့ရရင် ကောင်း
မယ်။

"လင်းလင်း ... ဒီမှာကြည့်စမ်း"

နွေရိပ်ချိုသည် အိတ်ကြီးထဲမှ အဝတ်တစ်စုံကို
ထုတ်ပြလိုက်သည်။ လင်းလင်းလက် တစ်ချက်သာ ကြည့်လိုက်
သည်။ ဟင်း ... ဒါလား surprise ဆိုတဲ့ အံ့သြစရာကြီးလား။

"အင်္ကျီလေးက အရောင်လေး လွင်နေတာပဲနော်၊ ဇေဒါန
လေး။ မမစိမ်းက ရွေးတာတယ်"

ပိုးအိမ်သည် ဇေဒါရောင် ပိုးသားရင်ဖုံးအင်္ကျီလေး
နှင့် ချိတ်လုံချည်လေးကို ဖြန့်ပြရင်း ပြောပါသည်။ သူတို့ပဲ
ဒီဇိုင်းပြော၊ သူတို့ပဲ ဒီဇိုင်နာဆီ အတင်းဝိုင်းချုပ် ခေါ်သွားပြီး
အပ်ပေးထားသောဝတ်စုံ ဒီနေ့ရပြီဖြစ်သဖြင့် သုံးယောက်သား
သူတို့ကိုယ်တိုင်ပဲ ဝတ်ရတော့မလို ရင်ခုန်နေကြသည်။

"မြန်မာအင်္ကျီဝတ်ရင် ပုံကောင်းကောင်းနဲ့ ခပ်ကျပ်ကျပ်
ဘော်လီလေးပါ လိုတာမို့ အပ်ခဲ့တာ၊ အတော်ပဲနော် ..."


www.burmeseclassic.com

www.burmeseclassic.com

လင်းလင်း ဝတ်လိုက်ရင် သူ့ကိုယ်လုံးပိန်ပိန်လေးက ကြွ ပြီး ချပ်ချပ်ရပ်ရပ်လေးနဲ့လှမှာ။ ဝတ်ကြည့်စမ်းပါ လင်း လင်းရယ်"

မမစိမ်း စပြောလာတော့ လင်းလင်းလက် တွန့်ခဲ့ တောင် ဖြစ်သွားပါသည်။ မိန်းမဆန်ဆန်ဝတ်ဆိုလျှင် မြွေအရှင် ကို ကိုင်နိုင်းသလား ထင်ရအောင် တုန်လှုပ်ချောက်ချားမိလေ သည်။

"မဝတ်ပါဘူး။ လင်းလင်း ကတိပေးပြီးသား၊ ပိုးအိမ် မင်္ဂလာဆောင်တဲ့နေ့မှာ ဝတ်မယ်။ ဒါပဲ၊ ကျန်တဲ့အချိန် တွေ ဒါကို လုံးဝမထိဘူး။ လုံးဝ ကိုယ်ပေါ်မတင်ဘူး"

"ဒီဇိုင်နာက ပြောတယ်၊ အင်္ကျီလာရွေးတုန်း ဝတ်မယ့်သူပါ တစ်ခါတည်းပါခဲ့ရင် ကောင်းမယ်တဲ့၊ ဖစ်တင်း(fitting) ချချင်တယ်တဲ့။ သူချုပ်တဲ့ အင်္ကျီလုံချည်တွေမှာ ပုံမကျ တာ။ ပွနေတာရှိရင် သူ့နာမည်ပျက်မယ်တဲ့၊ ဒါကြောင့် ဝတ်ကြည့်ခိုင်းထားတယ်။ ပွတဲ့နေရာ ကျပ်တဲ့နေရာရှိရင် လာပြင်ပါလို့ ပြောတယ်"

"ဟာ ... စိတ်ချ။ ဒီဝတ်စုံ ဝတ်ထားတာ ပုံမကျလည်းရ တယ်၊ နင့်ဝတ်စုံကြီး ပုံမကျဘူး ဘယ်သူချုပ်တာလဲ လာ မေးရင် သူ့နာမည် မပြောဘူးလို့ ပြန်ပြောလိုက်"

ပိုးအိမ်က အချက်ပြလိုက်ပြီး ...

"ကဲ ... ဒီတိုင်း အေးအေးသက်သာ ပြောနေရင် မရတော့ ဘူး ဆိုတော့ ..."

ဟု စ၍ပြောလိုက်သံ မဆုံးခင် ကျန်နှစ်ယောက်က ပါ ချက်ချင်းသဘောပေါက်ပြီး လင်းလင်းလက်အား ထုံးစံအတိုင်း ဝိုင်းချုပ်လိုက်ကြတော့သည်တည်း။

ဆိုင်ကို လုံးဝမဖွင့်သေးဘဲ ပြတင်းပေါက်မှန်တွေ မှာ အကာချထားသော Blinds (ဘလိုင်း‌စ)တွေလည်း ပိတ်ထား ဆဲ။ အဝင်ဝတံခါးကိုလည်း အတွင်းမှ လော့(ခ)ချထားဆဲဖြစ်ရာ ရုတ်တရက်လည်း ဘယ်သူမှ ဝင်လာစရာ မရှိတာမို့ လေးယောက် သား လုံးထွေး၊ ရုန်းကန်၊ ဝုန်းဒိုင်းကြဲချင်တိုင်း ကြဲလို့ရနေတော့ သလသည်။

အားလုံးဟာ နှစ်ဆယ်ကျော် အစိတ် သုံးဆယ်တွေ သမယ့် ခပ်ပျော်ပျော်နေကြပြီး တဟီးဟီး တဟားဟား ပုံစံတွေမို့ တစ်ခါတလေ လုပ်ချင်တာလုပ်ကာ ကလေးဆန်တဲ့ အမူအကျင့် တွေရှိရင် ရှိနေသေးတာ။ သေးကအမြင်မှာတော့ ရွကလေးစိန် အုပ်စု၊ နန့်တန့်တန့်အုပ်စုလို ထင်စရာဖြစ်လောက်အောင် ပတ် ဝန်းကျင်ကို ဂရုမစိုက်ဘဲ လုပ်ချင်တာ လုပ်တတ်သူတွေဖြစ်သည်။

လင်းလင်းလက်ကို ဝိုင်းချုပ်ပြီး အဝတ်အစား ဆင်ပေးလိုက်ပြီးသောအခါ အတင်း ကိုယ်လုံးပေါ်မှန်ရှေ့ ဆွဲခေါ် ကာ မှန်ကြည့်စေလိုက်ပါသည်။ မှန်ထဲမှာတော့ သေသပ်တိကျ





www.burmeseclassic.com

www.burmeseclassic.com



သော အင်္ကျီလေးနှင့် ချပ်ရပ်ကျက်သရေရှိစွာ ပေါ်နေသည့် ဆံပင်ခပ်တိုတိုနဲ့ ချစ်စရာ မိန်းကလေးတစ်ယောက်ကို တွေ့လိုက်ကြရလေသည်။

လင်းလင်းလက်မှာတော့ ကိုယ့်ပုံကိုယ် စိတ်ဆိုးတကြီး ကြည့်နေမိသည်။ ကြည့်စမ်း ... ငါ ဘာလို့ ဒီပုံကြီးဖြစ်နေရတာလဲ။ စိတ်ပျက်စရာ ကောင်းလိုက်တဲ့ပုံ။ ချော မြင်ရင်တော့ ဘယ်လောက် ရယ်ချင်သွားမလဲ။

"ဟယ် ... မြင်ရတာ စိတ်ချမ်းသာလိုက်တာ လင်းလင်းရယ်"

"စိတ်ဆင်းရဲစရာကြီး၊ မိန်းမပုံကြီးကိုများ"

မမစိမ်း ပြောလိုက်တာကို ဘုပြောရင်း မှန်ကိုကျောခိုင်းလိုက်သည်။

"မိတ်ကပ်ပြင်လိုက်ရင် ပိုတောင် လှသွားဦးမယ်"

နွေရိပ်ချိုက လင်းလင်းလက် မေးစေ့ကိုကိုင် ဟိုဘက်လှည့် ဒီဘက်လှည့်လုပ်ရင်း ထပ်ပြောလိုက်သေးသည်။

"ဟော့ ... ဟော့ ... မလုပ်နဲ့ တော်ပြီ၊ တော်ပြီ၊ မိန်းမလိုဝတ်ရင်ပြီးရော မပြင်နဲ့"

"ဖောင်ဒေးရှင်းကို အိုလေးကရင်(မ)သုံးမယ်၊ အပေါ်ကရယ်ဗလွန်ဖြစ်ဖြစ်၊ လော်ရီရဲယီလ်ဖြစ်ဖြစ်၊ မိတ်ကပ်ရည်လိမ်းလိုက်။ ပြီးမှ ပတ်(ဖ)နဲ့ ခပ်သာသာလေး တို့လိုက်





မယ်၊ နှာတံက ပေါ်ပြီးသားဆိုတော့ နှာခေါင်းရိုးဆေးမှာ ဖြည့်စရာမလိုတော့ဘူး၊ နော် ... မမစိမ်း"

"ဟုတ်တယ်"

လင်းလင်းလက်ကို ဂရုမစိုက်ဘဲ နွေရိပ်ချိုဟာ မျက်နှာပြင်ကို ဟိုဘက်လှည့်လိုက်၊ ဒီဘက်လှည့်လိုက် လုပ်ရင်း ဘယ်လိုပြင်မယ်ဆိုတာ ဆက်ပြောနေပြန်သည်။ သူငယ်ချင်းတွေကို စိတ်မဆိုးပေမယ့် ကိုယ်မကြိုက်တာကြီး လုပ်ရမှာမို့ လင်းလင်းလက် မျက်နှာလည်း ပုပ်သိုးနေတော့သည်။

"မျက်ခုံးတော့ နည်းနည်းပါးရမယ် ထင်တယ်"

"ဟာ ... ဟာ ... မျက်ခုံးမရိတ်နဲ့နော်၊ လုံးဝမခံဘူး၊ ဒီတိုင်းပဲထား"

"အေး ... ဒါပေမဲ့ အိုင်းရှဲဒိုး ရွှေရောင်လေးတော့ သုံးမယ်၊ ရွှေရောင်နဲ့ ပန်းခရမ်းဖျော့ နှစ်ထပ်လေးသုံးမယ်၊ ပါးနီကို နှင်းဆီရောင်သုံးရမယ်။ နှုတ်ခမ်းဆိုးဆေးက လော်ရီရယ်လ်ထဲကပဲ၊ လစ်(ပ)ဂလော့(စ)ပါတဲ့ အစားထဲကသုံးလိုက်မယ်"

ထိုအချိန်တွင် ဆိုင်၏တယ်လီဖုန်း မြည်လာပါသည်။ ပိုးအိမ် သွားကိုင်လိုက်၏။ တစ်ဖက်မှ မေးသံကိုကြားရတော့ ပိုးအိမ်ဟာ ဘယ်သူ့များလဲလို့ စဉ်းစားနေမိသည်။

"ကျွန်တော် မြင့်မားထွဋ်ပါ။ နွေရိပ်ချိုနဲ့ စကားပြောချင်လို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



ဟူ၍ သူ့ကိုယ်သူ မိတ်ဆက်ရင်း ဖုန်းဆက်လာသော သူကို ပိုးအိမ် ရုတ်တရက် မမှတ်မိတာ ဖြစ်သည်။ ဒီနာမည်မျိုး ကြားဖူးပါတယ်လို့ တွေးမိသည်။ နွေရိပ်ဆီကို ဒီလိုအမည်နဲ့ ဖုန်းဆက်လာသူ ဘယ်သူများ ရှိဖူးလဲ။

"နွေရိပ် ... နင့်ဖုန်းဟဲ့"

ပိုးအိမ် ဖုန်းခွက်ကို လက်ဖြင့်ပိတ်ကာ လှမ်းအော်ပြောလိုက်သည်။

"ဘယ်သူတဲ့လဲ"

"မြင့်မားထွန်းတဲ့ ... ငါ ကြားဖူးသလိုပဲ"

"ဟယ် ... အဲဒါ"

မမစိမ်းကတော့ ချက်ချင်းမှတ်မိပြီး ဘယ်သူဘယ်ဝါ ရယ်လို့ ပြောလိုက်တော့မလို ဖြစ်သွားပေမယ့် နွေရိပ်ချိုကို အားနာပြီး မပြောဖြစ်ဘဲ အသာဆတ်ခနဲသာ လှည့်ကြည့်လိုက်ပါသည်။ နွေရိပ်ချိုသည် မတုန်မလှုပ်တော့သော အမူအရာဖြင့် မဲ့ပြုံး ပြုံးပြီး ...

"ဟုတ်တယ်၊ အဲဒါ နွေရိပ်ရဲ့ ကိုကိုပဲလေ၊ မမစိမ်း မှတ်မိတယ် မဟုတ်လား"

"ဘာ ... ဟိုလူလား"

လင်းလင်းလက် ဒေါသတကြီး ခုံကိုလက်သီးဖြင့် ထု၍ ထ,ရပ်လိုက်ပါသည်။





"ဟဲ့ ... ဟဲ့ ... လင်းလင်းရယ်၊ ဝတ်ထားတာတွေ ပြိုကုန်ပါ့မယ်။ အင်္ကျီမှာ ခရစ်စတယ်လ်လေးတွေ ထည့်ထားတယ်။ ဖြည်းဖြည်းထပါ"

နွေရိပ်ချိုက သတိပေးလိုက်ပေမယ့် လင်းလင်းလက် ဒါကို ပြန်မဖြေရှင်းနေအား။ နွေရိပ်ချိုကိုသာ မကျေမနပ်ကြည့်ရင်း ...

"နွေရိပ် ... နင် ... နင် ... ဘယ်လိုဖြစ်နေတာလဲ၊ ဒီလူနဲ့ ပြန်ဆက်သွယ်နေတာလား ... ဟင်။ အိမ်ထောင်ရှိတဲ့ ယောကျ်ားတစ်ယောက်နဲ့ ပြန်ဆက်သွယ်နေတာလား"

ဟု စိတ်ဆိုးသော၊ ယုံကြည်မရသော၊ အံ့ဩသော အသံတွေ ရောထွေးပြီး မေးလိုက်ပါသည်။

"ခဏနေကြပါဦး၊ နွေရိပ်ကို အပြစ်တင် မစောကြပါနဲ့ဦး။ နွေရိပ် သူ့ကို ဖြေရှင်းပြီးသားပါ။ သူနဲ့လည်း အဆက်အသွယ် လုံးဝမရှိပါဘူး၊ သူ့ဘာသာ ဒီကိုပေါ်ပေါ်တင်တင် နာမည်ပြောပြီး ဖုန်းဆက်လာတာပါ"

"သေချာလား"

"သေချာပါတယ် လင်းလင်းရယ်။ ငါ နင့်ကို ညာပါ့မလား။ ပြီးတော့ ငါ အဲဒီလောက်လည်း မတုံးဘူး။ မိုက်လည်း မမိုက်ဘူး။ သူ့ကို ဘယ်လောက်ပဲ ချစ်နေနေ။ သူ့ဘက်က မပြတ်သားနေသေးသရွေ့တော့ ငါ့ဘက်က လုံးဝရှင်းရှင်း



www.burmeseclassic.com

www.burmeseclassic.com



နေနိုင်ပါတယ်။ ပြောလိုက် ပြောလိုက် နှင် ခုပဲ ပိုးအိမ် လက်ထဲကဖုန်းကို သွားယူပြီး စိတ်ကြိုက်ပြောလိုက်။ စိတ်တိုင်းကျ ဆဲဆိုပစ်လိုက်။ နွေရိပ်ကို ဆက်နှောင့်ယှက်နေသေးမယ်ဆိုရင် ခင်ဗျားအသက် ဖက်နဲ့သာထုပ်ထားလို့ ခြိမ်းခြောက်လိုက်ပါ"

ပိုးအိမ်သည် တမင်ပဲ စကားပြောခွက်ကို ဖွင့်ထားလိုက်ရာ တစ်ဖက်မှာရှိနေသော မြင့်မားထွဋ်လည်း နွေရိပ်ချိုပြောတာတွေ အတိုင်းသားကြားရမှာ သေချာသည်။ ပိုးအိမ်မှာ သူငယ်ချင်းဖြစ်သူ၏ ကံမကောင်းလှသော အချစ်ရေးကြောင့် ကရုဏာသက်မိသော်လည်း လူမှုရေးဖောက်ပြန်မယ့် အကြောင်းအရာမျိုးကိုတော့ လက်မခံချင်။ နွေရိပ် တကယ်ရော စိတ်ပြတ်ရဲ့လား။ ကွယ်ရာမှာ အဆက်အသွယ်များ ပြန်လုပ်နေသလား။ ငါတို့အားလုံးရှေ့မှာမို့ ဟန်ဆောင်ပြီးတော့များ ငြင်းဆန်ပြနေသလား။

ပိုးအိမ် တွေးသလို မမစိမ်းလည်း တွေးပါသည်။ ဘုရားရေ ... ငါကိုယ်တိုင်ကျတော့ ငါ့ယောကျ်ားဟာ ဖောက်ပြန်ပြီး အိမ်ထောင်မရှိ အပျိုမိန်းကလေးတစ်ယောက်ဆီ ပါသွားတာခံလိုက်ရတယ်။ အခု ငါ့ရဲ့သူငယ်ချင်းမလေးကျတော့ အိမ်ထောင်ရှိတဲ့ ယောကျ်ားတစ်ယောက်နဲ့ ပတ်သက်ပြီး သူများအိမ်ထောင်ကို ဖြိုခွဲမယ့်သူ ဖြစ်နေခဲ့ပြီလား။ နမြောစရာကောင်းလိုက်တာ နွေရိပ်





ရယ်။ ဒီလိုမဖြစ်သင့်ပါဘူး။ ကိုယ့်ရုပ် ကိုယ့်ရည်လေးနဲ့ ကြိုက်တဲ့သူ ရွေးယူနိုင်ရက်သားနဲ့။

နွေရိပ်ချိုသည် သူငယ်ချင်းအားလုံး၏ အတွေးပေါင်းစုံ အကြည့်ပေါင်းစုံတို့ကို အလိုလိုနေရင်း ခံစားမိပြီး သဘောပေါက်လာသောအခါ ရင်ထဲမှာ ဝမ်းနည်းသွားမိသည်။ ငါ ကိုကိုနဲ့မပတ်သက်တော့ပါဘူးပြောတာ သူတို့ မယုံကြသလိုပဲ။ ဖြစ်ရလေ။ ငါက ဒီလောက်တောင် အကျင့်စာရိတ္တ ဖောက်ပြန်တဲ့သူ ဖြစ်ပါ့မလားလို့ သူတို့ ဘာကြောင့် မတွေးပေးကြတာလဲ။

နွေရိပ်ချို ဘာကိုမှ ဖြေရှင်းမနေတော့ဘဲ လှင်းလင်းလက်လည်း သွားမကိုင်သော ပိုးအိမ် လက်ထဲကဖုန်းကို သွားယူလိုက်ပါသည်။ ပြီးတော့ အားလုံးကြားအောင် ...

"ရှင်နဲ့ နွေရိပ်ကြားမှာ ဘာအကြောင်းကြောင့်မှ ဆက်သွယ်စရာ မရှိတော့ပါဘူး။ ဒီတော့ ဘယ်တော့မှ ဆက်သွယ်ဖို့ မကြိုးစားပါနဲ့တော့၊ ဒါ နောက်ဆုံးဖြစ်ပါစေ"

ဟု ပြတ်သားစွာ ပြောချလိုက်ကာ ဖုန်းကို အသံမြည်အောင် ချလိုက်သည်။

"နွေရိပ်ကို ယုံချင်မှလည်း ယုံပါ။ ဒါပေမဲ့ သေချာတာကတော့ နွေရိပ်နဲ့သူ လုံးဝမပတ်သက်တော့ပါဘူး။ သူ့ဘာသာ ဖုန်းဆက်ပြီး ဆက်သွယ်တာပါ"



www.burmeseclassic.com

www.burmeseclassic.com



အားလုံးက နွေရိပ်ရှိုကို ပြေးဖက်လိုက်ပြီး ...

"အဲဒီလို ကြားရတာ ဝမ်းသာလိုက်တာ နွေရိပ်ရယ်။ ယုံပါတယ် ... ယုံပါတယ် ... နွေရိပ်ကို ငါတို့အားလုံး ယုံပါတယ်"





# ၁၆

မနက်ဖြန်မှာ မောင်နဲ့ ပိုးအိမ်ရဲ့ လက်မှတ်ရေးထိုး လက်ထပ်ပွဲ ဖြစ်လေသည်။ ပိုးအိမ်တို့ အိမ်မှာပဲ ရပ်ကွက်လူကြီးများနဲ့ ဟိုဘက် ဒီဘက် ဆွေမျိုးအနည်းငယ်သာ လက်ဖက်ရည်တိုက်၊ မုန့်ကျွေး အစီအစဉ်လေးနဲ့ ကျင်းပရုံမို့ သိပ်လည်းအပန်းမကြီး အကြီးအကျယ်လည်း ပြင်ဆင်စရာမလို။ အလှပန်းအိုးသုံးအိုးလောက် ထိုးထားရုံ၊ ဖယောင်းပုဆိုးခင်းထားသော ကြမ်းပေါ်ပလတ်စတစ်ဖျာတွေ ထပ်ခင်းရုံသာပေမယ့် အိမ်မှာ ပွဲတစ်ပွဲရှိတော့ အားလုံး တက်ကြွပြီး ပျော်နေကြသည်။ လက်ဖက်ရည်ကလည်း နွားနို့သေသေချာချာကျိုပြီး၊ အိမ်မှာပင် လက်ဖက်ခြောက်နှပ်ကာ ပျော်မှာမို့ ညတည်းက မလိုင်ဖတ်တက်အောင် မီးသွေးခဲလေးသုံးလေးခဲလောက်နဲ့ တမြည့်မြည့် ကျိုထားလိုက်ကြသည်။ မနက်ငါးနာရီလောက်ကျမှ လက်ဖက်ခြောက်အိုးကို နှပ်ရပါမည်။



www.burmeseclassic.com

www.burmeseclassic.com



မုန့်ကတော့ တစ်အိမ်လုံး ဝယ်စားနေကျ ကိတ်မုန့်ဆိုင်ကပဲ သုံးမျိုးလောက် အော်ဒါကြိုမှာထားလိုက်သဖြင့် မနက်စောစော မုန့်ထွက်ချိန်ကျမှ သွားယူရုံပါ။ ပိုးအိမ်အတွက်ကတော့ တစ်သက်လုံး မိဘရင်ခွင်ထဲမှာ အပျိုဘဝနဲ့ နေလာခဲ့ပြီးမှ မနက်ဖြန်မှာ ကိုယ့်ဘဝဟာ ပြောင်းလဲသွားရတော့မယ့် အဖြစ်မို့ စိတ်တော်တော်လှုပ်ရှားကာ လူက လေထဲမှာပဲ မြောနေသလိုလို အိပ်မက်ပဲ မက်နေသလိုလို ခံစားနေသည်။

ကိုယ်ချစ်တဲ့သူနဲ့ ယူရတာပေမယ့် အပျိုဘဝဆိုသော ခံစားချက်နဲ့ 'အိမ်ထောင်ပြုရတော့မယ်ဆိုတဲ့ ခံစားချက်ကတော့ မတူတာ အမှန်ပင်။ ဒီလိုညမျိုးမှာ သူငယ်ချင်းတွေကို စကားပြောရရင် ကောင်းမလား။ ဒါမှမဟုတ် မောင်နဲ့ ငယ်ငယ်တည်းက သူငယ်ချင်းတွေ ဖြစ်လာပြီး ချစ်သူဘဝရောက်သွားရတာလေးတွေကို ပြန်တွေးနေရမလား။ ရန်ဖြစ်လိုက် ပြန်ချစ်လိုက် သံသရာလည်ခဲ့ရတဲ့ ရည်းစားဘဝကို ပြန်တွေးရရင် ကောင်းမလား။

ပိုးအိမ်တစ်ယောက် ယောင်ချာချာဖြင့် အခန်းထဲမှာ ထိုင်လိုက်၊ ထလိုက်၊ အဝတ်ဗီရို ဖွင့်ကြည့်လိုက် လုပ်နေတုန်း အမေ ဝင်လာသည်။

"သမီး ဘာလုပ်နေတာလဲ"

"ဘာမှမလုပ်ပါဘူး အမေ"





"အေးကွယ် ... ငါ့သမီးလေး မနက်ဖြန်မှာ အမေတို့မပိုင်တော့ဘူး။ သူ့စိမ်းတစ်ယောက် ပိုင်သွားရမယ် 'ဆိုတာတွေးမိတော့ အမေလည်း စိတ်ထဲမှာ တစ်မျိုးကြီးတော့ ဖြစ်မိသား"

အမေ ထိုသို့စပြောရင်း ပိုးအိမ်၏ခုတင်လေးပေါ် တစောင်းဝင်ထိုင်တော့ ပိုးအိမ်ပါ အမေ့နား ကပ်ထိုင်လိုက်မိသည်။

"အဖေတို့ အမေတို့ဆိုတာကလည်း သမီးသိတဲ့အတိုင်းပဲ၊ သာမန်လူတန်းစားတွေ။ ငွေကို တိုင်းသုံးနေရတဲ့ သူတွေလေ။ လူတန်းစေ့ နေနိုင် စားနိုင်ရုံအပြင် ဒီထက်လည်း မပိုတာမို့ ကိုယ့်သမီးလေးရဲ့ မင်္ဂလာဆောင်ကိုတောင်မှ လက်ဖွဲ့တဲ့အနေနဲ့ သင့်တော်တာလေးတွေ မလုပ်ပေးနိုင်ဘူး"

"ရပါတယ် အမေရယ်၊ ပိုးအိမ် ဘာမှမဖြစ်ပါဘူး၊ အခုလိုလုပ်နိုင်တာကိုတောင် ကျေနပ်ပါတယ်။ ကိုယ့်အခြေအနေ အဆင့်အတန်းနဲ့ ကိုယ့်အသိုင်းအဝိုင်းနဲ့ ကိုယ့်ဝင်ငွေနဲ့ ဒီလိုပဲ ချင့်ချိန်လုပ်ရမှာပေါ့၊ မတန်မရာတွေ လျှောက်လုပ်ပြီးမှ မင်္ဂလာဆောင်ပြီးရင် အကြွေးတွေတင်လို့ စိတ်ဆင်းရဲကြရရင် အားလုံးအတွက် မကောင်းဘူးပေါ့"

အမေက ပိုးအိမ် ပခုံးလေးကို ပွေ့ထားလေသည်။ သားသမီးလေးယောက်တို့ကို မွေးထားပေမယ့် အမေ့မှာ ဟိုသား



www.burmeseclassic.com

www.burmeseclassic.com



အပေါ်ပိုတယ်။ ဒီသမီးအပေါ်မှာ ပိုတယ်ဆိုတာမျိုး ရှိကိုမရှိ။ ဘယ်သူပဲဖြစ်ဖြစ် အမေက ချစ်နေတာ။ ကျွေးချင်မွေးချင်နေတာ။ ဘယ်သူပဲ မင်္ဂလာဆောင်သွားသွား အမေ့မှာ လွမ်းပြီးနှမြောကျန်ခဲ့တတ်တာ။ အခုလည်း ရှေ့က အစ်ကိုတွေ၊ အစ်မတွေတုန်းကလိုပဲ အမေဟာ ပိုးအိမ်ကို နှမြောနေတာ မဟုတ်လား။ မခွဲချင်မဟုတ်လား။ ပိုးအိမ် အမေ့ကို နားလည်စွာ အမေမွေ့တာလေးကို ငြိမ်ခံနေလိုက်ပါသည်။ အမေပိုင်သေးတဲ့ သမီးအဖြစ် အမေမွေ့ခွင့်ရတုန်း မွေ့ထားတာလို့ နားလည်ပါတယ် အမေရယ်။

"ရော့ ... ဒါလေး သမီးအတွက် လက်ဖွဲ့ဆိုပြီး အဖေနဲ့ အမေ တိုင်ပင်ပြီး လုပ်ထားတာ"

အမေက သူ့လက်ထဲပါလာတဲ့ ပိုက်ဆံအိတ်ကြီးထဲမှ ဘူးတစ်ဘူးကို ထုတ်ယူလိုက်သည်။ အမေကိုင်နေကျ ဈေးထဲသွားလမ်းဟိုနား ဒီနားထွက် သုံးတဲ့အိတ်ကို ဝင်လာကတည်းက တွေ့ပေမယ့် ပိုးအိမ်အတွက် ဒါဟာ ဘာများလဲလို့ တွေးစရာမရှိခဲ့။ ဘာကြောင့်လဲဆိုတော့ မနက်ဖြန် လက်မှတ်ထိုးပွဲမှာ ဟိုဟာလေးတော့ လိုတယ်။ ဒီဟာလေးတော့ လိုတယ် သတိရတိုင်း ဟိုလူ့ပြေးဝယ်ခိုင်း၊ ဒီလူ့ပြေးဝယ်ခိုင်း လုပ်နေရသည်ဖြစ်ရာ အမေ့မှာ မနက်တည်းက အဲဒီပိုက်ဆံအိတ်ဟောင်းကြီး လက်ထဲကကိုမချ တော့တာကြောင့်ပါ။ အခုတော့ ပိုးအိမ်ဆီ ဝင်လာတော့ ပါလာတဲ့ ပိုက်ဆံအိတ်ကြီးထဲမှာ ပိုးအိမ်ကို ပေးစရာရှိနေသတဲ့။





"ဟာ ... အမေကလည်း လုပ်လာပြန်ပြီ"

"သမီးက နားကွင်းလေးတွေ ကြိုက်တယ်လေ၊ ဒါကြောင့် ရွှေနားကွင်းလေးတစ်ရန် သွားလုပ်ထားတာပါ။ သိပ်မကျပါဘူး သမီးရဲ့။ ကိုယ်တတ်နိုင်သလောက်လေး ခပ်ပါးပါးနဲ့ လှလှလေးပေါ့။ မင်္ဂလာဦးလက်ဖွဲ့ဆိုတာ ပေးသင့်ပါတယ်၊ ဒါကြောင့် သွားလုပ်ထားတာ"

ရွှေဆိုင်မှ ပေးလိုက်သော ပလတ်စတစ်ဘူးနီလေးထဲမှာ အရောင်လေး လက်နေသည့် ရွှေနားကွင်းလေးတစ်ရန်သည်။ ပိုးအိမ်က လက်ဝတ်ရတနာထဲမှာဆို နားကပ်၊ နားကွင်းတွေ ကြိုက်တတ်ပြီး ရွှေနားကွင်းလေးတွေကို ပိုက်ဆံစုစုပြီး လုပ်ဝတ်တတ်ပါသည်။ အဖေအမေ ဆင်ပေးထားတာ ရိုးရိုးကျောက်နားကပ်လေးတစ်ရန်။ ပိုးအိမ်ဘာသာ ပိုက်ဆံစုပြီး လုပ်ဝတ်တာက ရွှေနားကွင်းလေးနှစ်ရန် ရှိသည်။ ပိုးအိမ် ထပ်ပြီးလုပ်ချင်ပေမယ့် ဝင်ငွေထဲကဖဲ့ပြီး မိဘကို ထောက်ပံ့ရတာရော၊ ကိုယ့်အိမ်ထောင်အတွက် လိုအပ်တာလေးတွေ ဝယ်စုရတာရောကြောင့် ဝယ်မလုပ်နိုင်သေးပါ။ အခုတော့ အဖေနဲ့အမေက ပိုးအိမ်ကိုချစ်ပြီး လက်ဆောင်လုပ်ပေးတော့လည်း ပိုးအိမ်မှာ ရင်နင့်သွားပြီး မျက်ရည်ဝောင် ဝဲသွားပါသည်။

"အမေရယ် ..."



www.burmeseclassic.com

www.burmeseclassic.com



"ယူ ... ယူ ... သမီး။ သမီး ပျော်ပျော်ရွှင်ရွှင် ယူသွား တာမြင်ရမှ အမေလည်း စိတ်ချမ်းသာမယ်"

"အဖေနဲ့အမေ စိတ်ချမ်းသာတာကိုပဲ မြင်ချင်ပါတယ်"

"သမီးရော ပျော်နေတယ် မဟုတ်လား"

ပိုးအိမ် အသာပြုံးရင်း ...

"တစ်မျိုးတော့ ခံစားနေရတယ်"

"ကိုယ်ချစ်တဲ့သူနဲ့ ယူရတာပဲလေ"

"အဲဒီလိုကြောင့်တော့ မဟုတ်ဘူး။ ဒီနေ့ထိ ပိုးအိမ်က လွတ်လပ်တဲ့သူ အပျိုလေးတစ်ယောက် ဖြစ်နေရသေးတယ် မနက်ဖြန်ကျရင် ပိုးအိမ်က အိမ်ထောင်ရှိတဲ့ မိန်းမတစ် ယောက် ဖြစ်သွားပြီဆိုတဲ့ ခံစားချက်က တစ်မျိုးတော့ တစ်မျိုးပဲ"

"ဪ ... အေး ... အေး၊ မေမေ သိပါတယ်၊ ကဲ ... ကဲ ... သမီး စောစောအိပ်ရာဝင်။ မဝင်ရင်လည်း သတို့ ပျင်းရင် အပြင်ထွက်လာပြီး မောင်နှမတွေနဲ့ စကားပြောနေ ပေါ့"

"အမေ"

"ဟေ ... ဘာလဲ"

အမေ အခန်းထဲက ထွက်ခါနီးမှ ပိုးအိမ် လှမ်းခေါ် လိုက်လေရာ အမေက သူ ထူးနေကျအသံအတိုင်း ထူးပါသည်။





ပိုးအိမ် အမေတို့နဲ့ မနေရတော့ဘဲ မနက်ဖြန်ကစပြီး သူစိမ်းအိမ် မှာ သွားနေရတော့မယ်။ ပိုးအိမ် နေတတ်ပါ့မလား မသိဘူး။ စိုးတော့ စိုးရိမ်မိတယ်။ အမေ့ကို အဲဒီအကြောင်း ပြောလည်း ပြောချင်။ ပြောလည်း မပြောရက်။ အမေ့ကို ပြောလိုက်ရင် အမေက ဒီအိမ်လာနေလို့ ပြောမှာပေမယ့် ပိုးအိမ် ဘယ်လိုလုပ်နေ လို့ ဖြစ်မလဲ။ အိမ်မှာ အစ်ကိုကြီးမိသားစုသုံးယောက်ကလည်း ရှိပြီးသား။ ညီမအငယ်ဆုံး အပျိုကလည်း ရှိနေတာမို့ ပြည့်ကျပ် နေတဲ့ အနေအထားမှာ ရှိနေတာ။ ပိုးအိမ်တို့ ပိုလာရင် အမေတို့ အတွက် ပိုပြီး ဝန်ထုပ်ဝန်လေး ဖြစ်သွားမယ်။ ဒါကို အစတည်း က ကြိုမြင်လို့ မောင့်အိမ်မှာပဲ လိုက်နေတော့မယ်ရယ်လို့ ဆုံးဖြတ် ထားနှင့်တာ ကြာပဲ ကြာလှပြီလေ။ ကိုယ့်ဘာသာ အိမ်ခွဲနေရ လောက်အောင်လည်း နှစ်ယောက်လုံး တစ်နေကုန် အိမ်တံခါးပိတ် ပြီး အလုပ်သွား၊ ညပိုင်းလေးမှာမှ ပြန်လာနေရမယ့် အိမ်အတွက် ငွေကုန်မခံချင်။ ပိုက်ဆံကို ရသလောက်လေးတော့ စုထားချင်တာ ပိုးအိမ်ရဲစိတ်ကူး ဖြစ်ပါသည်။

"ပြောလေ ... ပိုးအိမ်၊ သမီး ဘာပြောမလို့လဲ"

ပိုးအိမ်သည် အမေ့ကိုတော့ အဲဒီစိုးရိမ်စိတ် မပြော တော့ဘူးလို့ တွေးကာ ...

"ဟီး ဟီး ... ဘာမှမဟုတ်ဘူး။ ပိုးအိမ် မနက်ဖြန်ကျ ဒီနားကွင်းအသစ်လေး ဝတ်မယ်လို့ ပြောမလို့"



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းတယ် ... ဝတ် ... ဝတ်"

"မနက်အစောကြီးထပြီး ထမင်းဟင်းတွေ လျှောက်ချက်မနေနဲ့ဦး။ အမေလည်း နားနားနေနေ နေပါ"

"အံမယ်လေး ... ညည်းအဖေက မရပါဘူး။ ထမင်းနဲ့ဟင်း မစားရရင် ဂျိတိုက်နေလိမ့်မယ်၊ သူ့အတွက်ချက်ရတော့ မထူးဘူးဆိုပြီး တစ်အိမ်လုံးစာ ချက်ရဦးမှာပါပဲ"

အဖေ့ကို တစ်သက်လုံး ချက်ကျွေးလာသောအမေနဲ့။ အမေ့လက်ရာကို တစ်နေ့မစားရရင် မနေနိုင်သော အဖေတို့ရဲ့ ချစ်ခြင်းမေတ္တာလိုပဲ မောင်နဲ့ပိုးအိမ်ရဲ့ ချစ်ခြင်းမေတ္တာကလည်း နိုင်မြဲမှာပါ။ နှစ်တွေ အကြာကြီး အတူတူ နေရမှာပါ။ သေတစ်ပန် သက်တစ်ဆုံး လက်တွဲရမှာပါ။ သေခြင်းတရားက ခွဲမှပဲ ကွဲကြရမှာပါ။

မနက်ဖြန်ကစပြီး မောင်နဲ့ ပိုးအိမ်တို့ရဲ့ဘဝသစ်ဟာ တကယ်စ,ရတော့မှာမို့ ပိုးအိမ် အဲဒီလိုပဲ ဆုတောင်းနေချင်တော့တယ် မောင်ရယ်။

❥ ❦ ❥



၁၇

"ဟယ် ... ချော"

လင်းလင်းလက်၏ ဝမ်းသာအားရ ခေါ်လိုက်သံကြောင့် နွေရိပ်ချိုနဲ့ မြစိမ်းမေတို့ အပေါက်ဝကို ပြိုင်တူကြည့်လိုက်ကြသည်။ နွေရိပ်ချိုက မိန်းကလေးတစ်ယောက်၏ ဆံပင်ကို ဆက်တင်လိပ်ပေးနေဆဲဖြစ်ပြီး မမစိမ်းကတော့ ဆံပင်လာဆိုးသော အန်တီကြီးကို ဆံပင်နက် ဆိုးပေးနေရသည်။ ဒီနေ့ ပိုးအိမ်ရဲ့ လက်မှတ်ထိုး လက်ထပ်ပွဲ ရှိတာမို့ ပိုးအိမ် မလာနိုင်ပါ။ ပိုးအိမ်အတော့ ...

"အားရင် ငါ့အိမ်ဘက် ခဏတဖြုတ် လာရင်လာခဲ့ကြနော်။ နင်တို့ကို အသေအချာကြီး ဖိတ်လိုက်ရင် အလုပ်တွေပျက်ပြီး လာကြမှာစိုးလို့ တမင် သေသေချာချာ မဖိတ်တော့တာ။ တကယ်တော့ လာလို့ရရင် ခဏလာခဲ့စေချင်တယ်"

www.burmeseclassic.com

www.burmeseclassic.com



ဟု မှာထားခဲ့ပေမယ့် ဒီနေ့ လူသုံးယောက်တည်းနဲ့ လည်ပတ်ရမှာမို့ ဘယ်သူမှ သွားလိုက်ကြဖို့ မတွေးမိပါ။ မနက်ဆိုင်ဖွင့်ကတည်းက တော်တော်လည်း လူကျသဖြင့် ပိုးအိမ်ဆီ မသွားဖြစ်ရင်လည်း မသွားဘဲ နေလိုက်တော့မယ်လို့တော့ စဉ်းစားထားကြသည်။ လုပ်ဖော်ကိုင်ဖက် သူငယ်ချင်း အရင်းကြီးတစ်ယောက် လက်မှတ်ထိုး လက်ထပ်ပွဲမှာ ဝင်ပါချင်ကြပေမယ့် ဆိုင်ကလည်း အကြာကြီးပစ်ထားရင် မရတာကြောင့် ထားခဲ့လို့မရတာနဲ့ မသွားဖြစ်ကြတော့ချေ။

"ခေါင်းလျှော်မှာလား ချော"

ချောက ရှက်သလိုလေး ပြုံးပြီး ...

"လင်း အကြံပေးတဲ့အတိုင်း ဆံပင်ကို ညှပ်လိုက်ရင်ကောင်းမလားလို့တော့ ဒီနေ့ စဉ်းစားလာတယ်"

"ချော စိတ်ဆုံးဖြတ်ပြီးရင်တော့ ကောင်းတာပေါ့"

"လင်း ဘယ်လိုသဘောရလဲ"

"ဆံပင်ညှပ်မှာကိုလား"

"အင်းပေါ့"

"ညှပ်လိုက်ရင် ပိုမိုက်သွားတာပေါ့"

"ဘာပုံညှပ်ရင် ကောင်းမလဲ"

"ဗစ်တိုးရီးယားပုံညှပ်"

"လင်း ညှပ်ပေးမှာလား"





"လင်းက ဆံပင်လျှော်ပဲရတာ၊ ညှပ်တာ ခုမှ လေ့လာတုန်း"

"လင်း ညှပ်ပေးရင်တော့ ချောက ဘာပုံကြီးဖြစ်သွားသွား ကြိုက်မှာပဲ"

သူတို့ အပြန်အလှန် ပြောနေကြဟန်မှာ သာမန်မိန်းကလေးနှစ်ယောက် ပုံစံပေမယ့် နွေရိပ်ချိုနဲ့ မမစိမ်းတို့ကတော့ အကြောင်းသိတွေမို့ အကဲတခတ်ခတ် လုပ်နေကြသည်။ နွေရိပ်ချိုကတော့ ဘာမှမဖြစ်လှပေမယ့် မမစိမ်းကတော့ အသည်းတယားယား ဖြစ်နေပါသည်။

မိန်းမစစ်စစ် မိန်းကလေးတစ်ယောက်က ယောကျ်ားလေးစိတ်ဝင်နေတဲ့ မိန်းကလေးကိုမှ ရည်းစားထားချင် ရသလားရယ်လို့ ချောကို အပြစ်တင် ကဲ့ရဲ့နေမိသည်။

"ဆံပင်အရင်လျှော်လိုက်လေ"

"လင်း ညှပ်ပေးမယ် ဆိုရင်တော့ ဒီနေ့ပဲ ဆံပင်ညှပ်မှာနော်"

"စိတ်ချ ... လင်း၊ နွေရိပ်ကို မေးလိုက်မယ်။ နွေရိပ် ဘေးကနေ ကူပြောပေးမယ်ဆိုရင်တော့ ချောကို ညှပ်ပေးနိုင်ပါတယ်။ ဒီဆိုင်မှာတော့ နွေရိပ်က အတော်ဆုံးလေ။ နွေရိပ် ညှပ်ပေးရင် ပိုကောင်းတယ်"



www.burmeseclassic.com

www.burmeseclassic.com

"ချောကတော့ လင်းမှလင်းပဲ"

ချောသည် မှုန့်နွဲ့နွဲ့လေး ပြောကာ ဆံပင်လျှော်ခံဖို့ ခုံပေါ်တက်လှဲလိုက်ပါသည်။ လင်းလင်းလက်ကလည်း ချောဆိုရင် သူ့လက်ချောင်းတွေ ဘယ်လောက်ပဲ ပဲကြီးရေစိမ်ပုံစံဖြစ်ဖြစ် ဘယ်လောက်ပဲ လက်ချောင်းတွေနာနာ၊ ဘယ်လောက်ပဲ ခြေထောက်တွေ ညောင်းညောင်း အချိန်တွေ ဘယ်လောက်ပဲ ကြာသွားသွား မမောနိုင် မပန်းနိုင် ခေါင်းလျှော်ပေးဖို့ အသင့်ဖြစ်နေသည်။

တစ်ယောက်နဲ့တစ်ယောက် စကားမပြောဖြစ်ကြဘဲ အကြည့်ချင်း ဖလှယ်လိုက်၊ အပြုံးချင်းဖလှယ်လိုက် လုပ်နေကြတာကို မမစိမ်းမှာ နေမထိ ထိုင်မသာဖြစ်လျက် လင်းလင်းလက်ကိုပဲ ပြေးရိုက်ရမလား။

ချောကိုပဲ ဆိုင်ထဲက ဆွဲထုတ်ရမလား အမျိုးမျိုးတွေးစိတ်ကူးယဉ်ပြီး လျှောက်တွေးနေတော့သည်။

"ဒီနေ့ သုံးယောက်တည်း ဒီမှာရှိတယ်နော်"

"ဟုတ်တယ်၊ ပိုးအိမ်က ဒီနေ့ မလာနိုင်ဘူးလေ"

"ဩော် ... ချစ်စရာကောင်းတဲ့ တစ်ယောက်လား"

"သူ ဒီနေ့ လက်မှတ်ထိုး လက်ထပ်တာလေ"

"အို ... ဟုတ်လား၊ လင်းတို့မသွားကြဘူးလား"





"သွားချင်တာပေါ့၊ ဒါပေမဲ့ ဆိုင်က ခဏ ခဏ ပိတ်ရင်လည်း မကောင်းဘူးလေ။ ကက်စတန်မာတွေ လွတ်ကုန်မှာ။ ခု ဒီနားမှာလည်း အပြိုင်အဆိုင်တွေ များလာပြီဆိုတော့ ဆိုင်ကိုပိတ်နေကျ တနင်္လာတစ်ရက်ကလွဲရင် ကျန်တဲ့ရက်တွေမှာ မပိတ်မိဖို့ ကြိုးစားရတာကြောင့် မသွားဖြစ်ကြတော့ဘူး၊ ပိုးအိမ်ကလည်း နားလည်ပါတယ်၊ အားရင် ခဏလာခဲ့ပါလို့ပဲ ခေါ်ထားတာ"

"လက်မှတ်ထိုးပြီးရင်တော့ တခြားပွဲတွေ ရှိဦးမှာပေါ့"

ထိုပွဲတွေရှိကြောင်း လင်းလင်းလက် မပြောချင်။ အသိမပေးချင်။ ချော သိသွားလျှင် ချောကို "လာချင်ရင် လာခဲ့ပါလား"လို့ ပိုးအိမ်က ဖိတ်လိုက်မှာစိုး၍ မပြောခဲ့တာပါ။ ပိုးအိမ် မင်္ဂလာဆောင်ဖို့ ပြင်ဆင်နေတာ လွန်ခဲ့တဲ့ သုံးလတည်းက။ အဲဒီ ကြားထဲမှာ ချော ခဏ ခဏ ခေါင်းလာလျှော်တာ၊ ခြောက်ခါ ခုနစ်ခါလောက်တောင် ရှိပါသည်။ လင်းလင်းလက် သုံးဝအသိမပေးမိ။ မပြောမိ။ တမင်ကို မပြောတဲ့သဘောလည်းပါသည်။ ချောဟာ လင်းလင်းလက်နဲ့ ပတ်သက်သူအဖြစ် ဖိတ်ခါရစေလို့ ပိုးအိမ်ကိုတောင် ခွင့်တောင်းစရာ မလိုပါ။ ပိုးအိမ်က စိတ်သဘောရှင်းလှသူမို့ ချောကို လင်းလင်းလက်နဲ့ ဆက်စပ်ကာ ခင်မင်ပြီး အလိုလို ပိုးအိမ်ဘာသာ သူ့သဘောနဲ့သူ ဖိတ်ကိုဖိတ်မယ်ဆိုတာ လင်းလင်းလက် သိနေပါသည်။



www.burmeseclassic.com

www.burmeseclassic.com

လင်းလင်းလက်မှာ ချော ဘာကြောင့် ဒီပွဲကို မလာ စေချင်သလဲ ဆိုသော အကြောင်းပြချက်ကလည်း ကောင်းကောင်း ရှိနေလေသည်။

တကယ့် ဧည့်ခံပွဲကြီးနေ့မှာ မိန်းကလေးလိုဝတ်ပြီး သွားပြရမှာမို့ပါ။ ကိုယ့်ကို ယောကျ်ားလေးစတိုင်လ် ဂျင်းနဲ့ သရီးကွာတားနဲ့ တီရှပ်နဲ့၊ ဂျာကင်နဲ့ ဆံပင်တို့နဲ့သာ အမြဲတွေ့ နေတဲ့ ချောဟာ မိန်းမပုံစံကြီးဝတ်တာ မြင်လျှင် စိတ်ပျက်သွား မလား။ စိတ်ကုန်သွားမလား။ စိတ်မဝင်စားတော့ဘဲ ရှောင်သွား မလားဆိုကာ အလိုလို တွေးပူလျက် ချောကို မမြင်စေချင်ခဲ့ပါ။

"ချောကလေ ငယ်ငယ်တည်းကပဲ မင်္ဂလာဆောင်တွေဆို သိပ်စိတ်ဝင်စားတာ သိလား။ မင်္ဂလာဆို ဘယ်လိုပဲဆောင် ဆောင်ပါ။ ဘုန်းကြီးကျောင်းမှာပဲ ဆွမ်းကျွေးကျွေး၊ ရိုးရိုး ဒင်နာပွဲလေးပဲလုပ်လုပ်၊ ပိုက်ဆံတတ်နိုင်လို့ ထိုင်မသိမ်း တွေ ဘာတွေဝတ်ပြီးပဲဆောင်ဆောင် ချောကတော့ ကြိုက် တာပဲ။ ဘယ်သူဖိတ်ဖိတ် ရအောင်သွားတာပဲ။ မင်္ဂလာပွဲ တွေက ပျော်ဖို့ကောင်းတယ်လို့ ထင်တယ်"

မြစိမ်းမေသည် သူတို့ပြောနေသံ ခပ်သဲ့သဲ့ကြားရ ရသဖြင့် မနေနိုင်တော့ဘဲ ဝင်ပြောလိုက်မိသည်။ အဲဒီ လင်းလက် ဟာ ကောင်မလေး သိချင်တာကို မဖြေဘဲ နှုတ်ပိတ်နေတာ ဘာ များဖြစ်နေပါလိမ့်။ ဟိုက ဘာကြောင့်ပဲ သူ့ဆီလာလာ သူ့ရဲ့





ကက်စတန်မှာ အစစ်ပဲ။ ပိုးအိမ်အကြောင်း နည်းနည်းပါးပါးတော့ ပြောလိုက်သင့်ပါတယ်လေ။

"ပိုးအိမ်က ဒီတစ်ပတ် လက်မှတ်ထိုးပြီးရင် နောက်အပတ် စနေက ဘုန်းကြီးကျောင်းမှာ မိဘတွေ ဆွေမျိုးတွေနဲ့ အကျဉ်းရုံးပြီး မင်္ဂလာဆွမ်းကျွေးမယ်လေ။ တနင်္ဂနွေနေ့ကျ တော့မှ ဧည့်ခံပွဲလုပ်မှာ"

လင်းလင်းလက် မျက်နှာကြီး မည်းသွားပြီး မမစိမ်း ကို ဘုကြည့် ကြည့်လိုက်သေးသည်။ ချောကတော့ သတိမထားမိ။ မင်္ဂလာဆောင်အကြောင်း စိတ်ဝင်စားနေလေသည်။ မမစိမ်းက ဒါကို သတိထားမိတော့ ဝမ်းသာနေသည်။ ဟုတ်တယ်လေ၊ ယောကျ်ားလျာနဲ့သာ ရည်းစားဖြစ်ရင် ဖြစ်လို့ရမယ် ဒီလိုမျိုး ရွှေ လက်တွဲပြီး မင်္ဂလာဆောင်ချင်လို့မှ မရတာ။ ဒီတော့ ချောဟာ ခဏတာ စိတ်ကူးယဉ်ပြီး လင်းလင်းလက်လို ယောကျ်ားလျာကို ရည်းစားထားရင် ထားမယ်။ အချိန်တန်ရင် တကယ့်ယောကျ်ား အစစ်ကိုပဲ မင်္ဂလာဆောင်ပွဲကြီး ဆင်နွှဲပြီး လက်တွဲသွားလိမ့်မှာ မဟုတ်လား။ ဒါကို ထောက်ပြပြီး လင်းလင်းလက်ကို သတိပေး ရင် ရပြီ။

ဟဲ့ ... နင် ကျူးနဲ့ခဲ့မှာ။ နင်ပဲ အသည်းကွဲရမှာ။ ဟိုက နင်ကို စိတ်ကူးယဉ်ပြီး အပျော်တွဲသွားမှာ။ ရှေ့ဆက်မနေ နဲ့၊ ဖြတ်ပစ်လိုက်လို့ ချော ပြန်သွားရင် တားလို့ရပြီလေ။


www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်လား ... မပိုးအိမ်က ဘာရောင်လေး ဝတ်မှာလဲ၊ ညည့်ခံပွဲက ဘယ်မှာလဲ"

ချော စိတ်ဝင်တစား ခေါင်းထောင်ပြီးတော့တောင် မေးတော့မလို လုပ်လေရာ လင်းလင်းလက်က စိတ်နည်းနည်း ဆိုးပြီး ချော၏ခေါင်းကို ပြန်ဖိထားကာ ...

"ရှန်ပူတွေ ဆေးနေတာ မပြီးသေးဘူး။ ခေါင်းမထောင်နဲ့လေ"

လို့ ဟောက်လိုက်မိလေသည်။

ချောကတော့ ဒါကို မသိတာလား။ သူမ အာရုံက မမစိမ်း ပြောပြမယ့် ပိုးအိမ်ရဲ့မင်္ဂလာဆောင်ကိုပဲ စိတ်ဝင်စားနေလို့ပဲလား မသိ။ လင်းလင်းလက်ကို ဘာမှပြန်မပြောအားပဲ ခေါင်းကို အသာပြန်လှဲလိုက်ကာ ဆက်မေးနေသည်။

"မိတ်ကပ်ဆံပင်ကတော့ ဒီဆိုင်မှာပဲ ပြင်မှာပေါ့နော်"

"ညည့်ခံပွဲကြီးမို့ နာမည်ကြီးပြီးသားနဲ့ပဲ ပြင်မှာပါ။ ပိုးအိမ်တို့က မြို့မကျောင်းလမ်း အိုရီယမ်တယ်လ်ဟောက်(စ) မှာ ညည့်ခံပွဲလုပ်မှာပါ။ ဝတ်တာကတော့ ထိုင်မသိမ်းဝတ်မှာပါပဲ။ အဖြူပေါ် ပန်းရောင်ချိတ်လိုင်းပါတဲ့ အဆင်မဟုတ်လား နွေရိပ်၊ သူ အဲဒါဝတ်မှာနော်"

မမစိမ်းက နွေရိပ်ချိုကိုပါ လှမ်းမေးလိုက်သလို မေးရင်း ပြောလိုက်သည်။





"ဟုတ်တယ်"

နွေရိပ်ချိုသည် လင်းလင်းလက်၏ မျက်နှာကို လှမ်းအကဲခတ်ရင်း ဖြေလိုက်သည်။ လင်းလင်းလက်ကတော့ ဆောင့်ဆောင့်နဲ့ ချော၏ဆံပင်ကို ရှန်ပူကုန်အောင် ဆေးပြီးလျှင် မျက်နှာသုတ်ပဝါ အလတ်စားလေးဖြင့်လည်း ကုပ်အောက်မှာလျှိုပြီး အုပ်ကာ ဖိသိပ်ထားရင်း ...

"ချော ပြီးပြီ၊ ထလို့ရပြီ"

လို့ မကြည်မလင် အသံဖြင့် ပြောလိုက်လေသည်။

"ကဲ ... ဆံပင်ညှပ်ဦးမှာလား၊ မညှပ်ဘဲ ဆံပင်အခြောက်ခံပြီး ပြန်မှာလား"

"ဟောတော့် ... ညှပ်မှာပါ။ ညှပ်မှာပါ။ လင်း ညှပ်ပေးရင် ညှပ်မယ် ပြောပြီးသားလေ"

"မညှပ်နဲ့တော့"

"ဟယ် ... ဘယ်လိုဖြစ်ရပြန်တာလဲ"

"လင်း မညှပ်တတ်ဘူး။ ချော ညှပ်ချင်ရင် နွေရိပ်နဲ့ပဲညှပ်ရင် ညှပ်တော့"

လင်းလင်းလက် သံပြတ်ဖြင့်ပြောရင်း ချော၏ဆံပင်ရှည်တို့ကို မျက်နှာသုတ်ပဝါဖြင့် အနည်းငယ်ခြောက်အောင် သုတ်ပေးနေပါသည်။ ပြီးမှ ဒရိုင်ယာဖြင့်ဆွဲပြီး အခြောက်ခံရမှာဖြစ်သည်။ တကယ်လို့ ဆံပင်ညှပ်မယ်ဆိုရင်တော့ ဆံပင်ကို



www.burmeseclassic.com

www.burmeseclassic.com



ဒရိုင်ယာဖြင့် အခြောက်ခံနေစရာ မလိုတော့ပါ။ တစ်ခါတည်း တန်းညှပ်ရုံသာ။

"လင်းပဲ ဆံပင်ညှပ်လိုက်ရင် ချောနဲ့ပိုလိုက်မှာဆို"

"အဲဒါက ချောရဲ့သဘောပဲ။ ချောကြိုက်ရင်လုပ် မကြိုက်ရင် မလုပ်နဲ့။ လင်းရဲ့သဘောကို ဘာမှမေးစရာ မလိုဘူး"

"လင်း ... ဘယ်လိုဖြစ်ရပြန်တာလဲ။ ဒီနေ့ ချောလာတာ လင်း ညှပ်ပေးတဲ့ ဆံပင်ကို လိုချင်လို့လာတာ။ လင်းက အဲဒီလို စိမ်းကားသလို ပြောနေရင် ချော လာစရာတောင် မလိုဘူး"

"ကဲ ... ချော၊ ဆံပင်ညှပ်ခံမှာလား။ မညှပ်ဘဲ ဆံပင်ဲ အခြောက်ခံမှာလား ... ပြော"

"လင်း ... နော်။ လင်း ဘာဖြစ်နေတာလဲ။ ချောကိုဘာ အပြစ်ရှိလို့ စိတ်မရှည်သလိုနဲ့ အော်ငေါက်နေရတာလဲ"

သူတို့နှစ်ယောက်ဟာ ဘေးပတ်ဝန်းကျင်မှာ ဘယ်သူမှ မရှိတော့ဘူးထင်ကာ တစ်ယောက်နဲ့ တစ်ယောက် အပြန်အလှန်အော်ပြီး ရန်တွေ့နေကြလျှင် ဆိုင်ထဲမှာရှိနေသော ကျွန်လေးယောက်တို့မှာ အသာငြိမ်ပြီး စောင့်ကြည့်နေကြသည်။ ဆံပင်လာညှပ်ခံသူ ကောင်မလေးနဲ့ ဆံပင်ဆေးလာဆိုးသော အန်တီကြီးတို့ကတော့ သူတို့ ဘာကြောင့် ဒီလောက်ကြီး ရန်တွေထဖြစ်



ကြရသလဲ။ ချောဆိုတဲ့ ကောင်မလေးကလည်း ရည်းစားနဲ့ ရန်ဖြစ်ရတာလိုပဲ မျက်ရည်တွေဝဲ၊ အသံတွေတောင်တုန်ပြီး ခံစားရသလား။ လင်းလင်းလက်ကရော ဘာကြောင့်များ ကိုယ့်ဆိုင်လာတဲ့ ကက်စတန်မာကို ဒီလို အော်ကျယ် အော်ကျယ် ဆက်ဆံရသလဲဆိုပြီး တအံ့တသြ ငေးကြည့်နေသည်။

နွေ့ရိပ်ချိုကတော့ သူတို့ကြား ဘယ်လိုဝင်ဖျန်ဖြေရမှန်းမသိဖြစ်ပြီး ငေးကြည့်တာဖြစ်သလို မမစိမ်းကျတော့ သူတို့ ဒီလိုစကားများ ရန်ဖြစ် စိတ်ကောက်ပြီး အဆက်အသွယ် မလုပ်ကြတော့ရင် ကောင်းမယ်လို့ ဝမ်းသာသလိုတွေးရင်း ကြည့်နေတာဖြစ်သည်။

"မရဘူး ... မရဘူး ... ချောဆံပင်ပုံကြီး ဘာပုံပဲဖြစ်သွားသွား၊ လင်း စိတ်ကြိုက်, ကြိုက်သလိုသာညှပ်၊ လင်းဆံပင်ညှပ်ပေးမှ ပြန်မယ်၊ ဒါပဲ"

"မညှပ်ပေးဘူး"

"ညှပ်ပေးရမယ်၊ ညှပ်မပေးရင် ချောဆံပင်လည်း ဒရိုင်ယာနဲ့ အခြောက်မခံဘူး။ ဒီတိုင်းပဲ ထိုင်နေမယ်"

"ဘယ်ဖြစ်မလဲ၊ အအေးပတ်ကုန်မှာပေါ့"

"အို ... အအေးပတ်ပြီးတော့ သေပဲသေသေ။ လင်း အပူတစ်ပြားမှ မပါဘူး"

"ချော အဲဒီလို မဆိုးနဲ့"

www.burmeseclassic.com

www.burmeseclassic.com



ဆောကလူတွေ ဟိုကြည့် ဒီကြည့် နားထောင်နေရာမှ စကားများ ရန်ဖြစ်ပွဲသည် ဒီထက်ပိုပြီးတော့လည်း ရန်တွေ့စရာမရှိဘဲ ကြဲဖန်စိတ်ကောက် စကားများနေကြမှန်း ရိပ်မိကြပြီမှန်း နွေရိပ်ချို သတိထားမိလျှင် သူမပဲ ကြားဝင်ပြီး ရှင်းပေးလိုက်ရန် ဆုံးဖြတ်လိုက်ရပါသည်။

"ကဲ ... ကဲ ... လင်းလင်းလည်း တော်ပါတော့ဟယ်။ ဒီမှာ ချော ဆံပင်တွေစိုပြီး သူလည်း တအားအေးနေပြီ။ သူ့ ဆံပင်ညှပ်ဖို့လာတာ ညှပ်ပေးလိုက်ပါ။ နင့်ကို ငါ ဆောကနေ ပြောပေးမယ်၊ ဘာမှပြဿနာမရှိဘဲ တစ်ယောက်နဲ့တစ်ယောက် အထင်အမြင်တွေလွဲပြီး အော်နေကြတာ မကောင်းပါဘူးဟယ်"

လင်းလင်းလက်ဟာ ချောကို ချစ်နေသူမို့ ချောနှုတ်ခမ်းသားလေးတွေ ပြာစပြုလာတာကို သတိထားမိတာကြောင့် သူကပဲ အလျှော့ပေးလိုက်ပါသည်။

"လင်း မညှပ်ပေးချင်တာက လက်က သိပ်အကျင့်မရှိလို့ပါ။ တစ်လနေမှ တစ်ခေါင်းတောင် မကိုင်ပေးဖူးဘူး။ ကိုင်ပေးတဲ့ ခေါင်းတွေကလည်း ကလေးတွေ ဆံပင်လာညှပ်မှ လင်းက ညှပ်နေကျဆိုတော့ ပုံကျဖို့ သိပ်မညှပ်ဖူးသလို ဖြစ်နေလို့ ချောကို နွေရိပ်နဲ့ပဲ ညှပ်စေချင်တာပါ"





လင်းလင်းလက် လေသံပြန်ပျော့သွားပြီး ချောဆံပင်တွေကို စတင်ပြီး ကလစ်တွေဖြင့် ဟိုထိုး ဒီထိုး သိမ်းတော့မှ ချောလည်း မျက်နှာလေး ပြန်ကြည်လာသည်။

"ချောကိုဆို ပုံဆိုးကြီးဖြစ်အောင် မလုပ်ဘူးဆိုတာ"

"ဗစ်တိုးရီးယားပုံ ဖြစ်ချင်မှ ဖြစ်မှာ"

"မဖြစ်လည်း ရတယ်၊ ဒယ်မီမိုးပုံ ဖြစ်သွားလည်း ရတယ်"

"နွေရိပ် ... ငါ့ကို ပြောပေးဦး၊ လာကူဦးလေ"

မိန်းကလေးနှစ်ယောက် ပြန်တည့်သွားကြပြီးနောက် ချောရေ ... လင်းရေ အသံတွေ ညံနေတော့သောအခါ မမစိမ်းမှာ စိတ်အကုန်ကြီးကုန်လျက် စိတ်တွေကို ဒီနားမထားဘဲ အဝေးသို့သာ ပို့လွှတ်နေလိုက်ရတော့လေသည်။



www.burmeseclassic.com

www.burmeseclassic.com



## ၁၈

ဖြစ်ချင်တော့ နွေရိပ်ချိုရဲ့ ကားစုတ်လေးက ပိုးအိမ် မင်္ဂလာဆောင်မယ့်နေ့မရောက်ခင် တစ်ရက်အလိုမှာ အကြီးအကျယ် ပျက်ပါသည်။ မိန်းကလေးတာန်မဲ့ပေမယ့် ကားအင်ဂျင်အကြောင်း ကောင်းကောင်းသိပြီး တော်ရုံတန်ရုံလောက်ဆို ကိုယ်တိုင်တောင် ပြင်တတ်သော နွေရိပ်ချိုလည်း တတ်သမျှ မှတ်သမျှ ပြင်တာတောင် မရတော့။ အင်ဂျင်လဲရတော့မည်ဆိုတာ စစ်ဆေးတွေ့ရှိလျှင် ဝပ်ရှော့ပို့မှသာ ရတော့မည်။

ကားကို ဝပ်ရှော့ဆီ ဖုန်းဆက်ကာ သူတို့ကားနဲ့လာ ဆွဲခိုင်းရပါသည်။

"အမြန်လိုချင်တယ်၊ မနက်ဖြန်မနက် ဆယ်နာရီလောက်တော့ ပြီးအောင်လုပ်ပေးပါနော်"





လို့ နွေရိပ်ချိုကို နည်းနည်း အီစီကလီချင်သော ဝပ်ရှော့ပိုင်ရှင်ရဲ့သား ပုဝဝ ဂင်တိုတို ဗိုက်ပူကောင်ကိုပင် မျက်နှာချိုပြန်သွေး၊ အရောဝင်ပြီး ပြောယူတာတောင်မရ။

"လုပ်ပေးလို့ မရလို့ပါ အစ်မရာ။ အစ်မ လာဆွဲခိုင်းတဲ့အချိန်ကိုပဲ ကြည့်ဦး။ ညရှစ်နာရီတောင် ရှိနေပြီ။ ကျွန်တော့်လူတွေကိုတော့ ညမအိပ်ဘဲ လုပ်ခိုင်းလို့ မရဘူးဗျ။ ညကျ မီးကလည်းမလာတော့ မီးစက်ဖွင့်လုပ်ရရင် မချောင်တာနဲ့ ညနေ့နေဝင်ပြီဆိုတာနဲ့ ဝပ်ရှော့ပိတ်လိုက်တယ်"

ကိုဗိုက်ပူကလည်း လူကိုပိုးသာတာပိုးတာ။ အရေးရယ် အကြောင်းရယ်ကျ အကူအညီတောင် မပေးချင်။ သူ့ကိုယ်သူ ဆရာကြီးအိုက်တင်နဲ့ ပြောနေသည်။ ပိုးအိမ် မင်္ဂလာဆောင်ကို သူငယ်ချင်းတွေတင်ပြီး သွားချင်တာနဲ့ ဆိုင်ကနေ နေ့တစ်ဝက်ပြန်လာပြီး (မမစိမ်းနဲ့ လင်းလင်းကိုလည်း အကျိုးအကြောင်းပြောခဲ့တာပေါ့) တစ်နေကုန်ကြီး မိန်းကလေးတန်မယ့် ကားကိုနှိုက်နေမိတာလေ။ ညမှောင်ပြီး မရတဲ့အဆုံးကျမှ ဝပ်ရှော့ကို ခေါ်ခဲ့မိတဲ့ ကိုယ့်အပြစ်ကြောင့် ညရှစ်နာရီမှာ လာအပ်သောကားကို အလုပ်သမားတွေ နိုက်ရှ(ဖ်) (night shift)ဝင်ပြီး မပြင်ပေးနိုင်ပါတဲ့။ မနက်ဆယ်နာရီ ဘယ်လိုမှ မရနိုင်ပါတဲ့။ ရှေ့မှာ တန်းစီပြီးသော ဆောက်သည်ကားတွေလည်း တစ်ပုံကြီးပါတဲ့ ... ကဲ။



www.burmeseclassic.com

www.burmeseclassic.com



နွေရိပ်ချို မျက်စောင်းတွေ အကြီးအကျယ် ထိုးပစ်ပြီး လျှင် အိမ်ကို ဆိုက်ကားစီးကာ ပြန်လာရပါသည်။ အိမ်ရောက် ရောက်ချင်း မမစိမ်းကို အရင်ဆုံး ဖုန်းဆက်လိုက်သည်။ ဆိုင်မှာ နှစ်ယောက်တည်း ပစ်ထားခဲ့ရလို့ ဘယ်လိုဖြေရှင်းကြလဲဆိုတာ ရယ်။ ကားအခြေအနေကို ပြောပြချင်တာရယ်ကြောင့် ဖုန်းပြေး ခေါ်မိသည်။

နွေရိပ်ချို့ရဲ့ တစ်ဦးတည်းသော မောင်ဖြစ်သူက တော့ တစ်နေကုန် ပျာယာခတ်နေပြီး ဟိုပြေးဒီပြေးနဲ့ ဟာတွေ အလုပ်ရှုပ်နေမှန်း မသိသော အစ်မဖြစ်သူကို ပခုံးတွန့်လိုက်၊ မျက်နှာမဲ့လိုက် အိုက်တင်မျိုးစုံသုံးပြီး လိုက်ကြည့်နေလေသည်။ နွေရိပ်ချို့ရဲ့ တစ်ဦးတည်းသော မောင်ငယ်ကို အစကတော့ အိမ် မြဲပြီး တီဗီဇာတ်လမ်းတွဲတွေ ကြည့်လိုက်၊ အခွေတွေငှားကြည့်လိုက်၊ မှန်ရှေ့အချိန်ကုန်လိုက် လုပ်နေတတ်၍ အခြောက်များဖြစ်နေ သလားလို့ ထင်မိပေမယ့် တကယ်တော့ အခြောက်မဟုတ်ဘဲ မင်းသားရူး ရူးနေတဲ့သူမှန်း မကြာခင်ကမှ သိရသည်။

"မမကြီး သူငယ်ချင်း မမစိမ်းက ဇာတ်ပို့ဝင်လုပ်နေတာ အတော်ပဲ။ မိုးသားလည်း မင်းသားလုပ်ချင်တယ်၊ သရုပ် ဆောင်ရတာ ဝါသနာလည်းပါတယ်။ သူ့ရိုက်ကွင်းတွေကို လိုက်သွားကြည့်ချင်တယ်၊ အဲဒါ ပြောပေးပါဗျာ"





တဲ့ ...။ သူ့ဘာသာ လာပူဆာသဖြင့် ဖေဖေ မေမေ နွေရိပ်ချို့တို့ အံ့သြရယ်မောပြီး မမစိမ်းထံ အပ်ပေးရသည်။ မမ စိမ်းရဲ့အကြံပေးချက်အရ အရင်ဆုံးတော့ မော်ဒယ်လ်သင်တန်း တက်ထားပါဦးဆိုတာနဲ့ အခုတော့ မော်ဒယ်လ်သင်တန်းတက် လိုက်၊ အဝေးသင် သွားတက်လိုက်၊ အားရင် မှန်ရှေ့အမူအရာ ကျင့်လိုက် လုပ်နေတတ်သည်။ အိမ်ကလူတွေ မျက်စိနောက် အမြင်ကတ်လောက်အောင်လည်း စကားပြောတာကအစ မင်းသားပုံ အမ်းနေပြီး ပခုံးတွန့်ရတာနဲ့၊ လက်ဖဝါးဖြန့်ရတာနဲ့၊ မျက်နှာကို ထေတရီ ပြုံးရတာနဲ့လေ။

"မမစိမ်းရေ ... နွေရိပ်ကားကတော့ အရေးရယ် အကြောင်း ရယ်ကျမှ ပညာပြလိုက်ပြီ။ အင်ဂျင်ချရမယ်တဲ့"

မမစိမ်း ဖုန်းကိုင်ကိုင်ချင်း နွေရိပ်ချို အမောတကော ပြောပြမိသည်။

"မနက်ဖြန် မရဘူးပေါ့"

"မရဘူး ... မရဘူး ... မမစိမ်းရဲ့။ မမစိမ်းတို့ကို ပြော ဖူးသားပဲ။ ဝပ်ရှော့ပိုင်ရှင်သားက အီစီကလီချင်နေတာမို့ နွေရိပ်က အီစီကလီ ပြန်လုပ်ပြီး မနက်ဆယ်နာရီ အပြီး လုပ်ပေးပါဆိုတာတောင် ဈေးကိုင်ပြီး မလုပ်ပေးဘူးတဲ့"

"အံမယ် ... တယ်ဈေးကိုင်ပါလား"



www.burmeseclassic.com

www.burmeseclassic.com



"ဈေးကိုင်တာရယ်လို့ ပြောရမလား၊ မပြောရမလားတော
မသိဘူး။ သူက နွေရိပ်ကားကျတော့ ပြီးအောင်မလုပ်ပေး
ပေမယ့် နွေရိပ်ကိုတော့ သွားစရာရှိရင် သူ့ကားနဲ့ လိုက်ပို့
ပေးလို့ ရတယ်လို့ ကြိုးစားသေးတယ်လေ။ တမင် ဖန်တီး
တာလည်း ဖြစ်နိုင်တယ်"

"ကားနဲ့ လိုက်ပို့ရင်လည်း လက်ခံလိုက်ပေါ့။ နွေရိပ်
တစ်ယောက်တည်းမှ မဟုတ်တာ။ တခြားသူငယ်ချင်းတွေ
ပါ ပါမှာပဲ"

"ဟင် ... ဟင် ... မမစိမ်း နော်၊ နွေရိပ် အဲဒီကောင်ကြီး
ကို ကြိုက်ကို မကြိုက်ပါဘူးဆိုမှ၊ သူ့ကား လိုက်စီးနိုင်
လား၊ လူက ပုကွကွ ဂင်တိုတို၊ အသက်ကဖြင့် သုံးဆယ်
မပြည့်သေးဘူး ဗိုက်ပူ ထိပ်ပြောင်နေတာ"

"ဟဲ့ ... မကြားဖူးဘူးလား၊ သွားမပါရင် ရတယ်၊ ကား
ပါရင် ပြီးရော ဆိုတာလေ။ နင်ပဲ တစ်ခါပြောဖူးတယ်
ဝပ်ရှော့ပိုင်ရှင်သားမှာ နောက်ဆုံးပေါ် 4WD ကြီးရှိတယ်
ဆို။ စီးဖူးတယ်ရှိအောင် စီးကြမယ်လေ"

မမစိမ်းက တဟားဟား ရယ်မောပြီး စနောက်
မှန်းသိလေရာ နွေရိပ်ချို စိတ်တော့မဆိုးပါ။ သူတို့အုပ်စုမှာ
လင်းလင်းလက် ဆိုလည်း ယောကျ်ားစိတ်ပေါက်ပြီး သူ့ကို





လာပိုးရရှာတဲ့ မောင်သစ်ကို လုံးဝကြည့်မရ၊ ဆွဲထိုးချင် ဖြစ်နေ
ပေမယ့် အားလုံးက ကွယ်ရာမှာ့ကျတွဲစ၊ တွဲနောက်တတ်သည်။
အဲဒီလိုပဲ နွေရိပ်ချိုတို့၊ ပိုးအိမ်တို့ကို ပိုးပန်းကြသော ယောကျ်ား
လေးတွေကိုလည်း သူတို့ ပြန်မကြိုက်မှန်းသိပေမယ့် မမစိမ်းကရော
လင်းလင်းလက်ပါ တွဲစတတ်တာတွေရှိသည်။ မမစိမ်းကိုသာ
အားလုံးက ပြန်မစကြတာ။ မမစိမ်းလို အရွယ်ရှိပြီး ရုပ်ချောသော
တစ်ခုလပ်မိန်းမတစ်ယောက်ကိုလည်း ပိုးပန်းကြသူတွေရှိပေမယ့်
မမစိမ်းရဲ့ 'ဣန္ဒြေကို ထိပါးသလို ဖြစ်မှာစိုး၍ နွေရိပ်ချိုတို့က
ဘယ်တော့မှ ဟိုလူနဲ့တွဲစ၊ ဒီလူနဲ့တွဲစ, မလုပ်တတ်ကြပါ။

"နွေရိပ်က ကိုယ့်ဘာသာ ကားမောင်းပြီး ပိုးအိမ် မင်္ဂလာ
ဆောင် သွားရမှာမို့ အဆင်မပြေရင်တောင် ဒီလောက်စိတ်
ရှုပ်မှာ မဟုတ်ဘူး၊ အခုဟာက ပိုးအိမ်တို့ကို အစအဆုံး
ကားနဲ့လိုက်ကူညီမယ် ပြောထားပြီးမှ မကူညီနိုင်လို့ စိတ်
တိုနေတာ။ ကားတစ်စီးဆိုလည်း တစ်စီးအလျှောက် သက်
သာတာပေါ့။ ပိုးအိမ်တို့ဘက်က လူတွေအကြိုအပို့ လုပ်
ပေးဖို့တို့ ဘာတို့ နွေရိပ် တကယ် ကူညီချင်နေတာပါ။
ကိုယ်နဲ့ လုပ်ဖော်ကိုင်ဖက် အခင်ရဆုံး သူငယ်ချင်းတစ်
ယောက်ရဲ့ မင်္ဂလာဆောင်ကျမှ မကူညီလိုက်ရတော့ စိတ်
မကောင်းလည်း ဖြစ်တယ်"



www.burmeseclassic.com

www.burmeseclassic.com

"ဘာတတ်နိုင်မလဲ ညီမရယ်၊ ကိုယ် တမင်လုပ်တာမှ မဟုတ်တာ။ မမစိမ်း အကြံပေးရရင်တော့ ကိုလက်ာက ကူညီချင်နေတာလေ။ နွေရိပ်က မထောက်ခံတော့ မမစိမ်းတို့လည်း သူ့ကို အရိပ်အမြွက်လောက်တောင် မပြောထားပါဘူး။ တကယ်လို့ နွေရိပ် ကျေနပ်တယ်ဆိုရင်တော့ မမစိမ်း ခုပဲ ကိုလက်ာ့ကို ဖုန်းဆက်ပြီး အကူအညီတောင်းလိုက်မယ်၊ ဘယ်လိုလဲ"

နွေရိပ်ချို တွေဝေသွားပါသည်။ ဒီလူဟာ မရင်းနှီးခင်တုန်းကတော့ ဆိုင်ကို ပန်းစည်းတွေလာထား၊ ပန်းခြင်းတွေလက်ဆောင်ပေးနဲ့ "ကျွန်တော် မြတ်နိုးနေတဲ့ မိန်းကလေးအတွက်" တို့ ဘာတို့တွေ မထိတထိရေးပြီး ပိုးပန်းထားတာ။ အခု မတော်တဆ မမစိမ်းရဲ့သားကြီး ရဲရဲကို အကူအညီ ပေးရာကစပြီး တကယ့်ကို မိတ်ရင်းဆွေရင်းတွေလို ဖြစ်သွားတဲ့အခါကျတော့ ပိုးပန်းခဲ့တာ သူမဟုတ်တဲ့အတိုင်းကြီးလုပ်ပြီး ပြန်အေးဆေးသွားတာလား။ ရင်းနှီးလို့ ပြောရခက်ပြီး ချင့်ချိန်နေသလားတော့မသိ။ သူ နွေရိပ်ချို အပေါ်မှာ စွဲငြိမြတ်နိုးနေခဲ့မှန်းတော့ မိန်းကလေးတစ်ယောက်ပီပီ ရိပ်မိနေပါသည်။

နွေရိပ်ချိုကသာ တစ်ခါအသည်းကွဲဖူးပြီး၊ ကိုယ့်အချစ်ကို စော်ကားခံရပြီးကတည်းက အချစ်ကို စိတ်ကုန်သွားတာ။ ချစ်ရမှာ မပြောနဲ့။ ချစ်ဖို့ အချစ်တောင် မရှိတော့တာ။





အမှန်အတိုင်း ပြောရရင် နွေရိပ်ချိုအပေါ် ဘယ်လောက်ပဲ ရက်စက်ခဲ့ပါစေ ကိုကို့ကိုသာ ချစ်လို့ရလျက် ကိုကိုကလွဲရင် ဘယ်သူ့ကိုမှ ချစ်လို့မရတော့သလိုမျိုး ဖြစ်နေ၍ ထိုသူ့ကို ဘယ်လိုမှ ခေါင်းထဲမထည့်မိတာ ဖြစ်ပါသည်။

"မမစိမ်း ဘယ်လိုဆုံးဖြတ်ချင်လဲ"

"အလိုတော် ... ရှင်က ကာယကံရှင်ပါ နွေရိပ်ရယ်၊ ရှင် ကျေနပ်ရင် သူ့ကို အကူအညီတောင်းပေးမယ်၊ မကျေနပ်ရင်တော့ အကူအညီမတောင်းချင်ဘူး၊ ဘာကြောင့်လဲဆိုတော့ နွေရိပ် စိတ်ထဲမှာ မလွတ်လပ်မှာ စိုးလို့လေ"

"နွေရိပ်တို့ဘာသာဆိုရင်တော့ တက္ကစီနဲ့ပဲသွားသွား ရပါတယ်၊ အခုဟာက ပိုးအိမ်တို့ အကုန်အကျလည်း သက်သာအောင်၊ ကားငှားရလည်း သက်သာအောင် အကြံအဖို့ ကူညီဖို့ လိုနေတာနော်"

"အေးပေါ့ ... နွေရိပ် သိတဲ့အတိုင်းပဲ ပိုးအိမ်တို့က နှစ်ဖက်စလုံး သိပ်ပြီးပေါများနေလို့ မင်္ဂလာဆောင်တစ်ပွဲလုပ်ကြရတာ မဟုတ်ဘူးလေ။ ရှိတာနဲ့ ချင့်ချိန်ပြီးလုပ်ရတာ။ ပွဲတစ်ပွဲဆိုတာကလည်း သိတဲ့အတိုင်း ကြီးကြီးမားမား ကုန်ကျရတာတွေရော၊ ကားငှားတာတို့ ဘာတို့ အသေးအဖွဲ ကုန်ကျတာရောရှိတာ။ ဘယ်နေရာမှာမဆို ငွေကို တံတားခင်းနိုင်မှ အဆင်ပြေတာလေ"


www.burmeseclassic.com

www.burmeseclassic.com

နွေရိပ်ချို စိတ်ဆုံးဖြတ်လိုက်ပြီး ...

"ဒါဆိုလည်း ကိုလက်ာ့ကို အကူအညီတောင်းလိုက်ပါ၊ သူ ကူညီချင်တာတော့ သေချာပါတယ်နော်"

ဟု ပြောလည်းပြော၊ သေချာအောင် ထပ်လည်း မေးလိုက်ရပါသည်။ ဘာကြောင့်လဲဆိုတော့ တချို့ယောက်ျားတွေက ရှေ့တစ်မျိုး၊ ကွယ်ရာတစ်မျိုးလေ။ ရှေ့မှာတော့ ဘာပဲအကူအညီတောင်းတောင်း ပျာပျာသလဲ လုပ်ပေးချင်ဟန်ဆောင်ပြပေမယ့် ကွယ်ရာကျ အတင်းပြောတတ်ကြသည်။ ရုပ်ကလေး ပြစားနေတာတို့၊ ကြိုးရှည်ရှည်နဲ့ လှန်ထားပြီး နိုင်းစားနေတာတို့၊ အဲဒီလိုမျိုးတွေ ပြောခံရမှာကျတော့ နွေရိပ်ချို မခံချင်။ ကိုယ့်သဘောနဲ့ ကိုယ် ကူညီပြီးမှ ကွယ်ရာကျ ဟိုဟာဖြစ်သလေး၊ ဒီဟာဖြစ်သလေး ပြောတာတော့ မကောင်းဘူးပေါ့။

"သေချာပါတယ် စိတ်ချ၊ စိတ်ချ ဘာမှပူပင်ကြောင့်ကြ မနေနဲ့။ အစ်မတို့ အားလုံးလည်း အဆင်ပြေသွားမယ်၊ ပိုးအိမ်တို့လည်း ကားအကောင်းစားကြီးနဲ့ သွားရမယ်"

"ဟင် ... ဘယ်က ကားအကောင်းစားကြီးရမှာလဲ၊ အဲဒီ လူရဲ့ပရိုဆီးဆိုတဲ့ကားက ပြိုင်ကားပုံစံ မဟုတ်လား။ တူးဒိုး(စ်)ပဲပါတာ။ နောက်မှာ ဝင်ထိုင်ဖို့ ရှေ့ခုံကခါးကို ချိုး ရသေးတာ၊ သိပ်တော့ အဆင်မပြေလှဘူး"

"အဲဒီကားနဲ့တော့ သူ လာခေါ်ပါ့မလားဟဲ့၊ သူ့မှာ ဖင်ကောက်ဗင်တစ်စီး ရှိသေးတယ်လေ၊ အဲဒါနဲ့ သူ လာခေါ်မှာပေါ့"

"မမစိမ်းက တော်တော်မှတ်မိတယ်၊ သူ့မှာ ဘာကားရှိတယ်ဆိုတာကအစ မှတ်ထားတာကိုး"

"အံမယ် ... အံမယ် ... တစ်မျိုးမထင်ပါနဲ့ နွေရိပ်ရယ်၊ ငါက နင့်အတွက် ကြည့်ထားတာပါ။ အမှန်အတိုင်းပြောရရင်ဟယ် ဒီခေတ်မှာ စီးပွားရေးလုပ်ငန်းတွေ အသင့်အတင့်ရှိပြီး အခြေလည်းကျနေတဲ့ လူပျိုတစ်ယောက်ကို ဘယ်လိုနည်းနဲ့မှ ငြင်းလောက်စရာ မရှိပါဘူး။ လက်ခံသင့်ပါတယ်။ နွေရိပ်ကို ကိုယ့်ညီမလေးလို ခင်လို့ ချစ်လို့ အကြံပေးရရင် ဖြစ်ပြီးခဲ့တာတွေကို တသသ ခံစားပြီး ဆွေးမနေပါနဲ့ကွယ်။ သူကတော့ ရွှေလက်တွဲပြီး ပျော်နေချိန်မှာ ကိုယ်ကတော့ အထီးကျန် အသည်းတွေကွဲပြီး ဆွေးမြည့်နေရရင် ကိုယ့်ဘက်က ပိုရှုံးတာပဲပေါ့။ အချစ်ကို ဦးစားမပေးပါနဲ့။ မချစ်ဘဲယူပြီး အတူတူ အနေကြာလာတော့လည်း သံယောဇဉ်နဲ့ တွယ်တာလာတာတွေ အများကြီး။ အချစ်ထက် သံယောဇဉ်က ပိုအင်အားကြီးတယ်လို့ အစ်မတော့ ထင်တယ်၊ ဒါကြောင့် နွေရိပ် စိတ်ကူးမလွဲစေချင်ဘူး"





www.burmeseclassic.com

www.burmeseclassic.com

မမစိမ်း စကားအရှည်ကြီး ပြောချလိုက်သံအဆုံးမှာ နွေရိပ်ချို အလိုက်သင့်လေး တဟင်းဟင်း ရယ်မိသည်။ သိသားပဲလေ။ ဒီတစ်အုပ်စုလုံးက အဲဒီလူဆီပဲ တွန်းပို့လောက လုပ်နေကြတာ။ ဒီလူ့ကိုသာ နွေရိပ်ချို လက်ခံလိုက်ပြီဆိုရင် သူတို့ကိုယ်တိုင် ထီပေါက်တာထက်တောင် ထခုန်ပြီး ပျော်ကြမလားမသိ။ ဘယ်ရေးရေစက်မှန်းကို မသိဘဲ ကိုလက်ာကို သူတို့ အခင်ကြီးခင်လျက် နွေရိပ်ချိုကို ကိုလက်ာနဲ့ တွဲမြင်ချင်နေကြထဲ့သူတွေလေ။ ဘာပဲဖြစ်ဖြစ် မမစိမ်း အကြံပေးတာလေးတော့ ခေါင်းထဲ ထည့်ထားပါ့မယ် မမစိမ်းရယ်။

နွေရိပ်ချိုသည် မမစိမ်းနဲ့ ဖုန်းပြောပြီးသော မနက်ဖြန် တက်ရောက်ရမယ့် ပိုးအိမ်ရဲ့မင်္ဂလာဆောင်အတွက် ဝတ်ရမယ့် အဝတ်အစားတို့ကိုလည်းကောင်း၊ လက်ကိုင်အိတ်၊ ဖိနပ်တို့ကိုလည်းကောင်း အဆင်ပြေနေမှန်း သိရက်နဲ့ အသေအချာလေး ပြန်တွဲစပ် စဉ်းစားနေမိသည်။ မိန်းကလေးဆိုတာကလည်း ကိုယ့်ကို အနီးကပ် ဂရုစိုက် ကြည့်နေမယ့်သူရှိရင် သူ့ကို ပြန်ကြိုက်တာ၊ မကြိုက်တာ အပ,ထား ရှိုးပေးပြီး ပိုလှအောင် လုပ်ပြချင်တာတော့ အခက်သားနော်။

❥ ❦ ❥



## ၁၉

မနက်အစောကြီး နွေရိပ်ချိုအိမ် ရောက်ချလာသော လင်းလင်းလက်ကို တစ်အိမ်လုံး ဝိုင်းကြိုဆိုကြသည်။ လင်းလင်းလက် ရောက်လာတော့ နွေရိပ်ချိုတောင် မျက်နှာသစ်ပြီးခါစ ရှိသေးသည်။ လင်းလင်းလက်ကို တွေ့တော့ ဝမ်းသာအားရဖြင့် ...

"ဟယ် ... နင် တကယ် စောစောလာသားပဲ"

ဟု ဆီးကြိုပြောမိလျှင် လင်းလင်းလက်က သူ့အမူအရာ ဂျစ်ကန်ကန်အတိုင်း ဘုပြောသည်။

"မလာရင် ဝိုင်းနှိပ်စက်ကြမယ့် အနီးကပ်ရန်သူတွေကို ကြောက်ရလို့"

"နင့်ကို ပြင်ပေးချင်လွန်းလို့ ပိုးအိမ်ကိုတောင် ငါကိုယ်တိုင် မပြင်တော့ဘဲ တခြားနာမည်ကြီး မိတ်ကပ်ဆရာနဲ့ပြင်ဖို့

www.burmeseclassic.com



တိုက်တွန်းလိုက်တယ်လေ၊ နောက်မို့ ပိုးအိမ်ကို ငါတို့ ဝိုင်းပြင်ပေးနေရင် နင် ကြားချောင်ပြီး လွတ်နေမှာစိုးလို့”

“ငါကလည်း ပိုးအိမ် ပွဲမို့လို့ သူ စိတ်ချမ်းသာစေချင်တာ နဲ့ စိတ်လိုလက်ရ အစောကြီးလာတာပါနော်။ နင်တို့ကိုယ်တိုင် ပိုက်ဆံအကုန်ခံ၊ စိတ်ဒုက္ခခံပြီး ငါ့အတွက် ပြင်ဆင်ပေးထားရတာတွေ အလကားဖြစ်ကုန်မှာလည်း စိုးတယ်။ ဒီတစ်ခါပဲ ဝတ်ရတာ ရှိစေတော့။ ဘယ်သူမှ မမြင်ရင် ပြီးရော”

လင်းလင်းလက် စကားကြောင့် နွေရိပ်ချို တဟားဟား ရယ်မိသည်။

“ဘာရယ်တာလဲ”

“ဟဲ့ ... နင်ပြောပုံကလည်းလေ။ မင်္ဂလာဆောင်မှာ လာမယ့်လူတွေမှ အများကြီး။ နင့်ကို ဘယ်သူမှမမြင်ဘဲ နေမလား”

“ငါပြောတာက ချော၊ မမြင်ရင် ပြီးရော”

“ဘာဖြစ်လို့လဲ”

“ချောက ငါ့ကို ယောကျ်ားစိတ်ပေါက်နေလို့ ချစ်တာ။ ငါ မိန်းမစိတ်ပေါက်ရင် ချစ်တော့မှာ မဟုတ်ဘူး”

နွေရိပ်ချို သက်ပြင်းချမိသည်။ အင်း ... ဒီရောဂါကလည်း မသေးပါလား။ သူတို့ချင်း ရည်းစားဖြစ်သွားပြီသာ ဒီ





ရတာ။ ဘယ်လိုများ ရည်းစားတွေအဖြစ် ချစ်လို့ရပါလိမ့်။ လမ်းအတူတွဲသွားရင်၊ ဆိုင်အတူထိုင်ရင် သူများတွေကြည့်ပြီး ရယ်ချင်စရာကြီး။

“ငါ နင့်ကို မကောင်းဘူးရွေးပြောတာတော့ မဟုတ်ဘူးသိလား။ ချောကြည့်ရတာ ခဏတာ စိတ်ကူးယဉ်တဲ့သဘောလို့ ငါ ထင်တယ်။ သူ နင့်ကို တစ်နေ့ကျရင် ထားခဲ့မှာ လင်းလင်းရယ်။ နင် သိပ်ပြီး serious မဖြစ်စေချင်ဘူး”

“ငါ ချောကို တကယ်ချစ်တာ။ သူ ဘယ်လိုဝေဒနာတွေ ပေးသွားသွား ငါ ခံနိုင်ရည်ရှိအောင် ပြင်ဆင်ထားတယ်။ ခုလောလောဆယ်လေးမှာ စိတ်ချမ်းသာချင်တယ်။ ချစ်တဲ့သူကို ချစ်နေခွင့် ရချင်တယ်။ ကဲ ... ကဲ ... ဒီနေ့ပျော်ရမယ့်နေ့မှာ ပျော်စရာမကောင်းတာတွေ ရွေးပြောမနေပါနဲ့ နွေရိပ်ရာ။ ငါ့ကို မိန်းမလို ပြင်ပေးမယ်ဆိုလည်း ပြင်တော့။ ဘယ်တော့ စပြင်မှာလဲ”

လင်းလင်းလက်က စကားကို အတင်းလွှဲယူပစ်လိုက်သဖြင့် နွေရိပ်ချိုလည်း စကားဖြတ်လိုက်ရသည်။

“ခုမှ ရှစ်နာရီပဲ ရှိပါသေးတယ်ဟာ”

“ဆယ်နာရီ ဒိကထွက်မှာဆို”



www.burmeseclassic.com

www.burmeseclassic.com



"နှင့်ကို ကိုးနာရီမှာ စပြင်မယ်၊ မိနစ်နှစ်ဆယ်ဆို လိမ်းတာပြီးပြီ။ အင်္ကျီအဝတ်အစား ဝတ်တာက ကိုယ့်ဘာသာဝတ်။ မိန်းကလေးပဲ ဝတ်တတ်ပါတယ်ဟယ်။ ယောက်ျားစိတ်ပေါက်နေပေမယ့် နှင့်သွေးထဲမှာ မိန်းမဆန်တဲ့သွေးကပါပြီးသား၊ ထဘီကလည်း ဝတ်စရာ မလိုအောင် စကတ်ထဘီချုပ်ထားတာ။ ချိတ်တပ်လိုက်ရုံပဲ"

"ပြောတော့လွယ်တယ်၊ ဝတ်ရတာကျ ကျပ်တယ်၊ လူကိုကောက်ညှင်းထုပ် ထုပ်ထားတဲ့အတိုင်းပဲ ကျစ်ထုပ်နေတာ"

"ဒါမှ ကိုယ်လုံးအလှ ပေါ်မှာလေ"

"ဒါနဲ့ အောက်မှာ နှင့်ကား မမြင်ခဲ့ဘူး၊ ဘယ်ရောက်နေလဲ"

လင်းလင်းလက် ထိုသို့မေးမှ နွေရိပ်ချိုလည်း ပြောဲ့ဖို့ သတိရသွားပြီး ဇာတ်စုံခင်းပြရလေတော့သည်။

"ဟီး ဟီး ... ဒါဆိုလည်း သိပ်ကို အဆင်ပြေတဲ့ ဖြေရှင်းနည်းကို တွေ့သွားတာပဲ။ သူ့ထက်အဆင်ပြေတာတောင် သူ့လောက် အဆင်မပြေဘူးဆိုတဲ့ စကားလိုပေါ့"

လင်းလင်းလက် ဘာသဘောနဲ့ ပြောသည်ကို ရိပ်မိးလရာ နွေရိပ်ချို စူစူအောင့်အောင့်ဖြင့် ...

"နင်တို့ဟာလေ ဘယ်လိုရေစက်မှန်းကို မသိဘူး၊ အဲဒီသူကို တော်တော်မေတ္တာရှိကြတယ်နော်"





"မေတ္တာရှိဖို့ကငါတို့မဟုတ်ပါဘူး၊ နင်ပါပဲ နွေရိပ်ရယ်။ နင် သူ့ကို မေတ္တာရှိဖို့ပဲ လိုပါတယ်"

"ငါ့အတွက်တော့ အချစ်ကို ပြန်စဉ်းစားဖို့ဆိုတာ တော်တော် ဝေးသွားပြီ"

"ယောက်ျားတစ်ယောက်အတွက်နဲ့ ကိုယ့်ဘဝကိုယ် အသေမခံစမ်းပါနဲ့ နွေရိပ်ရာ"

နွေရိပ်ချိုက စကားလွှဲပြောလိုဟန်ဖြင့် နာရီကိုကြည့်လိုက်ကာ ...

"ခုချိန်ဆို ပိုးအိမ်တော့ နာမည်ကြီး မိတ်ကပ်ဆရာနဲ့ စပြီးပြင်နေပြီ"

ဟု ပြောလိုက်ပါသည်။

"ငါတောင် ကိုးနာရီမှပြင်မှာ။ ပိုးအိမ်က ရှစ်နာရီခွဲတည်းကပြင်ရမယ် ဟုတ်လား"

"အံမယ်လေး ... နာမည်ကြီး မိတ်ကပ်ဆရာက ပွဲတွေဆက်နေလို့တဲ့။ ပိုးအိမ်ကို ရှစ်နာရီခွဲမှာပြင်။ ကိုးနာရီခွဲအပြီးတဲ့။ ပြီးတာနဲ့ တခြားဆက်ရမယ်တဲ့"

"ဟင် ... ဒါဆို ဆံထုံးတွေ၊ လက်ဝတ်ရတနာတွေ၊ ထိုင်မသိမ်းတွေ ဝတ်ပြီး အတောင့်သား အကြာကြီး ထိုင်နေရမှာပေါ့။ နေ့လယ် ဆယ့်တစ်နာရီမှစမယ့်ပွဲကို ကိုးနာရီခွဲ



www.burmeseclassic.com

www.burmeseclassic.com



တည်းက ပြင်ပြီးစောင့်ရမယ်လား၊ ဒီလိုမှန်းသိရင် ငါ့ကို မပြင်ဘဲ နင်နဲ့ မမစိမ်းကိုယ်တိုင် ကြိုးကြပ်ပြီး ပိုးအိမ်ကို ပြင်လည်း ရပါတယ်"

"ပိုးအိမ်ဘက်က ယောက်မတို့ ဘာတို့က နာမည်ကြီးနဲ့ ပြင်ဖို့ သူတို့ပဲ လက်ဖွဲ့တဲ့အနေနဲ့ ပိုက်ဆံအကုန်ခံပေးတာ တဲ့။ ပြီးတော့ဟယ် ... ငါတို့က ရပ်ကွက်ထဲက သာမန် အလှပြင်ဆိုင်လေးပဲဟာ။ လက်ရာကတော့ ဘယ်တူမလဲ။ နာမည်ကြီးတယ် ဆိုကတည်းက ကွာကိုကွာလို့ နာမည် ကြီးတာလေ၊ ဒီတော့ ပိုးအိမ် တစ်သက်မှာ တစ်ခါလုပ်ရတဲ့ ပွဲမှာ ပြင်သင့်ပါတယ်"

စကားပြောရင်း လင်းလင်းလက်က အငြိမ်မနေပါ။ နွေရိပ်ချိုတို့ ဧည့်ခန်းလေးကို ဖုန်သုတ်ပေး၊ အလှစားပွဲလေးကို ပြောင်အောင် အဝတ်နုဖြင့်ပွတ်ပေး စသဖြင့် သူ့အိမ် သူ့ရာလိုပဲ သန့်ရှင်းပေးနေသည်။ နွေရိပ်ချိုရဲ့အိမ်မှာပဲဖြစ်ဖြစ်၊ လင်းလင်း လက်ရဲ့အိမ်မှာပဲဖြစ်ဖြစ်၊ မမစိမ်းဆီ သွားကြရင်ပဲဖြစ်ဖြစ်၊ ပိုးအိမ် အမေလက်ရာ စားချင်လို့ဆိုပြီး သူ့အိမ်သွားစားကြရင်ပဲဖြစ်ဖြစ် သူတို့အားလုံးဟာ ကိုယ့်အိမ်ကိုယ့်ရာလိုပဲ ဟိုဟာဝင်ကူ၊ ဒီဟာ ဝင်ကူ လုပ်ပေးနေကျဖြစ်ပါသည်။ အခုမှ ခင်မင်ရင်းနှီးကြရသော သူငယ်ချင်းမိတ်ဆွေပေမယ့် သူတို့လေးယောက်ကြားမှာတော့ ရှင်





လင်းတဲ့ ခင်မင်မှု၊ သံယောဇဉ်ကြီးမှုတွေကတော့ တော်တော်ကြီး မားနေခဲ့ပါသည်။ ဒါဟာလည်း ရှေးလူကြီးတွေပြောသလို ရေစက်ပါ တယ်ပဲ ပြောရမလား။

မနက်ကိုးနာရီကျော်တော့ လင်းလင်းလက်ကို စပြီး မိတ်ကပ်ပြင်ဆင်ပေးပါသည်။ လင်းလင်းလက် ဆံပင်ကတော့ ဘိုလွန်းလှသဖြင့် ဆံပင်အတိုလေးနဲ့ပဲ ကြည့်ကောင်းပြီး လှနေ အောင် ပြင်ဆင်ပေးလိုက်ပါသည်။ အားလုံးပြင်ပြီးတော့ မျက် တောင်တုတွေ အစီအရီရှိသော ဘူးထဲမှ တစ်ခုကိုထုတ်လျှင် ...

"ဟာ ... ဟာ ... မလုပ်နဲ့၊ မျက်တောင်တုကြီးတော့ မတပ်ပါရစေနဲ့။ နေရခက်လိမ့်မယ်"

ဟု အကြောက်အကန် ငြင်းတော့သည်။

"တပ်လိုက်ပါဟဲ့၊ အခု အရမ်းခေတ်စားနေတာ၊ ဆံပင် တိုတိုလေးနဲ့ဆိုတော့ ပိုပြီးထင်ရှားအောင် မျက်လုံးတအား လှနေမှ ဖြစ်မယ်။ ဒီတော့ မျက်တောင်တု ကူရမယ်"

"မိတ်ကပ်တွေ နှုတ်ခမ်းနီတွေနဲ့တောင် စေးကပ်ပြီး နေရ ခက်နေပြီဟာ။ မျက်တောင်တုကြီးနဲ့တော့ မနှိပ်စက်ပါနဲ့။ မက်(စ)ကရာပဲ လုပ်ရင်လုပ်။ အေးနော် ... ပြောမရ တား မရရင် ငါ ခုချက်ချင်းပဲ နင် ပြင်ဆင်ပေးထားတာတွေ ဖျက်ပစ်လိုက်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဖျက်တော့ မဖျက်ပါနဲ့ မမဖုရားရယ်။ ဒီလောက် လှနေတာ၊ ကဲ ... ကဲ ... မျက်တောင်တု မတပ်တော့ရင်လည်း ထားလိုက်မယ်။ ငါပဲ တပ်မယ်။ မက်(စ)ကာရာတော့ အပြာရောင် သမ်းတာလေးသုံးပြီး ကော့ပေးမယ်"

"အများကြီး မလုပ်နဲ့"

"မလုပ်ပါဘူး၊ မလုပ်ပါဘူး ... စိတ်ချ၊ အကုန်ပြင်ပြီးရင် ဖေဖေနဲ့ မေမေကို ခေါ်ပြရမယ်၊ ဒီမှာကြည့်ပါဦး၊ နွေရိပ်လက်ရာနဲ့ လင်းလင်း အရမ်းလှနေပြီလို့"

"ဟာ ... ခေါ်မပြပါနဲ့၊ ရှက်စရာကြီး၊ ငါတို့ပြင်ဆင်ပြီးထွက်ရင်လည်း သူတို့ တွေ့မှာပဲဟာ"

နှစ်ယောက်စလုံး ပြင်ဆင်ပြီးသောအခါ ဆယ်နာရီတောင်မထိုးသေး။ နွေရိပ်ချိုကတော့ အမြဲလည်း ပြင်ဆင်နေကျမို့ အလှပြင်လိုက်လည်း သိပ်ပြီးမထူးခြားသွားပေမယ့် လင်းလင်းလက်ကတော့ အမြဲမျက်နှာပြောင်၊ အဆီပြန်မျက်နှာပြင်နဲ့ ဆံပင်ဖွာရရာနဲ့ တွေ့ရလေ့ရှိသူ။ ဒီနေ့မှ သေသပ် သပ်ရပ်သော ဆံပင်တိုကပ်လေးနဲ့ မိတ်ကပ်ပါးပါးလှလှလေး ပြင်ဆင်ထားတာနဲ့ဆိုတော့ ရုပ်က လုံးဝကိုပြောင်းသွားပါသည်။ လင်းလင်းလက်ဟာ သူပါပဲလို့ ပြောရင်တောင် ယုံချင်မှ ယုံရမယ့်ရုပ်ရည်မျိုး ပြောင်းလဲသွားပါသည်။





ဗေဒါနုရောင် မြန်မာဝတ်စုံလေးဝတ်ပြီး၊ အစစ်မဟုတ်သော ပုလဲလည်ကပ် ပုတီးလေး လည်ပင်းမှာ ဆွဲထားတာက လွဲရင် ဘာလက်ဝတ်လက်စားမှ မဝတ်ဘဲ ရှင်းလင်းနေပုံလေးကိုက တစ်မျိုး ထူးခြားနေတော့သည်။

နွေရိပ်ချိုမှာ ကိုယ်ပြင်ဆင်ပေးလိုက်လို့ အလှကြီးလှကာ မိန်းမချောလေးပုံစံ ထွက်သွားသော သူငယ်ချင်း လင်းလင်းလက်ကို ကြည့်မဝ။ ငေးမဝ။ သဘောကျလို့ မဝနိုင်ဘဲ ဖြစ်နေသည်။ လင်းလင်းရယ် ... နင် မိန်းကလေးစိတ်သာ ဝင်လိုက်ပါတော့လို့ စိတ်ထဲမှာ တဖွဖွ ပြောနေမိသည်။ ထုတ်တော့မပြောရဲ။ လင်းလင်းလက် စိတ်မထင်ရင် မထင်သလို ဝုန်းဒိုင်းကြဲတတ်တာ။ သူ့ကို မိန်းကလေးလိုနေ၊ မိန်းမစိတ်ဝင်ကြည့်ပါလား ပြောမိရင် တီကိုဆားနဲ့တို့ခံရသလို တွန့်တွန့် တွန့်တွန့်နဲ့လေ။ ဝုန်းဒိုင်းကြဲပြီး ပြင်ထား ဆင်ထားတာတွေ ဖျက်ပစ်လိုက်မှ အလဟဿဖြစ်ကုန်မှာလည်း စိုးရတယ်။ ဒါကြောင့် စိတ်ထဲ ဖြစ်ပေါ်လာတာကို မပြောလိုက်ရဲ။

နွေရိပ်ချိုကတော့ ငွေရောင်ပိုးအင်္ကျီနှင့် ချိတ်လုံချည်နှင့် ပဝါလှလှလေး ခြုံထားကာ ဆံထုံးလေးနဲ့၊ သစ်ခွပွင့်တစ်ပွင့် အဖြူလေးပန်ပြီး ကြွကြွရွရွလေး လှနေသည်။ ကိုယ့်ပုံကိုယ်တောင် မှန်ထဲ အခါခါ မကြည့်မိ။ မကြည့်နိုင်ဘဲ လင်းလင်းလက် လှနေတာကိုသာ ကြည်နူးပီတိတွေ ဖြစ်နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



"လှလိုက်တာ လင်းလင်းရယ်။ ပိုးအိမ်မြင်ရင် အရမ်းဝမ်းသာသွားမှာပဲ။ သူ့မင်္ဂလာဆောင်အတွက် နှင့်ဘက်က လိုက်လိုက်လျောလျော ပြင်ဆင်ပြတာကို သူ သိပ်ဝမ်းသာ ကျေနပ်မှာပဲ"

"အေး ... ပိုးအိမ် အလုပ်ပြန်ဆင်းမှ ကောင်းကောင်းဆဲရမယ်၊ အခု ဘယ်မှမထွက်ရသေးဘဲ ငြိမ်ငြိမ်နေနေရတာတောင် ငါ့မှာ စိတ်ထဲမှာ ကျဉ်းကျပ်ပြီး အသက်ရှူရခက်နေပြီ သိလား။ ဟိုနားကယား၊ ဒီနားကယားနဲ့။ ဘယ်လိုကြီးမှန်း မသိဘူး။ ဝင့်ခံနေရသလိုပဲဆိုတာ ပိုးအိမ်ကို ကောင်းကောင်း ပြောပြရမယ်"

နွေရိပ်ချို၏ အိမ်သားတွေကတော့ သူငယ်ချင်းနှစ်ယောက် ပြင်ဆင်ပြီး လာကြိုမည့်ကား ထိုင်စောင့်နေကြတာကို အနှောင့်အယှက်မပေးဘဲ အသာကြည့်နေကြသည်။ သူတို့ကလည်း လင်းလင်းလက်၏ စိတ်ဓာတ်ကို သိကြရာ "ဟယ် ... လင်းလင်း လှလိုက်တာ။ မိန်းကလေးလို ဝတ်ထားတာလေးနဲ့ သိပ်လိုက်တာပဲ"ဆိုတာမျိုး ထုတ်ပြောပြီး မချီးမွမ်းရဲကြ။ လင်းလင်းလက်ဟာ တမင်ထွင်ပြီး ယောကျ်ားစတိုင်လ်နေ၊ ယောကျ်ားစိတ်ပေါက်ချင်ယောင် ဆောင်နေတာ မဟုတ်ဘဲ တကယ်ပင် ယောကျ်ားလေးစိတ် ဝင်နေတာဖြစ်ကြောင်း သူတို့ သိထားကြလေရာ မိန်းက





လေးနဲ့တူတယ်၊ ချောတယ်၊ လှတယ် ဆိုတဲ့ စကားမျိုး လင်းလင်းလက် မကြိုက်မှန်းသိ၍ မပြောဘဲနေနေကြတာဖြစ်သည်။

မနက်ဆယ်နာရီ မထိုးခင်လေးမှာ အဖြူရောင်ဖင်ကောက်ဗင်န်ကားတစ်စီး ရောက်လာပါသည်။ ဝရန်တာထွက်ကြည့်ပေးနေသော နွေရိပ်ချို၏မောင်လေးက နွေရိပ်ချို ကြိုမှာထား၍ ကားကိုမြင်တာနဲ့ ...

"လာပြီ ... မမကြီးတို့ကို လာခေါ်တဲ့ကား လာပြီ"

ဟု လှည့်အော်လျှင် နွေရိပ်ချိုနဲ့ လင်းလင်းလက်တို့လည်း သွားရန်အသင့်ဖြစ်နေကြသည်။

မေမေကတော့ ကားထဲမှ ထွက်လာသူကို အကဲခတ်သလို ငုံ့ကြည့်ရင်း ...

"အပေါ်ကို ခဏတော့ ဖိတ်ပါဦးကွယ်။ သူ့ကို အိမ်ပေါ်တော့ ပေးမတက်ဘဲ သူ့ကားကျ ကိုယ်က သုံးချင်တိုင်း သုံးကြမယ်ဆိုရင် မကောင်းပါဘူး အားနာစရာ"

နွေရိပ်ချို သဘောတူကြောင်း မပြောခင်မှာ လင်းလင်းလက်ဟာ ခုနက စုပုပ်ထိုင်နေသော မျက်နှာပုပ်ကြီး မရှိတော့ဘဲ ချက်ချင်းပင် ...

"ဟုတ်တယ် ... ဟုတ်တယ်၊ ကိုလက်ဘ့ကို အိမ်ပေါ်ခဏ ဖိတ်ပြီး ကော်ဖီလေးတော့ တိုက်သင့်ပါတယ် နွေရိပ်ရယ်"



www.burmeseclassic.com

www.burmeseclassic.com



ဟု အရင်ကြိုပြောထားနှင့်လိုက်လျှင် နွေရိပ်ချိုဟာ လင်းလင်းလက်ကို အကြီးအကျယ် မျက်စောင်းတွေထိုးလို့မဆုံး ဖြစ်နေတော့လေသည်။





၂၀

မမစိမ်းက ကိုလက်ဘ့နံဘေးခုံမှာ ထိုင်သည်။ နွေရိပ်ချိုနဲ့ လင်းလင်းလက်ကတော့ နောက်ခန်းမှာ ထိုင်ကြသည်။ ကိုလက်ဘ်သည် ကားနောက်ကြည့်မှန်မှတစ်ဆင့် မြင်ခွင့်ရသောလှပသော နွေရိပ်ချိုကို သိသိသာသာရော၊ မသိမသာပါ မကြာခဏ ကြည့်နေမိသည်။ ဒီနေ့ဟာ ပိုးအိမ်အတွက် မင်္ဂလာရှိသောနေ့ ဖြစ်သလို၊ ကိုလက်ဘ့အတွက်လည်း မင်္ဂလာရှိသောနေ့တစ်နေ့၊ အမှတ်တရနေ့လို့ သတ်မှတ်ချင်ပါသည်။

ညက မမစိမ်း ဖုန်းဆက်ပြီး အကူအညီတောင်းကတည်းက ကိုလက်ဘ့မျက်နှာကြီး ပြုံးနေလိုက်တာ အပြုံးမှာ ပျောက်ကိုမပျောက်တော့။ တစ်ညလုံးလည်းပြုံး၊ တစ်မနက်လုံးလည်း ပြုံးနေမိသလား မသိ။



www.burmeseclassic.com

www.burmeseclassic.com



ညက အပျော်လွန်ပြီး ကောင်းကောင်းတောင် အိပ်မပျော်ခဲ့ပေမယ့် မနက်ကျတော့လည်း စိတ်စောပြီး လူက တက်ကြွစွာ မနက်စောစော နိုးနေမိသည်။ ချစ်သူမိန်းကလေးကို တင်ဆောင်ရမည့် နောက်ဆုံးပေါ် ကားသစ်လေးကို အထူးတလည် အရောင်တင် သန့်ရှင်းစရာမလိုပေမယ့်လည်း ထပ်ပြီးရေဆေး၊ တိုက်ချွတ်၊ အရောင်တင်မိသည်။ ခုံတွေကို ဖုန်စုပ်၊ ခြေနင်းတွေကိုရေဆေး၊ ကားထဲကို မွှေးနေအောင် ကားရေမွှေး အသစ်စက်စက်ထပ်ထည့် (ရေမွှေးထည့်ထားတာ မကုန်သေးပေမယ့် ထပ်ပြီး အသစ်ထည့်လိုက်တာဖြစ်သည်။)

စီဒီပလေယာအတွက် သူ့အကြိုက် စီဒီတွေ ရှိပေမယ့် နွေရိပ်ချိုဟာ မိန်းကလေးမို့ မိန်းကလေးသူငယ်ချင်းတွေများ ကြိုက်နှစ်သက်မလား တွေးကာ မိန်းကလေးသီချင်းစီဒီတွေ ထပ်ဖြည့်။

ဥပမာ အခုခေတ်စားနေသော Tayler swift (တေလာဆွစ်(ဖ))တို့၊ Katy perry (ကိတ်တီပယ်ရီ)တို့ရဲ့ သီချင်းလေးတွေ သူလေးများ ကြိုက်မလားဆိုပြီး ရွေးချယ်ထည့်ထားမိသည်။ ကိုလက်ာကတော့ မိန်းမရယ်၊ ယောက်ျားရယ်မဟုတ် သီချင်းဟာ နားထောင်ကောင်းပြီး နားဝင်ပီယံ ရှိသည်ထင်လျှင် နှစ်သက်ပြီး ဝယ်ထားတတ်သောသူမျိုးဖြစ်သည်။ တရုတ်၊ အိန္ဒိယ၊ ကိုရီးယား၊ ဂျပန် သီချင်းတွေလည်း နားလည်လည် မလည်လည် ဝယ်နားထောင်တတ်သည်။ ခုတလောတော့ အော်စကာရထားတဲ့ Slumdog Millionaire ရုပ်ရှင်ကားထဲက Jai-Ho သီချင်းလည်း အိန္ဒိယလို ဆိုထားတာရော၊ Pussycat Dolls အဖွဲ့က Version ပြောင်းပြီး ဆိုထားတာရော ကြိုက်သဖြင့် အကြိမ်ကြိမ် နားထောင်လွန်းလို့ အိမ်ကအမေတောင် တားယူရသည်။





မိန်းကလေးတွေ ကားထဲပါလာသော အခါမှာတော့ ကိုလက်ာက သီချင်းအေးအေးလေးတွေ၊ အချစ်သီချင်းလေးတွေ ဆိုတတ်သော Tayler Swift ရဲ့စီဒီကို ခပ်တိုးတိုးသဲ့သဲ့လေး ဖွင့်ထားခဲ့သည်။

"ဟိုကိုရောက်မှ ပိုးအိမ်ကို ဘာတွေကူညီရဦးမလဲ မေးပေးမယ် ကိုလက်ာရေ။ အစကတော့ နွေရိပ်ရဲ့ကား ရှိတယ်ဆိုပြီး သူတို့ဆွေမျိုးမိတ်ဆွေတွေကို အကြိုအပို့ လုပ်ပေးမယ် ကတိပေးထားမိတာလေ။ အခုတော့ ကိုလက်ာ့ကား ဆိုတော့ ..."

မမစိမ်း ဘာမှဆက်မပြောဘဲ စကားလုံးရွေးချယ်ဖို့ စဉ်းစားနေလျှင် ကိုလက်ာ ရယ်ရယ်မောမောနဲ့ပဲ ...

"ကျွန်တော့်ကားလည်း အကြိုအပို့ လုပ်ပေးပါဆိုလည်း လုပ်ပေးနိုင်ပါတယ်ဗျာ။ အားနာတယ်ဆိုတဲ့စကား မပြောပါနဲ့။ ကျွန်တော်က ကူညီချင်နေတာပါ၊ မင်္ဂလာဆောင်မှာ ကူညီရတာ မင်္ဂလာရှိပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



အထူးသဖြင့် နွေရိပ်နဲ့အတူ ရှိခွင့်ရတဲ့ နာရီတွေ အချိန်တွေဟာ မင်္ဂလာအရှိဆုံးပါလို့ ကိုလက်ာ ဆက်ပြောလိုက်ချင်ပါသည်။ သို့သော် ဖွင့်မပြောရဲလို့ မျက်လုံးအကြည့်တွေနဲ့သာ နွေရိပ်ကို ဖျတ်ခနဲ ကြည့်လိုက်ရပါသည်။

အိုရီယမ်တယ်လ်ရက်စတော့ရင့်ကို ရောက်တော့ မင်္ဂလာဆောင် အခမ်းအနားအတွက် စတင်ပြင်ဆင်နေတာ တွေ့ရသည်။ ပိုးအိမ်ကတော့ ပြင်ဆင်ဝတ်စားပြီးပြီမို့ ကြိုရောက်နေကာ အခန်းတစ်ခုအတွင်းမှာ ထိုင်စောင့်နေပါသည်။

သူငယ်ချင်းတွေ ဝင်လာတော့ ပိုးအိမ် ဝမ်းသာအားရ ဖြစ်သွားသည်။

"ဟယ် ... လှလိုက်တာ လင်းလင်းရယ်"

အားလုံးက ပိုးအိမ် လှလိုက်တာလို့ မပြောရခင် ပိုးအိမ်ဆီမှ ထိုသို့ပြောလိုက်သံကြောင့် ရယ်မောမိကြသည်။ လင်းလင်းလက်မှာတော့ နွေရိပ်ချိုနဲ့တုန်းကလောက် မကြည်မလင်ဖြစ်မနေတော့ဘဲ ...

"အေးပါ ... အေးပါ ... နင့်အတွက် ငါ တစ်သက်လုံး မလုပ်ဘူးတဲ့ပုံစံကို လုပ်လာပါတယ်။ နင် ကျေနပ်ရင် ငါ ဝမ်းသာပါတယ်"

ဟု၍ ကြည်လင်ပြုံးချိုသော မျက်နှာဖြင့် ပြန်ပြောသည်။





"နင့်ခုတ်ပုံလေးကို ငါ အခါခါ ပြန်ကြည့်တိုင်း 'ငါ မင်္ဂလာဆောင်တဲ့နေ့တုန်းက'ဆိုတဲ့ ကျေနပ်မှုလေးနဲ့ ငါ တော်တော် စိတ်ချမ်းသာနေမယ် သိလား ... လင်းလင်း"

"ကဲ ... ကဲ ... ပိုးအိမ်၊ ငါတို့ကသာ သတို့သမီးကို လှလိုက်တာလို့ ပြောရမှာပါနော်"

"မင်္ဂလာဆောင်ဆိုတော့ အားလုံး လှနေကြတာပေါ့"

"ကိုလက်ာကြီး အပြင်မှာရှိနေတယ် ပိုးအိမ်။ သတို့သမီးနားနေတဲ့အခန်းမို့ သူ ဝင်မလာဘူး၊ ဘာကူညီရမလဲတဲ့"

"ရပါတယ်၊ အားနာစရာကြီး။ မကူညီနိုင်းပါနဲ့။ နွေရိပ်လည်း အလှအပတွေ ပြင်ဆင်ထားရတာ ကားမောင်းပြီး အကြိုအပို့ မလုပ်ပေးပါနဲ့။ ကားသော့သာ မောင်းတတ်တဲ့ ငါ့မောင်ဝမ်းကွဲကို ပေးလိုက်၊ သူပဲ အကြိုအပို့ လုပ်ပေးမယ်တဲ့၊ ငါ မှာထားပြီးသား"

"အေး ... ငါ့ကားအကြောင်း ပြောရပါဦးမယ် ပိုးအိမ်ရယ်။ အဖြစ်ကတော့လေ ..."

ဆိုပြီး နွေရိပ်ချိုရဲ့ မနေ့က ကားဒုက္ခပေးပုံ၊ ဝပ်ရှော့ပို့ထားရပုံတွေကို အတိုဆုံး ပြောပြလိုက်ပါသည်။ ပိုးအိမ်လည်း ဒီတော့မှ အကြောင်းစုံ သိရတော့သည်။

"ဟီ ဟီ ... ဒါဆိုလည်း ဝမ်းသာစရာ သတင်းကောင်းပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"အံမယ် ... မိပိုးအိမ်၊ ဘာသတင်းကောင်းလဲ"

"ကိုလက်ာကြီးရဲ့ ကားအံကောင်းစားကြီးနဲ့ ကူညီမှာကို ပြောတာပါနော်ု နွေရိပ်မရယ်။ အိုးမလုံ အုံပွင့်မနေပါနဲ့"

"ကဲ ... အဲဒါတွေ အသာထား။ နှင် ဘာကူလုပ်ပေးစေ ချင်လဲ။ ကိုလက်ာ့ကို သွားပြောရဦးမယ်"

"အိမ်မှာတော့ ကားကြုံစောင့်နေတဲ့ အိမ်သားတွေ တစ်ပုံ ကြီးပါပဲ။ အဲဒါတွေပဲ အကြိုအပို့ လုပ်ပေးရမှာ"

"နွေရိပ်ပဲ သွားပြောလိုက်ပါ"

နွေရိပ်ချိုသည် ပိုးအိမ်တို့ရှေ့မှာမို့ ကိုလက်ာ့ကို စကားသွားမပြောချင်ကြောင်း အကြောက်အကန် မငြင်းလိုတော့ ပါ။ အားလုံးနဲ့ ဘာမှလဲ မသက်ဆိုင်ပါဘဲ နွေရိပ်ချို မျက်နှာ တစ်ခုတည်းကြည့်ကာ လိုက်ကူညီသူကို နွေရိပ်ချိုကမှ ဖော်ဖော် ရွေရွေ တရင်းတနှီး စကားမပြောလျှင် မမျှတတာတော့ သေချာ သည်။ သူ့ခမျာ ဘာအပြစ်မှလဲ မရှိ။ ကိုယ်က သူ့ကိုပြန်မချစ် နိုင်သေးတာနဲ့တော့ သူ့စိမ်းလိုကြီး ခါးခါးသီးသီး နေလောက်စရာ လည်း မရှိပါ။ ဒီလူဟာ သိက္ခာရှိပြီး ယောကျ်ားပီသသော စိတ် ဓာတ်ရှိတဲ့သူတစ်ယောက် ဖြစ်မှန်းလည်း သိထားတာမို့ သူ့အပေါ် ဖော်ဖော်ရွေရွေတော့ စကားပြောသင့်တယ် ထင်ပါသည်။

နွေရိပ်ချို ပြန်ထွက်လာတော့ ကိုလက်ာတစ်ယောက် တည်း ရပ်ပြီး ဟိုငေး ဒီငေး လုပ်နေသည်။





"ကိုလက်ာ"

နွေရိပ်ချို အနားမှာရပ်ပြီး ခပ်တိုးတိုး ခေါ်လိုက် တော့ ကိုလက်ာ လှည့်ကြည့်လာသည်။ နွေရိပ်ချိုကို မြင်လိုက်ရ တိုင်း သူ့ရင်ထဲမှာ ဖြစ်နေကျ တုန်ခါမှုကို ဒီတစ်ခါလည်း ကိုလက်ာ ခံစားလိုက်ရပြန်သည်။

"ပိုးအိမ်တို့အိမ်က လူတွေကို အကြိုအပို့ လုပ်ပေးနိုင်မလား ဟင်"

"ဟာ ... လုပ်ပေးနိုင်ပါတယ်။ ရပါတယ်"

"အားနာလိုက်တာလေ"

"ဘာမှ အားနာစရာ မလိုဘူး နွေရိပ်။ ကျွန်တော် ကူညီ မယ်လို့ ပြောထားပြီးပြီလေ။ ဘယ်လိုနေရာကပဲ ကူညီရ ပါစေ ဝမ်းသာပါတယ်"

"ပိုးအိမ်တို့အိမ်ကို ကိုလက်ာ သိမယ်မထင်ဘူး"

"လိပ်စာ ပြောလိုက်လေ"

နွေရိပ်ချို တစ်ချက်စဉ်းစားပြီး ...

"လိပ်စာပြောရင် ရှာရ ပြုရနဲ့ ကြာများ ကြာသွားမလား မသိဘူး။ သွားတာ လာတာနဲ့ဆိုတော့ အချိန်က တော် တော်လည်း ကုန်ဦးမှာ"

ဟု ပြောရင်း ဆုံးဖြတ်ချက်တစ်ခုပါ ချလိုက်ကာ...



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုလုပ်လေ၊ နွေရိပ်ပဲ ကိုလက်ာနဲ့အတူ လိုက်ခဲ့ပြီး လမ်းညွှန်မယ်၊ ဒါဆို မြန်လည်းမြန်တယ်၊ ကိုလက်ာလည်း လမ်းရှာရ၊ အိမ်ရှာရတဲ့ပြဿနာ မရှိတော့ဘူး"

"နွေရိပ် သဘောပါဗျာ"

ကိုလက်ာ့ ရင်ထဲမှာတော့ ဘင်ခရာတီးဝိုင်းတစ်ဝိုင်း ဝင်တီးနေသလိုပဲ သံစုံမြည်ပြီးနေတော့သည်။ ချစ်ရတဲ့သူလေးနဲ့ အသွားခရီးမှာ နှစ်ယောက်တည်း အတူတူသွားရမှာတဲ့။ ဘယ်လောက် ပျော်စရာကောင်းလိုက်လဲ။

ဒီနေ့လောက် မင်္ဂလာရှိတဲ့ နေ့မျိုး ကြုံကိုမကြုံခဲ့ဖူးဘူး။

သူငယ်ချင်းတွေကို နွေရိပ်ချို့ အကျိုးအကြောင်းဝင်ပြောသောအခါ အားလုံး ပြုံးပြုံးကြီးတွေကြည့်ပြီး ...

"အဲဒီသတင်းကြားရတာ မင်္ဂလာအရှိဆုံးပဲဟေ့"ဟု မမစိမ်း ဝေဖန်အော်ပြောလိုက်သံ နောက်မှာ ရယ်သံတွေ ဝေစည်သွားပါသည်။

ဒီတစ်ခေါက်မှာတော့ ကိုလက်ာ့ကားနဲ့ နွေရိပ်ချို့လည်း နှစ်ယောက်အတူတူ သွားရမှာမို့ နောက်ခန်းဝင်မထိုင်တော့ဘဲ ရှေ့ခန်းမှာသာ အတူတူ ဝင်ထိုင်လိုက်ပါသည်။ ကားမောင်းထွက်လာသောအခါ ကိုလက်ာမှာ ဘာစကား စ,ပြောရမှန်းမသိဖြစ်ပြီး တိတ်ဆိတ်နေသည်။ သူ့ကိုယ်သူလည်း အတော်မုန်းလာ





သည်။ ပြောစမ်းကွာ ... ပြောစမ်း၊ ဒီပါးစပ်က တစ်ခုခု စပြောစမ်းလို့ စိတ်ထဲကနေ အကြိမ်ကြိမ် အမိန့်ပေးနေမိသည်။ ဘာစကားမှကို ထွက်မလာတာကိုက သူ့ရဲ့ညံ့ဖျင်းမှု ဖြစ်နေသည်။

သူတို့ချင်းက သူငယ်ချင်းတွေရှေ့မှာသာ မေးထူးခေါ်ပြောတွေ ရှိပေမယ့် ဘယ်တော့မှ အခုလိုမျိုး နှစ်ယောက်တည်း မဖြစ်ဖူးလေရာ အခုကျတော့ ဒါ ပထမဦးဆုံးအကြိမ် နှစ်ယောက်တည်းအတူတူ ဖြစ်ဖူးခြင်းပင်။ တစ်ယောက်နဲ့တစ်ယောက်ကြားသည်း ရှိန်သလို ဖြစ်နေသည်။ အခုလိုမျိုး မခင်မင်ကြတုန်းက နွေရိပ်ချို့အပေါ် ချစ်ခင်မြတ်နိုးကြောင်းတွေ စာရေးပြောပြီး ပန်းစည်းတွေပို့၊ ပန်းခြင်းတွေ ပို့ခဲ့ဖူးတာကြီးကလည်း ရှိဖူးလေရာ မေ့ချင်ဟန်ဆောင်ပြီး တခြားအကြောင်းအရာတွေပြောဖို့ သင့်ပါ့မလား။ ကိုလက်ာ စိတ်ထဲမှာ ဒါကိုတွေးမိပြီး စကားစပြောရမှာ ခက်နေတာ။

နွေရိပ်ချို့ကျတော့ မိန်းကလေးလည်း ဖြစ်တာမို့ သူကလည်း ကိုယ့်ကို ပိုးပန်းနေတာမို့ အခုလို နှစ်ယောက်တည်းရှိချိန်မှာ စကားတွေဖောင်ဖွဲ့ပြီး အရောဝင်လို့ သင့်ပါ့မလားတွေးပြီး ငြိမ်နေမိတာဖြစ်သည်။ သူဟာ ရိုးသားတည်ကြည်မှန်း သိပေမယ့် ကိုယ့်ဘက်ကလည်း မိန်းကလေးတစ်ယောက်မို့ ကိုယ့်ဟန်နဲ့ကိုယ် နေပြသင့်သည်ဟုထင်ကာ ငြိမ်နေမိသဖြင့် နှစ်ယောက်ကြားမှာ တိတ်ဆိတ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီလို တိတ်ဆိတ်နေတာ နည်းနည်းကြာတော့ စကားစ,ပြောစရာ အကြောင်းအရာကတော့ မတော်တဆ ပေါ်လာပါသည်။

အဲဒါကတော့ ကိုလက်ဘ့ကားက လိုင်းမှန်ကိုမောင်းနေစဉ် စည်းကမ်းဖောက်သော ကားတစ်စီးက အချက်ပြပြီးလည်း မပြ၊ လမ်းလည်းမတောင်းဘဲ ဖျတ်ခနဲ ရှေ့က ကျော်ဝင်လိုက်လျှင် ကိုလက်ဘ်လည်း သတိရှိရှိနဲ့ ချက်ချင်း ဘရိတ်ကို နင်းချလိုက်ရသည်။ ဘရိတ်နင်းသံနဲ့အတူ လူတွေပါ ရှေ့ကို ငိုက်ဆင်းသွားသဖြင့် နွေရိပ်ချိုမှာ ကမန်းကတန်း ဒက်(ရှ်)ဘုတ်ကို လက်ထောက်ထားလိုက်ရသည်။

"ကျွတ် ... တော်တော် မိုက်ရိုင်းတဲ့ကားပဲ။ ရှေ့ကလည်း ဖြတ်ဝင်သေးတယ်။ မီးလည်းမပြဘူး။ ကံကောင်းလို့ မတိုက်မိတာ"

"ဟုတ်တယ်နော်၊ ကားမောင်းရတာ စိတ်အာရုံ တော်တော် စူးစိုက်ရတယ်။ တချို့လူတွေက အဲဒီလိုပဲ လုပ်ချင်တိုင်း လုပ်ကြတာ"

"နွေရိပ်ရော ကားမောင်းတာ ဘယ်လောက်ကြာပြီလဲ"

"ငါးနှစ်လောက်ပဲ ရှိသေးတယ်"

"ကားက အခု ဘာဖြစ်လို့လဲ"





"အင့်ဂျင်ချထားရတယ်လေ။ မနေ့ကမှဖြစ်တာ။ တစ်နေကုန် ကိုယ့်ဘာသာ ဟိုဟာပြင် ဒီဟာပြင်နဲ့ မရတဲ့အဆုံး ကျမှ ညရှစ်နာရီကြီး ဝပ်ရှော့သွားအပ်တော့ အင်ဂျင်ချရမယ်ပြောတယ်လေ။ မနက်ခပ်စောစော ရချင်တာ မရဘူးဆိုတော့ ကိုလက်ဘ့ကို အကူအညီ တောင်းလိုက်ရတာပေါ့"

"အော် ... ရပါတယ် ကိစ္စမရှိပါဘူး၊ ကျွန်တော်က ကားအကြောင်း သိချင်လို့ မေးတာပါ။ တစ်မျိုးမထင်ပါနဲ့"

"မထင်ပါဘူး၊ နွေရိပ်တို့က ကိုလက်ဘ့ကို အားနာနေလို့ပါ"

"လင်းလင်းလက်က ဒီနေ့ ပုံစံတစ်မျိုး ပြောင်းနေတယ်နော်"

ကိုလက်ဘ်က ရယ်မောပြီး ပြောလိုက်သည်။ နွေရိပ်ချို့ အသာလိုက်ရယ်မောပြီး ...

"အံမယ်လေး ... သူ့ရှေ့မှာ လုတယ်တို့ ဘာတို့ မပြောလိုက်မိစေနဲ့နော်။ သူ ဒီနေ့ပြင်လာရတာကို တော်တော် စိတ်ကျဉ်းကျပ်နေတာ။ ပိုးအိမ်က ပြင်လာခိုင်းလို့ သူ့မှာ ပိုးအိမ်ကို အလိုလိုက်ပြီး ငြိမ်ခံရတာလေ။ တကယ်တော့ သူ လုံးဝမကြိုက်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"သူက ဘယ်လိုလဲ၊ တကယ်ပဲ ယောကျ်ားလျာ ဖြစ်နေတာလား"

"ဟုတ်တယ် ထင်တယ်၊ နွေရိပ်တို့နဲ့ စတွဲကတည်းက သူ့ကို ယောကျ်ားလေးပုံစံနဲ့ပဲ တွေ့ဖူးတာ။ တစ်ခါမှ မိန်းကလေးလို နေတာ ထိုင်တာ ဝတ်တာ စားတာ မမြင်ဖူးဘူး။ ဒီနေ့ဟာ သူ့ရဲ့ပထမဦးဆုံးပါပဲ"

ကိုလက်ာ အဆက်မပြတ် ရယ်မောရင်း နွေရိပ်ချိုလည်း အကဲခတ်သလို လှည့်ကြည့်ကာ ...

"အဟား ဟား ... ကျွန်တော်လည်း ထင်ပါတယ်၊ ဘာကြောင့်လဲဆိုတော့ သူ့ကို ကျွန်တော် ကောင်မလေးတစ်ယောက်နဲ့ တွဲတွေ့တာ နှစ်ခါရှိပြီ။ ပုံစံက သူငယ်ချင်းပုံစံနဲ့ မတူဘူး။ ဟို ... အဲ ... တစ်မျိုးပဲ၊ ကောင်လေး ကောင်မလေး ရည်းစားပုံစံ ဖြစ်နေလို့၊ အဲဒါ ..."

ဟူ၍ အားနာသလိုလို ပြောပြလိုက်လေသည်။

"နွေရိပ်တို့လည်း သိပါတယ်။ အဲဒီတစ်ယောက်က 'ချော' တဲ့။ သူတို့ ဘယ်လိုကဘယ်လို တွေ့လာကြတယ်ရယ်တော့ မသိဘူး။ ဆိုင်မှာ ခေါင်း ခဏ ခဏ လာလျှော်တယ်လေ။ ပြီးတော့ သူတို့ချင်း ကြိုက်သွားကြပုံပဲ။ လင်းလင်းကတော့ တော်တော်ချစ်တာပါ။ ဒါပေမဲ့ ချောကတော့ ခဏတာ စိတ်ကူးယဉ်ပြီး အသစ်အဆန်းမို့





အပျော်လုပ်ကြည့်တဲ့ပုံပဲလို့ ထင်တယ်၊ တစ်ချိန်ချိန်ကျရင် သူ လင်းလင်းကို ထားခဲ့ရင် လင်းလင်း ဒုက္ခရောက်လိမ့်မှာ ကြိုမြင်ယောင်ပြီး အားလုံးက လင်းလင်းကို သနားနေကြတာ"

"ရှေ့နားကလမ်းမှာ ချိုးရမှာနော်"

ကားမောင်းရင်း ပိုးအိမ်တို့အိမ်နားလည်း နီးလာရာ ကိုလက်ာက သေချာအောင် မေးလိုက်သည်။ ဒီတော့မှ စကားလည်း ပြတ်သွားပါသည်။ ဘာပဲဖြစ်ဖြစ် စကားလေး တပြောပြောနဲ့ အတူတူ ကားတစ်စီးတည်းမို့ သူတို့ ပိုရင်းနှီးသွားသလိုတော့ ရှိပါသည်။

နွေရိပ်ချိုလည်း ကိုလက်ာ့ကို စကားပြောရမှာ မဝံ့မရဲ မဖြစ်တော့သလို ကိုလက်ာလည်း နွေရိပ်ချိုကို မျက်နှာပူတာ၊ အားတုံ့အားနာ ဖြစ်တာတွေ မရှိတော့။ ပိုးအိမ်ရဲ့အိမ်ကို ရောက်တော့ ကားကြိုစောင့်နေသော ဆွေမျိုးတစ်စုတို့ကို ရသလောက် တင်ခေါ်ရပါသည်။ ကားက ဗင်နှ်ကားမို့ နောက်ဖုံးထဲလည်း ဖျာခင်းပြီး ထိုင်လိုက်လို့ရသဖြင့် တစ်ခေါက်တည်းနဲ့ လှုတော်တော်ပါပါသည်။

တချို့လူတွေ ကျန်သေးရာ နောက်တစ်ခေါက် ထပ်လာခေါ်ဦးမည်ဟု ကိုလက်ာက ပြောထားခဲ့သည်။ နွေရိပ်ချိုနဲ့ ပထမတစ်သုတ်ကို မင်္ဂလာခန်းမမှာ တစ်ခေါက်ပြန်ချပေးခဲ့



www.burmeseclassic.com

www.burmeseclassic.com



ပြီး နောက်တစ်ခေါက်တော့ အိမ်ရှေ့ လမ်းရှော သူ မှတ်မိသွား ပြီမို့ သူ့ဘာသာပဲ သွားကြို့ပေးပါသည်။

နွေရိပ်ချိုကတော့ မမစိမ်းတို့ လင်းလင်းလက်တို့နဲ့ အတူတူ ညှိသည်တွေ ဝိုင်းဝန်းညှိခံရင်း ကျန်ခဲ့ပါသည်။



## ၂၁

"မမစိမ်း ... လင်းလင်းက လှလိုက်တာဗျာ၊ ကျွန်တော့် ရင်ထဲမှာ ပူတောင်ပူတယ်။ လင်းလင်းလှတာကို တခြား ကောင်တွေ တွေ့ပြီး သဘောကျကုန်ကြတော့မှာ တွေးပူ တယ်"

မောင်သစ်သည် မင်္ဂလာဆောင်မှ ပြန်ခါနီး မမစိမ်း ကို ကပ်ပြောပြီး အပူကပ်နေသည်။ မမစိမ်းကတော့ မရယ်ချင့်၊ ရယ်ချင်၊ မပြုံးချင်၊ ပြုံးချင်နဲ့ပဲ အင်း အင်း ... အဲ အဲ လုပ်နေရ သည်။ ဘာကြောင့်လဲဆိုတော့ နွေရိပ်ဆီကတစ်ဆင့် ကိုလက်ာ ပြောပြသော လင်းလင်းလက်နဲ့ ချောတို့စုံတွဲအကြောင်း သိထား ရ၍ပင်။ လင်းလင်းဟာ ဘယ်လိုမှ မိန်းမစိတ် ပြန်ပေါက်မယ့်သူ မဟုတ်တာမို့ မောင်သစ်ကို ဝေဒနာတိုးအောင် တွန်းပို့လောက လုပ်ပေးနေတာမျိုး လုပ်ကိုမလုပ်ချင်တော့။

www.burmeseclassic.com

www.burmeseclassic.com

"မမစိမ်း ပြောပေးပါဦး။ ကျွန်တော်သူ့ကို သိပ်ချစ်နေတဲ့ အကြောင်း"

အံ့မယ်လေးလေး ... ဒုက္ခပါပဲ။ ဟိုကယောကျ်ား တွေကို မချစ်ဘဲ မိန်းကလေးတွေကိုပဲ ချစ်နေတတ်တာ။ ဘယ်လို လုပ် ပြောလို့ဖြစ်မလဲ။

"ရည်းစားစကား ပြောတာပဲကွယ်၊ ကိုယ့်ဘာသာပြောပေါ့။ ကြားလူပြောလို့ ကောင်းပါ့မလား"

"သူက ကျွန်တော့်ကို မြင်လိုက်တာနဲ့မျက်နှာကြီး ပုပ်သွား တာဗျ"

"ကြိုးစားပြီး လိုက်စကားပြောပေါ့။ မျက်နှာပုပ်တာ ကြောက် နေရင် ဘယ်တော့မှ ရှေ့တိုးရဲစရာ မရှိတော့ဘူး။ မျက်နှာ ပုပ်တာများ ကြောက်စရာလား"

"ဟာ ... မမစိမ်း မသိဘူးနော်၊ ကျွန်တော်တို့ ယောကျ်ား လေးတွေက အချင်းချင်းသာ ထိုးရဲ ကြိတ်ရဲ ရန်ဖြစ်ရဲတာ။ ကိုယ်ချစ်တဲ့ မိန်းကလေးနားကပ်ပြီး ရည်းစားစကားပြော ဖို့ကျ သေတော့မလောက် ကြောက်တာ။ ကန်တော့ပါရဲ့ သူ့ကို မြင်တာနဲ့ နံပါတ်ဝမ်း သွားချင်သလိုလို နံပါတ်တူး သွားချင်သလိုလိုဖြစ်ပြီး ကတုန်ကယင်နဲ့"

ဘေးမှာရှိနေသော ကိုလက်ာမှာ မောင်သစ် စကား တွေကြားပြီး ကိုယ်ချင်းစာကာ ပြုံးပြီးနားထောင်နေမိသည်။ ငါ





လည်းပဲ အဲဒီလိုပါပဲကွာ။ နွေရိပ်ကို တွေ့တာနဲ့ သတ္တိတွေဘယ် ရောက်သွားမှန်း မသိဘူး။ အိမ်သာပဲ ပြေးချင်သလိုလို၊ ရင်တုန်ဝမ်း တုန်ဖြစ်ပြီး နှလုံးရောဂါပဲရချင်သလိုလို ခဏခဏ ဖြစ်ရဖူးတယ်။

မင်္ဂလာဆောင်ကတော့ မြိမ့်မြိမ့်သဲသဲ ကျင်းပပြီးစီး သွားပါပြီ။ ဧည့်သည်တွေ တရုန်းရုန်း ထပြန်နေကြပြီ ဖြစ်သော်လည်း ရင်းနှီးသော မိတ်ဆွေ၊ သူငယ်ချင်းတွေနဲ့ ဆွေမျိုးအသိုင်းအဝိုင်း တွေကတော့ မထကြသေး။ မပြန်သေး။ ဆွေမျိုးအုပ်စုတွေကတော့ အကြီးအကျယ်ပင် မာတ်ပုံ ဗီဒီယိုရိုက်ပွဲကြီး ကျင်းပဖို့ နေရာဦး သူဦး။ နှုတ်ခမ်းနီ ပြင်ဆိုးသူဆိုး၊ မှန်ထုတ်ကြည့်သူကြည့်၊ ပဝါ ပြင်ခြုံသူပြင် စသဖြင့် အဆင်သင့် ပြင်ဆင်စောင့်ဆိုင်းနေကြပါသည်။

သူငယ်ချင်းမိတ်ဆွေတွေကတော့ ကားတွေ အကူ အညီပေးမယ့်သူ၊ သယ်စရာ ပိုးစရာ လက်ဖွဲ့ပစ္စည်းတွေ ဝိုင်းကူ သယ်ပေးမယ့်သူ၊ သတို့သား သတို့သမီးကို အိမ်အရောက် လိုက် ပို့ပေးပြီးတာနဲ့ ရွှေကြိုး၊ ငွေကြိုး တားမယ့်သူတွေ၊ သတို့သားကို အရက်လိုက်တိုက်ဖို့ နှိပ်စက်မယ့်သူတွေ ဖြစ်ပါသည်။

နွေရိပ်ချိုတို့ လင်းလင်းလက်တို့ မမစိမ်းတို့ဆိုတာ မိတ်ဆွေသူငယ်ချင်းတွေပေမယ့် ဆွေမျိုးလောက်နီးပါး ရင်းနှီးရသူ တွေဖြစ်ရာ အားလုံး သူတို့ခြေ၊ သူတို့လက်နီးပါး မင်္ဂလာဆောင် မှာ လိုက်ကူပ်ကဲ ကြီးကြပ်စီစဉ်ပေးနေရသဖြင့် ထိုင်တောင် မထိုင် အား။ သတို့သား သတို့သမီး ပွဲထုတ်ချိန်လေးမှာသာ ခဏထိုင်



www.burmeseclassic.com

www.burmeseclassic.com

လိုက်ရတာ။ ကျန်တဲ့အချိန်တွေမှာ ဘာတွေ ဘယ်လို မအားမှန်းမသိ။ ခဏ ခဏ ထသွားလိုက်၊ ပြန်လာထိုင်လိုက်၊ ဟိုဟာပြေးစီစဉ်လိုက်၊ ဒီဟာပြေးစီစဉ်လိုက် လုပ်နေရတာတွေကို ကိုလက်ာရော မောင်သစ်ပါ တွေ့နေရသည်။

"သူတို့က လုပ်ဖော်ကိုင်ဖက်တွေပေမယ့် ညီအစ်မတွေလိုပဲ ချစ်ကြ ခင်ကြတာဗျ"

ဟု မောင်သစ်က သူတို့နှစ်ယောက်တည်းကျန်စဉ် တီးတိုးသတင်းပေးထားဖူးသည်။

"အစ်ကိုက ကော်ဖီဆိုင်ပိုင်ရှင်လူ မဟုတ်လား"

လို့လည်း ကြိုတင်သတင်းကြားပြီးဟန်နဲ့ စပ်စုသေးသည်။

"အစ်ကို့အခြေအနေက မဆိုးပါဘူး။ မိန်းမစစ်စစ် စိတ်ရှိတဲ့သူကို ချစ်ရတာဆိုတော့ မျှော်လင့်ချက်ရှိတယ်။ ကျွန်တော့်အဖြစ်ကတော့ဗျာ ဘယ်လိုမှန်းဆရမှန်းတောင် မသိပါဘူး"

"စိတ်မပျက်ပါနဲ့ကွာ၊ သူ့ကို မိန်းမစိတ်, ဝင်လာအောင်မင်း ကြိုးစားပေါ့"

လို့သာ ကိုလက်ာ ပြန်အားပေးခဲ့ပေမယ့် တကယ့်ရည်းစားစုံတွဲတွေလို တွဲသွားသော လင်းလင်းလက်နဲ့ ရည်းစားဖြစ်နေတဲ့ ကောင်မလေးတို့ကို ပြန်မြင်ယောင်လျှင် မောင်သစ်ဆိုတဲ့ကောင်ကို ကိုယ့်ကိုယ်ကိုယ်ထက်ပင် သနားရမလို ဖြစ်နေသည်။





မင်္ဂလာဆောင်ပွဲ ပြီးသောအခါ ဓာတ်ပုံဗီဒီယိုရိုက်ပွဲကြီး ကျင်းပပါသည်။ ကိုလက်ာတို့ မောင်သစ်တို့လည်း ဟိုလူကတွန်းပို့၊ ဒီလူက ဆွဲခေါ်နဲ့မို့ သုံးလေးပုံတော့ ဝင်ပါလိုက်ရသေးသည်။

ပွဲတကယ်ပြီးတော့ ကိုလက်ာ့ကားလည်း မနားရအောင် ခေါက်တုံ့ခေါက်ပြန် ကြိုပို့ရသည်။ မောင်သစ်ကလည်း ကုမ္ပဏီကားကို ယူသုံးပြီး မင်္ဂလာဆောင်ကို လာသည်ဖြစ်ရာ ပွဲပြီးတော့ သူ့ကားလည်း မနားရ။ လက်ဖွဲ့တွေ သယ်ပို့ပေး၊ ကားကြုံလိုက်ပို့ပေးနဲ့ သူ့ကားလည်း နှစ်ခေါက်လောက် ဝင်ပါလိုက်ရသေးသည်။

မောင်သစ်က အရဲစွန့်ပြီး လင်းလင်းလက်နားကပ်ကာ ...

"လင်းလင်း ပြန်ရင် ကျွန်တော် လိုက်ပို့ပေးမယ်လေ"

ဟု ခေါ်လိုက်သေးသည်။

"မပို့နဲ့ ရတယ်"

"လမ်းကြုံပါတယ်၊ လင်းလင်းနေတဲ့နေရာနဲ့ ကျွန်တော်နေတဲ့နေရာက လမ်းကြောင်းတစ်ခုတည်းမှာပါ"

"မလိုက်နိုင်ဘူး"

မမစိမ်း ကြားထဲက အားနာပြီး ...


www.burmeseclassic.com

www.burmeseclassic.com



"ကိုလက်ာပဲ လိုက်ပို့ပေးမယ်လို့ ပြောထားပြီးနေပြီ မောင်သစ်ရယ်။ ကူညီတာ ကျေးဇူးပါပဲ။ နောက်ကြုံမှ မောင်သစ်ကားကို စီးပါ့မယ်"

ဟု ဝင်ဖျန်ဖြေတော့မှပဲ အပြန်အလှန် ပြောနေတာ ရပ်တော့သည်။

အိမ်အပြန်မှာတော့ သုံးယောက်စလုံး ကိုလက်ာ့ကားနဲ့ ပြန်ကြလေရာ ပိုးအိမ်မှာ လက်ပြနှုတ်ဆက်ရင်း ကျန်ရစ်ခဲ့သည်။ မပြန်ခင်လေးမှာတော့ နွေရိပ်ချိုနား တိုးတိုးကပ်ပြောလိုက်သေးသည်။

"စိတ်ကူးမလွဲနဲ့ နွေရိပ်ရယ်၊ အဲဒီလူဟာ နင့်တစ်ဘဝလုံးအတွက် လက်တွဲသင့်တဲ့လူလို့ ငါ ထင်တယ်"

နွေရိပ်ချိုဟာ အရင်ကလောက် လက်မခံချင်တာမျိုးတွေ စိတ်ထဲမှာ မရှိတော့ဘဲ ပိုးအိမ်ကိုသာ ...

"နင့်တစ်ယောက်တည်းသိအောင် ငါပြောခဲ့မယ်၊ သူ့ကို ငါ ဒီနေ့ကစပြီး စဉ်းစားတော့မယ်"

ဟူ၍ တိတ်တဆိတ် ပြောပြခဲ့လေသည်။

ကိုလက်ာကပဲ တမင်စီစဉ်တာလား။ ကိုယ်တိုင်က သရုပ်ဆောင် ဇာတ်ပို့မင်းသမီး လုပ်နေပေမယ့် ဒီတစ်ခါမှာတော့ ကိုယ်တိုင် ဒါရိုက်တာလုပ်ချင်သော မမစိမ်းကပဲ ကြိုတင်ပြင်ဆင်စီစဉ်ထားတာလား။ ဒါမှမဟုတ် ကိုလက်ာရယ်၊ မမစိမ်းရယ်၊



လင်းလင်းလက်ရယ် သုံးယောက်ပေါင်းပြီး အကွက်ချ စီစဉ်ထားသလားတော့မသိ။ အိမ်ပြန်ပို့သောအခါ အရင်ဆုံး လင်းလင်းလက်ကို ပို့သည်။

ပြီးတော့မှ မမစိမ်းကို ဝင်ပို့ပေးသည်။ နောက်ဆုံးကျမှ နွေရိပ်ချိုကို ဝင်ပို့ဖြစ်သွားအောင် ကိုလက်ာ့ဘာသာပဲ လမ်းကြောင်းရွေးချယ် မောင်းလေသည်။

နှစ်ယောက်တည်း ကျန်သောအခါ ကိုလက်ာဟာ နွေရိပ်ချိုရှေ့မှာပဲ ရဲရဲဝံ့ဝံ့ပင် ...

"ကျွန်တော် နွေရိပ်ချိုကို မြတ်နိုးနေခဲ့ပါတယ်"

ဆိုသော စကားကို ဖွင့်ဟပြောရဲခဲ့လေသည်။

ဒီနေ့ဟာ ပိုးအိမ်တို့ ချစ်သူနှစ်ဦးရဲ့ဘဝအစ မင်္ဂလာရှိသောနေ့လေး ဖြစ်တာမို့ ကိုလက်ာကလည်း သူ့အချစ်ကို မင်္ဂလာရှိစေချင်သဖြင့် ဒီနေ့ပဲ ရအောင်ဖွင့်ပြောတော့မည်ဟု ဆုံးဖြတ်ကာ အရဲစွန့်ပြောလိုက်တာပဲ ဖြစ်ပါသည်။

အချစ်ဆိုတာကို ကြောက်ရွံ့သလို ဖြစ်နေခဲ့သော နွေရိပ်ချိုကတော့ ချစ်စကားတစ်ခွန်းအတွက် မည်သို့မျှ တုန့်လှုပ်ခြင်း မဖြစ်ခဲ့တော့ချေ။ ဒီလူ့ကို ငြင်းလည်းမငြင်းချင်။ လက်လည်း မခံချင်။ ချစ်လို့ ရ,မရထက် သူဟာ ကိုယ့်အတွက် တကယ်လက်တွဲဖော်လား ဆိုတာကိုသာ ဦးနှောက်က ဆုံးဖြတ်လိုပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ကိုလက်ာ့အတွက် အဖြေတစ်ခုကိုတော့ နွေရိပ်ချို့ တစ်နေ့နေ့၊ တစ်ရက်ရက်ကျရင် ပေးတော့ပေးဖြစ်ပါလိမ့်မည်။ အဲဒါဟာ ဘယ်နေ့ဖြစ်မလဲတော့ မသိ။

အဲဒီ တစ်နေ့နေ့၊ တစ်ရက်ရက်ကိုပဲ စိတ်ရှည်ရှည်နဲ့ စောင့်နေလိုက်ပါ ကိုလက်ာရယ်။



BURMESE CLASSIC .com



# မင်္ဂလာရှိသော ချစ်ခြင်းဖြင့်...

www.burmeseclassic.com

www.burmeseclassic.com

"ကိုလင်္ကာသည် မင်္ဂလာရှိသော ချစ်ခြင်းတစ်ခုဖြင့်
ချစ်ရသူကို စောင့်ကြိုနေခဲ့ကြောင်း ရင်ထဲမှာ
လှိုက်လှိုက်လှဲလှဲပင် ပြောပြချင်နေခဲ့ပါသည်"





ရှင်မိုး

(ဆေးတက္ကသိုလ်)

25th May, Monday

2009.

www.burmeseclassic.com